

# City MAGAZINE

Vol- 253, 2018

## ထိန်ပင်မီးလောင်မှု မီးငြိမ်းသတ်သူ
## သူရဲကောင်းများအတွက်
## အထူးဂုဏ်ယူလေးစားမိပါကြောင်း

# City MAGAZINE

Vol - 253, 2018


အယ်ဒီတာချုပ်
ကိုရာဇာ

အမှုဆောင်အရာရှိ
စောလှဦး

အယ်ဒီတာ
ကိုစော(ပထဝီဝင်)

စာပြင်
သင်မိုးနီ၊ အောင်ကျော်

မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း
MOE-Z

စာစီစာရိုက်
မြတ်မြတ်၊ သျှင်မင်း

ဓာတ်ပုံ
သန့်စင်

ပန်းချီသရုပ်ဖော်
အေကျော်စွာ၊ ဝင်းသိန်း၊ ဆု၊ ဝင်းတင်

ဖက်(စ်) ၀၁-၅၀၃၆၂၆

Email: yangoncitynews@gmail.com

ပုံနှိပ်ထုတ်ဝေသူ
ဦးသစ္စာ
ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၀၄၅၃၇)

ပုံနှိပ်တိုက်
မြို့တော်ပုံနှိပ်တိုက်မြဲ(၀၀၅၈၃)
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်

ဖြန့်ချိရေး
ကျော်မင်းထိုက်၊ အောင်မျိုးသန့်
ဖုန်း - ၀၉၂၅၂၄၂၁၉၇၇၊ ၀၉-၄၂၁၁၁၂၉၇၉

မြို့တော်မဂ္ဂဇင်း
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်
ဖုန်း ၀၁-၅၀၃၆၇၀၊

တန်ဖိုး
၂၀၀၀ ကျပ်

အုပ်ရေ
၂၀၀၀




# CONTENTS

4 EDITORIAL NOTE

## POEM

5 ချစ်၍ခေါ်ရာ — မြင်းမူမောင်နိုင်မိုး
6 ပန်းရုံ — မောင်စိမ်းနောင်(လယ်ဝေး)
7 ယောက်ျားကောင်း — မောင်လွမ်းနိုင်(စံပယ်ငုံ)
8 ထယ်ရေးပြင်ကြ တန်ခူးလ — ကျော်စောဟန်
22 လောင်မြိုက်နေသော အချိန်များ — စောငယ်ငယ်(မိုညှင်း)
23 ဧည့်သည် — နေဇင်(ပေါက်ခေါင်း)
24 သမ္မာဝါစာ — ခက်ကျိုင်းကျော်
76 သစ်ပင်စိုက်သမား သူငယ်ချင်းသို့ — သိပ္ပံနိုးမြင့်နိုင်
77 စွမ်းသမျှဖြင့် အလှဆင်ပါ — နေသစ်လင်း
78 အကြွေပန်း၏ ဘဝသစ္စာ — မင်းသစ်ဝင်း(ကျောက်တံခါး)

## CARTOON

9 မောင်မောင်ညွှတ် 10 စောဟန် 11 ကိုရိုး 12 ဖြိုးလေး
48 ကျော်ကိုကို 49 အောင်အောင်ထွေး 50 ရိန်းသော်
96 သန်းနိုင် 102 ချာတိတ် 118 ရန်ကြီးအောင်

## CITY ARTICLE

38 ထိန်ပင်မီးလောင်မှု မီးငြိမ်းသတ်သူ သူရဲကောင်းများအတွက် အထူးဂုဏ်ယူလေးစားမိပါကြောင်း — ကိုစော(ပထဝီဝင်)

## RELIGION

13 ရန်ကုန်မြို့ပြရဲ့ ရှေးဟောင်းလက်ရာ အဆောက်အအုံများတွင် ရှေးအကျဆုံးဖြစ်တဲ့ ရဟန္တာမဟာသိမ်တော်ကြီး — မောင်မြတ်မွန်(ဆူးလေ)
32 မြတ်ဗုဒ္ဓ၏ တရားဓမ္မတော်များ — ရဲဘော်ကျော်ဆန်း

## EXPERIENCE ESSAY

51 အဓိက — မိုးကျော်စိုး(မကွေး)

## ARTICLE

17 တိုက်ဖျက်ချေမှုန်းရမည့် လာဘ်ပေးလာဘ်ယူမှု — ကိုဇော်
56 ငလျင်(သို့မဟုတ်)လျှပ်တစ်ပြက်ရန်သူ — သိပ္ပံစာရေးဆရာကိုကိုအောင်









71 အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများနဲ့ ဒေသတွင်းသတင်းအချက်အလက် — ဇော်ဟိန်း
85 သာယာလှပ စည်းကမ်းတကျ မြို့တော်ကြီးဆီသို့ — ဒေါက်တာတင်လတ်
97 မြန်မာ့ပုလဲလုပ်ငန်းဥပဒေနှင့် စီးပွားရေးအမြင် — ဦးမောင်တိုး-ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)


## STRANGE


66 ကမ္ဘာတစ်ဝန်းနှင့် မြန်မာနိုင်ငံမှ နာမည်ကျော် အကြီးမားဆုံးစာရင်းဝင် ရုပ်တုများ — ရဲမာန်ခ


## TRANSLATION


35 သိပ်နောက်ကျသွားပြီလို့ ဘယ်သူပြောလဲ — မောင်သီဟ
61 ကိုယ်ရေးကြံတော့ — ဘနင်း(မြန်မာပြန်)


## PHOTO


92 မြန်မာနိုင်ငံဓာတ်ပုံအသင်း လစဉ်ဓာတ်ပုံပြိုင်ပွဲများ — သန့်စင်


## CELEBRITY


113 *Celebrity and Showbiz* — ကိုသားကြီး


## SHORT STORY


25 မိုးယံမှသည် ချစ်သူဆီသို့ — သောင်းဝေဦး
79 မဟာသမုဒ္ဒရာထက် ကျယ်ပြန့်နက်ရှိုင်းသော — အောင်ပန်းချောင်းသား(ရေကြည်)
89 တစ်နေ့တော့ဖြစ်လာမှာပါ — ယမုံနာ(သန်လျင်)
103 အချစ်သည် ကျွန်မအတွက်မရှိမဖြစ်သောအရာ — မြမြလှိုင်
107 လှုကဲခတ် မလွယ်မလွယ် — ရဲမြတ်တင်
119 လက်တွဲဖော် — ကောင်းကင်မေ(စီးပွားရေးတက္ကသိုလ်)
129 ထာဝရဂုဏ် — မောင်မောင်မိုးအောင်(စာပေဗိမာန်စာမူဆုရ)


## YOUTH


138 ထူးချွန်ထက်မြက်လိုသူများအတွက် လက်ဆောင်မွန် — ကိုစော(ပထဝီဝင်)


## JOKE


16, 31, 37, 47, 75, 112, 125


## HEALTH


126 အပန်းဖြေအနားယူခြင်းက ကျန်းမာရေးအတွက် ဘာကောင်းသလဲ — ဒေါက်တာမြင့်သန်းထွန်း


## LONG STORY


142 စေတုတ္တရာသား — ဆင်ဖြူကျွန်းအောင်သိန်း

















# ရှေးဦးစကား

မင်္ဂလာပါ။

City Magazine အမှတ်(၂၅၃) ကို စာရှုသူများရှေ့မှောက် အရောက်တင်ဆက်လိုက်ပါသည်။ စာရှုသူများ မင်္ဂလာဖင်းကို ဖတ်မည်ပြုစဉ် ရှေးဦးစကား ဆိုချင်ပါသည်။

ကဗျာကဏ္ဍတွင် သမ္ဘာရှိသည့် မြင်းမူမောင်နိုင်မိုး၊ မောင်စိမ်းနောင် (လယ်ဝေး)၊ မောင်လွမ်းနိုင်(စံပယ်ငုံ)တို့ဖြင့်ဖွင့်ပြီး ကလောင်သစ်များကိုလည်း အဇ္ဈတ္တလက်ာရ၊ သဒ္ဒါလက်ာရ ဖြစ်ဖွယ်ရှိသည်များကို ဖော်ပြထားပါသည်။

ဆောင်းပါးကဏ္ဍတွင် ယခင်ဖော်ပြသော မောင်မြတ်မွန်(ဆူးလေ)၊ သိပ္ပံစာရေးဆရာကိုကိုအောင်နှင့် ဖော်ဟိန်းတို့၏လက်ရာများကို ဖော်ပြသည့် နည်းတူ လတ်တလော စိတ်ဝင်စားမှုလွှမ်းကဲနေသည့် ထိန်ပင်မီးလောင်မှုနှင့် လာဘ်ပေးလာဘ်ယူမှုကိစ္စ၊ မြို့တော်စည်းကမ်းတကျရှိရေး ဆွေးနွေးထားပါသည်။

ဝတ္ထုကဏ္ဍတွင် ပင်တိုင် သောင်းဝေဦး၊ ရဲမြတ်တင် စသည့်လက်ရာများကို တင်ပြခဲ့သည့်နည်းတူ ဆင်ဖြူကျွန်းအောင်သိန်း၏ "စေတုဗ္ဗရာသား"က လည်း အညာဒေသ၏ စိုက်ပျိုးရေရှားပါးမှုကို ပေါ်လွင်အောင် ဖော်ကျူးထားပါသည်။

စာရှုသူများနှင့် အကြိုက်ညီမည်ဟု ယူဆပါသည်။

မေတ္တာဖြင့် -
အယ်ဒီတာချုပ်

# ချစ်၍ခေါ်ရာ

မေးချင်သေးသည် မြနှင်းဆီ
ငုံရှိ(ရယ်) တမ်းမော၊ အလွှမ်းတောင်း
လှမ်းသော လိပ်ပြာ၊ သူ့ ခြေရာကို
မင့်မှာ လွတ်ကင်း၊ ရဲရင့်ခြင်းဖြင့်
ဖန်ဆင်း အလှ၊ ဟိုတုန်းက တည့်
ကာလ များစွာ၊ မတွေ့ကြာ၍
တွေ့ပါ ခိုက်တွင်၊ ငါမေးချင်သည်
ချစ်ကြင် မှုသွယ်၊ သမှ နယ်တွင်
ခုဝယ် ပိုင်သူ ဦးပြီလော . . .။

မွှေးချင်သေးသည် မြနှင်းဆီ
အနီရောင်ကား၊ နေလောင် စား၍
လွင့်ပါး နုဂို၊ သွေး မစိုလည်း
မွှေးချို ဝတ်လွှာ၊ ပြစ်ကင်းစွာလျှင်
သဘာဝ သွင်၊ အလှ ဆင်သော်
ငါ့တွင် သည်းခိုက်၊ ရင်ဝယ် ပိုက်၍
တရှိုက် ကြူမွှေး၊ ယုယ တွေးမည့်
ပန်းလေး အသင်၊ လွမ်းတေး စင်၍
ချစ်ကြင် ငါ့ကို ချိုမည်လော . . .။

တွေးချင်သေးသည် မြနှင်းဆီ
ရေကြည် မြနှစ်၊ ကိုက် သရစ်နှင့်
ချစ်၍ ခေါ်ရာ၊ မောင်တို့ ရွာဝယ်
ကြာ ပဒုံဦး၊ တစ်နွယ် ခူးလျက်
ညွတ်နူး ပန်ဆင်၊ အလှ ပြင်လျက်
ပါးတွင် နှံ့သာ၊ ဝင်းဝင်း ဝါလျက်
တောင်ယာ နမ်းပဲ၊ ကိုယ်တိုင် ကြဲ လျက်
ပွဲတွေ့ ဖြတ်ကျော်၊ ကန္တာပေါ်ဝယ်
မွေ့လျော် နှစ်ကိုယ်၊ မငြင်ငြိုဘဲ
ဝန်တို မာန၊ ကင်းစင် ပသည့်
ရွာ ခလေ့ထုံး၊ ချစ်ရိပ် ဖုံးတော
သက်လုံး ပုံနိုင်ပါ့ မည်လော။ ။




**မြင်းမူမောင်နိုင်မိုး**

# ပန်းရဂုံ

ဖြူ နီ ပြာ ဝါ ခရမ်းနဲ့
ပွင့်ပန်းတို့ စုံညီ . . .။

မွှေးတချို့ရယ်နဲ့
တချို့လေ ဘယ်မမွှေးလည်း
လှသွေးကြွယ်သည် . . .။

တစ်ပင်နှစ်ပင် တစ်ပွင့်နှစ်ပွင့်မှ
အပင်ပင် အပွင့်ပွင့်ရယ်တို့
သင့်တင့်စွာ အားဖြည့်လောင်းသည်မို့
ရဂုံအသွင် စုံလင်ကြောင်းနဲ့
ကောင်းမြတ်တဲ့ ပန်းဂုဏ်ရည်
လွှမ်းခြုံတည် အုံ့မခန်း . . .။

ဆန်းအစုံစုံ
မွှမ်းတထုံထုံနဲ့
ပန်းရဂုံ သာတဲ့တောမှာ
လှသော . . .
မွှေးသော . . .
တင့်သော . . .
သင့်သော ပန်းတစ်ပွေ့တစ်ပိုက်ကို
နှစ်ခြိုက်ရာ ကိုယ်တိုင်ရွေးလို့ရယ်
(ကွယ် . . .)
ထွေးလိုက်ပါစမ်း . . .။ ။

မောင်စိမ်းနောင်(လယ်ဝေး)





# ယောက်ျားကောင်း

အမှားတစ်ခု
ချွေးတစ်ဥနှင့်၊ ပြစ်မှုကြွေးများ
ကြေစေသားဟု၊ လုပ်အားနှင့်ချွေ
ပေးဆပ်စေခဲ့၊ တစ်နေ့ကွယ်မြုပ်
တစ်မိုးချုပ်၍၊ ရက်ပုပ်လလျှား
နှစ်စေစားခဲ့၊ ခုမှားဘဝ
သင်္ဂဟနှင့်၊ မိဘဆွေမျိုး
သရေညှိုးလျှက်၊ ဘေးဆိုးကြုံခါ
သံသရာမှာ၊ ဖန်လာရစ်ဝဲ
မတွေးရဲမိ၊ ပြုလည်းအသစ်
ဖြစ်လည်းအဟောင်း၊ အသွင်ပြောင်း၍
လူကောင်းဘယ်သို့ ဖြစ်နိုင်လိမ့်။

လူမှုရေးရာ၊ စေတနာဖြင့်
ဝေဖြာပေးဆပ်၊ သည်ရလဒ်မှာ
ရပ်ကျိုး ရွာကျိုး၊ ရည်မျှော်ကိုး၍
သယ်ပိုးအားစိုက်၊ သည်အခိုက်မှာ . . .။

လူ့ရေးတန်းရေး၊ ဝန်မလေးဘဲ
အားပေးသမှု၊ ကူညီမှုမှာ

ကြီးသူရှိသေ၊ ငယ်လေသနား
လေးစားရှယ်တူ၊ ကြည်အဖြူမှာ

အမှားကိုပြု၊ တရားချသည့်
ဘဝရင်းခံ၊ ဖွင့်အအံမှာ

နှိမ့်ချယုဉ်ခါ၊ ရိုးသားစွာဖြင့်
စာနာထောက်ချင့်၊ သည်အခွင့်မှာ

လူ့ရေးတစ်ပြန်၊ နူးနူးညံ့ဖြင့်
ဝင်ဆန့်တိုးယှဉ်၊ ထိုးအဝင်မှာ

အတိတ်ကိုကျော်၊ နာဂတ်မျှော်ရင်း
ရသော်တစ်ကွေ့၊ သည်ယနေ့မှာ
မျော်မှေ့တည်ကြား၊ သင်ယောကျ်ားငှ
အမှားကိုမြင်၊ အမှန်ပြင်
အသင်ယောက်ျားကောင်းပေတကား။ ။

မောင်လွမ်းနိုင်(စံပယ်ငုံ)

# ထယ်ရေးပြင်ကြ ချိန်ကာလ



စန်းယှဉ်စိတြ
တွေ့မျှနေ့ညဉ့် ချိန်ညီသင့်။
ဆိတ်ရုပ်သွင်ပီ
ရာသီမိဿ တန်ခူးလ။
ဖက်ဆွတ်မြေသင်း
မြူမင်းလွှင်ထန် တာသကြံန်။

ဂိမှာန်ပြင်းလှ
အေးမြတာရေ မေတ္တာဝေ။
စတုဒိသာ
သူငါမျှော်ပါး ရေလည်းကစား။
လုံမေညိုမြ
'ဆို' 'က' ရေကစား ရွှင်မျှော်ပါး။

အိုမင်းသက်ရွယ်
ချီးဖွယ်ရေလှူ သဒ္ဓါဖြူ။
သန့်စင်ကြေးညှော်
ခေါင်းလျှော်ဖေးကူ ကုသိုလ်ယူ။
ဖြိုမ့်ဖြိုမ့်ကြေးကြော်
ပူဇော်ဘွဲ့ရ ဂုဏ်ပြုကြ။

ကျောင်းမျှော်မျက်ရှု
ရတုခါနွေ ပိတ်ရက်ရှည်။
ရှင်ပြုနားသ
ဒုလ္လဘရဟန်းခံ ဖြောစည်သံ။
နွေကိုအနိတု
ရွက်နုသစ်သစ် ဖူးပုရစ်။
'ပိတောက်'ဝေဆာ
'ငုဝါ' ရွှေရွှေ ရွက်သစ်ဝေ။
'ကံ့ကော်' 'ရင်ခတ်'
ရင်သပ်ရှုမော သင်းပျံ့နော။

သားချင်းတို့ရွာ
မြူလွှာအုံ့ဆိုင်း တောင်လုံးမှိုင်း။
ရိုးမလေ့ဟောင်း
ရွှေ့ပြောင်းယာစွဲ မီးရှို့ဆဲ။
ဆည်မြောင်း အင်းတိမ်
ရေငြိမ်လျှောခါ ရေစီးသာ။

မိုး 'နှမ်း' 'မြေပဲ'
ဗုန်ခဲသန့်စင် မျိုးကောင်းပြင်။
မိုးကြို ဂုန်ခင်း
ပေါင်းရှင်း သားခွဲ စဉ်အမြဲ။
မိုးသောက်လယ်ကွင်း
မျိုးခင်းယာရှင် ထယ်ရေးပြင်။

ကျော်စောဟန်

# CITY CARTOON




# CITY CARTOON



# CITY CARTOON





# ရန်ကုန်မြို့ပြရဲ့ရှေးဟောင်းလက်ရာအဆောက်အအုံများတွင်
## ရှေးအကျဆုံးဖြစ်တဲ့
# ရဟန္တာမဟာသိမ်တော်ကြီး

မောင်မြတ်မွန်(ဆူးလေ)



ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများ(မြို့ပြအမွေအနှစ်)စာရင်းတွင် သိမ်၊ ကျောင်းတိုက်၊ ပိဋကတ်တိုက်နဲ့ ဓမ္မာရုံ စတဲ့ ဗုဒ္ဓဘာသာနဲ့ပတ်သက်တဲ့ သမိုင်းဝင်အဆောက်အအုံပေါင်းများစွာလည်း ပါဝင်နေပါတယ်။ ရန်ကုန်မြို့ကြီးတစ်ဝန်းတွင် ဖြန့်ကျက်တည်ရှိနေခဲ့တဲ့ သမိုင်းဝင်သိမ်ကြီး "၉"သိမ်ကို "သီဟဒီပမင်းအား ဒါယကာပြုကာ အရှင်ယသ၊ အရှင်သောဏနဲ့ အရှင်သုစိအမှူးပြုတဲ့ ရဟန္တာအရှင်မြတ် "၈"ပါးဟာ သာသနာတော်နှစ် (၂၃၈–၂၃၉)ခန့်မှာ သိမ်သမုတ်ပေးတော်မူခဲ့ပါပေတယ်။ အဲဒီ ရှေးဟောင်းလက်ရာ သမိုင်းဝင်သိမ်တော်ကြီးတွေကတော့......





## (၁) ရဟန္တာမဟာသိမ်တော်ကြီး

ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် စောင်းတန်းဥပစာမှ တောင်ဘက် ကိုက်တစ်ရာခန့်အကွာတွင် တည်ရှိနေတယ်။

## (၂) ကျားကျူးသိမ်တော်ကြီး

ရွှေတိဂုံဘုရားလမ်း၊ ကျားကူးကျောင်းတိုက်အတွင်း၊ တည်ရှိနေကာ၊ ကျားကူးကျောင်းတိုက်ကြီးအမည်နဲ့ ရှေးဟောင်းလက်ရာ စာရင်းဝင် ဖြစ်နေပါတယ်။

## (၃) မဟာသိမ်တော်ကြီး

ကျိုက်မြတ်သံချိုမဟာသိမ်တော်ကြီးအမည်နဲ့ ပန်းပဲတန်းမြို့နယ် သိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်အဖြစ် တည်ရှိနေဆဲဖြစ်ပါတယ်။

## (၄) ဒေဝသာဂရ သိမ်ဖြူတော်ကြီး

သိမ်ဖြူလမ်း(စတော့ကိတ်)နဲ့ ဗိုလ်မင်းရောင်လမ်း(ဦးအုံးခိုင်လမ်း)ဆုံ တောင်ဘက်ထောင့်၊ တောင်ကုန်းပေါ်ရှိ ဒေဝသာဂရ သိမ်ကုန်းကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင်တည်ရှိနေ (ဒေဝ+သာဂရ=နတ်ပင်လယ်)လို့ အဓိပ္ပာယ်ရတယ်။ နယ်ချဲ့တို့ကတော့ White House Stockade အမည်ပေးကာ Stockade လမ်း(သိမ်ဖြူလမ်း)လို့လည်း ခေါ်ဝေါ်စေခဲ့တယ်။

## (၅) ရှင်မသသိမ်တော်ကြီး

ကျိုက္ကစံစေတီတော် ပရဝုဏ်အတွင်း အနောက်တောင်ဘက် ၂၆၃ ပေအကွာမှာ တည်ရှိနေကာ ၁၉၆၂ ခုနှစ်မှာ အသစ်ပြန်လည်ဆောက်လုပ်ထားတာဖြစ်တယ်။

## (၆) ထန်းပင်ကုန်းသိမ်တော်ကြီး

တာမွေမြို့နယ် "ငါးထပ်ကြီးဘုရားလမ်း"(ယခင်က ငွေစက္ကူရိုက်နှိပ်ခဲ့တဲ့ သောမတ်စ်ဒီလာရူးပုံနှိပ်တိုက်) အရှေ့ဘက် သိမ်ကုန်းကျောင်းတိုက်အတွင်း တည်ရှိနေတယ်။ တာမွေ(မွန်)တာ+မွဲ=ထန်းတစ်ပင်ရပ်အမည်ကို အစွဲပြုကာ "ထန်းပင်ကုန်းသိမ်တော်"အမည်ရတာဖြစ်တယ်။

အထက်ပါ သိမ်တော်ကြီး (၆) သိမ်ဟာ သမိုင်းဝင်အနေနဲ့ မြေပြင်တွင်တည်ရှိနေပေမယ့် အောက်ပါ သိမ်ကြီး (၃)သိမ်ကတော့ "Re-construction of Modern Rangoon,1853" ကာလတွင် ရန်ကုန်မြို့ကွက်သစ် ဖော်ထုတ်တဲ့အထဲမှာ ပါသွားခဲ့ရရှာပါတယ်။

## (၁) ခရေပင်ကုန်းသိမ်တော်ကြီး

ဆူးလေစေတီတော်ရဲ့ အရှေ့မြောက်ထောင့်၊ ရန်ကုန်မြို့တော်ခန်းမရဲ့ မြောက်ဘက်ရှိ ခရေပင်ကျောင်းတိုက်အတွင်း၊ တည်ရှိခဲ့လို့ ခရေပင်ကုန်းသိမ် အမည်တွင်ခဲ့တယ်။ အဲဒီသိမ်တည်ရှိရာဟာ မြို့တော်ခန်းမကြီးတည်ဆောက်ဖို့ မြေကွက်ဖော်ထုတ်ရာတွင် ပါဝင်သွားပြီး အခု ရန်ကုန်မြို့တော်ခန်းမကြီးရဲ့ အဝန်းအဝိုင်းအတွင်းမှာ ပါဝင်နေပါတယ်။

## (၂) ကသစ်ပင်ကုန်းသိမ်တော်ကြီး

ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်းနဲ့ သူရိယ

ရန်ကုန်မြို့ကို အဝေးရောက် မြို့ဝန်အုပ်ချုပ်တဲ့ ကုန်းဘောင်ခေတ်တွင် မြင်းခင်းသဘင်ကျင်းပတဲ့ မြေပြန့်လွင်ပြင်(ယခု ဗိုလ်အောင်ကျော်လမ်း ဝန်ကြီးများရုံးအဝန်းအဝိုင်း) အနီး၌ တည်ရှိခဲ့လို့ "မြင်းခင်းသိမ်တော်"အမည်နဲ့လည်း ခေါ်ဝေါ်ခဲ့ကြတယ်။

သဘင်းစာတိုက်(ဟောင်း)တောင်ဘက် (ယခု)စစ်တကောင်းဟိန္ဒူဘုရားကျောင်းနေရာတွင် တည်ရှိခဲ့တယ်။ သိမ်တော်ကြီးဟာ ကာသစ်ပင်များပေါက်ရာ ကုန်းမြေမှာတည်ရှိခဲ့တဲ့အတွက် ကာသစ်ပင်ကုန်းသိမ်တော် အမည်တွင်ခဲ့သလို ရန်ကုန်မြို့ကို အဝေးရောက်မြို့ဝန်အုပ်ချုပ်တဲ့ ကုန်းဘောင်ခေတ်တွင် မြင်းခင်းသဘင်ကျင်းပတဲ့ မြေပြန့်လွင်ပြင်(ယခု ဗိုလ်အောင်ကျော်လမ်း ဝန်ကြီးများရုံးအဝန်းအဝိုင်း)အနီး၌ တည်ရှိခဲ့လို့ "မြင်းခင်းသိမ်တော်"အမည်နဲ့လည်း ခေါ်ဝေါ်ခဲ့ကြတယ်။

## (၃) အလုံသစ်တိုပင်ကုန်းသိမ်တော်ကြီး

အလုံမြို့နယ်၊ ဗဟိုအမျိုးသမီးဆေးရုံ(ဂျင်မခါနာဆေးရုံ)နဲ့ Dr.Mark (ခ) ဆရာမှတ်ကြီး၊ နေအိမ်နေရာအကြား၊ တည်ရှိခဲ့တဲ့ အဓိကရသစ်တိုပင်ကြီးပေါက်ရာကုန်း၌ တည်ရှိခဲ့လို့ "သစ်တိုပင်ကုန်းသိမ်"လို့လည်းကောင်း၊ အလုံရပ်ကွက်အတွင်း၊ တည်ရှိနေတဲ့အတွက် "အလုံသိမ်တော်"လို့လည်းကောင်း၊ ခေါ်ဝေါ်ခဲ့ကြတယ်။ ကူရှင်(Cushion) ကျောင်းဆောက်လုပ်ရန်အတွက် မြေကွက်သတ်မှတ်ပေးရာမှာ "သိမ်တော်ကြီးမြေ"ပါဝင်သွားတယ်။ အခုတော့ အ-ထ-က(၄) အလုံ ဖြစ်တည်နေပါပြီ။

## ရန်ကုန်မြို့ပြရဲ့ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်တဲ့ ရဟန္တာမဟာသိမ်တော်ကြီး

ဥက္ကလာပမြို့အဝန်းအဝိုင်းအတွင်းမှာ အရှင်သောဏ၊ အရှင်ဥတ္တရ၊ အရှင်ယသနဲ့ အရှင်သုစီ ကြီးမှူးတဲ့ ရဟန္တာအရှင်မြတ် "၈"ပါးဟာ "သီဟဒီပအမည်ရတဲ့ ဘောဂသေနမင်းကို မြတ်စွာဘုရားရှင်ရဲ့ ဆံတော်မြတ်နဲ့ သရီရဓာတ်တော်များ ပေးအပ်ပြီး "ကျိုက်အသုတ်"ဘွဲ့ အမည်တွင်တဲ့ မြတ်ဆူးလေအပါအဝင် စေတီတော်(၁၁)ဆူကို တည်ထားကိုးကွယ်စေခဲ့တယ်။ အလားတူ သန်လျင်ဒေသ ဘောဂသေနမင်းကြီးရဲ့ "ပစ္စယနဂ္ဂဟာ"နဲ့ မြတ်ဘုရားရွှေတိဂုံရဲ့ ထီးရိပ်ဝန်းမှာ သိမ်ကြီး "၉"သိမ်ကို တည်ဆောက်ပြီးတဲ့အခါ သိမ်သမုတ်တော်မူခြင်းကို ရဟန္တာအရှင်မြတ် "၈"ပါးက ဦးစီးဦးဆောင် ပြုပေးခဲ့ကြတဲ့အတွက် သမိုင်းဝင် "ရဟန္တာသိမ်တော်ကြီး"များပဲ ဖြစ်ကြပါပေတယ်။

ကနဦးတည်ဆောက်ခဲ့တဲ့ ရဟန္တာသိမ်တော်ကြီးဟာ မြတ်ဘုရားရွှေတိဂုံရဲ့ အမုံကုန်းတော် "၉၉"ကုန်းတွင် ပထမဦးဆုံးကုန်းတော်ဖြစ်ကာ၊ မဟာသက္ကရာဇ် ၁၀၆ ခုနှစ်ကပင် ရဟန္တာအရှင်မြတ်များ သိမ်သမုတ်တော်မူခဲ့ရာ မြေပထဝီ(ထူးမြတ်တဲ့မြေ)ပဲ ဖြစ်တယ်။ အဲဒီကုန်းမူဟာ မြတ်ဘုရားရွှေတိဂုံသို့ ဘုရားဖူး



လမ်းကြောင်း (၄)သွယ်သာရှိခဲ့စဉ်က ရေလမ်းခရီးမှ လှေ၊ နာဝါတွေနဲ့ လာရောက်ဖူးမြော်ခဲ့ကြတဲ့ "ဆံတော်ကြိုလမ်း"နဲ့ ဦးတိုက်တည်ရှိနေတဲ့ ရွှေတိဂုံတောင်ဘက်မုခ်ဦး ဥမင်တွင် တည်ရှိနေတယ်"၊ "တိမ်အုပ်မှောင်၊ သိဂုံတ်တောင်၊ ဘယ်ဌာနရယ်လို့ ရှုမ်းဆနိုင်ဘူး" ရေလမ်းခရီးက ဘုရားဖူးလာရင်း မြစ်တွင်းက မြင်ကွင်းကို "ဆတိုင်မှတ်ဦးကျူး"က ဖွဲ့ဆိုခဲ့ရတဲ့ ဘုရားဖူးလမ်းကြောင်းပဲ ဖြစ်ပါပေတယ်။ ဒါပေမဲ့ ရဟန္တာသိမ်တော်ကြီး တည်နေရာကနေ မြတ်ဘုရားရွှေတိဂုံကို "အာရုံမျက်မြင် ကြည်ကြည်လင်လင် ဖူးမြော်နိုင်ခွင့် ရရှိနေတာကြောင့် "ဆံတော်ကြိုလမ်း" အမည်နာမကိုပါ "ရွှေတိဂုံဘုရားလမ်း"လို့ အနွတ္တသညာပြုကာ ပြောင်းပေးထားတာ ဖြစ်ပါတယ်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများစာရင်း အမှတ်စဉ်(၉၃)မှာ "ရဟန္တာမဟာသိမ်တော်ကြီး၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်"လို့ ဖော်ပြထားတဲ့အတိုင်း၊ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးက တောင်ကုန်းမူထက်ဝယ် မြန်မာမှုလက်ရာ အမွှမ်း

မြတ်ဘုရားရွှေတိဂုံရဲ့ ထီးရိပ်ဝန်းမှာ သိမ်ကြီး "၉"သိမ်ကို တည်ဆောက်ပြီးတဲ့အခါ
သိမ်သမုတ်တော်မူခြင်းကို ရဟန္တာအရှင်မြတ် "၈"ပါးက ဦးစီးဦးဆောင်ပြုပေးခဲ့ကြတဲ့အတွက်
သမိုင်းဝင် "ရဟန္တာသိမ်တော်ကြီး"များပဲ ဖြစ်ကြပါပေတယ်။

အပြောက်တွေနဲ့ ထုံမွမ်းထားတဲ့ ရှေးဟောင်းလက်ရာ သိမ်တော်ကြီးဟာ ''မြတ်နိုးဂုဏ်ယူဖွယ်ရာ ရန်ကုန်မြို့ပြရဲ့ ယဉ်ကျေးမှုအမွေအနှစ်စစ်စစ် ဖြစ်ပါပေတယ်။ ရဟန္တာမဟာသိမ်တော်ကြီးသို့ အဝင် ဉပစာလွှင်ပြင်တွင် သိမ်တော်ကြီးရဲ့ အတ္တုပ္ပတ်နဲ့ ဖျုပ္ပတ်တွေကို ဖော်ကျူးထားတဲ့ ကမ္ပည်းကျောက်စာချပ်ကြီး၊ တည်ရှိနေပါတယ်။ ချောမွေ့ပြေပြစ် ထူထဲနိုင်ခံ့လှတဲ့ စကျင်ကျောက်ပြားကြီးပေါ်မှာ ''ခွန်အားပြည့်ဝတဲ့ မြန်မာစာအရေးအသားနဲ့'' ''စိရံ တိဋ္ဌတု'' ကမ္ဘာတည်သရွေ့ ဗုဒ္ဓသာသနာ ရောင်ဝါနေသို့ ထွန်းလက်နေစေရန် ကျောက်ထက်အက္ခရာတင်ပေးထားတာကတော့++++++



## ရဟန္တာမဟာသိမ်တော်ကြီးကျောက်စာ(မှုရင်းအတိုင်း)

မြတ်စွာဘုရားရှင်၏ ဆံတော်ရှင်ဓာတ်မြတ်တို့ကို ''တဖုဿ၊ ဘလ္လိက ညီနောင်''တို့ ပင့်ဆောင်ယူလာ၏။ ဩက္ကလ ဉက္ကလာပမြို့၊ ဉက္ကလာပမင်းကြီးနှင့် မင်းသူဌေး၊ သူကြွယ်၊ ပြည်သူမင်းအားလုံးတို့နှင့် ၎င်းဆံတော်မြတ်တို့ကို သိင်္ဂုတ္တရကုန်းတော်တွင် ဌာပနာသွင်း၍ စေတီတော်တည်လှူပူဇော်၏။ ''မဟာတိဂုမ္ဘဆံတော်ရှင်စေတီတော်ကြီး''ဘွဲ့တော်ရှိ၏၊ မဟာသက္ကရာဇ်(၁၀၃) တပေါင်းလဆန်း၊ စေတီတော်ကြီး (၃)နှစ်မြောက်တွင် ကြွရောက်တော်မူကြကုန်သော ရဟန်းသံဃာတော်များ ''ကံကြီးကံငယ်'' ဆောင်ရွက်နိုင်ကြတော်မူစေရန် ဉက္ကလာပမင်းကြီး လျှောက်ထားချက်အရ သိင်္ဂုတ္တရကုန်းတော် ''မဟာတိဂုမ္ဘစေတီတော်ကြီး'' တောင်ဘက်တွင် ''ရဟန္တာအရှင်သခင် ထေရ်ရှင်အရိယာ သံဃာတော် (၁၀၈)ပါးတို့က သိမ်သမုတ်တော်မူ၏။ ''မဟာတိဂုမ္ဘ ဒက္ခိဏသီတမဟာသိမ်''ဟု ထင်ရှား၏။ ဉက္ကလာပမင်းကြီး၏ သားတော်မြေးတော်တို့ ပြုစုစောင့်ရှောက်တော်မူကြ၏။ ဒီဂုံမင်းသား (၃၂) ယောက်တို့ သိမ်တော်ကြီးအတွင်း၌ ရဟန်းပြုကြကုန်၏။ ရဟန္တာအရှင်မြတ်များ၊ သမုတ်တည်ထားခြင်းကြောင့် ''ရဟန္တာမဟာသိမ်တော်ကြီး''ဟု ထင်ရှားသည်။ သာသနာတော် (၂၃၆)၌ ''ရတနာဘုမ္မိဆုတောင်းပြည့်ဘုရား(၃)ဆူ''တည်ထားကိုးကွယ်သည်။ သက္ကရာဇ်(၇၃၁)တွင် ''ဆင်ဖြူရှင်ဗညားဦး''မင်း ပြုပြင်တော်မူသည်။ သက္ကရာဇ် (၁၂၉၀) ပြည့်နှစ်တွင် လယ်တီဆရာတော် ဦးဇဋိလ စောင့်ရှောက်တော်မူကာ အားလုံးကောင်းမွန်စွာ ပြုပြင်သည်။ ကျောက်စာအလှူရှင်စာရင်းကိုပါ ကျောက်ထက် အက္ခရာတင်ပြီး ရေးထိုးပေးထားသည်။

မျက်မှောက်ကာလတွင် ရဟန္တာမဟာသိမ်တော်ကြီးသို့ တက်ရောက်ပြီး၊ ရတနာဘုမ္မိ ဆုတောင်းပြည့်ဘုရားများ ဖူးမြော်နိုင်စေရန်နဲ့ သမိုင်းတင်ကျောက်စာချပ်ကြီးအား လေ့လာဖတ်ရှုနိုင်စေရန် ကားလမ်းမဘေးရှိ မုခ်ဦးတွင် လည်ဆံဖွားဖွားနဲ့ သားနားလှတဲ့ ခြသေ့နှစ်ကောင်အား အစောင့်အနေထားပြီး ကားလမ်းကနေလှေကားသုံးထစ်သာတက်ရတဲ့ ကြေနဲ့ နတ်လမ်းသွယ်ပေးထားပါတယ်။ ဒါပေမဲ့ မုခ်ဦးအနီးမှာ YBS ယာဉ်တွေရပ်နားတဲ့ မှတ်တိုင်ရှိနေတဲ့အတွက် ''သန္တိသုခကို လိုလားသူတွေမှတစ်ပါး'' ခရီးသွားများအတွက်တော့ ကပ်ကျော်သိမ်တော်ကြီးပဲ ဖြစ်နေရပါကြောင်း မှတ်တမ်းတင်ကမ္ပည်းထိုးလိုက်ရပါတယ်။

**မောင်မြတ်မွန်(ဆူးလေ)**

## အဖေ့တုန်းကလည်း ဒီလိုပါပဲ



သားဖြစ်သူက အိမ်ထောင်ပြုပြီးသွားတဲ့နောက်၊ တစ်ရက်မှာ သူ့မိဘအိမ်ကို လာလည်တယ်၊ မိခင်ဖြစ်သူက အတော်ကြာကြာ အိမ်ကခွဲခွာပြီးမှ တစ်ခေါက်တလေ ရောက်လာတဲ့သားကို ကောင်းကောင်း ချက်ကျွေးတာပေါ့၊ သားဖြစ်သူက စားသောက်ပြီးတာနဲ့–

''အမေချက်တဲ့ဟင်းမှ တကယ်ဟင်းမည်တာဗျ၊ ကျွန်တော့် မိန်းမ ဘယ်လိုချက်ချက် အမေ့လက်ရာကို မမီဘူး''လို့ ချီးမွမ်းတယ်၊

အမေဖြစ်သူက ကျေနပ်တာပေါ့၊ ဒါပေမဲ့ ခဏပဲ၊ သူ့ယောကျ်ားရဲ့ မှတ်ချက်မကြားရခင်အထိပေါ့၊ သူ့မှတ်ချက်က–

''အေးကွ၊ လက်ထပ်ပြီး အိမ်ခွဲဆင်းသွားတဲ့ ယောကျ်ားသားတိုင်းက အဲဒီလိုပဲ ထင်တတ်ကြတာပဲ''တဲ့။

**မောင်သီဟ**



ကိုဇော်

# တိုက်ဖျက်ချေမှုန်းရမည့် လာဘ်ပေးလာဘ်ယူမှု

၁၉၅၂ ခုနှစ်တွင် ဗြိတိသျှ ကိုလိုနီလက်အောက်မှ လွတ်မြောက်လာခဲ့သော်လည်း မလေးရှားနိုင်ငံရဲ့ လက်အောက်ခံ နယ်မြေတစ်ခုအဖြစ် ဆက်လက်တည်ရှိနေသော စင်ကာပူ။

ထိုအချိန်ထိုကာလမှာ လူတန်းစားခွဲခြားဆက်ဆံ၊ ဖိနှိပ်ချုပ်ချယ်မညီမျှမှု၊ အဂတိလိုက်စား၊ လာဘ်ပေးလာဘ်ယူမှု၊ ခေါင်းပုံဖြတ် အမြတ်ကြီးစားမှုတွေကြောင့် ဆင်းရဲမွဲတေ ချွတ်ခြုံကျနေသော စင်ကာပူ။



၁၉၆၅ခုနှစ်၊ ဩဂုတ်လ ၈ ရက်တွင် မလေးရှားနိုင်ငံရဲ့ လက်အောက်ခံနယ်မြေအဖြစ်မှ သီးခြားခွဲထွက်ကာ စင်ကာပူသမ္မတနိုင်ငံအဖြစ် လွတ်လပ်ရေးရလာခဲ့သော်လည်း နိုင်ငံရဲ့စီးပွားရေး ချွတ်ခြုံကျမွဲတေမှုတွေ၊ လူတန်းစားခွဲခြားဆက်ဆံ မညီမျှမှုတွေ၊ လူမျိုးတူစုပေါင်းကာ သီးခြားစီခွဲခြားနေထိုင်တတ်ကြသော တရုတ်မျိုးနွယ်ဖွား တရုတ်လူမျိုး၊ မလေးမျိုးနွယ်ဖွား မလေးလူမျိုး၊ ကုလားမျိုးနွယ်ဖွား ကုလားလူမျိုးများနှင့် ကပြားမွေးဖွားလာသော လူမျိုးစုတွေကြားထဲမှာ ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့အဖွဲ့အစည်းပါတီ(PAP) ရဲ့ခေါင်းဆောင် မစ္စတာ လီကွမ်ယုသည် စင်ကာပူနိုင်ငံရဲ့ ပထမဦးဆုံးဝန်ကြီးချုပ် ဖြစ်လာခဲ့ပါတယ်။

စင်ကာပူနိုင်ငံသည် ထိုအချိန်မှအစပြုကာ လူမျိုးစုတွေယုံကြည်ကိုးကွယ်နေကြသော ဘာသာကြီးများဖြစ်ကြသည့် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် အခြားသော ဘာသာကွဲလေးများကိုလည်း လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ပြုထားပါတယ်။





**လာဘ်စားသူသည် လာဘ်ပသဏ္ဍာယူပြီးနောက်ပိုင်းမှာ လာဘ်ပေးသောသူရဲ့အလိုကျ မလုပ်ဆောင်ပေးရသေးသော်လည်း လာဘ်စားမှုအပြစ်ဒဏ်ကို ကျခံရမှာဖြစ်ပါတယ်။**

လူမျိုးစုတွေရဲ့ ရိုးရာဓလေ့ထုံးတမ်းပွဲတော်များနှင့် သာရေး နာရေး အခမ်းအနားတွေကိုလည်း ဆင်ယင်ကျင်းပခွင့်ပြုထားပါတယ်။

ထိုနည်းတူ လူမျိုးစုတွေရဲ့ ဘာသာစကားနှင့် စာပေ(တရုတ်ဘာသာ မန်ဒရင်း၊ မလေးဘာသာ၊ ကုလားဘာသာ တမီလ်၊ အင်္ဂလိပ်ဘာသာ)တွေကိုလည်း ပြောဆိုရေးသား သုံးစွဲခွင့်နှင့် ကျောင်းများတွင် သင်ကြားခွင့်ပြုထားပါတယ်။ ဤသည်ကား စင်ကာပူနိုင်ငံတွင် ဘာသာတရား၊ စာပေနှင့် စကားဆိုင်ရာ စည်းကမ်းနည်းစနစ် ဥပဒေမူဝါဒ ချမှတ်ပြဋ္ဌာန်း ကျင့်သုံးခဲ့ပါတယ်။

စင်ကာပူနိုင်ငံတွင် လူမျိုးစုတွေအတွက် အဓိကအခြေခံကျသော စားဝတ်နေရေးဆိုင်ရာ စည်းကမ်းနည်းစနစ်ဥပဒေမူဝါဒမှာ အစိုးရရဲ့ အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ (Housing Development Board,HDB) မှ ဆောက်လုပ်ပေးထားသော တိုက်တန်းလျားကြီးများရဲ့ တိုက်ခန်းအိမ်ရာ (Apartment Block) များတွင် မတူခြားနားသော လူမျိုးစုတွေကို အတူတကွ ရောနှောနေထိုင်စေခြင်း (community) ဖြင့် လူမျိုးစုအိမ်နားနီးချင်းတွေ အချင်းချင်း ရိုင်းပင်းကူညီစေ၊ သင့်မြတ်အေးချမ်းသာယာစွာ အတူယှဉ်တွဲနေထိုင်သွားတတ်ကြစေဖို့အတွက် စည်းကမ်းနည်းစနစ်ဥပဒေမူဝါဒ ချမှတ်ပြဋ္ဌာန်းကာ အခြေခံအုတ်မြစ်ချမှတ်ပေးခဲ့ခြင်းဖြစ်ပါတယ်။

ထိုအတူ တိုက်ခန်းအိမ်ရာတွင် နေထိုင်ကြကုန်သော လူမျိုးစုတွေရဲ့အလုပ်မှရသော လစာဝင်ငွေပေါ်မှတည်ပြီး လစဉ်အရစ်ကျပေးဆပ်သွားခြင်းအားဖြင့် နှစ် ၃၀ အတွင်း တိုက်ခန်းအိမ်ပိုင်ဆိုင်ခွင့်ရမည့် အိမ်ရာတိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတော်ရဲ့ အဓိကစီမံကိန်းတစ်ရပ်ပင် ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံရဲ့ လူမျိုးစုတွေ လူ့အခွင့်အရေး တန်းတူညီမျှ ရရှိနိုင်စေရေး၊ အခြေခံစားဝတ်နေရေး ပြေလည်မှုလုံလောက်နိုင်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ပေါက်လာစေရေး၊ အလုပ်အကိုင်မှ လစာဝင်ငွေ ရရှိလာနိုင်စေရေးတွေအတွက် နိုင်ငံနှင့် ကိုက်ညီမှုရှိသော စီးပွားရေးလုပ်ငန်းများကို အဓိကမဏ္ဍိုင်ထားကာ အသေးစားနှင့် အလတ်စားစီးပွားရေး (SMEs) စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် မြင့်လာစေရေးအတွက် စီးပွားရေးဆိုင်ရာ အခြေခံအုတ်မြစ်ချသော စည်းကမ်းနည်းစနစ် ဥပဒေမူဝါဒများကို ချမှတ်ပြဋ္ဌာန်းကာ အကောင်အထည်ဖော် ကြိုးစားလုပ်ကိုင်ဆောင်ရွက်နိုင်သောကြောင့် စီးပွားရေးအပေါ်ထပ် အဆောက်အအုံမှာလည်း ဖွံ့ဖြိုးတိုးတက်မှု မြင့်မားလာခဲ့ရပါတယ်။ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း ခေတ်နှင့်အညီ ရင်ပေါင်တန်းလာခဲ့ပါတယ်။

စင်ကာပူနိုင်ငံသည် ပစ္စုပ္ပန်အခြေတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်၊ စည်ပင်သာယာ သန့်ရှင်းလှပ၊ စိမ်းလန်းစိုပြေ၊ ချမ်းသာကြွယ်ဝလာခဲ့ခြင်းနှင့်အတူ နိုင်ငံရဲ့ လူနေမှုအဆင့်အတန်းသည်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်မြင့်မားလာခဲ့ရပါတယ်။

ထိုသို့သော နိုင်ငံရဲ့အခြေ ဖြစ်တည်လာစေနိုင်ရန်အတွက် အထောက်အပံ့ဖြစ်စေသော အကြောင်းရင်းတစ်ချက် ရှိခဲ့ပါတယ်။ ဤသည်ကား အဂတိလိုက်စားခြင်းနှင့် လာဘ်စားမှုတို့ကို စည်းကမ်းနည်းစနစ် ဥပဒေမူဝါဒ ချမှတ်ပြဋ္ဌာန်းကာ စီမံချက်နှင့် တိုက်ဖျက်ဖို့ လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

စင်ကာပူအစိုးရသည် အဂတိလိုက်စားခြင်းနှင့် လာဘ်စားမှုတွေကို ချေမှုန်းတိုက်ဖျက်ရေးအတွက် ကဏ္ဍကြီးလေးခုခွဲကာ စီမံချက်များကို ချမှတ်လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါတယ်။

(က) အောက်တွင်ဖော်ပြထားသော စည်းကမ်းနည်းစနစ် ဥပဒေမူဝါဒတွေကို အတိအလင်း ပြဋ္ဌာန်းချမှတ်ပေးခဲ့ပါတယ်–

(၁) လုပ်ပိုင်ခွင့်အာဏာကျန် လွှဲအပ်ခြင်းခံရသော အဂတိလာဘ်စားမှုတိုက်ဖျက်ရေးအဖွဲ့ကြီး (Corrupt Practices Investigation Bureau.CPIB) သည် အစိုးရဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကုမ္ပဏီတွေအားလုံးကို လွတ်လပ်စွာဝင်ရောက်စစ်ဆေးပိုင်ခွင့်ရှိပါတယ်။

(၂) အစိုးရဝန်ထမ်းတစ်ဦးသည် လာဘ်စားပါသည်ဟု တိုင်ကြားစွပ်စွဲခံရရင် ထိုသူသည် လာဘ်စားမှု မြစ်မှုမကျူးလွန်ကြောင်း သက်သေသက်ကာန်ပြနိုင်ရမှာဖြစ်ပါတယ်။

(၃) လာဘ်စားသူသည် လာဘ်သပ္ပကာယူပြီးနောက်ပိုင်းမှာ လာဘ်ပေးသောသူရဲ့အလိုကျ မလုပ်ဆောင်ပေးရသေးသော်လည်း လာဘ်စားမှုအပြစ်ဒဏ်ကို ကျခံရမှာဖြစ်ပါတယ်။

(၄) အစိုးရဝန်ထမ်းများသည် အခြားသူထံမှ လက်ဆောင်ပဏ္ဏာငွေကြေးလက်ခံရယူခြင်း၊ လုံးဝမလုပ်ရပါဘူး။ မရှိစေရပါ

ဘူး။

(၅) ဝန်ထမ်းတစ်ယောက်သည် လာဘ်ယူသောအမှုအတွက် ထောင်ဒဏ်နှင့် ဒဏ်ငွေရိုက်ခံရမှာဖြစ်သည့်အပြင်၊ သူယူခဲ့သော လာဘ်ငွေကြေးအတိအကျကို အစိုးရသို့ ပြန်ပေးရမှာဖြစ်ပါတယ်။

(၆) ချမှတ်ပြဋ္ဌာန်းထားသော အဂတိလာဘ်စားမှု တိုက်ဖျက်ရေးနှိမ်နင်းရေးဥပဒေသည် စင်ကာပူနိုင်ငံအတွင်းသာမက၊ ပြည်ပနိုင်ငံခြားတွင် အစိုးရဝန်ထမ်းသည် လာဘ်ပေးခြင်းကို လက်ခံလာဘ်ယူခဲ့ရင်လည်း စင်ကာပူနိုင်ငံရဲ့ ဥပဒေအတိုင်း ထိရောက်စွာ အရေးယူအပြစ်ပေးခံရမှာဖြစ်ပါတယ်။

(ဓ) CPIB. အဂတိလာဘ်စားမှု တိုက်ဖျက်နှိမ်နင်းရေးအဖွဲ့ကို အောက်တွင်ဖော်ပြထားသော လုပ်ပိုင်ခွင့်အာဏာများကို လွှဲအပ်ထားပါတယ်–

(၁) မည်သည့် လာဘ်စားထားသော အမှုကိုမဆို လွတ်လပ်စွာစစ်ဆေးလုပ်ပိုင်ခွင့်အာဏာ ရှိကြပါတယ်။

**တရားရုံးတွင် အဂတိလာဘ်စားမှု အပြစ်ကျူးလွန်သူအား အပြစ်ဒဏ် အနေနဲ့ ထောင်ဒဏ် ၅နှစ်အထိ ချမှတ်နိုင်သကဲ့သို့ ဒဏ်ကြေးငွေကိုလည်း ဒေါ်လာ တစ်သိန်းအထိ ချမှတ်နိုင်ပါတယ်။ ထိုအပြင် လာဘ်စားထားသော ငွေအတိအကျကို အစိုးရထံ ပြန်လည်ပေးအပ်ရန် တရားရုံးမှ အမိန့်ချမှတ်ပေးရမှာဖြစ်ပါတယ်။**




(၂) မည်သည့်အရာရှိဖြစ်စေ ရာထူးကြီးသူပင် ဖြစ်စေကာမူ လာဘ်စားမှုနှင့် ပတ်သက်နေပါက အမှုသေး၊ အမှုကြီးသည်မဆွေး အစိုးရထိပ်ပိုင်းဝန်ကြီးဖြစ်နေပါစေ စစ်ဆေးပိုင်ခွင့်အာဏာ ရှိကြပါတယ်။

(၃) ထိုသို့ အဂတိလာဘ်စားမှုနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဝန်ကြီးချုပ်မှတစ်ပါး အခြားမည်သူကိုမျှ အစီရင်ခံတင်ပြခွင့်ပြုချက် တောင်းခံနေစရာမလိုပါ။

(ဂ) တရားစီရင်ရေးရုံးများကိုလည်း အောက်တွင်ဖော်ပြထားသော လုပ်ပိုင်ခွင့်အာဏာများကိုလွှဲအပ်ထားပါတယ်–

(၁) တရားရုံးတွေမှာ အဂတိလာဘ်စားမှု တရားစီရင်စစ်ဆေးရာတွင် အများပြည်သူများအတွက် ပွင့်လင်းမြင်သာမှုရှိစေရမှာဖြစ်ပါတယ်။

(၂) တရားရုံးတွင် အဂတိလာဘ်စားမှု အပြစ်ကျူးလွန်သူအား အပြစ်ဒဏ်အနေနဲ့ ထောင်ဒဏ် ၅နှစ်အထိ ချမှတ်နိုင်သကဲ့သို့ ဒဏ်ကြေးငွေကိုလည်း ဒေါ်လာတစ်သိန်းအထိ ချမှတ်နိုင်ပါတယ်။ ထိုအပြင် လာဘ်စားထားသော ငွေအတိအကျကို အစိုးရထံ ပြန်လည်ပေးအပ်ရန် တရားရုံးမှ အမိန့်ချမှတ်ပေးရမှာဖြစ်ပါတယ်။

(၃) လာဘ်ပေးကာ လုပ်ငန်းရလိုက်သော ကန်ထရိုက်ကုမ္ပဏီရဲ့လုပ်ငန်းများကို ရပ်ဆိုင်းဖျက်သိမ်းပစ်ရပါမယ်။ ထို့အပြင် နောက်နောင် အစိုးရတင်ဒါများကို ၅ နှစ်ကြာသည်အထိလာဘ်ပေးသောကန်ထရိုက်ကုမ္ပဏီမှာ ဝင်ရောက်ယှဉ်ပြိုင် ကန်ထရိုက်ဆွဲခွင့်ကို ပိတ်သိမ်းခံရမှာဖြစ်ပါတယ်။

(၄) နိုင်ငံခြားကုမ္ပဏီထံမှ လာဘ်စားခဲ့ရင် လာဘ်ယူငွေကို နိုင်ငံခြားကုမ္ပဏီသို့ ပြန်ပေးရပါမယ်။ ထို့အပြင် လာဘ်ယူငွေနှင့်တူညီသောပမာဏကိုလည်း အစိုးရထံသို့ ပေးသွင်းရမှာဖြစ်ပါတယ်။ ဆိုလိုရင်းမှာ လာဘ်စားမှုကျူးလွန်သူသည် လာဘ်ယူငွေရဲ့ နှစ်ဆကို ဒဏ်ကြေးငွေပေးဆောင်ရမှာဖြစ်ပါတယ်။

(ဃ) အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများကို အဂတိလာဘ်စားမှု တားဆီးနှိမ်နင်းရန် ဆောင်ရွက်ခြင်း။

(၁) ဝန်ထမ်းတစ်ဦးသည် မိမိနှင့် လုပ်ငန်းဆက်စပ်နေသူများထံမှ ငွေယူချေးငှားခြင်းကို လုံးဝခွင့်မပြု၊ မလုပ်ရပါ။

(၂) ဝန်ထမ်းတစ်ဦးသည် မည်သည့်အချိန်အခါ အခြေအနေဖြစ်ဖြစ် ငွေအကြွေးတင်နေခဲ့ရင် ထိုအကြွေးငွေပမာဏသည် သူ့ရဲ့ အလုပ်လစာဝင်ငွေရဲ့ သုံးဆထက်ကျော်လွန်များပြားနေခြင်း မရှိစေရပါ။

(၃) ဝန်ထမ်းတစ်ဦးသည် မိမိကိုယ်ကျိုးတစ်ခုအတွက်နှင့် ဌာနဆိုင်ရာ လျှို့ဝှက်ချက်အတွင်းရေး သတင်းအချက်အလက်များကို ပြင်ပသို့မပေါက်ကြားစေရပါ။

(၄) ဝန်ထမ်းတစ်ဦးသည်ဌာနတွင် အလုပ်ခန့်အပ်ခံရသည့်အချိန်မှာ မိမိပိုင်ဆိုင်မှုအားလုံးကို ကြေညာတင်ပြ မှတ်တမ်းတင်ထားရမှာဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်းတွင်လည်း ထိုအတူ ကြေညာတင်ပြမှတ်တမ်းတင်ရပါမယ်။

(၅) ဝန်ထမ်းများသည် မိမိရဲ့ အလုပ်တာဝန်ချိန်မှလွဲပြီး၊ ခွင့်ပြုချက်မရရှိဘဲ အခြားသော အချိန်ပိုင်းအလုပ်ကို လုပ်ခွင့်မရှိပါ။

(၆) ဝန်ထမ်းများသည် ယက်ဆောင်ပဏ္ဏာရယူခြင်းနှင့် အကျိုးလို၍ ကျွေးမွေးဧည့်ခံသည့်ပွဲကို လက်ခံတက်ရောက်ခြင်း မပြုလုပ်ရပါ။

(၇) ဝန်ထမ်းတစ်ဦးရဲ့ မိသားစုဆွေမျိုးထဲမှ တစ်ဦးတစ်ယောက်ကို အလုပ်ခန့်ချင်တယ်ဆိုရင် ဌာနဆိုင်ရာ အရာရှိကြီးရဲ့ ထောက်ခံအတည်ပြုချက်မရရှိဘဲ အလုပ်လုံးဝခန့်ထားပိုင်ခွင့် မရှိစေရပါ။

ဝန်ကြီးဌာနဆိုင်ရာ အစိုးရရုံးတွေရဲ့



လုပ်ငန်းဆောင်ရွက်မှုများကို အဂတိလိုက်စားပြီး လာဘ်စားလာဘ်ယူမှုတွေ ကင်းစင်အောင် ကြိုတင်ကာကွယ် ဆောင်ရွက်ချက်များ ပြဋ္ဌာန်းပေးထားပါတယ်။

(၁) ဝန်ကြီးများနှင့် အစိုးရာချုပ်ထမ်းတွေအားလုံးကို လောက်ငမှုလုံတဲ့ လစာအကျိုးခံစားခွင့်တွေပေးထားပါတယ်။ ထိုသို့အလုပ်မှရသော လစာဝင်ငွေ အမြဲတမ်းပုံမှန်ရှိနေဖို့အရေး၊ အလုပ်ရဲ့ တာဝန်နှင့်ဝတ္တရားတွေကို ကျေပွန်စွာ ကြိုးစားလုပ်ကိုင် ဆောင်ရွက်နေရသကဲ့သို့ လာဘ်စားတာနဲ့ ပြစ်မှုကျူးလွန်မှုဖြင့် တရားစွဲအရေးယူခံရမည့်အပြင် နာမည်ပျက်စာရင်းဝင်အလုပ်ပြုတ်၊ ထောင်ကျ၊ ဒဏ်ကြေးငွေဆောင်ရမှာမို့ လာဘ်စားမှုကို ကြောက်ရွံ့ရှောင်ကြဉ်ကြပါတယ်။

(၂) အခွန်၊ ရေမီးလျှပ်စစ်၊ ဂက်စ်မီတာခ ကျသင့်ငွေပေးဆောင်ခြင်း၊ တယ်လီဖုန်းဘီလ် ပေးဆောင်ခြင်းနှင့် တိုက်အိမ်ခန်းရဲ့ လစဉ်အရစ်ကျပေးဆောင်ခြင်း စသည်တို့ကို ငွေသားဖြင့် တိုက်ရိုက်ပေးချေခြင်းအား လက်မခံရပါ။ ငွေပေးသွင်းဆောင်မှုအားလုံးကို ချက်လက်မှတ်ဖြစ်စေ၊ ဘဏ်ကတ်ဖြင့်ဖြစ်စေ၊ အင်တာနက်မှတစ်ဆင့် (On Line Banking) စနစ်နှင့်ဖြစ်စေ ငွေပေးချေရပါမည်။ ထိုသို့ စနစ်နှင့် ငွေပေးဆောင်ချေစေခြင်းကြောင့် သက်ဆိုင်ရာဌာနဝန်ထမ်းကို ငွေသားကိုင်ဆောင်ခွင့်မရအောင် စီမံလုပ်ဆောင်ထားပါတယ်။

**လာဘ်စားတာနဲ့ ပြစ်မှုကျူးလွန်မှုဖြင့် တရားစွဲအရေးယူခံရမည့်အပြင် နာမည်ပျက်စာရင်းဝင် အလုပ်ပြုတ်၊ ထောင်ကျ၊ ဒဏ်ကြေးငွေ ဆောင်ရမှာမို့ လာဘ်စားမှုကို ကြောက်ရွံ့ရှောင်ကြဉ်ကြပါတယ်။**

(၃) ဌာနဆိုင်ရာရုံးခန်းအတွင်း စားပွဲတစ်ခုမှ နောက်စားပွဲတစ်ခုသို့၊ ရုံးတစ်ရုံးမှ နောက်ရုံးတစ်ရုံးသို့ လျှောက်လွှာတွေကို ကူးပြောင်းလက်ခံစစ်ဆေးနေသောစနစ်ကို မလုပ်ဆောင်တော့ဘဲ ဖျက်သိမ်းလိုက်ပါတယ်။ ထိုစနစ်ကို လျှင်မြန်စွာ အချိန်တိုအတွင်း လူကိုယ်တိုင်သွားရန်မလိုဘဲ ဘယ်လို လျှောက်လွှာတွေလိုမယ်၊ ဘာစာရွက်စာတမ်းတွေ တင်ပြရမယ်၊ ဘယ်ရုံးဌာနတွေ သွားရမယ်၊ ဘယ်အချိန်မှာ ခွင့်ပြုချက်အဖြေသိရမယ်ဆိုသော လုပ်ငန်းဆိုင်ရာသတင်းအချက်အလက်(Information) အပြည့်အစုံကို သက်ဆိုင်ရာရုံးတွေရဲ့ (Website) တွေကို အင်တာနက်ရဲ့ (On line) ကနေ ကြည့်လို့ရအောင် အိုင်တီနည်းပညာစနစ်သို့ ပြောင်းလဲပေးထားပါတယ်။ လုပ်ငန်းဆိုင်ရာလိုအပ်တဲ့ လျှောက်လွှာကိုလည်း၊ အင်တာနက်မှတစ်ဆင့် (Download) ဆွဲယူကာ (Print) ကူးယူထုတ်လို့ရပါတယ်။ ဥပမာ– ဈေးအရောင်းဆိုင်ဖွင့်ချင်လို့ လုပ်ငန်းလျှောက်လွှာတင်ဖို့ လိုင်စင်လျှောက်ရန်အတွက် သက်ဆိုင်ရာဌာနရုံးသို့ သွားရန်မလိုဘဲ၊ (OBLS. Online Business Licensing Service) ဆိုတဲ့ (Website) မှတစ်ဆင့် ဝင်ရောက်လျှောက်လွှာတင်လို့ရပါတယ်။ လိုင်စင်ကျလာပြီဆိုရင် အင်တာနက်ကနေ (Print Out) ထုတ်ယူကာ လုပ်ငန်းစတင်လုပ်ကိုင်လို့ရပါပြီ။

(၄) အစိုးရဌာနဆိုင်ရာ လုပ်ငန်းစီမံကိန်း တင်ဒါခေါ်ရင်လည်း ထိုအစိုးရဌာနရဲ့ (SESAMI. Website) မှာ တင်ပေးထားပါတယ်။ သတ်မှတ်ချက်ပြည့်စုံမီတဲ့ ကုမ္ပဏီတွေ ဝင်လျှောက်နိုင်ကာ ယှဉ်ပြိုင်ခွင့်ရှိပါတယ်။ ဘယ်ကုမ္ပဏီက လုပ်ငန်းတင်ဒါအနိုင်ရတယ်ဆိုတာကိုလည်း (SESAMI) မှာ ဝင်ရောက်ကြည့်လို့ရပါတယ်။

(၅) လာဘ်ငွေတောင်းခံမှုရှိရင် တိုင်ကြားနိုင်သော ဖုန်းနံပါတ်တွေကို သက်ဆိုင်ရာ အစိုးရဌာနတွေရဲ့ (Website) တိုင်းမှာ အထိအလင်းကြေညာပေးထားပါတယ်။ ထို့အတူ မည်သူမဆို အစိုးရရဲ့လုပ်ငန်းဆောင်

တာတွေ မြန်ဆန်သွက်လက်ကောင်းမွန်လာအောင်အကြံပြုနိုင်သော အစိုးရရဲ့(Website) တွေ ထားရှိပေးထားပါတယ်။

(၆) လူတစ်ဦးတစ်ယောက်ရဲ့ ဘဏ်ငွေစာရင်းထဲကို ရုတ်တရက် ငွေတွေအများကြီး မသင်္ကာစရာဝင်လာတာကို ဘဏ်မှ တွေ့ရှိခဲ့ရင် (CPIB) သို့ ချက်ချင်းအကြောင်းကြားရပါမည်။ (CPIB) ကလည်း ထိုဘဏ်ငွေစာရင်းပိုင်ရှင်ကို စောင့်ကြည့်နေပါလိမ့်မည်။ လိုအပ်ရင် ထိုသူကို ခေါ်ယူစစ်ဆေးမေးမြန်းကြမှာဖြစ်ပါတယ်။

စင်ကာပူနိုင်ငံမှာ ထိုသို့သော အဂတိလာဘ်စားမှုကို တိုက်ဖျက်ချေမှုန်းခဲ့သောကြောင့် ယနေ့အချိန်အထိ လာဘ်စားမှုကြီး (၄)မှုပဲရှိခဲ့ပါတယ်။ လွတ်လပ်ရေးရပြီး နှစ်ပေါင်း (၅၃)နှစ်အတွင်းမှာ လာဘ်စားမှု အလွန်နည်းပါးတာကို လုပ်ဆောင်နိုင်ခဲ့ပါတယ်။

စင်ကာပူနိုင်ငံရဲ့ အစိုးရဝန်ထမ်းတွေရဲ့ အလုပ်မှရသော လစာဝင်ငွေသည် မိသားစု လောက်ငမှုလုံနေတာကြောင့် လာဘ်စားဖို့ ချောက်တီးချောက်ချက်လောက်နဲ့တော့ လာဘ်စားဖို့ လောဘစိတ် မစဉ်းစားမိကြပါဘူး။ ကြီးလေးတဲ့ အပြစ်ဒဏ်၊ ငွေဒဏ်၊ လျော်ကြေးငွေနဲ့ နာမည်ပျက်၊ အလုပ်ပြုတ်မှာ ကြောက်နေကြလို့ပါ။

စင်ကာပူနိုင်ငံရဲ့ အစိုးရဝန်ထမ်း ညွှန်ကြားရေးမှူးချုပ် အရာရှိအဆင့်ရှိသူသည် ဌာနဆိုင်ရာ စီမံကိန်းကန်ထရိုက်လုပ်ငန်း ချပေးမယ်ဆိုကာ စင်ကာပူဒေါ်လာ ၃ သန်းကို ကန်ထရိုက်ကုမ္ပဏီထံမှ လာဘ်စားငွေယူခဲ့ပါတယ်။

(CPIB) မှ စုံစမ်းစစ်ဆေးတွေ့ရှိကာ လာဘ်စားမှုပြစ်မှုကျူးလွန်ကြောင်း သေချာသည်နှင့်တစ်ပြိုင်နက်တည်း တရားခံရဲ့ ပိုင်ဆိုင်မှုများဖြစ်သော တိုက်ခန်းအိမ်၊ ကား၊ ရွှေငွေရတနာ စသည်ဖြင့် အားလုံးကို ချိတ်ပိတ် သိမ်းဆည်းလိုက်ပါတယ်။ ဘဏ်တွင် အပ်နှံထားသော ငွေစာရင်းကိုလည်း ပိတ်လိုက်ပါတယ်။ လာဘ်စားမှုအပြစ်ကျူးလွန်ကာ နိုင်ငံခြားသို့ထွက်ပြေးလည်း စင်ကာပူနိုင်ငံသည် နိုင်ငံခြားတွေနဲ့ အပြစ်ကျူးလွန်ထွက်ပြေးလာသူကို မိခင်နိုင်ငံသို့ ပြန်ပို့ပေးရန် နိုင်ငံအချင်းချင်း စာချုပ်ချုပ်ဆိုထားသောကြောင့် ဖြစ်ပါတယ်။

လာဘ်စားမှု အပြစ်ကျူးလွန်သူ တရားခံကို တရားရုံးတွင် တင်စစ်ဆေးချိန်မှစပြီး စီရင်ချက်ချတဲ့အချိန်အထိ ရုံးချိန်းနေ့တိုင်းမှာ အမှုစစ်ဆေးခြင်းကို သတင်းစာနှင့် ရုပ်မြင်သံကြားတို့တွင် နာမည်နှင့် ဓာတ်ပုံ၊ ဗီဒီယိုနှင့်တကွ ထောက်လျှောက်ပေါ်ပြူ ထုတ်လွှင့်ပေးနေပါတယ်။

လာဘ်ငွေအကြီးစားတွေ တရားခံမှာ နောက်ဆုံး နှစ်ရှည်ထောင်ဒဏ်၊ ငွေဒဏ်၊ လျော်ကြေးငွေများ ပေးဆောင်ခံစားရသကဲ့သို့ နာမည်ပျက်စာရင်းဝင်ကာ အလုပ်လုပ်ကိုင်စားဖို့လည်း မလွယ်ကူတော့ပါ။

✦ ✦ ✦ ✦ ✦ ✦ ✦

**လာဘ်စားမှုပြစ်မှုကျူးလွန်ကြောင်း သေချာသည်နှင့်တစ်ပြိုင်နက်တည်း တရားခံရဲ့ ပိုင်ဆိုင်မှုများဖြစ်သော တိုက်ခန်းအိမ်၊ ကား၊ ရွှေငွေရတနာ စသည်ဖြင့် အားလုံးကို ချိတ်ပိတ် သိမ်းဆည်းလိုက်ပါတယ်။ ဘဏ်တွင် အပ်နှံထားသော ငွေစာရင်းကိုလည်း ပိတ်လိုက်ပါတယ်။**




စင်ကာပူအစိုးရသည် အဂတိလိုက်စားမှု တိုက်ဖျက်ချေမှုန်းရေးကို နိုင်ငံရေးဦးတည်ချက်တစ်ရပ်အနေနှင့် စည်းကမ်းနည်းစနစ်ဥပဒေမူဝါဒကို ချမှတ်ပြဋ္ဌာန်းကာ လုပ်ပိုင်ခွင့်အာဏာဖြင့် ထိရောက်စွာအရေးယူ ကြိုးစားလုပ်ကိုင်ဆောင်ရွက်ခဲ့သောကြောင့် နိုင်ငံပေါင်း (၁၇၆)နိုင်ငံများအနက် အဂတိလိုက်စားမှု အနည်းဆုံးသော (၁၅) နိုင်ငံများစာရင်းထဲတွင် အာရှတိုက်မှ စင်ကာပူနိုင်ငံတစ်နိုင်ငံတည်းသာ ပါနိုင်ခဲ့ပါတယ်။

✦ ✦ ✦ ✦ ✦ ✦ ✦

နိုင်ငံတစ်နိုင်ငံရဲ့ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် ဘက်စုံခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းသာယာသော နိုင်ငံရေးတည်ရှိခြင်း၊ နိုင်ငံအတွင်း လူမျိုးစုအားလုံး တန်းတူညီမျှ လူ့အခွင့်အရေး ရရှိစေခြင်း၊ နိုင်ငံရဲ့ လူမျိုးစုအားလုံးရဲ့ အခြေခံစားဝတ်နေရေး လောက်ငမှုလုံစေရေး အလုပ်အကိုင် အခွင့်အလမ်းများစွာ ပေါ်ပေါက်လာစေခြင်းကြောင့် အလုပ်မှ ပုံမှန်လစာဝင်ငွေ ရရှိလာစေရေးအတွက် နိုင်ငံနှင့်ကိုက်ညီသော စီးပွားရေးလုပ်ငန်းများကို အဓိကမဏ္ဍိုင်ထားပြီး စည်းကမ်းနည်းစနစ်ဥပဒေမူဝါဒ ချမှတ်ပြဋ္ဌာန်းကာ လက်တွေ့အကောင်အထည်ဖော်ကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

နိုင်ငံအတွင်း၊ နိုင်ငံရေးမတည်ငြိမ်၊ အေးချမ်းသာယာမှုမရှိခြင်း၊ အဂတိလိုက်စား၊ လာဘ်ပေးလာဘ်ယူမှုတွေရှိနေခဲ့ရင် နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံခြားမှ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများမှာ ဆုတ်ယုတ်နစ်နာ ဆုံးရှုံးမှုတွေနဲ့ စီးပွားရေးချွတ်ခြုံကျပြီး ဆင်းရဲမွဲတေမှုမှ နာလန်ထူဖို့ခဲယဉ်းသွားစေမည့် အချက်ပင်ဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင် အဂတိလိုက်စား၊ လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ချေမှုန်းရေးအဖွဲ့အား စည်းကမ်းနည်းစနစ် ဥပဒေမူဝါဒအတိုင်း လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝပေးနိုင်မယ်ဆိုခဲ့ရင် . . . မည်သူကိုမျှ မျက်နှာသာမပေးဘဲ . . .။

ကိုဇော်



# လောင်မြိုက်နေသော အချိန်များ

ပုထုဇဉ်လူသားပီပီ . . .
ချို-ချဉ်-ငန်-ဖန်-စပ်-ခါး
(၆)ပါးအရသာ ခံတွင်းတွေ့
တစ်နေ့ပြီးတစ်နေ့ဝါးမြို
ဝလင်တယ်ဆိုတာ မရှိခဲ့။

တကျောရဲ့ သံသရာမြစ်မှာ . . .
နစ်သထက်နစ်အောင် ရုန်း
စုန်းစုန်းမမြုပ်ဖို့ အားထုတ်
ဘဝသရုပ် ပီပြင်ဖို့ အပြတ်ဝါး
အားရှိဖို့ အဓိကပဲလေ။

ညစဉ် ညဆက်
အိပ်မက်တွေကို အာရုံခံ
အဖန်ဖန်တလဲလဲ မိုးသောက်ခဲ့
ပျောက်ဆုံးသွားတဲ့ အချိန်များ
ဘယ်သူတွေ ဝါးမြိုသွားပါလိမ့်

အသိခေါက်ခက် အဝင်နက်နေ
အစာကြေတော့ နောက်ထပ်စား
မရပ်မနားတဲ့ ချားရဟတ်
အသွားမတတ်ရင် ခြေချော်ကျ
အပျော်ဘဝတွေ မှောင်မိုက်
လောင်မြိုက်နေတဲ့ မရှိတရားကို
ခေါင်ခိုက်စွာ တွယ်တာမနေကြပါနဲ့။ ။

စောငယ်ငယ်(မိုးညှင်း)

# ညှို့သည်

အရင်ကဆို၊ ညီအစ်ကိုနှင့်
ခိုလှုံနွေးထွေး၊ သိုက်မြုလေးမှာ
အေးချမ်းသာယာ၊ ပျော်စရာဖြင့်
ကမ္ဘာ့ငယ်ဟု၊ တင်စားပြုသည်
ပေါင်းစုသိုက်ထွေး အမေ့အိမ်လေး။

ယခုအခါ၊ အိမ်မှခွာ၍
တာဝန်ကိုယ်စီ၊ ထမ်းကြသည့်တွင်
နှစ်ရှည်လများ၊ မပြန်အားဘဲ
မသွားနိုင်သေး၊ တမ်းတဆွေးသည့်
အဝေးကတွေး အမေ့အိမ်လေး။

အမေ့အိမ်ကို
ဟိုစဉ်တစ်ခေါက်၊ ပြန်၍ရောက်သော်
ခြောက်ကပ်ဆိတ်ငြိမ်၊ အမေ့အိမ်သည်
တစ်ချိန်ကလို၊ ညီအစ်ကိုနှင့်
ခွန်းဆိုတီတာ၊ ပျော်စရာများ
ရှာဖွေမရှိ၊ ငြိမ်အတိဖြင့်
မိဘတို့သာ၊ ရှိကြရာ၏။

အချိန်တန်ကာ၊ ငါပြန်လာ၍
နှစ်ဖြာမိဘ၊ ကျန်ခဲ့ရသော်
တွေးဆန္နင်းယှဉ်၊ စိတ်ဝယ်ထင်သည်
ဝင်လာခဏ၊ တွေ့ဆုံကြပြီး
ပြန်ရခွဲခွာ၊ အလည်လာသည့်
မကြာလှသော၊ ဧည့်သဘောကို
စောကြောမိချိန်၊ အမေ့အိမ်တွက်
အချိန်မရ၊ ငါဘဝသည်
ရောက်ရခဏ ညှို့သည်လော။ ။

နေဇင်(ပေါက်ခေါင်း)





# သမ္မာဝါစာ

❒ "သုဘာသိတာစယာဝါစာ"
မင်္ဂလာကောင်းရာဆိုစကား။
အတုမရှိ မြတ်ဗုဒ္ဓ
နှုတ်ဟမြွက်ကြား။

❒ စကားအရာ မင်္ဂလာမှာ
မြတ်အင်္ဂါလေးပါးရှိ။
သုဘာ၊ ပိယ တဲ့
သစ္စနဲ့ ဓမ္မ
မှတ်ပါ့ အသိ။

❒ သုဘာနဲ့ ပိယဝါစာ
ကောင်းရာကို ချိုသာနှော။
ဓမ္မ၊ သစ္စက
အမြတ်အမှန် ထိုစကား
တရားအရှိပြော။

❒ ပြောဆိုခြင်းအမှုတွင်
ဒုစရိုက်အင်္ဂါလေးပါး။
မုသာဝါဒါနဲ့
ပိသုဏာ၊ ဖရုသသအစ
သမ္ဖပ္ပလာပ စကားအဖျင်း
မှားယွင်းတရား။

❒ အမှား နဲ့ အမှန်
ရှောင်ရန် ဆောင်ရန်ကို
သင့်ရာထိုထို ကျင့်တတ်ပါမှ။
"သမ္မာဝါစာ"တဲ့
စကားအရာ အယူမြတ်လေတော့
လူနတ်ဗြဟ္မာ ချစ်ကြည်ညိုလို့
အကုသိုလ် တည်မရှိ
ပီတိချမ်းမြ။ ။

ခက်လှိုင်းကျော်

# သောင်းဆွေ

## ဖိုးယံ့အသည် ချစ်သူ့ဆီသို့...

ကျွန်တော်သည် ငယ်ငယ်က အလွန်စိတ်ကူးယဉ်တတ်သူဖြစ်၏။ နေ့လယ်နေ့ခင်း အားလပ်သည့်အခါများတွင် ကျွန်တော်တို့ အိမ်ကလေးရှေ့ရှိ တမာပင်ကြီးအောက်၌ ပက်လက်လှန်အိပ်ရင်း မိုးကောင်းကင်ကြီးကိုမော့ကြည့်လေ့ရှိ၏။ ထိုအခါ ကောင်းကင်ပြင်၌ သိန်းစွန်များ၊ ငှက်ကြီးများသည် ဟိုမှသည်မှ လေဟုန်စီးကာ ပျံဝဲနေကြ၏။ သူတို့ကိုကြည့်ပြီး အလွန်သဘောကျမိ၏။



"အင်း…ဒီငှက်ကြီးတွေစီးပြီး ကမ္ဘာအနှံ့ လျှောက်သွားရရင် သိပ်ကောင်းမှာပဲ၊ ဒါမှမဟုတ်လည်း သူတို့လို အတောင်ပံတွေတပ်ပြီး လေဟုန်စီးပျံလိုက်ရရင် သိပ်ကောင်းမယ်၊ ဒါမှ တစ်ကမ္ဘာလုံး ရောက်ဖူးသွားမယ်"

ထိုကဲ့သို့ အကြိမ်ကြိမ်တွေးတောမိ၏။ အရွယ်က ဆယ်နှစ်ပင်မပြည့်တတ်သေး။ သို့ရာတွင် သင်္ဘောသား ဆင်းဘတ်လို ပုံပြင်စာအုပ်များကို ဖတ်ဖူးပြီး ကမ္ဘာအနှံ့ ခြေဆန့်ချင်နေ၏။ ကမ္ဘာအနှံ့ဆိုတော့ ဝေဟင်မှ လေယာဉ်စီးပြီးမှသာ ရောက်နိုင်မည်။ ခြေလျင်ဆိုက တော်တော်နဲ့ရောက်မည်မဟုတ်။ ထို့ကြောင့် အတောင်ပံတပ်ပြီးပျံရင် ကောင်းမည်လားဟု ခဏခဏ စဉ်းစားမိ၏။ စိတ်ကူးသာယဉ်နေရသော်လည်း လူကတော့ ကျွန်တော့်ဇာတိ မူးမြစ်ဘေးက အညာမြို့ကလေးမှလွဲ၍ ဘယ်မှ မရောက်ဖူးသေးပါ။ လေယာဉ်ပျံကိုလည်း တစ်နှစ်မှ တစ်ခါ၊ နှစ်ခါ ကျွန်တော်တို့မြို့ပေါ်မှ ဖြတ်သွားသည့်အချိန်များတွင်မှ သဲ့သဲ့ကလေး အသံကြားရ၍၊ ရေးရေး ကလေး တွေ့မြင်ဖူး၊ ကြားဖူးပါသည်။ သဲသဲ ကွဲကွဲ တစ်ခါမှမတွေ့ဘူးသေးပါ။

သို့ရာတွင် ဝေဟင်မှာ လေယာဉ်စီးပြီး ပျံဝဲသွားလေချင်သည့် စိတ်ကလေးကတော့ ငယ်ရွယ်စဉ်ကလေးဘဝမှာကတည်းက ကျွန်တော့်တွင် ရှိပြီးသားပါတည်း။

✈ ✈ ✈ ✈ ✈ ✈ ✈

၁၉၆၇ ခုနှစ်၊ နှစ်ဆန်းစ နေ့တစ်ရက်။

ကျွန်တော်တို့စီးလာသော UBA ဒါကိုတာ လေယာဉ်ကြီးသည် နံနက်(၉)နာရီခန့်တွင် မော်လမြိုင်လေဆိပ်က စထွက်၏။ ဆောင်းမကုန်သေးသည်မို့ နှင်းမြူများက မစဲတစဲ မကွဲတကွဲပင်။ လေယာဉ်ကွင်းမှ စထွက်တော့–

''ဟေ့ကောင် သက်ဦး၊ မင်းနားကို ဂွမ်းဆို့ထားကွ''

လေယာဉ်တစ်ခါမှ မစီးဘူးသေးသည့် ကျွန်တော့်အား အတွက်ခေါ် ဗိုလ်တက်ထွန်းက သတိပေး၏။ သူကတော့ မော်လမြိုင် မှ ဆရာဝန်ကြီးသားဖြစ်၍ ငယ်စဉ် ကပင် လေယာဉ်အကြိမ်ကြိမ်စီးဖူးသည်ဆို၏။ ကျွန်တော်ကတော့ အညာသား၊ တော သားမို့ လေယာဉ်စီးဖူးဖို့နေနေသာသာ လေယာဉ်ကိုပင် မှော်ဘီ၌ ဗိုလ်သင်တန်း တက်မှ အမှတ်(၅၀၁)လေတပ်တွင် ပီပီပြင် ပြင် တွေ့ဖူးမြင်ဖူးခြင်းဖြစ်၏။ ဗိုလ်တက် ထွန်းက သူ့သူငယ်ချင်း ကျွန်တော့်အား ထို့ကြောင့် သတိပေးလိုက်ခြင်းပါပေ။

ကျွန်တော်တို့နှစ်ယောက် ဗိုလ်သင် တန်းဆင်းစ ဒုဗိုလ်နှစ်ယောက် အရှေ့ တောင်တိုင်းရှိရာ မော်လမြိုင်မှ ပထမဆုံး တာဝန်ကျရာ အမှတ်(၁၉) ခြေလျင်တပ်ရင်း ရှိသည့် ဖားပွန်သို့ထွက်လာခြင်းဖြစ်၏။ ယခု ကဲ့သို့ လေယာဉ်စီးခြင်းမှာလည်း အလွန် ကံကောင်းထောက်မခြင်းကြောင့်ဖြစ်သည်။ သာမန်ဆို သင်္ဘောတစ်တန်၊ ကားတစ်တန် သွားရန်သာဖြစ်ပါ၏။ သို့ရာတွင် ထိုစဉ် ရတခ ဂျီဝမ်း ဒုဗိုလ်မှူးကြီးသိန်းဟန်မှာ အလွန် သဘောသဘာရကောင်းပြီး ဗိုလ်တက်ထွန်း နှင့်လည်း ရပ်ဆွေရပ်မျိုးများဖြစ်နေရာ ဂျီဝမ်းကြီးက–

''ဟော့...လေယာဉ်မယ်ကြီးက ဖြူဝင်း အိပြီး အတော်နိပ်တယ်ကွ၊ သစ်တော်သီး မှည့်ကြီးကျနေတာပဲ''

ဟု ဗိုလ်တက်ထွန်းကပြော၏။ ကျွန် တော်က သူ့အဆိုကို ရာနှုန်းပြည့်ထောက်ခံ ရင်း–

''သူက အပျိုလား၊ အအိုလားဟင်'' ဟု မေးမိ၏။

''မွေးမသား ငတုံး၊ အတော်အတဲ့ ကောင်၊ လေယာဉ်မယ်တွေက အားလုံး အပျိုကွ''

ဗိုလ်တက်ထွန်းက ဟက်ချာပေးပါ တော့သည်။

တောသားငအူ ကျွန်တော်ကလည်း–

**နှင်းကွဲ၍ မြင်ကွင်းများက ပိုရှင်းလာ၏။**
**သံလွင်နှင့် ယွန်းစလင်းမြစ်များ၊ ဇွဲကပင်တောင်မှသည်**
**အခြားသော ဒေါနတောင်တန်းနှင့် အရှေ့ရိုးမ၏ အလိပ်လိပ်ထနေသည့်**
**တောင်စဉ်တောင်တန်းများအား . . .**

''ဟော့ . . . ဒီအရာရှိလေးနှစ်ယောက် ဖားပွန်–ကာမမောင်း ကားလမ်းစောင့်နေရင် ကြာမယ်၊ လေယာဉ်နဲ့ပို့ပေးလိုက်ပါကွာ''

ဟု သူ့ Staff များကို ညွှန်ကြားလိုက် သဖြင့် ကျွန်တော်တို့ မအူမလည် ဒုဗိုလ် လေးနှစ်ယောက် ဝေဟင်မှ လေယာဉ်စီး ပြီး ခရီးသွားလိုက်ခြင်းဖြစ်၏။ ထိုခရီးကား ကျွန်တော်၏ ပထမဆုံးသော လေယာဉ် ခရီးပင် ဖြစ်ပါတော့သည်။

✈ ✈ ✈ ✈ ✈ ✈ ✈

ထိုနေ့က လေယာဉ်ခရီးစဉ်မှာ အလွန် အဆင်ပြေပါသည်။ စထွက်တော့ ဖြူသော ချောသော လေယာဉ်မယ်တောင့်တောင့် ဖြောင့်ဖြောင့်ကြီးက လက်ဖက်ရည်လာ တိုက်သည်။ ပြီးတော့ မုန့်ပါကျွေးသည်။ ကျွန်တော်တို့သည် သူကျွေးသည်ကိုစား ရင်း၊ သူတိုက်သည်ကိုသောက်ရင်း အေး အေးမနေကြပါ။

''နို...သိမှမသိဘဲ သူငယ်ချင်းရာ'' ဟု ပြန်ပြောရင်း နှစ်ယောက်သား တခွိခွိ နှင့် ရယ်မောသဘောကျလာကြပါသည်။ စကားပြောရင်းလည်း မော်လမြိုင်၊ ဘားအံ နှင့် ဖားပွန်ကြားရှိ တောတောင်မြစ်ချောင်း အင်းအိုင်များကို ကျွန်တော်ကြည့်လာ၏။ နှင်းကွဲ၍ မြင်ကွင်းများက ပိုရှင်းလာ၏။ သံလွင်နှင့် ယွန်းစလင်းမြစ်များ၊ ဇွဲကပင် တောင်မှသည် အခြားသော ဒေါနတောင် တန်းနှင့် အရှေ့ရိုးမ၏ အလိပ်လိပ်ထနေ သည့် တောင်စဉ်တောင်တန်းများအား ငေး မောမိ၏။

''ကြော်...သီတာခုနှစ်တန် တောင် စဉ် ခုနစ်ထပ်ဆိုတာ ဒါတွေထင်ပါရဲ့''ဟု လည်း ငယ်ငယ်က ကလေးလိုပြန်တွေးမိ ၏။ ထိုတောတွေ တောင်တွေပေါ်သို့ ပျံဝဲ ကြည့်ချင်စိတ်ပါ ပေါက်လိုက်ပါသေးသည်။

တစ်နာရီခန့် လေယာဉ်စီးပြီးသော် ဖားပွန်သို့ရောက်၏။ ဖားပွန်ရောက်မှ ကျွန် တော်တို့ မျက်စိပွဲတော်တည်ခဲ့သည့် လေ

ယာဉ်မယ်ချောချောကြီးမှာ ''ဟယ်လင်''ဟု ခေါ်ပြီး ရှားရှားပါးပါး ချင်းလူမျိုးဖြစ်ကြောင်း အံ့ဩဖွယ်ရာသိရပါ၏။

ထိုလေယာဉ်မယ်ကြီးမှာ ကျွန်တော်တို့ ဖာပွန်ရောက်ပြီး သိပ်မကြာပါ။ လေးငါးခြောက်လအကြာတွင် တပ်မတော်(လေ)မှ အရာရှိတစ်ဦးနှင့် အိမ်ထောင်ကျသွားပါသည်။ အလုပ်ကလည်း နုတ်ထွက်သွားသည်ဆို၏။ ဖာပွန် ခလရ(၁၉)က အရာရှိလူပျိုများ။ အတော်လွမ်းကျန်ရစ်ခဲ့ကြသည်ဟု ပြောစမှတ်ပြုကြသည်။

ကံဆိုး၍ နှစ်ထောင်ပြည့်နှစ်တွင် ကျွန်တော် ဗိုယက်နမ်သို့ရောက်သွားရာ ထို ခေါ်ဟယ်လင်အား စစ်သံမှူးကတော်အဖြစ် ပြန်တွေ့ရသဖြင့် စစ်သံမှူးကြီး ဗိုလ်မှူးချုပ်မျိုးတင့်နှင့် ဒေါ်ဟယ်လင်တို့ ဇနီးမောင်နှံအား ထိုကိစ္စကို ရယ်မောပြောဆိုရင်း တောင်းပန်ခဲ့ရပါသေးသည်။

ကျွန်တော့် ပထမဆုံးလေယာဉ်ခရီး၏ မမေ့နိုင်စရာကလေးပါခင်ဗျား။

ဖာပွန်တွင် ငါးနှစ်ခွဲကြာပါသည်။ ကရင်ပြည်နယ်၏ အစွန်အဖျားအကျဆုံး မြို့ကလေးဖြစ်၍ ကျွန်တော်တို့တစ်တွေသည် တစ်ပတ်လျှင် သုံးကြိမ်လာလေ့ရှိသော UBA ဒါကိုတာလေယာဉ်များကိုသာ အားထားနေရ၏။ ဆေးရုံတက်လည်းလေယာဉ်၊ ခွင့်သွားလည်း လေယာဉ်၊ ယာယီတာဝန်သွားလည်း လေယာဉ်ဖြစ်နေသည်။ ထို့ကြောင့် ထိုစဉ်က ရေပန်းစားနေသည့် ချိုမာလေး၏ ''မိုးယံမှသည် ချစ်သူဆီသို့'' သီချင်းထဲကအတိုင်း–

''ပြာလွင်လွင် x x x ဝေဟင်ထဲ x x ဝဲလာတဲ့ငှက်ငယ်ရယ် x x x အိုx x x ခလဟုန်စီး x x x ခရီးနယ်ပယ် x x x အပြောကျယ်ကျယ် x x x တောင်ပံဖြတ်ဖြတ် x x တွင်တွင်ခတ်လို့ x x x မရပ်မနား x x x အားစိုက်ပျံသန်းတယ် x x x တို့များလည်း x x x အားကျပါရဲ့ x x x မင်းလိုပံ့နယ် x တောင်ပံလေးများ x x x ရနိုင်ရင်တော့ x x x လိုချင်သားကွယ် x x x ဒါမှ ချစ်တဲ့သူရှိရာ x x x မင်းလိုပဲ x x x တို့လည်းပျံနိုင်မယ် x x x ''ဟု–

မကြာခဏသီဆိုကြသည်။ ဆိုလည်းဆိုစရာဖြစ်ပါ၏။ အဘယ့်ကြောင့်ဟူမူကား ထိုစဉ်က ခလရ(၁၉)တွင် လူပျိုအရာရှိဆယ့်နှစ်ယောက်၊ ဆယ့်သုံးယောက်ကြီးများပင်ရှိ၏။ အကြောင်းအမျိုးမျိုးကြောင့် လူပျိုများ။ တော်တော်နှင့် မိန်းမ မယူဖြစ်ကြ။ ရတာမလို၊ လိုတာမရဖြစ်နေသည်ထင်ပါ၏။ ကျွန်တော်ရောက်ခါစကလည်း တပ်ရင်းမှူးက–

''ဟေ့ ··· မင်းတို့ တွေ့ရာမိန်းမတွေ မယူကြနဲ့၊ တွေ့ရာမိန်းမ ယူတဲ့ကောင်က အရူးကွ''

ဟု လမ်းညွှန်မိန့်ကြားရာ ကျွန်တော်တို့လည်း အရူးဖြစ်မှာစိုး၍ မိန်းမ အရမ်းမယူရဲပါ။ ရည်းစားတွေ တွင်တွင်ထား၍ ရည်းစားတွေဆီ စာ ခဏခဏရေးရင်း ပြန်စာများကို မျှော်ကြရ၏။ ပြန်စာကလည်း လေယာဉ်ကိုပဲအားကိုးရပါသည်။လေယာဉ်မလာ၊ စာမလာပါ။ တစ်ခါတစ်ခါ ရည်းစားစာတွေ ဖတ်ရင်းဖတ်ရင်း Feeling တွေ သိပ်တက်လာသည့်အခါ–

''တောင်ပံလေးများ x x x ရနိုင်ရင်တော့ x x x လိုချင်သားကွယ် x x x ဒါမှ ချစ်တဲ့သူရှိရာ x x x မင်းလိုပဲ x x x တို့လည်း ပျံနိုင်မယ် x x x ''

ဟု အော်ခဲ့ကြ၊ ဟစ်ခဲ့ကြ၏။ အော်ပေမေ့ပါခင်ဗျာ၊ အသက်အရွယ်ကလည်း နှစ်ဆယ်သာသာပေကိုး။

ထိုစဉ်က ကျွန်တော်တို့ လူပျိုရိုင်သာတွင် ဗိုလ်ကြီးဇော်မာဗယ်တစ်ဦးသာ တပ်ရေးဗိုလ်ကြီး လုပ်နေပြီး အသက်သုံးဆယ်ကျော်ဖြစ်သည်။ ကျန်အားလုံးမှာ အသက်နှစ်ဆယ်ကျော်အရွယ်တွေ ဖြစ်ကြသည်။ ဗိုလ်တိုးပို၊ ဗိုလ်တင်အေး၊ ဗိုလ်ခင်မောင်ယဉ်၊ ဗိုလ်မောင်မောင်၊ ဗိုလ်စိုးဝင်း၊ ဗိုလ်တက်ထွန်း၊ ဗိုလ်ဌေးမြင့်၊ ဗိုလ်ထွန်းမြတ်အောင်၊ ဗိုလ်ခင်မောင်ရှိ ဗိုလ်ကျော်ရွှေ၊ ဗိုလ်ကျော်ဝင်းမြတို့နှင့် စာရေးသူကျွန်တော်တို့ဖြစ်၏။ အားလုံးက လူငယ်လူရွယ်များဖြစ်ပြီး စိတ်ကူးခပ်ယဉ်ယဉ်မို့ ''အတောင်ပံ



**ရှေးခေတ်ကဆိုရင်တော့ ပိုလ်ကျော်သာထွန်းနဲ့ ပိုလ်သက်ဦးတို့က စစ်ပိုလ်ဖြစ်မှာမဟုတ်ဘူးကွ၊ မင်းတို့နှစ်ယောက်က ပုတုတု ကွတတ၊ မျောက်ခြေ မျောက်လက်နဲ့ဆိုတော့ ဆင်ချေးကျုံး၊ မြင်းချေးကျုံးလောက်ပဲရမယ်၊ ဒါမှမဟုတ် ထမင်းအိုးထမ်း၊ ဟင်းအိုးထမ်းပေါ့ကွာ . . .**

လေးများ၊ x x x ရနိုင်ရင်တော့ x x x လိုချင်သားကွယ် ''ဟု ညည်းခဲ့ကြသည်။

ထိုထဲတွင် ရည်းစားအတော်များသော ကျွန်တော် ထိပ်ဆုံးကပါ၏။ သို့ရာတွင် ရည်းစားများများ ကြာရှည်ထားရန် ကံစာတာ မပါသော ကျွန်တော်သည် ၁၉၆၉ ခုနှစ်တွင် မေနှင့် ရုတ်တရက် အိမ်ထောင်ကျသွားသည်။ ထိုအခါ ထိုသီချင်းကို မဆိုနိုင်တော့ပါ။

၁၉၇၂ ခုနှစ်တွင် ဖာပွန်မှ မော်လမြိုင်၊ ကျောက်တစ်လုံး ခလရ(၆၁) ကို ပြောင်းခဲ့ရ၏။ မေနှင့် သားကြီး၊ မောင်ဖိုးချွန်၊ သမီး မဖိုးမှုတို့အပါအဝင် သားအဖလေးယောက် ကျွန်တော် ဖာပွန်လာစတုန်းကလိုပင် UBA ဒါကိုတာ လေယာဉ်ကြီးနှင့် ဖာပွန်မှ မော်လမြိုင်ကို ပြောင်းခဲ့ကြပါသည်ခင်ဗျား။

✈ ✈ ✈ ✈ ✈ ✈ ✈

မော်လမြိုင် ကျောက်တစ်လုံးရောက်တော့ စစ်ဆင်ရေးက ဈေး၊ ထားဝယ်ဘက်ထွက်ရသည်။

၁၉၇၃ ခုနှစ်တွင် ရွှေမြို့ပေါ်တွင် စစ်ကြောင်းရုံး အခြေစိုက်ရင်း ဈေးလေယာဉ်ကွင်းကို ရောက်ရ၏။ ကျွန်တော်က တပ်ခွဲ(၃) တပ်ခွဲမှူးလုပ်သည်။ တစ်ပတ်တည်းဆင်း ဗိုလ်ကြီးကျော်သာထွန်းက တပ်ခွဲ(၈) တပ်ခွဲမှူးဖြစ်၏။ နှစ်ဦးသား လေယာဉ်ကွင်းရောက်ပြီးတော့ ထားဝယ်ဘက် တစ်ရှင်းလုံး ခရီးဆက်ရ၏။ တပ်ရင်းမှူးအပြောင်းပြောင်း၍ အသစ်ရောက်လာ၏။ တပ်ရင်းမှူးအသစ်မှာ ဗိုလ်သင်တန်းအမှတ်စဉ်(၉) မှ ဒုဗိုလ်မှူးကြီးအောင်မြင့်ဖြစ်ပြီး၊ အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်းနှင့် စစ်ရေးရွှမ်းရည် ထက်မြက်၏။ အားကစားဝါသနာပါ၏။ စစ်တုရင်ထိုး၊ အလွန်ကျွမ်းကျင်၏။

ဟစ်ရက်တွင် ကာလိန်အောင်စစ်ကြောင်းရုံး၌ တပ်ရင်းမှူးက ကျွန်တော်နှင့် ဗိုလ်ကြီးကျော်သာထွန်းတို့အားကြည့်ပြီး ဘာစိတ်ကူးရသည်မသိ။

''အင်း . . . ရှေးခေတ်ကဆိုရင်တော့ ဗိုလ်ကျော်သာထွန်းနဲ့ ဗိုလ်သက်ဦးတို့က စစ်ဗိုလ်ဖြစ်မှာမဟုတ်ဘူးကွ၊ မင်းတို့နှစ်ယောက်က ပုတုတု ကွတတ၊ မျောက်ခြေ မျောက်လက်နဲ့ဆိုတော့ ဆင်ချေးကျုံး၊ မြင်းချေးကျုံးလောက်ပဲရမယ်၊ ဒါမှမဟုတ် ထမင်းအိုးထမ်း၊ ဟင်းအိုးထမ်းပေါ့ကွာ''

အထက်ပါအတိုင်း ဆိုပါတော့သည်။

တကယ်လည်း ကျွန်တော်က ပိန်စုတ်စုတ်၊ အရပ်က ငါးပေ လေးလက်မခန့်သာ



ရှိပြီး သိပ်လှစဉ်မပီချင်။ ကျွန်တော့်လူငယ်ချင်း ဗိုလ်ကြီးကျော်သာထွန်းက အရပ် ငါးပေ၊ သုံးလက်မခန့်သာရှိပြီး ခြေဆန့်လက်ဆန့် သေးသေးကွေးကွေးနှင့်မို့ ပိုဆိုး၏။ သို့ရာတွင် သူကား စစ်ရေးအတွေးအခေါ်ကောင်း၍ ရဲစွမ်းသတ္တိရှိသူဖြစ်သဖြင့် ထိုအချိန်က စစ်ဆင်ရေးကာလတစ်ပတ်မပြည့်မီမှာပင် ရန်သူထံမှ အလောင်းလက်နက်အတော်ရထားပြီးပါပြီ။ သူက တပ်ထဲမဝင်မီက နိုင်ငံခြားရေးရုံးတွင်လည်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်၍ လူရည်လည်ပါသည်။ တပ်ရင်းမှူးပြောသည်ကို ဘာမှပြန်မပြော၊ ပြုံး၍သာနေ၏။

သို့ရာတွင် မလိမ္မာ တာလန ဗိုက်ခဲ ကျွန်တော်ကတော့ မအူမလည်နဲ့ ပြန်ပြော၏။

''တပ်ရင်းမှူးကြီးကသာ ပြောနေတာ၊ ကျွန်တော်က တပ်ထဲဝင်တော့ ကြည့်းတပ်တောင် မဟုတ်ဘူး။ Choice of arms လုပ်တော့ လေတပ်တောင် လျှောက်လိုက်သေးတယ်''

''ဟေ့ . . . မင်းက မျက်မှန်လေးနဲ့ အရပ်က ပေမပီ ဒေါက်မမီနဲ့ လေတပ်လျှောက်သေးသလားကွ''

''ဟုတ်ကဲ့ လျှောက်ပါတယ်၊ Board အဖွဲ့က မင်းက လေတပ်လျှောက်တာ ဘာရည်ရွယ်ချက်လဲ၊ လေတပ်အကြောင်း ဘာနားလည်လို့လဲလို့မေးတယ်''

''မင်းက ဘယ်လိုပြန်ဖြေလဲ''

''ကျွန်တော်က ဘာရည်ရွယ်ချက်မှ ကြီးကြီးမားမားမရှိပါဘူး၊ လေယာဉ်မောင်းကြည့်ချင်လို့ခင်ဗျ၊ လေထဲမှာ ပျံဝဲနေချင်လို့ ဆိုတော့ သူတို့က ကျွန်တော့် Structure နဲ့ ပိန်စုတ်စုတ်လှုပုံလေးကိုကြည့်ပြီး ပိုင်းရယ်ကြတယ်''

''မင်းက သိပ်ပွဲသမားမှမဟုတ်ဘဲ၊ ဝိဇ္ဇာပဲကွ၊ ဘယ်ရမလဲဆိုတော့ ကျွန်တော်က ရမလားလို့ လျှောက်ကြည့်တာပါခင်ဗျ ဆိုပြီး ပြန်ပြောတော့ Boards က လူကြီးတွေက ရယ်ကြပြန်ရော''

''အေး . . . ပြောပါဦးကွ''

''အဲဒါနဲ့ သူတို့က မင်းက လေယာဉ်မောင်းချင်တယ်ဆိုပေမယ့် မျက်မှန်လေးနဲ့မို့ မဖြစ်ဘူးကွ၊ ကဲပါကွာ၊ တို့ကြိုက်ရင်လည်း လေတပ်မှာ ထားပါမယ်၊ လေယာဉ်

**၁၉၇၄ ခုနှစ်တွင် ကျွန်တော် ရေမြို့အနီး ထားဝယ်မြစ်ထဲ၌ သေနတ်မှန်၍ ထားဝယ်မှ ဖော်ကာလေယာဉ်ဖြင့် ရန်ကုန်မင်္ဂလာဒုံဆေးရုံသို့ ပို့ခံရပါသည်။ ဒါကိုတာခေတ်မှ ဖော်ကာခေတ်သို့ ပြောင်းသွားပါပြီ။ လေယာဉ်လည်း အကြိမ်ကြိမ်စီးဖူးပါပြီခင်ဗျာ . . .**

တွေအကြောင်း မင်းဘာသိလဲ ပြောစမ်းကွာလို့ ပြောတယ်''

''အဲဒီတော့ ကျွန်တော်က ဒုတိယကမ္ဘာစစ်က မဟာမိတ်တွေရဲ့ ဘီ ၅၂ ဗုံးကြဲလေယာဉ်ပျံတွေအကြောင်း၊ ဂျပန်တွေရဲ့ ဇီးရိုးတိုက်လေယာဉ်တွေအကြောင်း၊ ရောဝတီမြစ်ရိုးက ကျွဲညီနောင်အကြောင်း၊ စစ်ပြီး ဒီဘက်ခေတ် ဗီယက်နမ်စစ်မှာပေါ်လာတဲ့ F Series တိုက်လေယာဉ်တွေအကြောင်း၊ စကိုင်းဟောက်နဲ့ ချင်နွတ် ရဟတ်ယာဉ်တွေအကြောင်း သိသလောက် လျှောက်ပြောတော့တာပဲ''

''သူတို့က အောင်မယ်၊ မင်းက ဘယ်ဆိုးလို့လဲတဲ့''

''ဒါတင်ဘယ်ကမလဲ၊ C ဆို Cargo B ဆို Bomben F ဆို Fighten T ဆို Trainer တွေပါ ထည့်ပြောလိုက်တယ်''

''ဟော…အဲဒီတော့ မင်းကိုမရွေးဘူးလား''

''သူတို့က ကျွန်တော် ထင်ရာမြင်ရာတွေ စွတ်ရွတ်ပြောတာကို တအားသဘောကျပြီး တဟားဟားရယ်ပြီး အေး-မင်းကို သဘောကျတယ်ကွာ၊ ဒါပေမဲ့ မင်း ကြည်းတပ်ထဲ သွားပါကွာဆိုပြီး ကြည်းတပ်ပို့လိုက်တာပါပဲခင်ဗျာ''

ထိုအခါ ရယ်စရာမပါဘဲ ကျွန်တော့်တပ်ရင်းမှူးကြီးက တဟားဟားရယ်ပြီး–

''အင်း…ဗိုလ်သက်ဦးကတော့ လုပ်တော့မယ်''ဟု ပြောပါတော့သည်။

၁၉၇၄ ခုနှစ်တွင် ကျွန်တော် ရေမြို့အနီး ထားဝယ်မြစ်ထဲ၌ သေနတ်မှန်၍ ထားဝယ်မှ ဖော်ကာလေယာဉ်ဖြင့် ရန်ကုန်မင်္ဂလာဒုံဆေးရုံသို့ ပို့ခံရပါသည်။ ဒါကိုတာခေတ်မှ ဖော်ကာခေတ်သို့ ပြောင်းသွားပါပြီ။ လေယာဉ်လည်း အကြိမ်ကြိမ်စီးဖူးပါပြီခင်ဗျာ။

✈ ✈ ✈ ✈ ✈ ✈ ✈

တပ်မတော်လေတပ်သို့ဝင်၍ လေယာဉ်မောင်းလိုသော ကျွန်တော်သည် လေတပ်မရောက်ဘဲ ကြည်းတပ်သို့ရောက်သွား၏။ ကျောင်းဆင်းတော့ တပ်သေးမှာ လေယာဉ်ကွင်းရှိသည့် ဖာပွန်သို့ ဦးစွာရောက်သည်။ ထို့နောက် မော်လမြိုင်ကျောက်တစ်လုံးသို့ရောက်၏။ ရေးမြို့တွင် လေယာဉ်ကွင်းသေးသေးလေး ဖောက်ရ၏။ ထားဝယ်ဘက် စစ်ဆင်ရေးထွက်တော့ လေယာဉ်ဖြင့် သွားရ၏။ ထားဝယ်ဘက် စစ်ဆင်ရေးမှာ သေနတ်မှန်ပြီး မင်္ဂလာဒုံစစ်ဆေးရုံသို့ လေယာဉ်ဖြင့် အပို့ခံရ၏။

၁၉၇၆ ခုနှစ်တွင်တော့ မော်လမြိုင်ကျောက်တစ်လုံးမှသည် ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းရယ်သို့ပြောင်းရ၏။ ခေါင်လှ၍ အလွန်ချောင်ကျ၏။ ဘာလေယာဉ်မှ မရှိပါ။ သို့ရာတွင် ၁၉၇၇ ခုနှစ်တွင် မိုင်းရယ်၌ တပ်မှ အော်တာလေယာဉ်ကွင်း ဖောက်သည်။ ကျွန်တော် ခေတ္တတာဝန်ပေးထားသော ဗိုလ်ကြီးလှုပ်ချိန်နှင့် သွားတိုးနေ၍ ရုံးမထိုင်ရဘဲ လေယာဉ်ကွင်းတွင် ကွင်းဖောက်လုပ်အားပေး Fatigue Incharge သွားလုပ်ရ၏။ ကွင်းပြီးတော့ Twin Otta



စီးရသည်။

၁၉၇၈ ခုနှစ်၊ နောင်လိုင်–ပါဖန် တိုက်ပွဲကြီးဖြစ်တော့ တပ်မတော်(လေ)၏ T-33 ဗုံးကြဲလေယာဉ်များကြောင့် အသက်ဘေးမှ လွတ်ခဲ့ရသည်။ တပ်မတော်(လေ)ကို ကျေးဇူးတင်ရပါသည်။

၁၉၇၉ ခုနှစ်တွင် ရှမ်းပြည်နယ်မြောက်ပိုင်းမှ တောင်ပိုင်းပြောင်းရသည်။ ဗထူးရောက်သွား၏။ ဒီတစ်ခါတော့ လေယာဉ်ကွင်းနဲ့ နည်းနည်းဝေးသွား၏။ လေယာဉ်စီးလိုက ဟဲဟိုးသို့သွားရ၏။ ၁၉၈၁ ခုနှစ်တွင် ရှမ်းပြည်နယ် အရှေ့မြောက်ခြမ်း ကျိုင်းတုံခွင် ဝင်ရသည်။ ကျိုင်းတုံကလည်း ဖာပွန်လိုပင် လေယာဉ်အဓိကမို့ လေယာဉ်နဲ့ ကင်းကွာ၍မရ။ စကားမနှင့် တိုက်ပွဲများကလည်း ပြင်းထန်နေသည့်ကာလမို့ Bell ရဟတ်ယာဉ်များအား VIP ခရီးစဉ်နှင့် လူနာကောက်ကိစ္စများ၊ ဘိန်းစစ်ဆင်ရေးများတွင် မကြာမကြာ အသုံးပြုသည်ကို တွေ့ရ၏။ ၁၉၈၄ ခုနှစ်တွင်တော့ ကျိုင်းတုံ ရှေ့တန်းတပ်မ(၈၈)တွင် ဂျီတူးခေါ် စစ်ဦးစီးမှူး ဒုတိယတန်းဖြစ်လာရာ Bell ရဟတ်ယာဉ်မှူးများနှင့် သိကျွမ်းရ၏။

ကွယ်လွန်သွားခဲ့ကြသည့် ဗိုလ်မှူးကြီးတင်ဝင်းနှင့် ဗိုလ်မှူးလှထွန်းတို့ကား ကျွန်တော်နှင့် အလွန်ရင်းနှီးခဲ့ကြသူများဖြစ်၏။

''လေယာဉ်က ရာသီဥတုအပေါ် အများကြီးတည်တယ် အစ်ကိုရေ၊ မိုးတို့ လေတို့ တောတို့ တောင်တို့ မြူတို့ နှင်းတို့ဆိုတာ ကိုယ်အစိုးမရတဲ့ သဘာဝတရားကြီးလေ''

ဗိုလ်မှူးကြီးတင်ဝင်းနှင့် အတူနေခဲ့စဉ်က သူပြောသွားသည့် စကားဖြစ်သည်။

ဗိုလ်မှူးလှထွန်းကတော့ သူရဟတ်

ယာဉ်တွင် ဘုရားပုံချိတ်ထားခဲ့သတဲ့။ ရဟတ်ယာဉ်တက်တိုင်း ဘုရားရှိခိုးကန်တော့ပြီးမှ မောင်းတတ်၏။ သို့ရာတွင် သူက လေယာဉ်အကြောင်း သိပ်မပြော၊ ရယ်စရာများကိုသာ ပြောတတ်၏။ သူတို့နှင့်အတူ လွယ်မှ Radar Squadron သို့ရောက်ခဲ့ရ၏။ သူတို့ကြောင့် လေယာဉ်နှင့်ပတ်သက်သည့် ဗဟုသုတများ များစွာတိုးပွားလာ၏။ မိုးဟိန်း-၉ စစ်ဆင်ရေးတွင် Bell ရဟတ်ယာဉ်နှင့် Air Reccee ကိုယ်တိုင်တက်လုပ်ခဲ့ဖူး၏။ နေရာ အနှံ့ ရဟတ်ယာဉ်ဖြင့် ရောက်ခဲ့၏။

ထို့နောက် ၁၉၈၅ ခုနှစ်တွင် မိုးမိတ်သို့ပြောင်းရ၏။ မိုးမိတ်တွင် လေယာဉ်ကွင်းရှိသော်လည်း BAC လေယာဉ်များ မဆင်းတော့၊ ကွင်းကြီးကတော့ အလွန်ကောင်းလှ၏။ Radio Station မှာမူကား နေ့စဉ်အဆက်အသွယ်လုပ်နေသဲဖြစ်၏။

၁၉၈၈ ခုနှစ်တွင် ခလရ(၆)တပ်ရင်းမှူးဖြစ်လာသည်။ ရန်ကုန် ရွှေပြည်သာဗိုလ်လာဒုံလေဆိပ်နှင့် နီးလာ၏။ တပ်ရင်းမှူး တာဝန်ဖြင့် လေယာဉ် နှစ်ခါ၊ သုံးခါစီးခဲ့ရ၏။

၁၉၉၁ ခုနှစ်တွင်တော့ တပခ ကျောင်းဖြစ်လာ၏။ တပခ ဝင်းထဲမှာပင် တောင်ငူလေယာဉ်ကွင်းရှိသည်။ လေယာဉ်တော့မဆင်းတော့။

၁၉၉၂ ခုနှစ်တွင်မူကား တပ်မ(၃၃)တွင် နည်းဗျူဟာမှူးဖြစ်၍လာပါသည်။

**လေယာဉ်ကြောင့် မြေကြောရှုံ၍ ခရီးတာမှာ ပိုမြန်လာ၏။**
**ပြည်ပနိုင်ငံများ ရောက်ဖူးသွားပြီး ပြည်ပတွင် မိတ်ဆွေများ တိုးပွားလာ၏။**
**ချစ်သူခင်သူများရှိလာ၏။ ကိုယ်တိုင်သာမက မိသားစုများကိုပါ**
**နိုင်ငံရပ်ခြားသို့ စေလွှတ်ပေးနိုင်လာ၏။**



ဘာဝန်ထမ်းဆောင်လျှင်ထမ်းဆောင်ချင်း လေယာဉ်စီးရပါတော့သည်။ ဖြစ်စဉ်ကလေးများကို နည်းနည်းပြောပါဦးမည်။

✈ ✈ ✈ ✈ ✈ ✈ ✈

နည်းဗျူဟာမှူးဖြစ်ဖြစ်ချင်း မာနယ်ပလော တိုက်ရသည်။ တပခ မှ စစ်ရုံးသတင်းဗိုရာ ကျွန်တော့်တပ်ဖွဲ့မှူး ဗိုလ်မှူးချုပ် လှရွှေ(ယခုအငြိမ်းစား)နှင့် တွေ့ရ၏။ နောက်နေ့ စစ်ကိုင်းသို့ မြန်မာ့လေကြောင်းဖြင့် လိုက်သွားရ၏။ တစ်ညသာအိပ်ပြီး လေယာဉ်ဖြင့် ပြန်ခဲ့ရသည်။ ရန်ကုန်တွင် တစ်ညအိပ်ပြီး ဘားအံသို့ ဆက်ထွက်ရသည်။ ဘားအံသို့ရောက်ရာတွင် တစ်ခါမှ မစီးဘူးသေးသည့် မိတ္တူခေါ် MI-2 လူနှစ်ဆယ်ကျော် သုံးဆယ်နီးပါးဆန့်သည့် ရဟတ်ယာဉ်ကြီးဖြင့် ထွက်ခဲ့ရသည်။ ကွယ်လွန်သူ ဒုဗိုလ်ချုပ်ကြီး တင်ဦးမှ ဦးစီးလိုက်ပါလာသည်။ ဘားအံတွင် တိုက်ပွဲဝင်မည့် ခေါင်းဆောင်များအား Briefing ပေးသည်။ မာနယ်ပလောအား ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီမှ ဧပြီထိ နှစ်လကျော်တိုက်ပြီးသည့်အခါ နိုင်ငံတော်မှ ငြိမ်းချမ်းရေးတံခါး ဖွင့်လိုက်သဖြင့် တိုက်ပွဲရပ်နားလိုက်ရ၏။ တပ်မ(၃၃)တွင် လေးနှစ်ကြာသွားသည်။ မိသားစုက ကလေးများ ကျောင်းနေသဲဖြစ်၍ ရန်ကုန်မှာ နေကြသည်။ တပ်နားချိန် စစ်ကိုင်းမှ ရန်ကုန်သို့ မန္တလေးချမ်းမြသာစည်လေဆိပ်မှတစ်ဆင့် လေယာဉ်စီးသွားဖြစ်တာများ၏။ မြန်မာ့လေကြောင်း Myanmar Airway ပိုင် လေယာဉ်နှင့်ပါပဲ။

၁၉၉၆ ခုနှစ်တွင်တော့ နယ်တက်ပြောင်းရ၏။ ဒီတစ်ခါတော့ လေယာဉ်က ပြည်တွင်းတွင်သာမက ပြည်ပသို့ပါ စီးရတော့သည်။ အာရှနိုင်ငံ လေးငါးခြောက်နိုင်ငံ ရောက်ဖူးသွား၏။ Thai Airway နှင့် Air China တို့ကို အများဆုံးစီးဖူးသွားသည်။ လူသုံးလေးရာဆန့်သည့် လေယာဉ်ကြီးများကိုစီးပြီး ကိုယ့်နိုင်ငံပြင်ပသို့ ရောက်ရ၍ ဗဟုသုတတွေ အများကြီးရသွား၏။ စင်ကာပူရောက်သဖြင့် ပင်လယ်ပြင်ကြီးကို လေယာဉ်ဖြင့် ဖြတ်ဖူးသွား၏။ တရုတ်ပြည်မြောက်ပိုင်းသွားရသဖြင့် တောင်စဉ်တောင်တန်းများကို လေယာဉ်ဖြင့် ဖြတ်ဖူးသွား၏။

ပြည်တွင်းတွင်လည်း တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသေးသည့် ရခိုင်ပြည်နယ်သို့ လေယာဉ်ဖြင့်ပင် သွားလိုက်ရ၏။ မရောက်တာကြာသည့် ကချင်းတဲ့ကို အလွမ်းပြေ ပြန်သွားရ၏။ ဒါလည်း လေယာဉ်နှင့်ပါပဲ။ နိုင်ငံခြားဧည့်သည်များလာ၍ မန္တလေးနှင့် ပုဂံညောင်ဦးတို့ကို လေယာဉ်ဖြင့် လိုက်ပို့ရ၏။

လေယာဉ်ကြောင့် မြေကြောရှုံ၍ ခရီးတာမှာ ပိုမြန်လာ၏။ ပြည်ပနိုင်ငံများ ရောက်ဖူးသွားပြီး ပြည်ပတွင် မိတ်ဆွေများ တိုးပွားလာ၏။ ချစ်သူခင်သူများ ရှိလာ၏။ ကိုယ်တိုင်သာမက မိသားစုများကိုပါ နိုင်ငံရပ်ခြားသို့ စေလွှတ်ပေးနိုင်လာ၏။ သူတို့တစ်တွေလည်း ပြင်ပဗဟုသုတများကြ၏။ ကိုယ်ငယ်ငယ်တုန်းက ဘယ်မှမရောက်မပေါက်ဘူးတဲ့ အသက်အတော်ကြီးလာမှ နိုင်ငံခြားရောက်ဖူးခဲ့ရသော်လည်း သူတို့ကျတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ နိုင်ငံရပ်ခြားသို့ ရောက်ဖူးသွားကြ၏။ ဇနီးသည်မေကတော့

နိုင်ငံခြား မကြာခဏရောက်သွားပြီး ပြည်ပ အတွေ့အကြုံများ၊ သူမ စိတ်ဝင်စားသည့် သစ်ခွပန်းလုပ်ငန်းများအား တွေ့ရ၍ ထို လေယာဉ်ခရီးစဉ်များကို အကျေနပ်ကြီး ကျေနပ်နေ၏။ နိုင်ငံခြားကပြန်လာတိုင်း သူမ ခရီးစဉ်ကို ပြောမဆုံးတော့၊ သမီး အကြီးမကတော့ အာရှတိုက်အတော်များ များ ရောက်ဖူးသည်။ မလေးရှားတွင် နိုင်ငံ တော်စရိတ်ဖြင့် တာသင်ဖူးသည်။ ထို့ကြောင့် ပြည်ပတွင် မိတ်ဆွေအတော်များများရှိ၏။

မြို့ကြီးပြကြီးများတွင် အရွယ်ရောက် လာကြ၍ သူတို့အားလုံး ကံကောင်းကြပါ သည်။ ကိုယ့်မှာသာ တောတွင် လူဖြစ်လာ ရသူဖြစ်ပြီး သူတို့လို ငယ်ငယ်ရွယ်ရွယ်နှင့် အတွေ့အကြုံကောင်းများကို မရခဲ့၊ ထို့အ ပြင် တပ်မတော်(ကြည်း)တွင် ခြေလျင်စစ် သား လုပ်ခဲ့ရ၍ ပြည်ပအတွေ့အကြုံ မရှိ သလောက်ဖြစ်ခဲ့၏။ ချစ်သူခင်သူများနှင့် တစ်ကွဲတစ်ပြားနေခဲ့ရသည့်အချိန်များ၌ လည်း မကြာခဏ–

"တောင်ပံလေးများ ရနိုင်ရင်တော့ လိုချင်သားကွယ်"ဟု ညည်းခဲ့မိလေ၏။

အခုတော့ ဒါတွေကျော်လွန်ခဲ့ပါပြီ လေ။ အရွယ်ကလည်း ငယ်ကြတော့တာ မှမဟုတ်တာ၊ ကိုယ်နှင့်အတူ စစ်တပ်ထဲဝင် လာခဲ့သူအားလုံး တပ်ထဲမှာမရှိကြတော့။ နယ်ဘက်တွင် လေးငါးဆယ်လောက်သာ ကျန်တော့သည်။ ပြန်စဉ်းစားကြည့်မိသည့် အခါ လွမ်းစရာလေးတွေ ဖြစ်ရပါ၏။

✈ ✈ ✈ ✈ ✈ ✈ ✈

ကျွန်တော်ငယ်ငယ်က လေတွင်ပျံပြီး သွားလိုရာသွားချင်သည့် စိတ်ကလေးမှာ ယခု အသက်အရွယ်ရလာသည့်အချိန်အထိ ရှိနေပါသေးသည်။ တပ်မှ နယ်ဘက်ရောက် တော့ ပြည်ပနိုင်ငံများသို့ သုံးလေးခေါက် လေယာဉ်အကြီးကြီးများဖြင့် သွားခဲ့ရသည်။ လွန်ခဲ့သည့် သုံးနှစ်ခန့်က ရန်ကုန်နယ်နိမိတ် အပြင်တွင် တာဝန်သွားထမ်းဆောင်နေရ၍



ရဟတ်ယာဉ်များနှင့် ဖူးစာပြန်ဆုံရ၏။ ခဏ တွင် ရဟတ်ယာဉ်ကွင်း ပေါက်သားရ၏။ ခိမိတာဝန်ထမ်းဆောင်ရာသို့ လူကြီးများက ရဟတ်ယာဉ်ဖြင့် ရောက်လာတတ်၏။ ထို ရောအခါ ငယ်တာကို ပြန်ပြောင်းသတိရမိ ၏။

ငယ်စဉ်က "မိုးယံမှသည် ချစ်သူဆီ သို့"သွားချင်သည့်ဆန္ဒကြောင့် "တောင်ပံ လေးများရနိုင်ရင်တော့ လိုချင်သားကွယ်" ဟု ငြည်းတမ်းမိခဲ့သည်များကို အမှတ်ရမိ၏။ ဘယ်လိုပဲဖြစ်ဖြစ် သွားချင် လာချင်စိတ်က တော့ မကုန်သေးပါ။ ပဲခူးရိုးမနှင့် မဝေး လှဘဲ တောရိပ်တောင်ရိပ်မကင်းသည့် နေရာတွင် တာဝန်ထမ်းဆောင်ရသဖြင့် ဟိုး ငယ်စဉ်ကလို အားလပ်သည့်အခါများတွင် ကောင်းကင်ပြင်အား မော့ကြည့်၍ ကိုယ့် ဟာကိုယ် ကလေးတာက တွေးမိသည်များ ကို ပြန်စဉ်းစားပြီး ပြုံးမိ၏။ ချစ်သူခင်သူ များလည်း ပိုများလာ၏။ ပြည်တွင်းမှာ သာမက ပြည်ပမှသာရှိလာ၏။ ထို့ကြောင့် ဒီလေယာဉ်တွေစီးပြီး သူတို့နဲ့တွေ့ချင်ပါ သေးသည်။ တောင်ပံလေးများရနိုင်ရင် တော့ ငယ်စဉ်ကလို လိုချင်ပါသေးသည်။

"မိုးယံမှသည် ချစ်သူများဆီကို"သွား လိုစိတ်ကတော့ ကျွန်တော့်ရင်တွင် ထာဝစဉ်ရှိနေမည်သာ ထင်ပါ၏။

**သောင်းဝေဦး**

## မျက်စိလည်နေလို့ပါ

ကျွန်မဦးလေးတစ်ယောက်ဟာ ဗိုလ်စပိုင်မှာတုန်းက အိမ်ထဲက အိမ်ပြင် ထွက်လေ့ရှိတာမဟုတ်ဘူး။ ဒါပေမဲ့ မကြာသေးမီက သူ့ညီနေတဲ့ နယူးယောက် ကို အလည်သွားခဲ့တယ်။ သူက သူတစ်ပါးကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေချင်တာနဲ့ မြို့ကွက်မြေပုံတစ်ချပ်ကိုင်ပြီး အလည်ထွက်တယ်။

တစ်နေ့ကုန်လျှောက်လည်ပြီး အိမ်ပြန်မယ်လုပ်တော့ မပြန်တတ် တော့ဘူး။ ဒါနဲ့ သူ့ညီဆီကို ဖုန်းဆက်တယ်–

"ညီလေး ငါဘယ်ရောက်နေမှန်းမသိတော့ဘူး။ ငါ့ကိုလာခေါ်ကွာ"

"ဟုတ်ကဲ့၊ လာခဲ့မယ်၊ ဘယ်နေရာဆိုတာကို အနီးအနားမှာရှိတဲ့ ထင်ရှားတဲ့အမှတ်အသားတစ်ခုခုပြောပါ"

"အေး–မြေပုံမှာတော့ မပါဘူးကွ၊ ငါပြောနိုင်တာကတော့ ငါရောက်နေ တဲ့ ထောင့်နေရာမှာ မီးပွိုင့်တစ်ခုရှိတယ်"လို့ ပြောလိုက်ပါတယ်။ ■

**မောင်သီဟ**





# မြတ်ဗုဒ္ဓ၏တရားဓမ္မတော်များ

ရဲတော်ကျော်ဆန်း စုစည်းတင်ပြသည်

### "သာဝတ္ထိနိဒါန်း"
### "ခန္ဓာကိုယ် တောင်ပို့ကြီး"

သာဝတ္ထိနိဒါန်းတည်း······

အမိအဘတို့မှပေါက်ဖွားကာ အစာရေလေတို့ကြောင့် ကြီးထွားလာရသော မဟာဘုတ်လေးပါး အစုအဝေးဖြစ်သည့် ဤခန္ဓာကိုယ်ကြီးသည်ကား နေ့ခင်း၌ပြုလုပ်ပြီးသမျှသော လုပ်ငန်းတို့ကို ညဉ့်အခါ၌ တွေးတောကြံဆသုံးသပ်ခြင်း၊ တစ်ဖန် ညဉ့်၌ တွေးတောကြံဆထားသမျှကို နေ့အခါ၌ အကောင်အထည်ဖော်ကာ လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့် ညဉ့်၌ အခိုးအလျှံလွှတ်၍ နေ့၌ အလျှံတပြောင်ပြောင် တောက်လောင်နေသော တောင်ပို့ကြီးနှင့် ပမာတူ၏။

ထိုခန္ဓာကိုယ်တောင်ပို့ကြီးကို ပညာရှိသော အရိယာ၏ တပည့်သည် အရိယာပညာတည်းဟူသော တူရွင်းဖြင့် တူးပြီး၍······

အဝိဇ္ဇာတည်းဟူသော တံခါးကျည်၊
အမျက်ဒေါသတည်းဟူသော ဖား။
ယုံမှားခြင်းတည်းဟူသော လမ်းနှစ်ခွ။
အပိတ်အပင်ငါးမျိုးတည်းဟူသော သားဆေးရည်။
အစွဲကပ်ငြိနေသည့် ခန္ဓာငါးပါးတည်းဟူသောလိပ်။
ကာမဂုဏ်ငါးပါးတည်းဟူသော စဉ်းနီတုံး။
နှစ်သက်ကပ်ငြိခြင်းတည်းဟူသော သားတစ်တို့ကို

အဆင့်ဆင့် ကျော်လွှားနိုင်ခဲ့သော် အာသဝေါကုန်ခန်းသည့် ရဟန္တာအဖြစ်တည်းဟူသော နဂါးတို့ကို တွေ့ကြုံရမည်။ ထိုနဂါးခေါ် ရဟန္တာအဖြစ်သို့ရောက်သောအခါ ဤခန္ဓာကိုယ်တောင်ပို့ကြီးကို ဆက်လက်တူးဖြိုရန်မလို တော့ပေဟု ဟောတော်မူလေ၏။

ဤသုတ်ကား မှန်ကန်တဲ့မဓ္ဓလမ်းကြောင်းကို နှစ်သက်ဖွယ်ရာ ဥပမာတို့ဖြင့် တန်ဆာဆင်ယင်၍ထားသော သုတ်ဖြစ်သည်။

သုတ်ဖြစ်ပေါ်ရာ နိဒါန်းကား၊ ဒဏ္ဍာရီဆန်လွန်းလှပေသည်။ ထိုသို့ နိဒါန်းက ဒဏ္ဍာရီဆန်လွန်းခြင်း၊ ပဟေဠိဆန်ဆန် ဟောကြားထားခြင်းတို့ကိုထောက်ရှု၍ ခေတ်ပညာရှင်တို့၏လက်ရာဟု မှတ်ထင်စရာရှိသော်လည်း တရားသာကား၊ ဗုဒ္ဓ၏လမ်းကြောင်းနှင့် မဆန့်ကျင်ပေ။ ထို့ပြင် ပဟေဠိဆန်ဆန်လှပသော ဥပမာများကြောင့် မှတ်သားခြင်းအလို့ငှာလည်း လွယ်ကူပေသည်။

မဇ္ဈိမနိကာယ
ဝမ္မိကသုတ္တံ(၁၈)

"အချည်းနှီးသောရဟန်းများ"
"အချို့ရဟန်းသည် မြွေဖမ်းယောကျ်ားကဲ့သို့ အမြီးကိုဆွဲလို့ဆွဲ မြွေကိုမရ အကိုက်ခံရရှံ့သာရှိသည်"



ဗုဒ္ဓမြတ်စွာ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် အရိဋ္ဌမည်သော ရဟန်းသည် ဗုဒ္ဓမြတ်စွာက မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်၏ဟု ဟောညွှန်ထားသော ဆုံးမချက်တို့ကို ဖောက်ဖျက်ကျူးလွန်သော်လည်း ကျူးလွန်သူအား အန္တရာယ်မဖြစ်နိုင်ဟု ယုတ်ညံ့ဆိုးဝါးသောအယူရှိလေပြီ၊ ၎င်းကိုအကြောင်းပြု၍ ဤသုတ်ကိုဟောတော်မူ၏။

ရဟန်းတို့ . . . ဤသာသနာတော်ဝယ် အချည်းနှီးသော ရဟန်းအချို့တို့သည် တရားတော်ကို သင်ယူကြကုန်သော်လည်း ထိုတရား၏ အနက်အဓိပ္ပာယ်ကို ဉာဏ်ပညာဖြင့် မစူးစမ်းမချိန်ဆကုန်ကြ၊ သို့ဖြစ်၍ ထိုတရားတို့သည် ဉာဏ်ဖြင့် စိမ့်စိမ့်ကြည့်ရှုရန် မခံနိုင်ကြကုန်။ ၎င်းတို့သည် တရားကိုသင်ယူသဖြင့် စွပ်စွဲကာမျှ အကျိုးရှိကြကုန်၏၊ တရားမသိဟု အစွပ်စွဲခံရခြင်းမှ လွတ်ရုံသာအကျိုးရှိကုန်၏။ ''မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရှိရေး၊ ဘဝဆင်းရဲကုန်ဆုံးရေး''ဟူသော တရားတော်၏ လိုရင်းအကျိုးကိုကား မခံစားကြကုန်။ အမှန်မှာ ထိုတရားအတွက် စီးပွားမဲ့ဖို့၊ ဆင်းရဲခံဖို့သာ ဖြစ်ကုန်၏။ ထိုသို့ဖြစ်ရသည်မှာ တရားတော်ကို ကောင်းစွာမသင်ကြားမနာယူသောကြောင့်တည်း။

ရဟန်းတို့ . . . ဥပမာအားဖြင့် မြွေဖမ်းယောကျ်ားသည် မြွေကိုတွေ့၍ မြွေကိုယ်၌ဖြစ်စေ၊ အမြီး၌ဖြစ်စေ ကိုင်၍ဖမ်းလေရာ မြွေသည် ထိုယောကျ်ားအား လက်ကိုဖြစ်စေ၊ လက်ရုံးကိုဖြစ်စေ၊ ပြန်ကိုက်သဖြင့် ထိုယောကျ်ားသည် သေသည်အထိလည်းကောင်း၊ သေလုမျှောပါးဆင်းရဲသည်အထိလည်းကောင်း၊ ရောက်ရလေ၏။ ထိုသို့ဖြစ်ရသည်မှာ မြွေကို ကျွမ်းကျင်လိမ္မာစွာ မကိုင်ဖမ်းမှုကြောင့်ပေတည်း။

အချို့ရဟန်းတို့ကား တရားတော်ကိုသင်ယူပြီးလျှင် တရားတော်၏ အနက်အဓိပ္ပာယ်ကို ဉာဏ်ပညာဖြင့် စူးစမ်းဆင်ခြင်ကြကုန်၏၊ ထိုရဟန်းတို့သည် တရားတော်၏ အနက်အဓိပ္ပာယ်ကို ဆင်ခြင်ဉာဏ်ဖြင့် အမှန်သိကြကုန်၏။ ၎င်းတို့သည် တရားတော်ကို မစွပ်စွဲကြကုန်၊ တရားမသင်ယူသူဟု အစွပ်စွဲခံရလွတ်ရုံမျှသာ အကျိုးကြေသည်မဟုတ်ဘဲ တရားတော်၏ လိုရင်းအကျိုးဖြစ်သော

မဂ်ဖိုလ်နိဗ္ဗာန်အကျိုး ဘဝဆင်းရဲချုပ်ငြိမ်းခြင်းအကျိုးတို့ကို ခံစားကြရကုန်၏။

ဤသုတ်ကား တရားတော်ကို သင်ယူပြီးနောက် လိုက်နာကျင့်သုံးခြင်းမပြုသူ၊ မှတ်မိသရွေ့ တစ်ကျမ်းတွေ့ဖြင့်၊ မစေ့မစပ် လွတ်လုပ်ကြသူများအတွက် သတိပေးဆုံးမသော သုတ်ဖြစ်ပေသည်။

မဇ္ဈိမနိကာယ
အလဂဒ္ဒူပမသုတ္တံ(၁၆)

## "တစ်ဖက်ကမ်းသို့သွားလိုသောယောကျ်ားသည် သစ် ဝါး မြက်တို့ကို စုရုံးပေါင်းဖွဲ့ရမည်"

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာက ဟောတော်မူ၏။

ရဟန်းတို့ . . . ဖောင်နှင့်ပမာတူသော တရားကို ငါဟောကြားမည်။ ငါဟောကြားအပ်သော ထိုတရားသည် ဝဋ်ဆင်းရဲမှလွတ်အောင် ကူးမြောက်ရန်သာဖြစ်၏။ စွဲယူသိမ်းပိုက်ထားရန် မဟုတ်ပေ။

ဥပမာအားဖြင့် . . .



ရေပြင်ကိုဖြတ်၍ တစ်ဖက်ကမ်းသို့ သွားလိုသော ယောကျ်ားသည် သစ် ဝါး မြက်တို့ကို စုရုံးဖောင်ဖွဲ့ကာ လက်ခြေတို့ဖြင့် ကြိုးစားလှော်ခတ်၍ တစ်ဖက်ကမ်းသို့ အရောက်ကူးသွားပြီးနောက် ထိုတစ်ဖက်ကမ်းသို့ ရောက်သောအခါ ဖောင်သည် ငါ့အတွက် လွန်စွာကျေးဇူးများသည်ဟုဆိုကာ ကျောပြင့်ပိုး၍ သယ်မ,သိမ်းဆည်းထားဖွယ်ရာမလိုပေ။ အကယ်၍ ထိုသို့ကျောပိုးထမ်းရွက်ရန် ကြိုးစားခဲ့သော်လည်း မလုပ်သင့်သည်ကို ပြုလုပ်ခြင်းသာ ဖြစ်ပေမည်။

ထို့အတူ ငါဟောကြားအပ်သော တရားတော်သည်လည်း သံသရာတည်းဟူသော ရေအပြင်ကိုဖြတ်၍ နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းသို့အရောက် ကူးခတ်ရန်သာဖြစ်သည်။ စွဲယူသိမ်းပိုက်ထားရန်မဟုတ်ပေ။ ဤသို့သောအဓိပ္ပာယ်ကို သိမြင်သူတို့သည် တရားတည်းဟူသော ဖောင်ကိုလည်း စွန့်ပယ်ခဲ့ရမည်။ တရားနှင့် ဆန့်ကျင်သော သံသရာနစ်မွန်းကြောင်းဖြစ်သည့် အဓမ္မတို့ကိုကား ဆိုဖွယ်ပင်မရှိတော့ပြီ။ တစ်စိုးတစ်စိ မကျန် အကုန်ပယ်လှန်ပစ်ရမည်ဟု ဟောတော်မူလေသည်။

ဤသုတ်ကား ဗုဒ္ဓ၏တရားတော်ကို ကိုးကွယ်စရာအဖြစ်သာ စွဲယူထားကြ၍ ဓမ္မ-အဓမ္မဟူသော အစွဲအားလုံး ကုန်ဆုံးကွာကြအောင် မကြိုးစားကြသူများ၊ လူစည်ရာမှာ ငါသိလုပ်၍ ကြွားလုံးထုတ်ကာ အငြင်းသန်ကြသူများ၊ ကိုယ့်အမှားကိုယ်မမြင်ဘဲ သူတစ်ပါးအမှားရှိလျှင် တရားသိလုပ်ကာ နှိမ့်ချတတ်သူများအတွက် အထူးသတိပေးထားသောသုတ် ဖြစ်ပေသတည်း။


မဇ္ဈိမနိကာယ
ကုလ္လူပမသုတ္တံ(၁၇)

**ရဲဘော်ကျော်ဆန်း**

# မောင်သိဟ

## သိပ်နောက်ကျသွားပြီလို့ ဘယ်သူစပြောလဲ...

လူတွေက "ဒါပေမဲ့ အခု သိပ်နောက်ကျသွားပြီ"ဆိုတဲ့ စကားစုကို စိတ်ပျက်လက်လျှော့တဲ့အနေနဲ့ ပြောတတ်ကြတယ်။ အထက်တန်းကျောင်းကနေ နုတ်ထွက်ပြီး ရရာအလုပ်ကို ကြုံရာကျဘမ်း လုပ်ကိုင်နေရတဲ့သူကလည်း သူ့ပညာရေးကို ဆုံးခန်းတိုင်သင်ယူဖို့ ကျောင်းပြန်တက်ချင်တယ်။



ဒါပေမဲ့ ''အခု သိပ်နောက်ကျသွားပြီ''တဲ့။ အိမ်ထောင်ရေးဖောက်ပြန်လို့ ဇနီးနဲ့ခွဲထွက်ခဲ့တဲ့ ခင်ပွန်းဖြစ်သူကလည်း အိမ်ထောင်ကို ပြန်ပြီးဆယ်တင်ချင်တယ်။ ''ဒါပေမဲ့၊ အခု သိပ်နောက်ကျသွားပြီ''တဲ့။ အရက်သောက်တဲ့ကိစ္စနဲ့ အလုပ်ပြုတ်လာတဲ့ အမျိုးသမီးတစ်ယောက်ကလည်း အရက်ဖြတ်ပြီး အစကို ပြန်စချင်တယ်။ ''ဒါပေမဲ့ အခု သိပ်နောက်ကျသွားပြီတဲ့''။

တချို့ မိသားစုကိစ္စမှာ ဘာမဟုတ်တာနဲ့ ပြိုကွဲခဲ့ကြတယ်။ သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်မှာ ပြေလည်အောင်ဖြေရှင်းဖို့ စိတ်မကူးကြဘူး။ အချိန်တော်တော်ကြာသွားမှ တောင်းပန်ဖို့ ပြုပြင်ဖို့ ခံစားမိကြပေမယ့် မလုပ်ဖြစ်ကြဘူး။ နောင်တနဲ့ပဲ ပြီးဆုံးခဲ့ကြတယ်။

အဲဒီလိုပုဂ္ဂိုလ်တွေကို ကျွန်ုပ်က ''အစီအစဉ်မရှိလိုက်တာ။ အတိတ်ကအမှားကို ပြုပြင်ဖို့ဆိုတာ ဘယ်တော့မှနောက်မကျဘူး။ အသစ်ကပြန်စဖို့ဆိုတာ ဘယ်တော့မှ နောက်မကျဘူး''လို့ ပြောချင်ပါတယ်။

မကြာခင်က ရောဘတ်ရှော(Robert Shaw) ဆိုတဲ့ ကျော်ကြားတဲ့ ဂီတပညာရှင်တစ်ယောက်နဲ့ပတ်သက်ပြီး ဆောင်းပါးတစ်စောင် ဖတ်ရတယ်။ ထိုပုဂ္ဂိုလ်က အခုတော့ ဂီတဒါရိုက်တာအနေနဲ့ရော၊ အတ္တလန္တာ ဆင်ဖိုနီသံစုံတီးဝိုင်းရဲ့ ခေါင်းဆောင် ကွန်ဒတ်တာအဖြစ်ကရော အနားယူသွားပါပြီ။ ဟိုးလွန်ခဲ့တဲ့နှစ်တွေတုန်းက ကျွန်ုပ်က နယူးယောက်မြို့၊ မာဘယ်လ်ဘုရားကျောင်းရဲ့ ဓမ္မဆရာအဖြစ် တာဝန်ယူနေစဉ်က ရှော တစ်ယောက် ကျွန်ုပ်ဆီရောက်လာပြီး ဘုရားကျောင်းဝတ်ပြုတဲ့အခါ လူငယ်အဖွဲ့တစ်ဖွဲ့နဲ့ ဓမ္မသီချင်းသီဆိုစေဖို့ အကြံပြုတယ်။ အဲဒီအဖွဲ့ကို သူက ဦးဆောင်ဦးရွက်ပြုမယ်တဲ့။ ကျွန်ုပ်ကလည်း သဘောတူခွင့်ပြုတယ်။

ဒါက ကျွန်ုပ်တို့ရဲ့ဘုရားကျောင်းကို လူငယ်အများအပြားဝင်လာအောင် ဆွဲဆောင်နိုင်မယ်လို့ ကျွန်ုပ်ကယူဆတယ်။ ဒီတော့ ဆက်လုပ်ဖို့သူ့ကိုပြောခဲ့တယ်။ ပါဝင်သီဆိုကြတဲ့ လူငယ်တွေကလည်း အတော့်ကို စိတ်ပါဝင်စားပြီး သီဆိုလှုပ်ရှားခဲ့ကြတယ်။ ကျွန်ုပ်တို့ ဘုရားကျောင်းရဲ့ ဝတ်ပြုတဲ့ အစီအစဉ်က ပိုပြီးကျယ်ပြန့်လာမယ်လို့လည်း မျှော်လင့်ခဲ့တယ်။

ဒါပေမဲ့ ကံမကောင်း၊ အကြောင်းမလှစွာနဲ့ပဲ အချို့သော ဘုရားကျောင်းဂေါပကအဖွဲ့ဝင်တွေက ရှေးရိုးစွဲသမားတွေဖြစ်ပြီး သဘောမတူချင်ကြဘူး။ သူတို့က မနှစ်မြို့ကြောင်း ကျွန်ုပ်ကိုပြောပြတာနဲ့ ကျွန်ုပ်ကလည်း မတတ်နိုင်တဲ့အဆုံး၊ ရှောကို အစီအစဉ်ဖျက်တဲ့အကြောင်း ဝမ်းနည်းစွာပြောခဲ့ရတော့တယ်။ ရှောက နားလည်သိတတ်စွာနဲ့ နောက်ဆုတ်သွားတယ်။ ကျွန်ုပ်အဖို့ မှန်တယ်လို့ ယူဆခဲ့တဲ့ ကိစ္စတစ်ရပ်ကို အကောင်အထည်မဖော်နိုင်ခဲ့ဘူး။အမြဲတမ်း နောင်တရနေမိတယ်။

ဒီလိုနဲ့ ရာစုနှစ်တစ်ဝက်လောက် ကုန်လွန်သွားခဲ့တယ်။ ဒီကာလများအတွင်း ကျွန်ုပ်နဲ့ ရှော မဆုံဖြစ်ခဲ့ဘူး။ တစ်နေ့ ကျွန်ုပ်ဟာ ဆောင်းပါးတစ်စောင်ကိုဖတ်ခဲ့ပြီး အသိဥာဏ်မှာ အမှားကြီးတစ်ခု ကျူးလွန်ခဲ့ပါလားလို့ နောင်တရမဆုံး ဖြစ်ခဲ့ရတယ်။

အိမ်ကိုပြန်ရောက်တာနဲ့ ရောဘတ်ရှောဆီကို စာတစ်စောင်ရေးလိုက်တယ်။ စာထဲမှာ ကျွန်ုပ် ယခင် ဆုံးဖြတ်ခဲ့မှု မှားယွင်းကြောင်းနဲ့ ဝမ်းနည်းကြောင်း၊ တောင်းပန်ခဲ့တယ်။ ချက်ချင်းလိုလို ရှောဆီက စာပြန်လာတယ်။ ဒါလောက် ကျော်ကြားပြီး



တချို့ မိသားစုကိစ္စမှာ ဘာမဟုတ်တာနဲ့ ပြိုကွဲခဲ့ကြတယ်။ သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်မှာ ပြေလည်အောင်ဖြေရှင်းဖို့ စိတ်မကူးကြဘူး။ အချိန်တော်တော်ကြာသွားမှ တောင်းပန်ဖို့ ပြုပြင်ဖို့ ခံစားမိကြပေမယ့် မလုပ်ဖြစ်ကြဘူး။ နောင်တနဲ့ပဲ ပြီးဆုံးခဲ့ကြတယ်။



## ခင်ဗျားတို့လည်း ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ပါ။ အတိတ်ဖြစ်ရပ်တွေကနေ ပြောဖို့ရှိတဲ့စကားလုံး၊ ရေးဖို့ရှိတဲ့ စာတစ်ကြောင်းကို မပြောမိ၊ မရေးမိလို့ ပြဿနာမရှင်းမိခဲ့တာများရှိခဲ့ရင် . . .

မြင့်မြတ်တဲ့ ဂီတပညာရှင်ကြီးက စာအတွက် ကျေးဇူးတင်ကြောင်းနဲ့ အခြေအနေအရ ဖြစ်ပျက်ခဲ့တာကို နားလည်ကြောင်း ရေးသားထားပါတယ်။

ကျွန်ုပ်အဖို့ အကျပ်အတည်း။ အချုပ်အနှောင်ကနေ လွတ်မြောက်သွားသလို ခံစားရတယ်။ နှစ်ပေါင်းများစွာကြာခဲ့ပြီးမှ တောင်းပန်စာလေး တစ်စောင်ကြောင့် ကျွန်ုပ် များစွာပျော်ရွှင်မိပါတယ်။ နောက်မကျခဲ့ဘူးပေါ့ဗျာ။

ခင်ဗျားတို့လည်း ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ပါ။ အတိတ်ဖြစ်ရပ်တွေကနေ ပြောဖို့ရှိတဲ့စကားလုံး၊ ရေးဖို့ရှိတဲ့ စာတစ်ကြောင်းကို မပြောမိ၊ မရေးမိလို့ ပြဿနာမရှင်းမိခဲ့တာများ ရှိခဲ့ရင် အချိန်များစွာကြာမြင့်ခဲ့ပြီဆိုရင်တောင် အခုပြော၊ အခုရေးရင် နောက်မကျသေးပါဘူး။

ဘယ်အချိန်ဖြစ်ဖြစ် နောက်ကျတယ်ဆိုတာ မရှိပါဘူး။ ။

**မောင်သီဟ**

(Ref:R/D. December,1989)
Who say it's too late?

## သူပြောတာလည်း ဟုတ်တာပဲ

ကျွန်မတပည့်တွေနဲ့ ရှေးဟောင်းပြတိုက်ကို သွားလေ့လာတဲ့အခါ၊ ကျွန်မသား လေးနှစ်သားလေးပါ လိုက်ပါခဲ့တယ်။ ပြတိုက်ထဲရောက်တော့ ကျွန်မက သားဖြစ်သူကို တိုးတိုးသတိပေးတယ်–

''သား၊ ဂရုစိုက်နော်၊ ဘယ်ပစ္စည်းကိုမှ သွားမထိလိုက်နဲ့၊ သားကြောင့် ကျိုးပဲ့သွားမှာစိုးလို့''

သားက–

''မာမီ၊ ပြတိုက်ကပစ္စည်းတွေက အားလုံးအကျိုးအပဲ့တွေချည်းပါပဲ''လို့ ပြန်ပြောပါတယ်။

**မောင်သီဟ**





# ထိန်ပင်မီးလောင်မှု မီးငြိမ်းသတ်သူ သူရဲကောင်းများအတွက် အထူးဂုဏ်ယူလေးစားမိပါကြောင်း

ကိုဇော(ပသာဒီဝင်)

၁၃–၅–၂၀၁၈ ရက်စွဲဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အတိုင်ပင်ခံရုံး၊ ပြည်သူသို့ကျေးဇူးတင်လွှာ ထဲမှ အပိုဒ်–၇ ကို ဖတ်ကြည့်ရာတွင် ''စုပေါင်းအင်အားဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် မည်သို့သော စိန်ခေါ်မှု၊ မည်သို့သောအခက်အခဲမျိုးကိုမဆို ကျော်လွှားအောင်မြင်နိုင်ကြောင်းကို ထိန်ပင်အမှိုက်ပုံ မီးလောင်မှုဖြစ်စဉ်က အထင်အရှားသက်သေပြဆိုနေပြီဖြစ်ရာ နိုင်ငံတော် ရှေ့ဆက်လျှောက်လှမ်းမည့် ခရီးလမ်း တစ်လျှောက် စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါ သည်။''ဟု ထိန်ပင်အမှိုက်ပုံ မီးငြိမ်းသတ်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့သူ ၃၂၈၇ ဦးအား မေလအတွက် ချီးကျူးဂုဏ်ပြု ထိုက်သူများအဖြစ် ရွေးချယ်မှတ်တမ်းတင်ဂုဏ်ပြုလိုက်သော ကျေးဇူးတင်လွှာကို ဖတ်လိုက်ရသော ကျွန်တော့်မှာ ကြည်နူးဝမ်းသာမှုဖြစ်မိတယ်။



ထိန်ပင်အမှိုက်ပုံကြီး မီးစလောင်တဲ့ရက်ကတော့ ၂၁-၄-၂၀၁၈ ရက်နေ့ပေါ့။ မီးလောင်ခဲ့တဲ့ ထိန်ပင်အမှိုက်ပုံကြီးဟာ လှိုင်သာယာမြို့နယ်၊ ကုလားကြီးစုကျေးရွာအုပ်စုမှာရှိပြီး ဒီအမှိုက်ပုံကို ၂၀၀၁ ခုနှစ်ခန့်ကတည်းက အဲဒီနေရာမှာ အမှိုက်ပုံလာကြတာပါ။ ဧက ၃၀၀ လောက်ကျယ်ဝန်းပြီး ရန်ကုန်တိုင်းဒေသကြီးတွင်းမှ နေ့စဉ်ထွက်ရှိသည့် အမှိုက်တန်ချိန် ၂၅၀၀ အနက်မှ တန် ၁၀၀၀ ခန့်ကို ယင်းအမှိုက်ပုံတွင် နေ့စဉ်လာရောက်စုပုံကြတယ်။

ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက "ဒီအမှိုက်ပုံတွေကိုရှင်းဖို့ အလေအလွင့်အမှိုက်တွေကနေ စွမ်းအင်ထုတ်ယူဖို့အတွက် စီမံကိန်းတွေ ရေးဆွဲနေတယ်။ တင်ဒါလည်းခေါ်နေတယ်၊ အမှိုက်တွေကို အကျိုးရှိအောင် ပြန်လည်အသုံးပြုဖို့လုပ်နေတယ်၊ ဒီကြားထဲမှာပဲ ၂၁ ရက်နေ့ နေ့လယ်ပိုင်းမှာ အပူချိန် တော်တော်တက်တယ်၊ ၄၂ ဒီဂရီလောက်တက်တယ်၊ အပေါ်ကလည်းပူတယ်၊ အောက်မှာလည်း အောင်းပြီးသားဓာတ်ငွေ့တွေတက်လာတယ်ဆိုတော့ အောက်ကစပြီး အတွင်းဘက်ကလောင်တာ၊ လောင်တာမသိလိုက်ဘူး။ ဘာတက်လဲဆိုတော့ အမှိုက်ကြားက မီးညွှန့်တက်လာတယ်၊ မီးညွှန့်တက်လာမှ မီးလောင်တာသိတယ်၊ အဲဒီမှာစပြီးတော့ မီးငြိမ်းတယ်၊ ဒီဘက်မှာ မီးငြိမ်းတော့ ဟိုဘက်ကတက်လာတယ်၊ အထဲကအောင်းပြီး လိုက်လောင်တာ၊ အဲဒါကိုထိန်းဖို့ အောက်ဆီဂျင်ဖြတ်မှရမယ်၊ အောက်ဆီဂျင်ရှိတဲ့နေရာတွေ မီသိန်းနဲ့ပေါင်းပြီး လောင်တယ်၊ အပူများတယ်၊ မီးငြိမ်းတဲ့အခါ အတော်သတိထား ငြိမ်းရတယ်"လို့ တွေ့ဆုံမေးမြန်းခန်းမှာရှင်းပြတယ်။ (ဧပြီ ၂၅ ရက် မြို့တော်ဝန်နှင့်သတင်းစဉ်ကတွေ့ဆုံမေးမြန်းစဉ်)

ထိန်ပင်အမှိုက်ပုံဟာ ဧက ၃၀၀ ခန့်ရှိပြီး







အစုဧက ၁၀၀ ခန့်မှာ မီးစတင်လောင်ကျွမ်းခြင်းဖြစ်တယ်။ ယင်းအမှိုက်ပုံတွင် ယခင်ကလည်း အသေးစားမီးလောင်မှုများ မကြာခဏဖြစ်ပွားခဲ့သော်လည်း ယခုလောင်ကျွမ်းမှုဟာ အချိန်ကြာမြင့်စွာ မီးလောင်ကျွမ်းမှုဖြစ်တာကြောင့် ထိုကဲ့သို့ မီးလောင်မှုမျိုး ထပ်မံမဖြစ်ပွားရန် သက်ဆိုင်ရာ တာဝန်ရှိသူများမှ ထိန်းသိမ်းကြပ်မတ်သင့်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဝင်းက ပြောကြားခဲ့တာကို ဧပြီလ ၂၆ ရက်နေ့ထုတ် ကြေးမုံနေ့စဉ်သတင်းစာမှာ ဖတ်လိုက်ရတယ်။

ထိန်ပင်အမှိုက်ပုံမီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းရင်းနှင့်ပတ်သက်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်ကလည်း "အမှိုက်တွေ မီးလောင်မှုဖြစ်တာ သိပ်တော့မဆန်းပါဘူး။ အာရှနိုင်ငံတွေမှာဆိုရင် အမှိုက်ပုံတွေကို တွင်းတူးပြီးတော့ ဖုံးပုံစနစ်နဲ့သုံးတယ်။ အဲဒီလိုဖုံးတဲ့နေရာမှာ အမှိုက်ထုပေါ်မူတည်ပြီး တချို့နေရာမှာ ခုနစ်ပေ၊ ရှစ်ပေရှိတယ်၊ တချို့နေရာမှာတော့ ၁၅၀ ပေလောက်ထိ တွင်းတူးထားတာတွေရှိတယ်၊ အမှိုက်ကို တကယ်ဖုံးသင့်တာ ဖုံးတဲ့အလွှာတွေရမယ်၊ တွင်းတူးပြီး အမှိုက်ပုံတော့ တွင်းထဲမှာလည်း အမှိုက်ရှိတယ်၊ တွင်းပေါ်မှာလည်း အမှိုက်ရှိတယ်၊ အမှိုက်ရှိတော့ မြေကြီးထဲမှာ အစိုဓာတ်ရှိတယ်၊ အမှိုက်ထဲမှာလည်း အော်ဂဲနစ်တွေ များတယ်၊ ဖိုစွတ်တာတွေများတော့ အမှိုက်ထဲကနေ မီသိန်းဓာတ်ငွေ့ထွက်တယ်၊ မီသိန်းဓာတ်ငွေ့ကို စနစ်တကျပြန်ထုတ်မယ်ဆိုရင် မော်တော်ယာဉ်မောင်းတာတွေမှာ ပြန်သုံးလို့ရတယ်၊ နိုင်ငံတကာမှာ အမှိုက်ပုံတွေကို အလွှာမတူဘဲ ပုံလိုက်တော့ မီသိန်းဓာတ်ငွေ့တွေဟာ နေ့တိုင်းထွက်တယ်၊ အမှိုက်ပုံအလွှာမတူတော့ အဲဒီထဲမှာ နိုအောင်းနေတဲ့ မီသိန်းဓာတ်ငွေ့တွေဟာ တစ်ကျောတည်းမဆက်ဘူး၊ အလွှာလိုက်ရှိနေတယ်၊ တချို့ကျတော့ ပေါ့ပါးပြီး အမှိုက်ပုံရဲ့အပေါ်တက်ပြီး လေထဲရောက်သွားတယ်၊ နေအရမ်းပူတဲ့အချိန်မှာ ဓာတ်ငွေ့တွေဟာ တလျှပ်လျှပ်လိုထွက်နေတာကိုမြင်ရတယ်၊ အမှိုက်ပုံတွေမှာ ဒီလို ရာသီဆို ဂတ်(စ်)က အဲဒီလိုမျိုးထွက်တယ်၊ ပတ်ဝန်းကျင်ရဲ့အပူချိန်ကမြင့်တယ်။ အမှိုက်ပုံထဲက မီသိန်းဓာတ်ငွေ့ထွက်တဲ့အချိန်မှာ လေဟာနယ်လိုဖြစ်သွားတယ်။ လေဆင်နှာမောင်းလိုတိုက်တယ်။ အဲဒီနားမှာ အောက်ဆီဂျင်မရှိတော့ဘူး။ အောက်ဆီဂျင်မရှိတဲ့အချိန်မှာ လေမွှေကြောင့် အမှိုက်တွေ အချင်းချင်းပွတ်တယ်။ ပွတ်တဲ့အပူရယ်၊ ပြင်ပကအပူချိန်ရယ်၊ အောက်ကထွက်နေတဲ့ မီသိန်းဓာတ်ငွေ့ရယ် သုံးမျိုးပေါင်းပြီးတော့ အလိုအလျောက် မီးလောင်တယ်။ တချို့က အမှိုက်တွေ အောက်မှာလှိုက်လောင်နေတယ်။ မီးခိုးလည်း မထွက်ဘူး။ မြင်လည်းမမြင်ရဘူး။ လူတွေလမ်းလျှောက်တဲ့အခါမှာပဲဖြစ်ဖြစ်၊ တိရစ္ဆာန်တွေသွားတဲ့အခါမှာပဲဖြစ်ဖြစ်၊ စက်ယန္တရားတွေသွားတဲ့အခါမှာပဲဖြစ်ဖြစ် ကျွံကျသွားတယ်။ အဲဒီအခါကျမှ မီးသွေးလို ဆွေးမြည့်နေတာကို တွေ့ရတယ်။ အမှိုက်ပုံမှာ မီးလောင်တဲ့ကိစ္စက အပူချိန်ကြောင့်ရယ်၊ လေမွှေကြောင့်ရယ်၊ မီသိန်းဓာတ်ငွေ့ထွက်တာကြောင့်ရယ် လောင်တာဖြစ်တယ်"လို့ တွေ့ဆုံမေးမြန်းခန်းမှာပြောကြားခဲ့တယ်။ (၂၅-၄-၂၀၁၈ ရက်ထုတ် မြို့တော်သတင်း)

အထက်မှာတင်ပြခဲ့တဲ့ အကြောင်းအရာအားလုံးဟာ ထိန်ပင်အမှိုက်ပုံကြီး မီးလောင်ရတဲ့ အကြောင်းတရားတွေပဲ ဖြစ်တယ်။ ဒီအကြောင်းတရားတွေကြောင့် အကျိုးတရားတွေထဲက ဆိုးကျိုးတွေကို လေ့လာကြည့်ဖြစ်တယ်။

အမှိုက်ပုံမီးလောင်တာက ၂၁-၄-၂၀၁၈ ရက်နေ့ မွန်းလွဲ ၁၂ နာရီခွဲပြီး မီးလောင်တယ်။ ဧပြီ ၂၃ ရက်နေ့ရောက်တော့ ကုလားကြီးရုရွာထဲကို နံနက်ပိုင်းကစပြီး မီးခိုးတွေဝင်လာတယ်။ မီးလောင်ပြီး ၃ ရက်လောက်မှာပဲ ယာယီဆေးခန်းတစ်ခု ဖွင့်ထားတယ်။ ဆေးထိုး၊ ဆေးသောက်လိုတဲ့ ပြည်သူတွေအတွက် ကျန်းမာရေးဆရာမနဲ့ ကြက်ခြေနီတွေက ဆောင်ရွက်ပေးခဲ့တယ်။ ရွှေလင်ပန်း ၂၀ ရပ်ကွက်က







အသက်ကြီးပိုင်းများ အသက်ရှူမဝလို့ ဆေးရုံ ဆေးခန်းကို ရောက်လာကြပါတယ်။

အမှိုက်ပုံမီးလောင်မှုက ထိန်ပင် သုသာန်ဝင်း၊ စည်ပင်သာယာအမှိုက်ပုံ၊ ရဲတပ်ရင်း (၉)နောက်ပိုင်းနဲ့ ခရစ်ယာန် သင်္ချိုင်းထိ မီးကူးဆက်လောင်ကျွမ်းလာပါတယ်။ မီးခိုးတွေက လှိုင်သာယာမြို့နယ် တွင်သာမက ရွှေပြည်သာ၊ အင်းစိန်မြို့နယ်ထိ စူးရှတဲ့အနံ့အသက် ရှူရှိုက်နေရတယ်၊ ဒီထိန်ပင်အမှိုက်ပုံမီးလောင်မှုကြောင့် အနီးရှိကျေးရွာနှင့် ရပ်ကွက်တွင်းနေထိုင်ကြသောပြည်သူများ အသက်ရှူကြပ်ခြင်း၊ ချောင်းဆိုး ခေါင်းကိုက်ခြင်းများရှိလာတာကြောင့် ဆေးရုံ ဆေးခန်းများသို့ ပရဟိတအဖွဲ့များမှ လူနာတင်ယာဉ်များဖြင့် အောက်ဆီဂျင်ပေး ကုသပေးရင်း ပို့ဆောင်နေကြတယ်။ ဆေးရုံကို ၁၅ ဦးပို့ပြီး ၆၀ ကျော်ကို လူနာတင် ယာဉ် ၈ စီးဖြင့် ကုသပေးခဲ့ကြပါတယ်။ မြို့နယ်ကျန်းမာရေးအဖွဲ့ကလည်း စာကြည့်တိုက်မှာ ဆေးခန်းဖွင့်ပြီး ဆေးကုသပေးတယ်။ ညပိုင်းရောက်တော့ လေတိုက်နှုန်းပြင်းလာတာကြောင့် အငွေ့နံ့ကို ပိုခံစားလာရတယ်။ လေကြောင်းကျတဲ့ အမှတ်(၂၀) ရပ်ကွက်၊ ကျုံစုရွာ၊ ကုလားကြီးစုရွာတို့မှာ အများဆုံးခံစားနေရတယ်။

လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံ အုပ်ကြီး Dr.ဆန်းလွင်ဦးကလည်း "မီးခိုးမွန်တဲ့ဒဏ်ကြောင့် ဆေးရုံတက်ရောက် ကုသနေတဲ့လူနာတွေ အခြေအနေကတော့ အားလုံးကောင်းပါတယ်၊ စိုးရိမ်စရာအနေအထားမရှိပါဘူး။ အခုတက်ရောက်နေတဲ့ လူနာတွေရဲ့လက္ခဏာကတော့ အသက်ရှူကြပ်တာတို့ မောတာတို့ ခံစားရပြီး ရောက်ရှိလာတာပါ။ လာရောက်တဲ့လူနာတွေထဲမှာ အောက်ဆီဂျင်မလိုအပ်တဲ့လူနာတွေလည်းပါတယ်၊ သို့သော်လည်း စိတ်ချရတဲ့အနေအထားရောက်တဲ့ထိ ကျွန်တော်တို့ကုသပေးသွားမှာပါ၊ အောက်ဆီဂျင်လည်း အလုံအလောက်ရှိတယ်၊ ကြိုတင်ပြင်ဆင်မှုတွေလည်း ဆက်လက်လုပ်ထားပါတယ်"လို့ ဆိုတယ်။

အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာနကလည်း မီးခိုးဒဏ်ကိုအများဆုံးခံရတဲ့ ရပ်ကွက်များအတွင်းနဲ့ မီးလောင်မှုအနီးတို့တွင် ဆေးကုသမှုစခန်းများ ဖွင့်လှစ်ထားသည့်အပြင် ယာယီနားခိုစရာများပြုလုပ်ပေးရန် စီစဉ်ဆောင်ရွက်ခဲ့တယ်။ မီးလောင်မှုအနီးတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများကလည်း ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိပြီး အလှူရှင်ပြည်သူများကလည်း အစားအသောက်၊ ရေနှင့်ဆေးဝါးများလာရောက်လှူဒါန်းလျက်ရှိတယ်။

အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ကုတင်-၁၀၀၀)မှ ဆေးကုသမှုပါရဂူ ဗိုလ်ကြီး သိန်းနေလင်းက "ကျွန်တော်တို့အဖွဲ့ကလည်း မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ဒေသခံပြည်သူတွေကို ဆေးဝါးစောင့်ရှောက်မှုပေးနေတာပါ၊ မီးခိုးမွန်တဲ့ဒဏ်၊ ထိခိုက်ဒဏ်ရာ တစ်ခုခုဖြစ်ခဲ့ရင် အချိန်မီကုသမှုမျိုးလုပ်ပေးနိုင်အောင် ဆောင်ရွက်ပေးနေတာပါ၊ လိုအပ်ရင် အသုံးပြုနိုင်ဖို့အတွက် လူနာတင်ယာဉ်လည်း အသင့်ရှိတယ်၊ ကြိုတင်ကာကွယ်မှုအနေနဲ့ ဓာတ်ဆားရည်တွေ ကြိုတိုက်ထားတာမျိုးအပြင် ဖြစ်လာခဲ့ရင်လည်း အဆင်သင့်ကုသနိုင်အောင် ပြင်ဆင်မှုတွေ ပြုလုပ်ထားတယ်၊ သက်ရှိမှာတော့ မီးသတ်တပ်ဖွဲ့ဝင်တွေ အသေးစားထိခိုက်ရှနာတွေ လောက်ပဲရှိတယ်"ဟု ပြောတယ်။

ထိန်ပင်အမှိုက်ပုံမီးလောင်ကျွမ်းသည့်မှ မီးခိုးမွှန်ခြင်းနှင့် ဆက်စပ်ရောဂါများဖြင့် လှိုင်သာယာပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ်ဆေးရုံတက်ရောက်ကုသမှုခံရသူ လူနာများမှာ ဧပြီ ၂၄ ရက်တွင် ၁၃ ဦး၊ ၂၅ ရက်တွင် ၂ ဦးနှင့် ၂၆ ရက်တွင် ၄ ဦး။ စုစုပေါင်း ၁၉ ဦးနှင့် ပြင်ပလူနာအဖြစ် စုစုပေါင်း ၁၉ ဦးရှိခဲ့ရာ အတွင်းလူနာများ အနက် တစ်ဦးမှာ အဆုတ်ရောဂါအခံရှိသူဖြစ်သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဧပြီ ၂၄ ရက်တွင် လွှဲပြောင်းကုသမှုပေးခဲ့သည်။ ပရဟိတအဖွဲ့များနှင့်ချိတ်ဆက်ပြီး အောက်




ဆီဂျင်အိုးပြတ်လပ်မှုမရှိအောင် စီစဉ်ဆောင်ရွက်ထားတယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲမှ လေထုအရည်အသွေးတိုင်းတာ စစ်ဆေးခြင်းများလုပ်ငန်းများကို (၂၀) ရပ်ကွက်၊ (၆)ရပ်ကွက်တို့တွင် စတင်ဆောင်ရွက်ခဲ့တယ်။ မီးခိုးငွေ့အန္တရာယ်ဆိုင်ရာ၊ ကျန်းမာရေးအသိပညာပေးခြင်းဆိုင်ရာလုပ်ငန်းများကို အများပြည်သူလူထုမြင်သာရာ နေရာများတွင် ဗီနိုင်းဆိုင်းဘုတ်များတပ်ဆင်၍လည်းကောင်း၊ သတိပြုလိုက်နာရမည့် အချက်များကို ဆွေးနွေးဟောပြောပွဲများပြုလုပ်၍လည်းကောင်း၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်ပူးပေါင်းပြီး အသံချဲ့စက်များ အသုံးပြုနှိုးဆော်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့တယ်။

ထိန်ပင်အမှိုက်ပုံမီးလောင်မှုကြောင့် ဖြစ်ပေါ်လာတဲ့အကျိုးဆက်အနေဖြင့် မီးခိုးများ လွှမ်းခြုံခံရသောပြည်သူများ မီးခိုးမွန်ခြင်း၊ အသက်ရှူကြပ်ခြင်းစတဲ့ မီးခိုးနှင့်ဆက်စပ်သောရောဂါလက္ခဏာများ ရရှိခံစားရခြင်းကြောင့် အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ တပ်မတော်အမှတ်(၁) ဆေးရုံကြီး (ကုတင်-၁၀၀၀)၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းအစိုးရအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့များနှင့် ပရဟိတလူမှုရေးအဖွဲ့အစည်းများ၊ တစ်သီးပုဂ္ဂလစေတနာရှင်ပြည်သူများကပါ ဝိုင်းဝန်းကူညီစောင့်ရှောက်မှု ပါဝင်လုပ်ဆောင်လာရတဲ့အခြေအနေထိ ဖြစ်ပေါ်လာတာတွေ့ရတယ်။ ဒီမီးလောင်မှုကို စဉ်းစားကြည့်မယ်ဆိုရင် ထိန်ပင်အမှိုက်ပုံဟာ အကြောင်းအရင်းမျိုးစုံ၊ အကြောင်းတရားမျိုးစုံ ပေါင်းစပ်ညီညွတ်လာတဲ့အခါ အမှိုက်ပုံမှာ မီးကအတွင်းကိုလိုက်လောင်ရာမှ တဖြည်းဖြည်းကြီးမားကျယ်ပြန့်လာပြီး မီးခိုးလုံးများ ပတ်ဝန်းကျင်တခွင် ပျံ့နှံ့လာမှုကြောင့် ပတ်ဝန်းကျင်ရှိ ပြည်သူတွေ ရောဂါတွေရ၊ ဒုက္ခတွေရလာတာဟာ အမှိုက်ပုံ မီးလောင်မှုတည်းဟူသော အကြောင်းတရားကြောင့်ရရှိလာတဲ့ ဆိုးကျိုးတရားပါလို့ဆိုရင် မှားမည်မထင်ပါ။

ဖော်ပြပါ ဆိုးကျိုးတွေကပင်လျှင် လောင်မြိုက်နေသောအမှိုက်ပုံမီးကို မငြိမ်းမနေ ငြိမ်းသတ်ဖို့အကြောင်းအရင်းပင်ဖြစ်လာပါတယ်။ ဒီမီးလောင်မှုဟာ ဧပြီ ၂၁ ရက်နေ့ လောင်ကျွမ်းဖို့နှံမှုစတင်ပြီး မီးကိုငြိမ်းသတ်နေတာပါ။ ၂၃ ရက်နေ့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးမောင်မောင်စိုး ရောက်ရှိစစ်ဆေးခဲ့ပြီး မြန်မာနိုင်ငံမီးသတ်ဌာန အုပ်ချုပ်မှုညွှန်ကြားရေးမှူး ဦးကျော်သူရနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၂ စီး၊ ရေသယ်ယာဉ် ၁၂ စီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရေသယ်ယာဉ် ၄ စီး၊ မြေထိုးစက် ၄ စီးတို့ဖြင့် ဆက်လက်ငြိမ်းသတ်ခဲ့တယ်။

အမှိုက်ပုံမီးလောင်မှုအခြေအနေနဲ့ မီးငြိမ်းသတ်မှုအခြေအနေများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒေါက်တာ အောင်မြင့်မော်က "အမှိုက်ပုံတည်ရှိတဲ့နေရာက ကွင်းပြင်ကြီးဖြစ်ပြီး၊ ဧက ၁၂၀ လောက်ရှိတယ်၊ ဧက ၈၀ လောက်က အမှိုက်တွေနဲ့ ပြည့်နေတယ်၊ ဖြစ်စဉ်ဖြစ်တာ စနေနေ့မနက်ပိုင်းလောက်က စဖြစ်တယ်။ ပထမနေ့မှာ သိသိခြင်းဌာနမှာရှိတဲ့ရေကားတွေနဲ့ ဖျန်းလိုက်တယ်၊ မီးသတ်ကား ၁၉ စီး၊ ရေကား ၇ စီးနဲ့ အဆင်သင့်စောင့်ပြီးလုပ်နေတယ်၊ အိမ်မီးလောင်တာဆိုရင် အိမ်ထဲကို တိုက်ရိုက်ရေဖျန်းလို့ရတယ်၊ အခုဟာက အဲဒီလိုဖျန်းလို့မရဘူး။ သွားတဲ့လမ်းကြောင်းကို ပိတ်ပြီးတော့မှလုပ်လို့ရတယ်၊ မီးသတ်ကားနဲ့ ရေလောင်းလိုက်တော့ မီးခိုးငြိမ်းသွားတယ်၊ ကွင်းပြင်ကြီးဆိုတော့ အဲဒီနေရာက ပျောက်သွားပြီး နောက်တစ်နေရာမှာထပ်ဖြစ်တယ်၊ အောက်ထဲမှာလိုက်လောင်နေတယ်၊ မီးခိုးထည်းမထွက်ဘူး။ နောက်နေ့ တနင်္ဂနွေနေ့ မနက်မှာ မီးခိုးတွေမဲသွားပြီး လေတိုက်တဲ့အချိန်မှာ ကွင်းပြင်တစ်ခုလုံးက မီးခိုးတွေနဲ့ အုပ်ပြီး ဘာမှမမြင်ရဘူး။ ရေလောင်းရင်



တော့ ပြည့်ဝစွာ မလောင်ကျွမ်းဘူး။ မလောင်ကျွမ်းတော့ မီးခိုးငွေ့ထဲမှာ ကာဗွန်ဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်တို့၊ ဘိုဒိုင်းအော်ဂဲနစ်တို့ စတဲ့ဓာတ်ငွေ့တွေပါနိုင်တယ်။ ရေမလောင်းဘဲထားလိုက်ရင် ကာဗွန်ဒိုင်အောက်ဆိုက်ထွက်မယ်။ ကာဗွန်မိုနောက်ဆိုက်ထွက်မယ်၊ ဒီနှစ်မျိုးပဲထွက်မယ်၊ ဘိုဒိုင်းအော်ဂဲနစ်ကွန်ပေါင်းမထွက်တော့ဘူး။ မီးလောင်တဲ့အချိန်မှာ ရေကိုနိုင်အောင်လောင်းရင် ဘာပြဿနာမှမရှိဘူး။ ရေကိုမနိုင်ဘဲ သွားလောင်းရင် ပြဿနာပိုကြီးတယ်၊ ရေကိုမစို့မပို့ သွားလောင်းရင် ရေထဲမှာပါတဲ့ အောက်ဆီဂျင်နဲ့ ဟိုက်ဒရိုဂျင်ကနေပြီးတော့ ပြန်ပြီးမီးလောင်တယ်။ မီးလောင်တာကို ပိုမကျယ်ပျံ့အောင်ဘဲ လုပ်လို့ရတယ်။ ဥပမာ–မီးသွားတဲ့ လမ်းကြောင်းကို ကြိုပြီးတော့ ရေရွှဲနစ်အောင်လုပ်ရမယ်။ နောက်တစ်ခါ ခုလိုမီးလောင်ချိန်မှာ အဲဒီနားကို လူလည်းကပ်လို့မရသလို မီးသတ်ကားလည်း ကပ်မရတော့ဘူး။ သွားရင် ကျွံသွားနိုင်တယ်။ ကိုယ်လည်း မမြင်နိုင်ဘူး။ တကယ်လုပ်မယ်ဆိုရင် ဒီဘာ လေးငါး၊ ခြောက်စီးနဲ့ လမ်းကြောင်းတွေဖွင့်ပြီး ရှင်းထုတ်မှရမယ်။ သူ့ကိုငြိမ်းသတ်ဖို့ဆိုရင် ကျွန်တော်ခန့်မှန်းတာကတော့ အနည်းဆုံး ဧပြီ ၂၅ ရက်လောက်မှ လောင်စာကုန်ပြီး မီးလောင်တာ ရပ်သွားလိမ့်မယ်၊ လောလောဆယ်တော့ ဘာမှလုပ်လို့မရဘူး။ တခြားကို မကူးစက်အောင်ဘဲလုပ်လို့ရမယ်။ မိုးရွာသလိုလောင်းနိုင်ရင်တော့ ကောင်းတယ်''လို့ ပြောကြားခဲ့တယ်။

လက်ရှိမီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး မြို့တော်ဝန်ဦးမောင်မောင်စိုးက ''စပြီးငြိမ်းတုန်းက YCDC ပေါ့ YCDC ပြီးတော့ ပူးပေါင်းပါဝင်တာ မီးသတ်ပေါ့၊ မနေ့ကဆိုရင် တပ်မတော်ပါလာပြီ၊ အခု ဆည်မြောင်းပေါ့ ပါလာပြီ၊ လေးဌာနပေါ့၊ YCDC ရယ်၊ မီးသတ်ရယ်၊ တပ်မတော်ရယ်၊ ဆည်မြောင်းရယ် ပါလာပြီ၊ တပ်မတော်ဆိုရင် တော်တော်အင်အားများတယ်၊ လူရော၊ ပစ္စည်းအင်အားရော ဝင်ပြီး မီးလောင်အားကလည်း ကျသွားတဲ့အခါကျတော့ ဝိုင်းပြီးထိန်းသိမ်းထားနိုင်တယ်၊ အမှိုက်တွေစီအောင် ရှိသမျှကန်ထဲက ရေတွေစုပ်ပြီးတော့ မီးသတ်ကားနဲ့မဟုတ်ဘူး။ ဝိုက်နဲ့ထည့်ပြီး အမှိုက်ပုံထဲကို ရေလွှတ်နေမယ်၊ ရေစိုသွားအောင်လုပ်တာဖြစ်တယ်၊ နောက်တစ်ခုက မီးလောင်တဲ့နေရာကို မီးခိုးထပ်မထွက်အောင် Bio Foam ဓာတ်ငွေ့ရည်နဲ့ရောပြီး အမြင့်တက်မီးသတ်ကား ပက်မယ်။ ဒီနေ့စမှာပြီး မနက်ဖြန်ရောက်မယ်၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေလည်း အကူအညီပေးပါတယ်''လို့ ၂၅–၄–၂၀၁၈ သတင်းစဉ်အဖွဲ့နဲ့ တွေ့ဆုံခန်းမှာ ပြောကြားသွားခဲ့တယ်။

ထိန်ပင်စည်ပင်သာယာအမှိုက်ပုံ အမြန်မီးငြိမ်းသတ်နိုင်ရေးအတွက် ၂၅–၄–၂၀၁၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းအစိုးရအဖွဲ့ရုံးမှာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့တယ်။ ဧပြီ ၂၁ ရက်



စတင်လောင်ကျွမ်းခဲ့တဲ့မီးကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ YCDC၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ မီးသတ်ယာဉ်များ၊ ဘုပ်ချုပ်မှုယာဉ်များ၊ အထောက်အကူပြုယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးလောင်ကော နှစ်ကကခန့်ငြိမ်းသတ်နိုင်ပြီး မီးလောင်မှုဧက ၈၀ ရာခိုင်နှုန်းကို ထိန်းချုပ်နိုင်ခဲ့တယ်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ''အခု ကျွန်တော်တို့မီးမကူးစက်ရေးအတွက်လည်း ထိန်းနိုင်ပြီ မီးငြိမ်းသတ်ရေးကလည်း ၈၀ ရာခိုင်နှုန်းလောက်ထိန်းနိုင်ပြီ၊ ကျွန်တော်တို့မထိန်းနိုင်သေးတာ မီးခိုးဖြစ်နေတယ်၊ ဒါကြောင့် နည်းပညာပိုင်းဆိုင်ရာနဲ့ မီးခိုးအတွက်ကို ဆောင်ရွက်နိုင်ဖို့အတွက် Bio Foam သုံးမယ်ဆိုတဲ့ အစီအစဉ်ကို ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်၊ အခုချိန်ကစပြီး မှာယူရေးလုပ်ငန်းစဉ်ကို ကျွန်တော်တို့စမယ်၊ ၃၆ နာရီအတွင်းရောက်လာဖို့ တွန်းအားပေး ဆောင်ရွက်မှာဖြစ်ပါတယ်''လို့ ပြောကြားခဲ့တယ်။

ဒါ့အပြင် ထိန်ပင်ရောက်နအစပ်၌ ရေတွန်းပန့်များတပ်ဆင်ကာ မီးလောင်ပြင်နေရာသို့ ရေများ တောက်လျှောက်ပို့လွှတ်နိုင်ရေးလည်း စီစဉ်ဆောင်ရွက်ထားကြောင်းနှင့် အမှိုက်ပုံမီးငြိမ်းသတ်ရေးနှင့် မီးခိုးများ လျော့နည်းပျောက်ရေးအတွက် လိုအပ်ချက်ရှိတဲ့ Bio Foam ဆေးရည် ဂါလန် ၁၈၀၀ ကိုလည်း ထိုင်းနိုင်ငံသို့ မှာယူပြီး ကရင်ပြည်နယ် မြဝတီလမ်းမှ တစ်ဆင့် မှာယူအသုံးပြုနိုင်ရန် စီစဉ်ပြီးကြောင်းလည်း သိရပါတယ်၊ မီးငြိမ်းသတ်ရာတွင် ပိုမိုထိရောက်စွာ ကွပ်ကဲနိုင်အောင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့က ဒရုန်းယာဉ်များဖြင့် ကောင်းကင်ဓာတ်ပုံများ ရိုက်ယူကွပ်ကဲနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်းလည်း သိရပါတယ်။ လက်ရှိအချိန်မှာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ အင်အား ၈၀၀ နီးပါး

အသုံးပြုကာ ဗိုင်းဝန်းငြိမ်းသတ်လျက်ရှိကြောင်း''လည်း ပြောကြားသွားပါတယ်။ ဆက်လက်ပြီး ဝန်ကြီးချုပ်က ''ဒီမီးလောင်မှုကို ကူညီဖို့ အာဆီယံအဖွဲ့တွေကလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ကျွန်တော့်တို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရဆီ ကူညီဖို့ကမ်းလှမ်းလာပါတယ်၊ ကျွန်တော်တို့ ခုဖြစ်နေတဲ့ အခြေအနေကို ဒီနေ့နဲ့ မနက်ဖြန်လောက်ကို ဗိုင်းနယ်လုပ်ကြည့်မယ်၊ လုပ်ကြည့်လို့မှ လိုအပ်ချက်ရှိတယ်ဆိုရင် နောက်ထပ် နည်းပညာတိုးမြှင့်ဆောင်ရွက်ဖို့အတွက် ထပ်ပြီးဆွေးနွေးမယ်၊ ထိန်းလို့မရဘူးဆိုရင် နိုင်ငံတကာနဲ့ပေါင်းစပ်ပြီး နည်းပညာအဆင့်မြှင့်တင်ဖို့အတွက် ကျွန်တော်တို့ကြိုးစားမယ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှာရှိတဲ့ဆေးရည်နဲ့ ဖျန်းရတာဖြစ်တာကြောင့် အခက်အခဲရှိနိုင်ပါတယ်၊ ဒါပေမယ့် နိုင်ငံခြားကနေ ဆေးရည်မှာထားပြီးဖြစ်ပါတယ်၊ ဒီနေ့ ငြိမ်းသတ်လို့ အဆင်မပြေရင် မနက်ဖြန် ထိုင်းနိုင်ငံကမှာထားတဲ့ဆေးရည်နဲ့ဖျန်းပါမယ်၊ အဲဒီဆေးရည်က အမေရိကန်ကထုတ်တဲ့ ဆေးရည်ပါ။ မနက်ဖြန်ရောက်မယ်၊ ကျွန်းမာရေးစောင့်ရှောက်မှုကိုလည်း အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ထားပါတယ်''လို့ ပြောကြားသွားပါတယ်။

ထိန်ပင်အမှိုက်ပုံစတင်မီးလောင်စဉ်ကပင် ငြိမ်းသတ်မှုတွေဆောင်ရွက်ခဲ့တယ်။ အမှိုက်ပုံမီးက မီးတောက်မီးလျှံနဲ့ လောင်တာမဟုတ်တော့ မီးငြိမ်းသတ်ရတဲ့သူတွေ တော်တော်ဒုက္ခရောက်ကြရတယ်၊ မီးတောက်မြင်ပြီး ငြိမ်းသတ်ရတာမျိုးမဟုတ်ဘဲ မီးခိုးငွေ့နဲ့မမြင်ရတဲ့ မီသိန်းဓာတ်ငွေ့ထွက်နေတဲ့ အမှိုက်ပုံကိုဖျန်းရတော့ တော်တော်သတိထားရပါတယ်၊ အထဲမှာ လိုက်လောင်နေတဲ့နေရာကို ခြေကျွံကျသွားရင် မတွေ့ရဲစရာပါ။ နောက် အမှိုက်ပုံပေါ်မှာ ရေတက်ဖျန်းရတော့ အောက်ကလည်း မှု၊ အပေါ်ကလည်းနေရှိန်ကပူပြီး မီးခိုးငွေ့တွေကိုလည်း mask တွေ တပ်ထားသော်လည်း ရှူရှိုက်မိနေတာကြောင့် မီးငြိမ်းသတ်နေသူတွေရဲ့ စိတ်သောကတွေကို အမြင်၊ အတွေးနဲ့ပင် မှန်းဆခံစားကြည့်တာတောင် စိတ်မချမ်းမြေ့နိုင်ပါဘူး။ စိတ်ပင်ပန်း၊ လူပင်ပန်း၊ ကိုယ်ခန္ဓာ ညစ်နွမ်းနေကြတာ အမှန်ပင်ဖြစ်တယ်။ ဒါကြောင့် ကရုဏာရှင်တွေ၊ စေတနာရှင်တွေကအစားအသောက်၊ အကာအကွယ် စားဆေး၊ အားဆေးတွေအပြင် သက်သောင့်သက်သာ နားနေနိုင်ဖို့အတွက် Aircon Bus တွေကအစ ကူညီထောက်ပံ့ပေးနေတာတွေ့ရပါတယ်။

**မီးတောက်မြင်ပြီး**

**ငြိမ်းသတ်ရတာမျိုးမဟုတ်ဘဲ မီးခိုးငွေ့နဲ့**

**မမြင်ရတဲ့ မီသိန်းဓာတ်ငွေ့ထွက်နေတဲ့**

**အမှိုက်ပုံကိုဖျန်းရတော့**

**တော်တော်သတိထားရပါတယ်၊ အထဲမှာ**

**လိုက်လောင်နေတဲ့နေရာကို**

**ခြေကျွံကျသွားရင် မတွေ့ရဲစရာပါ။**

**နောက် အမှိုက်ပုံပေါ်မှာ**

**ရေတက်ဖျန်းရတော့ အောက်ကလည်းမှု၊**

**အပေါ်ကလည်း နေရှိန်ကပူပြီး. . .**

အမှိုက်ပုံမီးကို ငြိမ်းသတ်ရာမှာ စက်ကြီးများနဲ့အမှိုက်ပုံကိုဖြတ် ၁၅ ပေအနက်ထိ တူးပြီးလမ်းကြောင်းဖော်ကာ အဲဒီလမ်းကြောင်းအတွင်း ရေနိုင်နိုင်လွှတ်ဖို့ အမှိုက်ပုံမီးမကူးဆက်ရေးကို မီးတားလမ်းလုပ် ဖြတ်တောက်ခဲ့ရတယ်။ နောက်ရေနိုင်နိုင်လောင်းနိုင်တာကြောင့် မီးလောင်မှုကိုထိန်းသိမ်းနိုင်ခဲ့ပြီး မီးခိုးထွက်ရှိမှုကိုထိန်းရန်အတွက်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ထိုင်းနိုင်ငံမှ မှာယူထားတဲ့ Bio Foam ဆေးရည်များကို ရေများများရောပြီး ဖျန်းဖို့စီစဉ်ကြတယ်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမြတ်သူက ''လက်ရှိမြေပြင်အခြေအနေကိုကြည့်ပြီးတော့ မဟာဗျူဟာအသစ်ကိုပြောင်းလဲရေးဆွဲခဲ့ပါတယ်။ မီးလောင်ပြင်ကို ဇုန်လေးဇုန်သတ်မှတ်ပြီး အပိုင်းလိုက်ငြိမ်းသတ်နေပါတယ်။ ဒီကနေ့ဆိုရင် ဇုန်(A)ကိုငြိမ်းသတ်နေတာပါ၊ ညနေ ၆ နာရီခွဲရင်တော့ သတ်မှတ်ချိန်ပြည့်ပြီး လတ်စသတ်ပါတော့မယ်။ ဒီကနေ့ရဲ့ရည်မှန်းချက်က ပြည့်လည်းပြည့်တယ်၊ အောင်လည်းအောင်မြင်ပါတယ်။ ဇုန်တစ်ဇုန်ကို တစ်ရက်နှုန်းနဲ့ အပြီးငြိမ်းသတ်သွားမှာပါ။ နောက်ထပ်သုံးရက်ဆိုရင် အားလုံးငြိမ်းပါပြီ။ လက်ရှိငြိမ်းသတ်တဲ့အခါမှာတော့



Bio Foam ဆေးရည်ကို နည်းနည်းပဲသုံးပါတယ်။ ရေများများနဲ့ ငြိမ်းသတ်နေတာပါ။ အဆုံးသတ်အပိုင်းတွေကိုတော့ Bio Foam ဆေးရည်နဲ့ ငြိမ်းပါတယ်''ဟုပြောတယ်။ ရန်ကုန်မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးမြင့်ဦးကလည်း ''လက်ရှိအခြေအနေက တော့ အပြီးသတ်ငြိမ်းနေတာပါ၊ ကျန်တော့် အနေနဲ့က သတ်မှတ်ဇုန် အပိုင်း(၃)ကို တာဝန်ယူငြိမ်းသတ်နေတာပါ။ ငြိမ်းပြီးသား နေရာတွေကို နောက်ထပ်ငြိမ်းစရာမလို အောင် ဆောင်ရွက်နေပါတယ်။ အရင်နေ့ တွေလောက် မီးခိုးမထွက်တော့ပါဘူး။ အမှိုက်ပုံကကြီးတော့ လောင်တဲ့အပေါ်မှာ တတ်နိုင်သလောက်ထိန်းသိမ်းပြီး ငြိမ်းသတ် ခဲ့တယ်။ လက်ရှိမှာလည်း သတ်မှတ်ထား တဲ့အတိုင်း အပိုင်းလိုက်ငြိမ်းသတ်လျက်ရှိပါ တယ်''လို့ပြောတယ်။

ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး က ''မနေ့ကမနက်အထိတော့ အကုန်လုံး စုပေါင်းပြီးလုပ်ကြတာပါ၊ မနေ့ကညနေပိုင်း မှာတော့ မီးသတ်ကို တာဝန်ခံအနေနဲ့အပ် လိုက်ပါတယ်၊ ကျန်တဲ့အဖွဲ့အစည်းတွေက တော့ သူတို့ကို လိုအပ်တဲ့လူအင်အားနဲ့ ပစ္စည်းအင်အားတွေဖြည့်ဆည်းပေးပါတယ်။ အခုဆိုရင် မီးသတ်ဖွဲ့အနေနဲ့ ဇုန်လေးဇုန် သတ်မှတ်ပြီးငြိမ်းသတ်နေပါပြီ။ လက်ရှိ အခြေအနေအရ ထိရောက်အောင်မြင်မှုရှိပါ တယ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကဆွဲတဲ့ မဟာဗျူဟာကို အာဆီယံကအဖွဲ့ရယ်၊ ထိုင်း ကလာ ရောက်တဲ့ကျွမ်းကျင်ပညာရှင်အဖွဲ့ တွေကလည်း သဘောတူလက်ခံပါတယ်၊ အခုသည်း လေထုတိုင်းတဲ့အခါမှာ အရင် နေ့တွေကနဲ့ မတူတော့ပါဘူး။ တော်တော် အခြေအနေကောင်းလာပါပြီ''ဟု ပြောကြား သွားတယ်။



မီးငြိမ်းသတ်မှုများကို စနစ်တကျလုပ် ကိုင်ဆောင်ရွက်ငြိမ်းသတ်နေသည်များကို တွေ့ရပြီးနောက် မွန်းလွဲပိုင်းမှာ မီးလောင်မှု အနီးရှိ ကွပ်ကဲရေးရုံး၌ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူ များ၊ မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ အရာရှိ ကြီးများ၊ တပ်မတော်မှအရာရှိကြီးများ၊ ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ၊ ထိုင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ စစ်ဘက်ဆိုင်ရာအရာရှိနှင့် ကျွမ်းကျင်ပညာ ရှင်များ၊ အာဆီယံသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန် ရှိသူများက အပြီးသတ်မီးငြိမ်းသတ်ရေးနှင့် ပတ်သက်ပြီး ဆွေးနွေးမှုများပြုလုပ်ခဲ့ကြ တယ်။ အာဆီယံသဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် ထိုင်း နိုင်ငံမှ ကျွမ်းကျင်ပညာရှင်အဖွဲ့များက မီး လောင်မှုမှထွက်ရှိသည့် မီးခိုးများနှင့် ပတ် သက်၍ မီးလောင်ပြင်အနီး လေ့လာမှုများ ပြုလုပ်ခြင်းနှင့် လေထုတိုင်းတာခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း ကြားသိရ တယ်။

ဒီထိန်ပင်အမှိုက်ပုံမီးငြိမ်းသတ်မှုမှာ မီး လောင်မှုကို မီးလမ်းကြောင်းဖြတ်ငြိမ်းသတ် ခြင်း၊ ရေနိုင်နိုင်လောင်း ငြိမ်းသတ်ခြင်းတွေ ကြောင့် မီးလောင်မှုကို ၉၀ ရာခိုင်နှုန်းအထိ တားဆီးနိုင်ခဲ့သော်လည်း မီးခိုးထွက်ရှိမှုက အဆုံးမသတ်နိုင်သေးတာကြောင့် Bio Foam ဆေးရည်ဖြင့်ဖျန်းရန် လိုအပ်လာ တယ်။ လိုအပ်တဲ့ Bio Foam က ထိုင်း နိုင်ငံမှ မှာယူရမှာပါ။ လိုအပ်တဲ့ဂါလန်က ၅၀၀၀ ခန့်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့က ဂါလန် ၁၄၀၀ ပထမအကြိမ် မှာယူ နိုင်ခဲ့တယ်။ လိုအပ်တဲ့ဂါလန်ကိုတော့ KBZ နဲ့ ပါတနာအဖွဲ့များ သိန်း ၃၄၀၀ ကျပ်ကို လှူဒါန်းခဲ့တာကြောင့် အားလုံးအဆင်ပြေစွာ နဲ့ အမှိုက်ပုံကထွက်တဲ့ မီးခိုးအားလုံးကို အနိုင်ယူငြိမ်းသတ်နိုင်ခဲ့ပါတယ်။



အထက်မှာဖော်ပြခဲ့တဲ့အကြောင်းအရာ ဖြစ်စဉ်တွေကို ပြန်လေ့လာသုံးသပ်ကြည့် မယ်ဆိုရင် ဧက ၁၀၀ ဖျက်ျယ်ပြီး ၁၅ ပေခန့်မြင့်တဲ့ အမှိုက်ပုံကြီးဟာ အမှိုက်မျိုးစုံ ပါဝင်ပြီး နှစ်ပေါင်းများစွာကြာရှည်စွာ ပုံလာ ခဲ့တာကြောင့် အမှိုက်ထဲက အော်ဂဲနစ်တွေနဲ့ မြေကြီးထဲက အစိုဓာတ်တွေ့ဆုံကြပြီး ကြာ

လာတော့ မီသိန်းဓာတ်ငွေ့တွေထွက်လာတယ်။ မီသိန်းဓာတ်ငွေ့တွေ လေထဲရောက်လာပြီး နေအရမ်းပူတဲ့အချိန် ဓာတ်ငွေ့တွေ တံလျှပ်လိုထွက်နေတာကြောင့် အဲဒီနေရာ လေဟာနယ်ဖြစ်ကာ လေပွေများတိုက်ခတ်လာတာကြောင့် အမှိုက်တွေ အချင်းချင်း ပွတ်တိုက်ကြရာမှ အပူတွေထွက်လာတယ်။ ယင်းအပူတွေရယ် ပြင်ပကအပူတွေရယ်၊ အမှိုက်ထဲကထွက်နေတဲ့ မီသိန်းဓာတ်တွေရယ် ပေါင်းမိတော့ မီးထတောက်ခြင်းဖြစ်တယ်။ အဲဒီမီးဟာ မီးတောက်ကြီးအနေနဲ့ လောင်တာမဟုတ်ဘဲ စွန့်ပစ်အမှိုက်တွေ အတွင်းပိုင်းမှာလှိုက်ပြီး တငွေ့ငွေ့နဲ့ လောင်ကျွမ်းတာပဲဖြစ်တယ်။ အပေါ်ကို မီးခိုးငွေ့ အနေနဲ့ထွက်ရှိလာတယ်။ အမှိုက်ပုံကြီးက ကျယ်ပြန့်ကြီးမားတော့ တစ်နေရာနဲ့ တစ်နေရာ ကူးဆက်လောင်ကျွမ်းလာရင်း မီးခိုးတွေ နေရာအနှံ့ အမြောက်အများထွက်ရှိလာတယ်။ အဲဒီမီးကို ငြိမ်းသတ်ရာမှာလည်း ရေနည်းနည်းဖြင့် ငြိမ်းသတ်ပါက မီးခိုးများ မဲမှောင်တက်လာပြီး နေရာအနှံ့ ပျံ့နှံ့သွားတယ်။ အဲဒီမိုးခိုးတွေထဲမှာတော့ ကာဗွန်မိုနောက်ဆိုက်၊ သို့မဟုတ် အဆိပ်ဓာတ်ငွေ့များပါလာတာကြောင့် ဒီမီးခိုးတွေ ရှူမိတဲ့သူ၊ ရှူနေရသူတွေမှာ အဆိပ်သင့်မှုတွေကို ခံစားရပါတယ်။ ဒါကြောင့်လည်း မီးခိုးတွေနဲ့ မီးလောင်နေတဲ့အမှိုက်ပုံကြီးကို မီးမြန်မြန်ငြိမ်းသတ်ရန်လိုအပ်လာတယ်။ မီးငြိမ်းသတ်မှုကိုစတင်လောင်ကျွမ်းစဉ်ကတည်းက ငြိမ်းသတ်ခဲ့တာပါ။ ဒီမီးလောင်မှုမှာ ပါဝင်မီးငြိမ်းသတ်ခဲ့တဲ့ လူတွေအားလုံးဟာ မိမိအသက်အန္တရာယ်ရှိသည်ကိုပင်မမှုဘဲ အောက်ထဲမှာလှိုက်လောင်နေတဲ့အမှိုက်ပုံပေါ်တက်၍ အနီးကပ်၍ ဖြတ်လျှောက်၍ စတဲ့ ပုံစံအမျိုးမျိုးနဲ့ အပေါ်ကနေကပူ၊ အောက်က အမှိုက်ပုံကပူနေတဲ့ အပူနှစ်ခုကြားမှာ အံကြိတ်ပြီး မီးငြိမ်းသတ်ခဲ့ကြတာပါ။ သူတို့ အပူ၊ သူတို့ရဲ့ဒုက္ခတွေ မကြည့်ရက်၊ မမြင်ရက်သော စေတနာရှင် ပြည်သူတွေ၊ ပရဟိတအသင်းအဖွဲ့တွေ၊ ကျန်းမာရေးအသင်းအဖွဲ့တွေ ကရုဏာထား ကူညီစောင့်ရှောက်မှုတွေပေးခဲ့လို့သာ အဖိတ်အစင်မရှိ၊ ကြီးမားတဲ့အပြစ်အနာ မပေါ်ခဲ့ခြင်းပင်ဖြစ်တယ်။

> **အမှိုက်ထဲက အော်ဂဲနစ်တွေနဲ့**
> **မြေကြီးထဲက အစိုဓာတ် တွေဆုံကြပြီး**
> **ကြာလာတော့ မီသိန်းဓာတ်ငွေ့တွေ**
> **ထွက်လာတယ်။ မီသိန်းဓာတ်ငွေ့တွေ**
> **လေထဲရောက်လာပြီး**
> **နေအရမ်းပူတဲ့အချိန် ဓာတ်ငွေ့တွေ**
> **တံလျှပ်လိုထွက်နေတာကြောင့်**
> **အဲဒီနေရာ လေဟာနယ်ဖြစ်ကာ**
> **လေပွေများတိုက်ခတ်လာတာကြောင့် . .**

မီးခွဲလောင်မှုကို ဖြတ်တောက်ငြိမ်းသတ်နိုင်သော်လည်း ကာဗွန်မိုနောက်ဆိုက်ပါတဲ့ မီးခိုးလုံးကြီးကိုတော့ မပယ်သတ်နိုင်ခဲ့ပါ။ ဒါကြောင့် တတ်သိနားလည်တဲ့ ပြည်တွင်း ပြည်ပ ပညာရှင်တွေ၊ နိုင်ငံတကာ အကူအညီရယူခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရက Bio Foam ဆေးရည် ဂါလန် ၁၈၀၀ ခန့်ဝယ်နိုင်ခဲ့ပြီး ကျန်လိုအပ်ဂါလန်ကိုတော့ KBZ နဲ့အဖွဲ့က အလှူငွေနဲ့ဝယ်ယူပက်ဖျန်းခဲ့ရပါတယ်။ ဒါကြောင့် မီးငြိမ်းသတ်မှုလုပ်ငန်းအားလုံးအောင်မြင်စွာနဲ့ မီးလောင်မှုကိုထိန်းနိုင်ခဲ့ပါတယ်။

အသက်အကြောင်းတရားဖြစ်စဉ်ဖြစ်ရပ်တွေကို ကျွန်တော်စဉ်းစားဆင်ခြင် သုံးသပ်ကြည့်မိလိုက်တော့ နှစ်ပေါင်းများစွာ စုပုံထားခဲ့တဲ့အမှိုက်ပုံကြီးသာ စုပုံစဉ်ကတည်းက ဒုတိယဌာနမှူးဒေါက်တာ အောင်မြင့်မော် ပြောပြသကဲ့သို့ အမှိုက်တွေကို ၁၅ ပေလောက်နက်တဲ့ တွင်းတွေတူးပြီး အလွှာအညီ စွန့်ပစ်စုပုံခဲ့ပြီး စွန့်ပစ်အမှိုက်များမှ ထွက်ရှိတဲ့ မီသိန်းဓာတ်ငွေ့များ များများ မထွက်နိုင်ရန်အတွက် ပိုက်များထည့်ထားခဲ့ရင် ရေဆိုးများထွက်သွားတာကြောင့် မီးလှိုက်လောင်မှုဖြစ်စဉ်ဖြစ်ပွားဖို့ အကြောင်းအရင်၊ အတော်နည်းသွားမယ်ထင်တယ်။





ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးပြောသကဲ့သို့ ဒီအမှိုက်ပုံတွေကိုရှင်းဖို့အတွက် အလေအလွင့် စွမ်းအင်ဆုံးရှုံးမှုတွေကို စီမံကိန်းဆွဲနေတယ်။ တင်ဒါတွေလည်းခေါ်နေတယ်။ ပြန်လည်အသုံးပြုဖို့လည်း လုပ်နေတယ်ဆိုတဲ့ လုပ်ငန်းစဉ်များလုပ်နိုင်ခဲ့ရင် အရမ်းကို ဝမ်းသာစရာကောင်းပါတယ်။ အမှိုက်တွေလည်းလျော့ စွမ်းအင်လည်းရဆိုတော့ အကျိုးများစွာ ခံစားရမှာပါ။ ဒီမီးလောင်မှုကိစ္စရပ်ကြီး ဖြစ်ပေါ်မလာမှီကို ကာကွယ်လုပ်ဆောင်ကြရာမှာ ပြည်တွင်းအင်အား၊ ပြည်ပအင်အားသာမက ဘဏ္ဍာငွေအားပါ လိုအပ်တယ်။ ဒါကြောင့် ကျွန်တော် ဉာဏ်မီသလောက်သုံးသပ်ပြောကြည့်ရရင်တော့ အကြောင်းတရားပေါင်းစုံ ညီညွတ်မှသာလျှင် ကောင်းကျိုးတရားများ ဖြစ်ပေါ်လာမယ်လို့ သုံးသပ်မိတယ်။

မီးငြိမ်းသတ်ရာမှာပါဝင်ခဲ့တဲ့သူတွေ အားလုံးရဲ့ စိတ်စွမ်းအားသတ္တိတွေကိုလည်း ချီးကျူးမိတယ်။ လှိုက်ပြီးလောင်နေမှန်းသိတဲ့ အမှိုက်ပုံပေါ်တက်ပြီး မီးငြိမ်းကြတာ၊ ကာဗွန်မိုနောက်ဆိုက်ပါတဲ့မီးခိုးတွေ ရှူရှိုက်ပြီး မီးငြိမ်းနေကြတာတွေမြင်ရတော့ ဂုဏ်ပြုချီးမွမ်းထိုက်သူ၊ ပြည်သူတွေရဲ့ဘေးဒုက္ခတွေ အမြန်ချုပ်ငြိမ်းအောင် အသက်ကိုပဓာနမထားဆဲ လုပ်ဆောင်ခဲ့တာကြောင့် သူရသတ္တိရှိပြည့်စုံသူတွေအဖြစ် မှတ်တမ်းတင်ထိုက်သူတွေလို့ လေ့လာသုံးသပ်မိတယ်။ မီးငြိမ်းသတ်နေသူများဟာ ကိုယ်ကျိုးမဖက် အများအကျိုးအတွက်ရှေ့ရှုလျက် အန္တရာယ်ကိုမမှုဘဲ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်နေကြသူများအပေါ် ကရုဏာရှေ့ထား၍ သနားကြင်နာတတ်သော၊ ဖြစ်ပေါ်နေသော ပြဿနာရပ်များ၊ အတိဒုက္ခများ လျော့ပါးပပျောက်စေရန် ပါဝင်ဆောင်ရွက်နေကြတဲ့ လုပ်အားရှင်များအတွက် အထောက်အပံ့၊ အထောက်အကူဖြစ်စေမည့် မိမိတို့၏စေတနာ၊ မေတ္တာကို ထုတ်ဖော်ပြကြသော ပြည်သူများ၊ ပုဂ္ဂိုလ်များ၊ ပရဟိတအဖွဲ့များနှင့် ဌာနဆိုင်ရာများသည်လည်း ကျေးဇူးတင်ထိုက်၊ လေးစားထိုက်သူများဖြစ်ပါကြောင်း လေ့လာသုံးသပ်မိပါတယ်။

**ကိုစော(ပထဝီဝင်)**

## ပရိသတ်ကို ရှိန်လို့ပါ

ခရစ်ယာန်ဘုန်းကြီးတစ်ပါးဟာ ဘုရားကျောင်းမှာ ပထမဦးဆုံး တရားဟောဖို့ရှိလို့ အနားယူသွားတဲ့ ဘုန်းတော်ကြီးကို ပရိသတ်ရဲ့ အာရုံစူးစိုက်မှုရဖို့ ဘယ်လိုလုပ်ရမလဲလို့ အကြံဉာဏ်တောင်းတယ်။ ယခင် ဘုန်းတော်ကြီးက–

''သူတို့တွေ အာရုံစိုက်လာအောင် လိုင်းဖွင့်ပြီးစရမယ်၊ ဥပမာ– ကျွန်ုပ်ဘဝတစ်လျှောက်လုံး အမျိုးသမီးတစ်ယောက်ရဲ့လက်ထဲမှာပဲ အချိန်ကုန်ခဲ့ရတယ်လို့ စပြောရမယ်'' ဆိုပြီး ဘုန်းကြီးငယ်ကို လှမ်းကြည့်လိုက်တော့ ပါးစပ်အဟောင်းသားနဲ့ အံ့ဩနေတာကိုကြည့်ပြီး ပြုံးလိုက်တယ်။ ပြီးတော့မှ– ''အဲဒီအမျိုးသမီးဟာ ကျွန်ုပ်ရဲ့မိခင်ပါပဲ''လို့ ပြောတယ်။



နောက်တနင်္ဂနွေနေ့ကျတော့ ဘုန်းကြီးငယ်လေးက စိတ်လှုပ်ရှားနေတယ်။ ပရိသတ်ရှေ့မှာ ရပ်ပြီး–

''ကျွန်ုပ်ရဲ့ ဘဝအချိန်အတော်များများကို အမျိုးသမီးတစ်ဦးရဲ့လက်ထဲမှာပဲ ကုန်ဆုံးခဲ့ရတယ်''လို့ စကားစလိုက်တယ်။ ပရိသတ်က စိတ်ဝင်စားနေကြတာကိုကြည့်ပြီး သူက အတော်လေး ကိုယ့်ကိုယ်ကိုယ် ကျေနပ်သွားတယ်။ ဒါပေမဲ့ ကြောက်စိတ်က ပြေမသွားဘူး။ စိုးရိမ်စိတ်နဲ့ ဆက်ပြောလိုက်တာက–

''ဒါပေမဲ့ ကျွန်ုပ်ဘဝမှာကြုံခဲ့ရတဲ့ အဲဒီအမျိုးသမီး ဘယ်သူဆိုတာကို မမှတ်မိတော့ဘူး''လို့ ပြောလိုက်မိပါတယ်။ ။

**မောင်သီဟ**


လူတွေမှာ စိတ်နှစ်မျိုး ရှိတယ်ဆိုတာ... ခင်ဗျား...သိလား...
ဘယ်လိုမျိုးလဲ ဟင်..
မကောင်းကြောင်းပြောတာ စိတ်ရင်း... ကောင်းကြောင်းပြောတာကျတော့ ဟန်ဆောင်စိတ်...

# CITY CARTOON



# CITY CARTOON



# ဖိုးကျော်ဖိုး (မကွေး)

သိင်္ခ



အရင်က ရာထူးတို့၊
အဆင့်တိုးဖြင့်
ပြောင်းရွှေ့ရမည်စိုး၍
လှည့်ပတ်ရှောင်နိုင်သေးသည်။
ဒီနှစ်တော့မရ။ အောင်မှတ်ကိုပင်
ရှစ်ဆယ်သတ်မှတ်၍ ထိုစာမေးပွဲ
ကျရှုံးခဲ့လျှင် အရေးယူ
အပြစ်ပေးခံရမည်တဲ့။
အနိမ့်ဆုံးသော ထိုပြစ်ဒဏ်မှာ
ကျောင်းပြောင်းရွှေ့
တာဝန်ထမ်းဆောင်
ရမည်ဟု...



နှင့်အမေ စာကျက်နေတယ် မဆူကြနဲ့ဟူသော ဖနီးသည်စကားကို ကြားသော အခါ ကျွန်တော်သည် မိုင် (၁၉၀)အဝေးမှ အမေ့ကို ဖျတ်ခနဲသတိရလိုက်မိသည်။ အကြီးဆုံးသား၊ ကျွန်တော် စတုတ္ထတန်းတုန်းက အမေသည် ညကျောင်းတက်၍ အပ္ပတပြင်း သင်အံကျက်မှတ်နေချိန်။ ဆယ်တန်းတောင်မအောင်တဲ့ အဖြစ်မရှိတဲ့သူဆိုသည့် ဝန်ထမ်းအချင်းချင်း ကဲ့ရဲ့ရှုတ်ချစကားသည် အမေ့ကြိုးစားမှုမောင်းနှင်အား။ သို့သော် အသက်က ၃၂ နှစ်၊ အလုပ်တာဝန်တစ်ဖက်ဖြင့်မလွတ်မလပ်။ ငွေကြေးက မပြည့်မစုံ၊ သို့ဖြစ်၍ အားထုတ်မှု အရာမရောက်လျှင် အခက်ဟုတွေးခဲ့ဟန်တူသည်။ မည်သူ့ကိုမျှ မသိစေချင်။ သိုသိုသိပ်သိပ်သာ သွားလာလှုပ်ရှားခဲ့သည်။ အလွန်နှဲ့အလွန် အရှက်သည်းသူပဲ။ ဒီကြားထဲ အမေက ပေါင်ဖွာပေါင်ဖွာ။ အိမ်နားမှ အဒေါ်ကြီးတစ်ဦးက စန်းမြင့် နှင့်ယောက်ျား ညနေဘက် လွယ်အိတ်တစ်လုံးနဲ့ ကုတ်ချောင်းကုတ်ချောင်း။ ဘယ်သွား၊ ဘာလုပ်နေတာလဲဟုမေးတော့ ဘွဲ့ရအောင် ဆယ်တန်းစာမေးပွဲ ပြန်ဖြေမလို့တဲ့။ အမယ်လေးတော် ကြီးကောင်ကြီးမား အရွှေးထပါ့တော်တဲ့။ ထိုမှတ်ချက်နှင့် အမေ့စကားကို အဖေ ပြန်ကြားသောနေ့က အိမ်မှာ တိုးတိုးတိတ်တိတ် ကြိတ်ဖြစ်ခဲ့သည့်စစ်ပွဲကို ကျွန်တော့် တစ်သက် ဘယ်တော့မှမမေ့။

ယခု ကျွန်တော့်အလှည့်။ ကိုးတန်းကျောင်းစာတွေ ပြန်ကျက်ရသည်။ တကယ်ဆို ကျွန်တော်က ဘွဲ့ရပါ။ ရာထူးတစ်ဆင့်တိုးဖို့ မဖြေမနေရတဲ့။ ဘာသာရပ်ခြောက်ခု။ ပညာရေးစိတ်ပညာ၊ ပညာရေးသဘောတရားနှင့် ဝန်ထမ်းကျင့်ဝတ်စည်းကမ်းစသော ကျွမ်းကျင်မှုအခြေပြုလွှာ သုံးခု။ အားလုံးပေါင်း ကိုးခု။ ဘယ်လွယ်လိမ့်မလဲ။ ဒီစာတွေနှင့် ကင်းကွာခဲ့တာကြာခဲ့ပြီပဲ။ အသက်က ၃၇ နှစ်။ အဆင့်က ပြောကိုမပြောချင်။ ရာထူးက ပညာရေးနည်းပြ။ ထမ်းဆောင်နေသည့် ဌာနက ပညာရေးကျောင်းမို့ တော်တော့သည်။ အရင် ကျွန်တော်တို့ အလုပ်ဝင်စက ဤကျောင်းတွင် လုံးဝ စာမတတ်သူများကို သင်ကြားပေးသော အ.သုံးလုံးကျေ/အ.သုံးလုံးလွန်သင်တန်း၊ ဒုတိယတန်းနှင့် စတုတ္ထတန်းဟူ၍ သင်တန်း ၃ ခုသာရှိခဲ့သည်။ နောက်တဖြည်းဖြည်းဖြင့် ဆဋ္ဌမတန်း၊ သတ္တမတန်းနှင့် အဋ္ဌမတန်းသင်တန်းများ တိုးချဲ့ဖွင့်လှစ်သည်အထိ ပြဿနာမရှိခဲ့။ ပြီးတော့ အရပ်ဘက် ပညာရေးစနစ်ကြီးဌာနမှ အခါအားလျော်စွာဖွင့်နေသော ပုံမှန်သင်တန်း၊ မွမ်းမံသင်တန်းများကိုလည်း တက်ရောက်နေရသဖြင့် သင်ကြားရေး၌ တစ်စုံတစ်ရာ အခက်အခဲမကြုံခဲ့ပါ။

သို့သော် ယခု ကျွန်တော်တို့ကျောင်းတွင် အထက်တန်းဆင့် (နဝမတန်း၊ ဒသမတန်း)ပညာရေးသင်တန်းများ ဖွင့်သည်မှာ ဘာမှမကြာသေး။ ကျွန်တော်တို့ ထိတွေ့ဆည်းပူးခဲ့သည်က မြန်မာလို။ ယခု သင်ကြားနေသည်က မြန်မာစာနှင့် သမိုင်း ဘာသာရပ်မှလွဲ၍ အစစအရာရာ အင်္ဂလိပ်ဘာသာ။ ကိုယ်မရင်းနှီးခဲ့သည့်မို့ ထိုအတန်း ထိုနေရာများသို့ ဖြတ်သွားဖြတ်လာပင် အဝင်အထွက်မပြုခဲ့။ မတော်လို့ တပည့်တစ်ဦးဦးက ဆရာကြီးလည်း ဘွဲ့ရ ပညာရေးနည်းပြပဲ။ ဒီစာလေးရှင်းပြပါဦးဟု မေးလာလျှင် အခက်။ ကိုယ်ကမှ ဒိုးဒိုးဒေါက်ဒေါက် ပြန်လည်သင်ပြမပေးနိုင်တာ။

အခု မပတ်သက်ချင်ဘဲ နေ၍မရတော့။ အရင်က ရာထူးတို့၊ အဆင့်တိုးဖြင့် ပြောင်းရွှေ့ရမည်စိုး၍ လှည့်ပတ်ရှောင်နိုင်သေးသည်။ ဒီနှစ်တော့မရ။ အောင်မှတ်ကိုပင် ရှစ်ဆယ်သတ်မှတ်၍ ထိုစာမေးပွဲ ကျရှုံးခဲ့လျှင် အရေးယူအပြစ်ပေးခံရမည်တဲ့။ အနိမ့်ဆုံးသော ထိုပြစ်ဒဏ်မှာ ကျောင်းပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရမည်ဟု အထက်ဌာနမှ ဖိအားပေးလာခဲ့ပြီ။ ကဲ- မင်းဘာတတ်နိုင်သေးလဲ မိုးကျော်ရေ။

ဤသို့ဖြင့် ကျောင်းတွင် လက်ရှိ အထက်တန်းပြ သူငယ်ချင်းများထံမှ အနီးကပ် ပြန်လည်ဆည်းပူးရတော့သည်။ တစ်ပတ်၊ နှစ်ပတ်၊ သုံးပတ် သင်ကြားပြီးသော အခါ ဟာ-ဘာခက်လို့လဲ၊ တို့ငယ်ငယ်က မြန်မာလိုသင်ခဲ့တဲ့ စာတွေထက်တောင် လွယ်သေးတယ်ဟု အားတက်ပျော်ရွှင်လာခဲ့သည်။ နှစ်လနီးပါး အပတ်တကုတ် ကြိုးစားအားထုတ်လိုက်တော့ လက်နက်ရိက္ခာအသင့် ပြီးပြည့်စုံသော ကတုတ်ကျင်းထဲမှ စစ်သည်တစ်ဦးလို စိတ်ချလုံခြုံသွားသည်။ ဘယ်ရန်သူ ဘယ်လိုထိုးစစ်ဆင်ဆင်

ပြန်လည်ခုခံတိုက်ခိုက်ဖို့ အဆင်သင့်။ သို့သော်···သို့သော်···သို့သော်။ စာမေးပွဲနီးကပ်လာတော့လည်း ကျောင်းသားတစ်ယောက်နှယ် ကြောက်ဒူးတုန်၊ ရင်ခုန်ရပြန်သည်။

သွားရောက်ဖြေဆိုရမည့်နေရာကလှည်းကူးနားက ရဲမွန်တပ်မြို့ အမှတ်( ) ပညာရေးကျောင်း။ ဤကိစ္စကို သိပ်ရင်မခုန်ပါ။ ရင်ခုန်မိသည်မှာ အမှတ်( ) အထက်တန်းကျောင်း၊ မဂ်လာဒုံ၊ အောင်ဆန်းသူရိယလှသောင်းကျောင်းမှ အထက်တန်းပြဆရာ၊ ဆရာမများက ကျွန်တော်တို့ မေးခွန်းများကို ကြီးကြပ်ပြုရသည်တဲ့။ ဘုရားရေ···ငါတို့ကို သူတို့ကလေးတွေလို ဉာဏ်ရည်ထက်မြက်၊ အသက်ငယ်တယ်လို့များ တွေးထင်လိုက်လေမလား။ အဆိပ်ရှိသော ပုစ္ဆာ၊ တွေးခေါ်ဖြေဆိုရမည့် နက်နဲပြင်းရှသော မေးခွန်းတွေချည်း ထည့်ထားမလား။ ကျွန်တော်နှင့် အပေါင်းအပါသုံးယောက် ခေါင်းချင်းဆိုင် စိုးရိမ်သောကဖြစ်နေချိန်၌ စိန်ယာအစ်ကိုကြီးတစ်ဦးက–

"ဟာ···အဲဒီကိစ္စ ဘာမှတွေးပူမနေနဲ့၊ အောင်ဆန်းသူရိယလှသောင်းကျောင်း ကျောင်းအုပ်ကြီးက ငါတို့နဲ့ ပြင်ဦးလွင် ပညာရေးကျောင်းကြီးမှာ အတူနေလာတာ။ ဟာ···မင်းတို့မေ့နေပြီလား။ မင်းတို့ပညာရေးတပ်ဖွဲ့ဝင် သင်တန်းလာတက်တော့ သူရှိနေတာပဲ ဗိုလ်မှူးစောဦးလေ"

"ဟာ···ဗိုလ်မှူးစောဦးလား။ ပညာရေးစိတ်ပညာ သင်တာလေ"ဟု အနီးရှိ သူငယ်ချင်းအောင်လတ်က စကားလမ်းကြောင်း၌ မေးသည့်တွင်–

"သိပ်ဟုတ်တာပေါ့။ အလွန်သဘောကောင်းတာ၊ တပ်ဖွဲ့ဝင်အချင်းချင်း ပညာရေးနည်းပြတွေအပေါ်လည်း သိပ်သံယောဇဉ်ကြီးတာ"

စိန်ယာက ထိုသို့ချီးမွမ်းရင်း ပြုံးနေသော်လည်း ကျွန်တော့်ရင်က တလှပ်လှပ်။ ထိုစဉ်၌ အုံ့မှိုင်းတွန်းက "ဟေ့–မိုးကျော်၊ မင်းတော့ ဟန်ကျတာပဲ မင်းရဲ့အချစ်တော်ကြီး"ဟု အစဖော်လိုက်တော့ ကျွန်တော့်မျက်နှာ ရှုံ့မဲ့သွားဖေါ့။ တမင်ရှုံ့မဲ့လိုက်သောကျွန်တော့်ကိုကြည့်၍ အုံ့မှိုင်းတွန်းနှင့် အောင်လတ်တို့နှစ်ဦး ရယ်မောလိုက်သောအခါ စိန်ယာအစ်ကိုကြီးက ဘာလဲ၊ ဘာလဲဟ၊ ငါ့လဲပြောကြပါဦးတဲ့။ လွန်ခဲ့သော ဆယ်နှစ်ကျော်က ကိစ္စ။ သို့သော် ကျွန်တော့်ရင်၌ လတ်လတ်ဆတ်ဆတ်။ ထိုနေ့က သင်ခန်းစာပို့ချမည့် ဆရာကို ကြေးလမ်းမှာမြင်တော့ သင်တန်းသားများ မတ်တတ်ရပ်ကြသည်။ ဆရာက စတီတ်ခုံပေါ်အရောက် သတိထား၊ ထိန်းချုပ်နေသည့်ကြားမှ ကျွန်တော် ဇါးခနဲသမ်းလိုက်မိ၏။ ဟာ···သွားပြီ၊ မုံကို အသက်လွှင်း၊ စနက်တံဖြုတ်လိုက်မိတာပဲ။ အလွန်တည်ကြည်အေးဆေးသည့် ဆရာကိုမှ ကျွန်တော် ရိုင်းပျစော်ကားသလို ဖြစ်ခဲ့ပြီလေ။ ဆူလိုက်ကျိန်းလိုက်တာများ၊ စာသင်ချိန်ပြီးတော့လည်း အချင်းချင်းက ကွက်ကြည့် ကွက်ကြည့်၊ ပြုံးစိစိ။ ဘာရှက်သလဲ မမေးနဲ့။ ကျွန်တော့်မျက်နှာ ထူပူနေတာပဲ။ ကြည့်ဦး။ ဆရာသင်ခဲ့တဲ့ ခေါင်းစဉ်ကလည်း မှတ်မှတ်ရရ။ ကျောင်းသားနှင့် ဆရာတို့၏ ပဋိပက္ခတဲ့။

❏ ❏ ❏ ❏ ❏ ❏ ❏

အမှတ်(၉) ကားပေါ်မှဆင်း၍ မင်္ဂလာဒုံ အ–ထ–က( )မှဦးကိုမြင်သောအခါ ကျောင်းသားဖြစ်သွား၏။ သူငယ်ချင်းသုံးဦး တစ်ဦးမျက်နှာကို တစ်ဦးကြည့်လျက် ရယ်ရမလို၊ ငိုရမလို။ အဝေးပြေးကားဝင်း၌ ဝီစီအိုးမှန်ဖြင့်ဆက်တော့ အေး–လာခဲ့ကြလေ၊ ငါ့ရုံးခန်းမှာရှိတယ်တဲ့၊ ဗိုလ်မှူးက ပျူပျူငှာငှာ။ အခုချိန်ထိတော့ အဆင်ချောနေတာပဲ။

"လက်ဖက်ခြောက်ထုပ်တွေရော မိုးကျော်"

"ငါ့အိတ်ထဲမှာ ပါပါတယ်ဟ"ဟု ကျွန်တော် အုံ့မှိုင်းတွန်းကို ခေါက်ဆတ်ဆတ် လှည့်ဖြေသည်။

"ဒီကောင်လား၊ မေ့မှာ၊ သံတောင်ကြီး လက်ဖက်မွှေးတွေ ကြိုမှာထားတာ ဖားဖို့၊ ယားဖို့"ဟု အောင်လတ်က အငေါ့တူးတူး။

"ဟေ့ကောင်– မင်း အဲ့သလိုမပြောနဲ့၊ ဂါရဝပြုဖို့ လက်ဆောင်၊ ကိုယ့်လူကြီးအတွက် ကန်တော့ပစ္စည်း၊ ဒေသထွက် အမှတ်တရကွ"ဟု ကျွန်တော် ရှည်ရှည်ဝေးဝေး ပြန်ပက်သည်။

ခွေကျောင်းဝိတ်ရက်မို့ ဖြတ်လာသည့် ကျောင်းခန်းတိုင်းက ပိတ်လျက်။ လူသူ



နှစ်လနီးပါး၊ အပတ်တကုတ် ကြိုးစားအားထုတ်လိုက်တော့ လက်နက်ရိက္ခာအသင့်၊ ပြီးပြည့်စုံသော ကတုတ်ကျင်းထဲမှ စစ်သည်တစ်ဦးလို စိတ်ချလုံခြုံသွားသည်။ ဘယ်ရန်သူ ဘယ်လိုထိုးစစ်ဆင်ဆင် ပြန်လည်ခုခံတိုက်ခိုက်ဖို့ အဆင်သင့်။ သို့သော် . . .သို့သော် . . .သို့သော်။ စာမေးပွဲ နီးကပ်လာတော့လည်း…

ကင်းရှင်း၍ အရာရာတိတ်ဆိတ်နေတော့ ကိုယ့်ရင်ခုန်သံကို ပြန်ကြားနေရသည်။ ခြေလက်များ တုန်ရင်နွေးထွေးလာလျက် ခြေသံမမြည်အောင် ထိန်းလျှောက်နေရင်း မျက်လုံးများက ကျိုးကန်းတောင်းမှောက်၊ တွဲလောင်းချိတ်ထားသည့် ဆိုင်းဘုတ်လေးများကို ရှာဖွေဖတ်ကြည့်ရင်း တွေ့လိုက်ပါပြီ။ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိ။ ကျွန်တော်တို့ သူငယ်ချင်းသုံးဦး ခပ်ဟဟဖွင့်ထားသည့် တံခါးကို တွန်းမှင့်ဝင်လိုက်တော့ ပြုံးပြုံးကြီးကြည့်နေသော စိုလ်မှူး။ ကျွန်တော်တို့ ဆရာ။ ထိုစော လက်ထဲမှ လက်ဖက်မွှေးထုပ်ကြီးကို သူ့ရှေ့စားပွဲပေါ်သို့ တင်သည်။ ကဲ-ငါတို့ ဆရာ့ကိုကန်တော့ ရအောင်ဟု တိုင်ပင်ထားသောကဲ့သို့ ဖယောင်းပုဆိုးခင်းထားသော ကြမ်းပြင်၌ ဒူးထောက်ထိုင်ချလိုက်သည်တွင်–

"မင်းတို့ ငါ့ဆီက မေးခွန်းလာတောင်းတာပေါ့"

"ဗျာ"

တအံ့တသြ ရှက်ကိုးရှက်ကန်းဖြင့် ဆရာ့မျက်နှာကို ရင်မဆိုင်ရဲတော့။ ဦးချ၍ ကန်းကန်တော့နေစဉ်။ တစ်ကြိမ်၊ နှစ်ကြိမ်။ အကြိမ်ရေလည်း မမှတ်မိနိုင်။ ထိုအချိန်၌ ဟား•••ဟား•••ဟား•••ဟား•••ဟု ရယ်လိုက်သော ဆရာ့အသံက ကြောက်ခမန်းလိလိ။ တစ်ကိုယ်လုံး သေတ်ခနဲတုန်သွားသည်။ ဘယ်သူမှ ခေါင်းမဖော်ဝံ့။

"အေး•••အေး။ ဆရာ့ကို ကန်တော့ရတဲ့အကျိုးကြောင့် ကျန်းမာစေ၊ ချမ်းသာစေ၊ အန္တရာယ်ကင်း ဘေးရှင်းကြပါစေ။ ရာထူးဂုဏ်တွေလည်း တိုးတက်လို့ နိုင်ငံနှင့်ပြည်သူ့အကျိုး ပညာရေးလောကကောင်းဖန်တီးနိုင်ကြပါစေ"

ဟိုသို့ ဆုပေးသံကြားမှ သက်ပြင်းချနိုင်၏။ "ကဲ•••ကဲ ထကြ ထကြ၊ ငါ့တပည့်တွေ သင့်တော်မယ့်ခုံဆွဲယူထိုင်ကြ" ဟု နေရာပေးသည်။ ပြီးမှ ဆက်ပြောသည်။

"မင်းတို့လည်း ကျောင်းဆရာတွေပဲ။ ပေးစရာလားကွ မေးခွန်း။ မေးခွန်းဟာ ကျောင်းဆရာရဲ့အသက်၊ ပြီးတော့•••"

ထိုနေ့က ဆရာ့အား ဘာမျှ ဟက်ဟက်ပက်ပက် ပြန်လည်မဆွေးနိုင်ခဲ့။ ဆရာကြီးကောင်းကြီးမား ဘီအီးဒီတက်ခဲ့စဉ်က အတွေ့အကြုံ ဆရာပညာရေးအမြင်၊ တွေးခေါ်ယူဆမှုများကိုသာ ကြီးစားနားထောင်၊ နလုံးသွင်းနေရသည်။ ဘာတွေလဲ၊ စိတ်ပျက်စရာ။ တာအုပ်ကြီး။ နောက်ဆုံး ဆရာက မှာလိုက်သေးသည်။ နိုင်ငံရဲ့အနာဂတ်က ငါတို့မင်းတို့ ကျောင်းဆရာတွေလက်ထဲမှာတဲ့။ ဘယ်လောက်များ ခေါင်းအုံဖို့ကောင်းသည့် ဗိအားတွေလဲ။

ရှက်ရွံ့စိတ်ရှုပ်ထွေးမှုဖြင့် ဒေအာင်ဆန်းသူရိယ လူသောင်းကျောင်းမှ ထွက်လာတော့ သားမျက်နှာကို မြေးမြင်သည်။ မဖြစ်ဘူး၊ မဖြစ်ဘူး။ ငါ ဒီစာမေးပွဲကို အောင်မှကိုဖြစ်မယ်။ စိတ်တင်း၍ ကိုယ်ကို မတ်လိုက်သည်။

လက်ရှိ သားအသက်၊ သားအတန်းသည်လည်း၊ ကျွန်တော်ငယ်ငယ် အဖေ ဆယ်တန်းအောင်ခဲ့စဉ်ကအတိုင်းပဲဖြစ်သည်။ ဘယ်လောက်များ ထူးဆန်းတိုက်ဆိုင်ခဲ့ပါသလဲ။ ထို့အပြင် ကျွန်တော့်သား သူ့အမေကို ပြောခဲ့သည့် စကားများကတော့ ကျွန်တော့်အား ခံပြင်းအောင့်သက်စေသော ထိုးစစ်များပါပဲ။

"အဖေက သားငယ်ငယ်တုန်းကလည်း ဒီအဆင့်ပဲနေ့၊ အခုလည်း ဒီအဆင့်ပဲ၊ ဘယ်အချိန်ထိ ဒီအဆင့်နဲ့ ရှိနေအုံးမှာလဲ မေမေ"

ကြည့်စမ်းပါဦး။ သားအပြော၊ သား၏ မေးခွန်း။ အတော့်ကို နာကျင်ဝမ်းနည်းစရာ။ ဆယ့်ငါးနှစ်နီးပါး ကျွန်တော် မေ့လျော့မျော်ရွှင်စွာ ထမ်းဆောင်ခဲ့သည့်နေရာ၊ ရာထူးအဆင့်အတန်း။ ကျွန်တော့်အပေါ်၌ ထားရှိသည့် သား၏အနာဂတ်စိတ်ကူး။ မျှော်လင့်ချက်များကို ထည့်တွက်၍ မစဉ်းစားမိခဲ့ပါလား။ အရိပ်ကြီးကြီး။ အမိုးအရှက် ပိုပို၍စိတ်လျှင် သားတို့အတွက် ပို၍ လုံခြုံပို၍အေးမြနိုင်မည်ကို ကျွန်တော်ဘာကြောင့် မတွေးမိခဲ့ပါလိမ့်။ အသက် ၃၂ နှစ်ကျော်မှ ဆယ်တန်းအောင်ခဲ့သော အဖေဦးရဲညွှန့်သည် ကျွန်တော် ကိုးတန်းတက်နေချိန်၌ ဥပဒေနောက်ဆုံးနှစ် အောင်မြင်ပြီးဖြစ်သည်။ ကျွန်တော် ကောလိပ်ကျောင်းသားဖြစ်သောအခါ အဖေက ရှင်ကော့၍ ဘွဲ့တက်ယူသည်ကို အမှတ်ထင်ထင် ရှိခဲ့ပြန်သည်။ အဖေဖြစ်သူက အောက်ခြေဝန်ထမ်းဘဝမှ အချိန်နှင့်တစ်ပြေးညီ ရာထူးနေရာရယူခဲ့သည်ကို မြင်ခဲ့ သိရှိခံစားခဲ့ပါလျက်

ကျွန်တော့်သား သူ့အမေကို
ပြောခဲ့သည့် စကားများကတော့
ကျွန်တော့်အား
ခံပြင်းအောင့်သက်စေသော
ထိုးစစ်များပါပဲ။
"အဖေက
သားငယ်ငယ်တုန်းကလည်း
ဒီအဆင့်ပဲနေ့၊
အခုလည်း ဒီအဆင့်ပဲ၊
ဘယ်အချိန်ထိ ဒီအဆင့်နဲ့
ရှိနေအုံးမှာလဲ မေမေ"



သားဖြစ်သူကျွန်တော်က ကျွန်တော့်မျိုးဆက်သားအတွက် ရှေ့ဆောင်စံပြ ဘာကြောင့်မဖြစ်ခဲ့လဲ။ တွေးရင်းတွေးရင်း ရှက်လာမိသည်။ ထိုအချိန်တွင် မီးညှိခါစဆေးပေါ့လိပ်ကို အမှားမှားအယွင်းယွင်း ထိုးချေမိးသတ်ပစ်လိုက်၏။ ထိုခဏ၌ ကျွန်တော့်ဇနီးသည်က–

''သားရယ်၊ နင့်အဖေရဲ့ ဒီအဆင့် ဒီရာထူးက သားမွေးမှမဟုတ်ဘူး။ သားမမွေးခင်၊ အို···မေမေနဲ့ အိမ်ထောင်မကျခင်ကတည်းက ကုန့်ကုန့်ပြောရရင် သားအဖေ အလုပ်စဝင်ကတည်းက''

''တောက်''

ထိုနေ့က ကျယ်လောင်စွာ တောက်ခေါက်မိလျက် ဆောက်တည်ရာမဲ့ဒေါသများဖြင့် အနီးရှိ အထပ်သားသင်ပုန်းကို စိတ်ရှိလက်ရှိ ထိုးပစ်လိုက်မိသည်။ ဘယ်သူကမျှ မတားပါ။ သားနှင့်အတူ ဇနီးသည်လည်း တိတ်ဆိတ်ငြိမ်သက်လျက် အံ့အားသင့်ကြောင်အနေပုံရသည်။ ကျွန်တော် ဤရွေ့ ဤမျှ သွေးဆူဝေပေါက်ကွဲပွင့်ထွက်သည်ကို မြင်မှမမြင်ဘူးကြပဲ။ ဆုပ်လျက်လက်သီးက မခံမရပ်နိုင်အောင် နာကျင်လာမှ အိမ်အပြင်သို့ ချာခနဲလှည့်ထွက်ခဲ့သည်။ ဘယ်ကို ဦးတည်နေမှန်း ကျွန်တော်ကိုယ်တိုင်မသိ။ ခေါင်းငုံ့လျှောက်နေသော ကျွန်တော်ကိုယ်တိုင် လမ်းကိုမမြင်။ ငိုးတာဝါး။ ပါးပြင်၌ ပူနွေးစိုစွတ်လာသည်ကိုတော့ ခံစားမိခဲ့သည်။

❑ ❑ ❑ ❑ ❑ ❑ ❑

''ဟေ့ကောင် မိုးကျော်၊ ဘာငိုင်နေတာလဲ၊ အဆင့်တိုးစာမေးပွဲဖြေဆိုသူအားလုံး အောင်မြင်တယ်တဲ့''

''ဟေ···ဟုတ်လို့လား အောင်လတ်၊ မင်းငါ့ကို လာနောက်မနေနဲ့''

''ငါ မင်းကိုမနောက်ရက်ပါဘူး မိုးကျော်၊ မင်းလာခုံကျောင်းမှာ တို့ဆရာပြောတာ မမှတ်မိဘူးလား။ ဘွဲ့ရနည်းပြတွေအထက်တန်းစာပြန်ဖြေတာ ကျစရာလားဆိုတာလေ၊ တို့အချင်းချင်းပဲ ယှဉ်ပြိုင်ရမယ်လို့၊ အမှတ်အနည်းဆုံးလူ နယ်ပြောင်း၊ ကျောင်းပြောင်းပေါ့၊ အခု အံ့မျိုးထွန်းကျိုင်းတုံကျောင်းကို ပြောင်းရမယ်''

''အေး···ဟုတ်တယ်နော်''

ထိုခဏ ဗိုလ်မှူးတီအီးဒီတက်စဉ်က အကြောင်း သင်ခန်းစာဖော်ထုတ်၍ ရယ်စရာလုပ် ပြောခဲ့သည်ကို သတိရသွားတော့ ကျွန်တော်ပြုံးမိသည်။ သူ စာမေးပွဲအောင်တော့ သင်ပြနည်းဆရာမကို သွားကြွားသတဲ့။ ဂုဏ်ထူးတောင် ထွက်တယ်ဆိုပဲ။ ထိုအခါ ဆရာမကြီးက–

''တော့် ဖြေဆိုမှု သိပ်ကောင်းလွန်းလွန်းလို့ မဟုတ်ဘူး။ မျက်မှန်ကြီးတကားကားနဲ့ ဒီအသက်အရွယ်ကြီးကျမှ ကျက်မှတ်၊ ရေးချတ်နေတာကို ဂုဏ်ပြုတာ၊ ချီးမွမ်းတာပါ''တဲ့။

ထို့နည်း။ ထိုပုံစံမျိုးဖြင့် ကျွန်တော်တို့လည်း ရာထူးတိုးစာမေးပွဲကို အောင်မြင်ခဲ့တာ ဖြစ်နိုင်သည်။ ဘာပဲဖြစ်ဖြစ် ကြိုးစားအားထုတ်မှုရဲ့ ရလဒ်ကောင်း အသီးအပွင့်များပါပဲ။ ဆရာကို အကြိမ်ကြိမ်ဦးညွှတ်ဂါရဝပြုမိသည်။

**မိုးကျော်စိုး(မကွေး)**



ထိုနေ့က ကျယ်လောင်စွာ
တောက်ခေါက်မိလျက်
ဆောက်တည်ရာမဲ့ဒေါသများဖြင့်
အနီးရှိ အထပ်သားသင်ပုန်းကို
စိတ်ရှိလက်ရှိ
ထိုးပစ်လိုက်မိသည်။ ဘယ်သူကမျှ
မတားပါ။ သားနှင့်အတူ
ဇနီးသည်လည်း
တိတ်ဆိတ်ငြိမ်သက်လျက်...



သိပ္ပံစာရေးဆရာကိုကိုအောင်

# ငလျင် သို့မဟုတ် လှုပ်တစ်ပြက်ရန်သူ

## (အပိုင်း-၁)

ကမ္ဘာအရပ်ရပ်တွင် ဖြစ်ပွားခဲ့ဖူးသော ဘေးအန္တရာယ်များအနက် ငလျင်လှုပ်ခြင်းသည် ရှောင်လွှဲ၍မရသလို ကြိုတင်၍လည်း မသိနိုင်သော သဘာဝဘေးအန္တရာယ်တစ်မျိုးဖြစ်သည်။ ထို့ကြောင့်ပင် ငလျင်လှုပ်မည့်အရေးကို တွေးတောပူပန်ခြင်းဖြင့် စိတ်ဖိစီးမှုဖြစ်ရန် မလိုအပ်ပေ။ သို့ရာတွင် ငလျင်၏ သဘောသဘာဝကို ကောင်းစွာနားလည် သဘောပေါက်ကာ သတိရှိနေကြရန် လိုအပ်သည်။

ရှေးခေတ်အခါများက ငလျင်လှုပ်ခြင်းသည် မြေစောင့်နတ်မင်းက ဒေါသထွက်ခြင်းဖြစ်သည်ဟုလည်းကောင်း၊ မြေအောက်ရှိ ရေမသတ္တဝါကြီး အိပ်ပျော်နေရာမှ နိုးထလာခြင်းဖြစ်သည်ဟုလည်းကောင်း စွဲမှတ်ယုံကြည်ခဲ့ကြသည်။ အကယ်စင်စစ် ငလျင်လှုပ်ခြင်းမှာ ကမ္ဘာ့ကျောက်ချပ်လွှာကြီးများ တစ်ခုနှင့်တစ်ခု တွန်းတိုက်ရွေ့လျားခြင်းပင်ဖြစ်သည်။ ဤမြေကမ္ဘာကြီးသည် အက်ပြီးမကွဲသေးသော ကြက်ဥပမာပင်ဖြစ်သည်။ အက်ကြောင်းများကြောင့် ပြတ်ထွက်နေသော်လည်း အကာပိုင်းရှိ အကျိအချွဲများနှင့် ကပ်ငြိနေသည့်အတွက် ဝေးရာသို့ ကွဲကွာသွားခြင်းမရှိသော ကြက်ဥအခွံကွဲစကလေးများနှင့် သဏ္ဍာန်တူသည့် ကျောက်ချပ်လွှာကြီးများပေါ်၌ ကမ္ဘာ့တိုက်ကြီးများက ပေါလောမျောလျက် တည်ရှိနေကြသည်။

















ကမ္ဘာ့ကုန်းမြေတိုက်ကြီးများကို ကျောက်ချပ်လွှာ အစုအဖွဲ့ပေါင်း နှစ်ဆယ်ခန့်ဖြင့် ဖွဲ့စည်းထားသည်။ ယင်းကျောက်ချပ်လွှာကြီးများသည် တစ်ခါတရံ တစ်ခုနှင့်တစ်ခု တွန်းတိုက်မိကြသလို၊ တစ်ခါတရံ၌ တစ်နေရာဆီသို့ ကွဲထွက်သွားကြလေ့ရှိသည်။ ကျောက်ချပ်လွှာကြီးများ ရွေ့လျားကြသည့်အခါ ကမ္ဘာ့တိုက်ကြီးများကလည်း ယင်းတို့နှင့်အတူ လိုက်ပါရွေ့လျားရင်း တည်နေရာနှင့် တည်နေပုံများက အခါအားလျော်စွာ ပြောင်းလဲနေကြရသည်။

သာဓကအားဖြင့် အတ္တလန္တိတ် သမုဒ္ဒရာခြားနေသော တောင်အမေရိကတိုက်နှင့် အာဖရိကတိုက်တို့သည် လွန်ခဲ့သော နှစ်ပေါင်း ၁၃၅ သန်းခန့်က တစ်ဆက်တစ်စပ်တည်း တည်ရှိနေခဲ့ကြရာမှ ကျောက်ချပ်လွှာကြီးများ၏ ရွေ့လျားမှုကြောင့် လိုက်ပါရွေ့လျားရင်း ပထဝီအနေအထား ပြောင်းလဲလာခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာမြေ၏ နက်ရှိုင်းသော အတွင်းပိုင်းရှိ ပူလောင်နေသည့် ကျောက်ချော်ရည်များသည် မြင့်မားသောဖိအားနှင့် တွန်းကန်မှုတို့ကြောင့် ကမ္ဘာ့မျက်နှာပြင် အခွံပိုင်းသို့ တိုးထွက်ရောက်ရှိလာခြင်းဖြင့် အခွံလွှာအသစ်ကို ဖြစ်ပေါ်လာစေသည်။ အသစ်ဖြစ်ပေါ်လာသည့် အခွံလွှာ၏အောက်သို့ ရောက်ရှိသွားသော မူလအခွံဟောင်းမှာ အလွန်ပူလောင်နေသည့် အတွင်းပိုင်းထိတိုင် ကျရောက်သွားပြီး အရည်ပျော်သွားကြသည်။ ဤနည်းအားဖြင့် ကမ္ဘာ့မျက်နှာပြင်အခွံပိုင်းသည် အမြဲတမ်းပြောင်းလဲလျက်ရှိနေသည်။

ရှေးခေတ် ပထဝီပညာရှင်တို့က သမုဒ္ဒရာကြမ်းပြင်ဟူသည်မှာ ကုန်းမြေတိုက်ကြီးများ၏ အနိမ့်ပိုင်းနေရာများဖြစ်သည်ဟု ယူဆထားခဲ့ကြသည်။ အကယ်စင်စစ်အားဖြင့် သမုဒ္ဒရာကြမ်းပြင်များ တည်ရှိနေသော ကျောက်ချပ်လွှာကြီးများနှင့် ကမ္ဘာ့တိုက်ကြီးများ တည်ရှိနေသည့် ကျောက်ချပ်လွှာကြီးများမှာ တစ်ဆက်တစ်စပ်တည်း မဟုတ်သလို၊ မြေလွှာတစ်မျိုးတည်းဖြင့် ဖွဲ့စည်းထားခြင်းလည်း မဟုတ်ပေ။

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများကို နှမ်းဖတ်ကျောက်နှင့်တူသော ဆီလီကွန်နှင့် အလူမီနီယမ်တို့ ရောနှောနေသည့် ကျောက်သားများဖြင့် ဖွဲ့စည်းထားပြီး၊ သမုဒ္ဒရာကြမ်းပြင်များကိုမူ ဆီလီကွန်နှင့် မဂ္ဂနီဆီယမ်တို့ ရောနှောနေသည့် Basalt ခေါ် မီးတောင်ချော်နက်ကျောက်သားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။






ကမ္ဘာ့တိုက်ကြီးများ၏ ကျောက်သားမြေလွှာများသည် ယင်းတို့ထက် ပို၍လေးလံမာကျောသော သမုဒ္ဒရာကြမ်းပြင် မီးတောင်ချော်နှက် ကျောက်များပေါ်၌ တည်ရှိနေကြသည်။ ကမ္ဘာမြေ၏ နက်ရှိုင်းသောအတွင်းပိုင်းတွင် အလွန်ပူလောင်ပြီး အရည်ပျော်နေသည့် ကျောက်ချော်ရည်များသည် ဖိအားကြောင့် သမုဒ္ဒရာကြမ်းပြင်ကွဲထွက်ရာ အက်ကြောင်းများမှတစ်ဆင့် တိုးထွက်လာပြီး အပေါ်ယံသို့ ရောက်ရှိသည့်အခါ အေး၍ မာကျောသွားကြပြီး သမုဒ္ဒရာကြမ်းပြင် အသစ်ကို ဖြစ်ပေါ်လာစေသည်။

သာဓကအားဖြင့် အတ္တလန္တိတ် သမုဒ္ဒရာကြမ်းပြင်သည် အက်ကွဲကြောင်း၏ တစ်ဖက်တစ်ချက်ဆီသို့ ရွေ့လျားလျက်ရှိနေသည်။ သို့ရာတွင် ရွေ့လျားသည့်နှုန်း အလွန်နှေးကာ တစ်နှစ်တာအတွင်း စင်တီမီတာ အနည်းငယ်မျှသာ ခရီးပေါက်ရောက်သည်။ ယင်းကဲ့သို့ ရွေ့လျားနေကြရင်း ကမ္ဘာ့တိုက်ကြီးများ၏အစွန်းသို့ ရောက်ရှိလာသည့်အခါ ဝိတ်ဆို့ခံရသကဲ့သို့ဖြစ်ပြီး တိုက်ကြီးများ၏ အောက်သို့ ဝင်ရောက်ကျဆင်းသွားသည်။ နက်ရှိုင်းသည့် အတွင်းပိုင်းသို့အရောက်တွင် ပြင်းထန်လွန်းသော အပူရှိန်ကြောင့် အရည်ပျော်သွားသည်။ ဤနည်းဖြင့် သမုဒ္ဒရာ




*California's*
# San Andreas Fault

ကြမ်းပြင်တို့သည် အမြဲတမ်းဆိုသလို အသစ်နှင့်အဟောင်း လဲလှယ်ဖြစ်ပေါ်လျက်ရှိနေကြသည်။

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများသည် ကျောက်ချပ်လွှာကြီးများ၏ ရွေ့လျားမှုကြောင့် ကွဲထွက်ရာမှ အက်ကွဲကြောင်းများကို ဖြစ်ပေါ်လာစေသည်။ ကမ္ဘာ့ဒေသအနှံ့တွင် လှုပ်ခတ်ခဲ့သော ငလျင်များ၏ ၉၀ ရာခိုင်နှုန်းသည် ပြတ်ရွေ့ကြောင်း (Fault) ဟု ခေါ်ဆိုကြသော အဆိုပါ အက်ကွဲကြောင်းများတစ်လျှောက်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။

သမုဒ္ဒရာရေပြင်အောက် တောင်တန်းများအထိ ရောက်ရှိသော ယင်း အက်ကွဲကြောင်းများမှတစ်ဆင့် နက်ရှိုင်းသောအတွင်းပိုင်းရှိ အလွန်ပူလောင်သည့် ကျောက်ချော်ရည်များသည် ဖိအားကြောင့် ပြင်းထန်စွာ ပေါက်ကွဲပြီး အပြင်သို့ တိုးထွက်လာကြကာ ကျောက်ချပ်လွှာများကို တွန်းတိုက်ရွေ့လျားစေခြင်းဖြင့် ပြင်းထန်သော ငလျင်များကို ဖြစ်ပေါ်လာစေသည်။

ကမ္ဘာပေါ်ရှိ ပြတ်ရွေ့ကြောင်းကြီးများအနက် San Andreas Fault သည် အလွန်ထင်ရှားသော ကမ္ဘာသိ ပြတ်ရွေ့ကြောင်းကြီး ဖြစ်သည်။ ယင်းပြတ်ရွေ့ကြောင်းသည် အမေရိကန်ပြည်ထောင်စုအနောက်ဘက် ကမ်းခြေရှိ ကယ်လီဖိုးနီးယားပြည်နယ် အတွင်း၌ တည်ရှိသည်။ ကယ်လီဖိုးနီးယားပြည်နယ်ကြီးသည် ကျောက်ချပ်လွှာကြီးနှစ်ခုပေါ်၌ ခွလျက်တည်ရှိနေသည်။ ပစိဖိတ်ကျောက်ချပ်လွှာပေါ်၌ တစ်စိတ်တစ်ပိုင်းတည်ရှိနေပြီး မြောက်အမေရိက ကျောက်ချပ်လွှာပေါ်၌ ကျန်အစိတ်အပိုင်းက တည်ရှိနေသည်၊ ကယ်လီဖိုးနီးယားပြည်နယ်ကို ဆန့်အန်ဒရီးစ် ပြတ်ရွေ့ကြောင်းကြီးက ပိုင်းခြား




San Andreas Fault

ထားလျက်ရှိသည်။

ကယ်လီဖိုးနီးယားပြည်နယ်၏ တစ်စိတ်တစ်ပိုင်းတည်ရှိရာ နေရာဖြစ်သော ပစိဖိတ်ကျောက်ချပ်လွှာသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနေစဉ် ကျန်တစ်စိတ်တစ်ပိုင်းတည်ရှိနေသော မြောက်အမေရိက ကျောက်ချပ်လွှာကြီးက ဆန့်ကျင်ဘက်အရပ်ဖြစ်သော အရှေ့တောင်ဘက်သို့ ရွေ့လျားလျက်ရှိနေသည်။ ထို့ကြောင့်ပင်လျှင် ကျောက်ချပ်လွှာကြီး နှစ်ခု၏ ဆုံရာဖြစ်သော ဆန်အန်ဒရီးစ်ပြတ်ရွေ့ကြောင်းကြီးတစ်လျှောက်နှင့် အနီးတစ်ဝိုက်တွင် ငလျင်ကြီးများ ဖြစ်ပေါ်လေ့ရှိသည်။

သာဓကအားဖြင့် ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းရှိ လော့စ်အိန်ဂျလိစ်မြို့တွင် ၁၉၉၄ ခုနှစ်က အင်အားအလွန်ပြင်းထန်သော ငလျင်ကြီးလှုပ်ခဲ့ပြီးဖြစ်သည်။ လော့စ်အိန်ဂျလိစ်မြို့သည် ဆန်အန်ဒရီးစ်ပြတ်ရွေ့ကြောင်းကြီးမှ ကီလိုမီတာ ၅၀ ခန့်သာ ကွာဝေးသလို၊ မြို့ပတ်ဝန်းကျင်၌လည်း သေးငယ်သော ပြတ်ရွေ့ကြောင်းများ အများအပြားတည်ရှိနေသည်။ ၁၉၉၄ ခုနှစ် ငလျင်ကြီးသည် ထိုပြတ်ရွေ့ကြောင်းငယ်ကလေးများထဲမှ ပြတ်ရွေ့ကြောင်းတစ်ခုကို ဗဟိုပြုခဲ့ခြင်းဖြစ်သည်။

အလားတူပင် ၁၉၂၃ ခုနှစ်က ဂျပန်နိုင်ငံ၌လှုပ်ခဲ့သော အင်အားပြင်းငလျင်ကြီးသည်လည်း ပြတ်ရွေ့ကြောင်းများနှင့် နီးကပ်


၁၉၂၃ ခုနှစ်က ဂျပန်နိုင်ငံ၌လှုပ်ခဲ့သော အင်အားပြင်းငလျင်ကြီး



သော နေရာဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ငလျင်ကြီးသည် မြို့တော်တိုကျိုနှင့် ယိုကိုဟားမား ဆိပ်ကမ်းမြို့များကို ဆိုးဆိုးရွားရွားပျက်စီးစေခဲ့သည်။

ထိုအတူ သမ္မတနန်းတော် အဆောက်အဦကြီးပါ ပြိုကျခဲ့သည့်အတွက် အုပ်ချုပ်ရေးယန္တရားကိုပါ တုံ့ဆိုင်းသွားစေခဲ့သော ဟေတီငလျင်သည်လည်းကောင်း၊ ပျက်စီးဆုံးရှုံးမှု ကြီးမားလွန်းသောကြောင့် လမ်းပန်းဆက်သွယ်ရေးကိုပါ ပြတ်တောက်သွားစေခဲ့သော ချီလီငလျင်သည်လည်းကောင်း၊ လူအသေအပျောက် အလွန်များခဲ့သည့် တရုတ်နိုင်ငံ စီချွမ်ငလျင်သည်လည်းကောင်း၊ မြို့တစ်မြို့လုံးနီးပါးကို အသစ်ပြန်လည်တည်ဆောက်ခဲ့ရသည့် ဂျပန်နိုင်ငံ ကိုဘေးငလျင်သည်လည်းကောင်း၊ မကြာသေးမီကမှ ဖြစ်ပွားခဲ့သော နီပေါငလျင်နှင့် အီကွေဒေါငလျင်တို့သည်လည်းကောင်း အရွယ်အစားအမျိုးမျိုးရှိကြသည့် ပြတ်ရွှေ့ကြောင်းကြီးငယ်အသွယ်သွယ်တို့ကို ဖယ်ိုပြုလျက်၊ သို့တည်းမဟုတ် ပြတ်ရွှေ့ကြောင်းများ၏ အနီးပတ်ဝန်းကျင်ကို ဗဟိုပြုလျက် ဖြစ်ပွားခဲ့ကြခြင်းပင်ဖြစ်သည်။

ယနေ့ခေတ် သိပ္ပံနှင့် နည်းပညာများ အလွန်အလွန် တိုးတက်နေသည့်တိုင် ငလျင်လှုပ်မည့်အရေးကို ကြိုကြိုတင်တင် ခန့်မှန်းနိုင်ခြင်း မရှိကြသေးပေ။ ကမ္ဘာ့ငလျင်လှုပ်ခတ်မှု အများဆုံးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံသည် စက်မှုဖွံ့ဖြိုးပြီးဖြစ်သော ထိပ်တန်းနိုင်ငံတစ်ခု ဖြစ်သည်နှင့်အညီ ငလျင်လှုပ်ခတ်မှု၏ အဦးအစဖြစ်သော မြေအောက်လှုပ်ရှားမှုများကို အချိန်ရနိုင်သလောက် ကြိုတင်ထောက်လှမ်းသိရှိနိုင်သည့် တိုင်းတာရေးစခန်း ကွန်ရက်ကြီးကို ဒေါ်လာသန်း ၅၀၀ အကုန်အကျခံ၍ တည်ဆောက်ခဲ့သည်။





ငလျင်အစ မြေအောက်လှုပ်ရှားမှုများကို တိုင်းတာသည့် စခန်းပေါင်း တစ်ထောင်ကျော်ကို စီရင်စုတစ်ခုချင်းစီအလိုက် တစ်နိုင်ငံလုံး၌ ကွန်ရက်အဖြစ် ဖြန့်ကြက်ကာ ငလျင်ကြိုတင်သတိပေးဌာနနှင့် ချိတ်ဆက်ထားခဲ့သော ဂျပန်နိုင်ငံသည် ၂၀၁၁ ခုနှစ်က ဖြစ်ပွားခဲ့သည့် ငလျင်လှုပ်မည့်အရေးကို စက္ကန့်ပိုင်းမျှသာ ကြိုတင်သိရှိနိုင်ခဲ့သည်။

၂၀၁၁ ခုနှစ်၊ မတ်လ ၁၁ ရက် မွန်းလွဲ ၂ နာရီ ၄၆ မိနစ်က ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းပေါ်ရှိ ဆန်ဒိုင်းဒေသ အရှေ့ဘက် မိုင် ၈၀ ခန့်အကွာနေရာ၏ မြေအောက်အနက် ၂၄.၂ မိုင်ကို ဗဟိုပြု၍ ၉.၀ မဂ္ဂနီကျူရှိ အင်အားအလွန်ပြင်းထန်သော ငလျင်ကြီး လှုပ်ခတ်ခဲ့သည်။

ဆက်သွယ်ရေးစနစ် အလွန်ကောင်းမွန်ပြီး တုံ့ပြန်ဆောင်ရွက်မှု အလွန်မြန်ဆန်သည့် ဂျပန်နိုင်ငံသည် စက္ကန့်ပိုင်းမျှသာ ကြိုသိရသည့် ငလျင်လှုပ်မည့်အရေးကို နိုင်ငံတစ်ဝန်း အချိန်ရနိုင်သလောက် ကြိုတင်ထုတ်ပြန်ခဲ့သည့်အတွက် ပျက်စီးဆုံးရှုံးမှု ကြီးမားကျယ်ပြန့်ခဲ့သည့်တိုင် ဆိုးဆိုးရွားရွား ဖြစ်ပွားခဲ့သည့် အဆိုပါ ပျက်စီးဆုံးရှုံးမှုနှင့် နှိုင်းစာလျှင် လူအသေအပျောက် အလွန်နည်းပါးခဲ့သည်။ ထို အင်အားပြင်းငလျင်ကြီးကြောင့် ဂျပန်ပင်လယ်ကြမ်းပြင်သည် တစ်ဖက်တစ်ချက်သို့ ၈၉ ပေခန့် ရွေ့သွားခဲ့သည့်အပြင် အပေါ်ဘက်သို့လည်း ၁၀ ပေခန့် မြင့်တက်လာခဲ့သည်။

**သိပ္ပံစာရေးဆရာကိုကိုအောင်**



# ကိုယ်ခြေရာကြဲခဲ့တော့...

**သဲကန္တာရအတွင်း အရေးကြုံ
သက်လုံကောင်းကြသူနှစ်ဦး၏ ဖြစ်ရပ်**

အဖြစ်အပျက်မှာ ရိုးစင်းလှသည်။ ၁၉၅၉ ခု၊ ဇွန်လ၏ ပူအိုက်သော ညတစ်ညတွင် ကျွန်တော်နှင့် ဂျင်(မ်)တူမိတို့သည် ကာလီဖိုးနီးယားပြည်နယ်၊ မိုဂျာဗီသဲကန္တာရ အလယ်သို့ အနက်ရောင်ကားစုတ်ကလေးဖြင့် ကျောက်စရစ်လမ်းအတိုင်း မောင်းလာခဲ့ကြ၏။ ကျွန်တော့်အသက်မှာ ၁၈ နှစ်ရှိပြီ။ ဂျင်(မ်)မှာ ၁၆ နှစ်သာရှိသေးသည်။

သတ္တုရှာဖွေသူ လူကြီးတစ်ယောက်က ကျွန်တော်တို့အား ဤလမ်းသည် သရဲလွင်ပြင်အစွန်းရှိ လူမနေသော ရက်ဆောရန့်(ချ်)သို့ ရောက်သည်ဟု ပြောခဲ့သည်။

ထိုနေရာတွင် ဆင်ခလောက်မြွေများရှိသည်ဟုလည်း ထိုလူက ပြောသေးသည်။ မကောင်းဆိုးဝါးများနှင့် မြွေများကိုလည်း ကျွန်တော်တို့ စိတ်ဝင်စားကြ၏။ ကျောင်းတွင် တီရွောန်များအကြောင်း ဘာသာရပ်ကို အဓိကယူထားသဖြင့် ဆန်းပြားသော တီရွောန်များကို ရှာဖွေရန်လည်း ဖိသနာပါကြသည်။

ကားထဲတွင် နှစ်ရက်စာရိက္ခာများပါလာပါသည်။ ရက်သောတွင် ရေတွင်းရှိမည်ဟု မျှော်လင့်သော်လည်း လိုရမည်ရအနေဖြင့် ရေတိုင်ကီတွင် ရေနှစ်ပိုင့်ထည့်လာခဲ့သေး၏။ ကျွန်တော်တို့သည် ဆန်ဖရန်စစ္စကိုနှင့် ဝေးသောနေရာသို့ ရောက်လာကြပြီ၊ နေဝင်ချိန်တွင် ကားရပ်ပြီး ငှက်များပျံသန်းလာပုံကို တအံ့တသြကြည့်ကြ၏။

သတ္တုရှာသူပြောသည့်နေရာအရောက်တွင် ကားကိုကွေ့၍ လရောင်အောက်တွင် ကျောက်စရစ်လမ်းအတိုင်း မောင်းလာခဲ့၏။ အချိန်အတွန်ကြာမြင့်စွာ ကားမောင်းလာပြီးသောအခါတွင် ကျောက်စရစ်လမ်းပေါ်တွင် လက်တစ်လုံးခန့် သဲများဖုံးနေသည်ကို တွေ့ရ၏။ ကားကို ထိုအပေါ်မှ ဖြတ်မောင်းခဲ့ကြ၏။ ထို့နောက် ကားလမ်းပေါ်တွင် သဲများ တဖြည်းဖြည်းထူလာ၏။ ကျွန်တော်တို့သည် ထိုအချက်ကို သတိမပြုဘဲ ကားကိုသာ ဆက်မောင်းခဲ့ကြ၏။ ရုတ်တရက် ကားသည် ရပ်သွားတော့မှသာ ကားဘီးများသည် ရှေ့သို့ရွေ့လျားရမည့်အစား အောက်သို့ တဖြည်းဖြည်းနစ်နေသည်ကို တွေ့ရသည်။ ကျွန်တော်တို့သည် တုန်လှုပ်ချောက်ချားစွာဖြင့် ကားပေါ်မှဆင်းလိုက်ကြ၏။

လမ်းမှားလာသည်ဟု ကျွန်တော်တို့ ထင်ခဲ့ကြသည်။ ကားနစ်သောနေရာနှင့် ကျောက်စရစ်လမ်းမှာ ပေနှစ်ရာခန့်သာ ကွာဝေး၏။ ဂျင်(မ်)မှာ အိပ်ချင်နေလေပြီ။ သူက မနက်ကျမှ သဲများကိုဖယ်ရှားမည်ဟု ပြောသေး၏။ ''မဖြစ်ဘူး''ကျွန်တော်ပြောလိုက်၏။ ''အခုချက်ချင်း သဲတွေဖယ်ပစ်ရမယ်၊ သိပ်မကြာပါဘူးကွာ''

တစ်နာရီကြာအောင် ဖယ်ရှားသော်လည်း သဲမှာ တစ်လက်မပင် နိမ့်ကျမသွားပေ။ နောက်ဘီးမှာ သဲအောက်သို့ ပိုကျွံသွား၏။ ကျွန်တော်တို့သည် ကျောက်တုံးများရှာရန် မီးရထားလမ်းဟောင်းအတိုင်း



ရုတ်တရက် ကားသည်
ရပ်သွားတော့မှသာ
ကားဘီးများသည်
ရှေ့သို့ရွေ့လျားရမည့်အစား
အောက်သို့ တဖြည်းဖြည်း
နစ်နေသည်ကို တွေ့ရသည်။
ကျွန်တော်တို့သည်
တုန်လှုပ်ချောက်ချားစွာဖြင့်
ကားပေါ်မှဆင်းလိုက်ကြ၏။

ထွက်လာကြသည်။ ကားဘီးများအောက်မှ အမာခံအဖြစ်ထားရန် မီးရထားသံလမ်းအပြတ်များကိုပါ ယူခဲ့ကြ၏။ မီးရထားသံလမ်းများကို အလျားလိုက်ထပ်၍ ကားဘီးအောက်မှာထားပြီး ကားကို တဖြည်းဖြည်းနောက်ဆုတ်ရ၏။ ကားဘီးသည် မကြာခဏ သံလမ်းအပေါ်မှ အောက်သို့ချော်ကျသည်။ တစ်ညလုံးပင် သံလမ်းများကို ပြန်တပ်လိုက်၊ ကားပြန်မောင်းလိုက်၊ ကားဘီးချော်ကျလိုက် ဖြစ်နေခဲ့၏။ ကျွန်တော်တို့သည် အဝေးပြေးကားလမ်းမကြီးနှင့် မိုင်နှစ်ရာခန့်ဝေးသောနေရာသို့ ရောက်နေပြီ။

သို့သော် ကျွန်တော်တို့၏ဒုက္ခမှာ ကားနှင့် ကျောက်စရစ်လမ်းအကြားတွင်ရှိနေသော ပေနှစ်ရာကွာဝေးသည့် သဲပြင်ဖြစ်သည်။ နံနက်ငါးနာရီတွင် ကားသည် ကျောက်စရစ်လမ်းနှင့် ပေတစ်ရာငါးဆယ်သာ ကွာတော့၏။ ကျွန်တော်တို့သည် မောပန်းလွန်းသဖြင့် ရေနစ်ခွက်စီသောက်ပြီး သဲပြင်ပေါ်မှာ အိပ်လိုက်ကြသည်။

နေထွက်လာသည်နှင့် အပူရှိန်သည် သဲပြင်ပေါ်သို့ အတားအဆီးမဲ့စွာ ကျလာ၏၊ နေရောင်အောက်တွင် အရာအားလုံးသည် ညှိုးနွမ်းခြောက်သွေ့နေ၏။ ထို့ကြောင့် ဤနေရာကို တရွေလွင်ပြင်ဟု ခေါ်ခြင်းဖြစ်နိုင်၏။ ခြောက်သွေ့သော ချုံနွယ်ပိတ်ပေါင်းများသာ ကျောက်တောင်များပေါ်တွင် ဖုံးလွှမ်းနေသည်။ ထိုမှလွဲ၍သော် အဖြူရောင် သဲလွင်ပြင်ကြီးသာ ရှိတော့သည်။

ကျွန်တော်တို့သည် ခါးတွင် အဝတ်အစားများစည်းပြီး ကားအောက်မှသဲများကို ယက်ထုတ်ကြ၏။ နာရီဝက်ခန့်အကြာတွင် ကျွန်တော်တို့အသားများ ပူပြင်းခြောက်သွေ့လာတော့သည်။ သဲများမှာ ကိုင်လို့မရအောင် ပူပြင်းနေ၏။ ''ညနေအထိ နားကြမယ်'' ကျွန်တော် အကြံပေးလိုက်၏။ ''အေးမှပဲ ဖော်တော့မယ်'' ဂျင်(မ်)ကို သိပ်ပြောရန်မလိုပါ။ ကျွန်တော်တို့သည် တောင်စောင်းအရိပ်အောက်တွင် အနားယူရန် ဆုံးဖြတ်လိုက်၏။ ယခုအချိန်အထိ ကျွန်တော်

သိပ်စိတ်မပူသေးပါ။ အလုပ်နားပြီးနောက် ကင်မရာဖြင့် ဓာတ်ပုံရိုက်လိုက်သေး၏။

ကျွန်တော်တို့ အနားယူသည့်နေရာမှာ ကားနှင့် ပေသုံးဆယ်ခန့်ဝေးသည်။ ကျွန်တော်တို့သည် နေရာခွဲပြီး အနားယူကြ၏။ ကျွန်တော်သည် အရိပ်အောက်တွင်လှဲရင်း ငိုက်မြည်းနေ၏။ နေပူလွန်းသဖြင့် နှုတ်ခမ်းများ ခြောက်သွေ့လာသည်။

မွန်းတည့်ချိန်တွင်မူ လက်ကျန်ရေကို နှစ်ယောက်မျှတသောက်လိုက်ကြသည်။ ကျွန်တော်သည် နေပူချိန် ဒီဂရီမည်မျှရှိမည်ကိုခန့်မှန်းစဉ်းစားနေမိ၏။ တရားဝင်စာရင်းအရ ထိုနေရာတွင် ဇွန်လအပူချိန်မှာ (၁၂၁) ဖာရင်ဟိုက်ဒီဂရီဖြစ်၏။

ဤသို့ဖြင့် နေဝင်သွားသည်။ နေဝင်သည်နှင့် အလွန်အေးလာ၏။ ကန္တာရတစ်နေရာမှ ညည်းငိုက်တစ်ကောင်၏ အော်သံပေါ်လာချိန်တွင် ကျွန်တော်နှင့် ဂျင်(မ်)တို့သည် ကားရပ်ထားသောနေရာသို့ ပြန်သွားပြီး ညစာစားကြသည်။ ကျွန်တော်တို့သည် ခေါက်ချွဲစွပ်ပြုတ်တစ်ဘူးစီကို ကားစက်ခန်းတွင် ထည့်ထားခြင်းဖြင့် ပူနွေးအောင်လုပ်ပြီး သောက်ကြ၏။ ထို့နောက် နာနတ်ရည်တစ်ဘူးကို မျှသောက်ကြသည်။

အစာစားရသဖြင့် ကျွန်တော်တို့ အင်အားပြန်ပြည့်လာ၏။ လမ်းလျှောက်ပြီးပြန်ရန် သင့်မသင့်စဉ်းစားကြ၏။ ဂျင်(မ်)မှာ ဤမျှဝေးသောခရီးကို လမ်းလျှောက်ရန် မတတ်နိုင်ပေ။ ကျွန်တော်ကိုယ်တိုင်လည်း လျှောက်နိုင်ဖို့မသေချာပေ။ နောက်ဆုံးတွင် ကားကို ကျောက်စရစ်လမ်းပေါ်သို့ ပြန်ရောက်အောင်လုပ်ဖို့ ဆုံးဖြတ်ကြ၏။ ကျွန်တော်သည် ထိုအချိန်အထိ အလွန်ဆိုးဝါးသော အခြေအနေနှင့် ရင်ဆိုင်နေရသည်ကို မသိသေးပေ။ မကြာခင်က ဤနေရာမှ နိုင်သုံးဆယ်ကွာသော သေမင်းလွင်ပြင်ထဲတွင် လူငယ်နှစ်ယောက် ရေငတ်ပြီး သေဆုံးသွားခဲ့သေး၏။ ခြောက်သွေ့နေသော အလောင်းများကို ရပ်ထားသော ကားအနီးတွင် တွေ့ကြရ၏။ ကျွန်တော်တို့အနေဖြင့် ထိုကဲ့သို့ အဖြစ်မဆိုးနိုင်ဟု မျှော်လင့်မိသည်။

ဒုတိယညတွင် ထိုအကြောင်းကိုတွေးမိပြီး ကျွန်တော် အလွန်စိတ်ပူမိ၏။ ယခုအချိန်အထိ ကားကို မီးရထားသံလမ်းအပြတ်များပေါ်တင်ပြီး ပေအနည်းငယ်





နောက်သို့ရောက်အောင် ထုတ်နိုင်ခဲ့ပြီ၊ ကျွန်တော်တို့ လုပ်နိုင်သည်မှာ ဤမျှသာဖြစ်၏။ ကျွန်တော်သည် အနားယူရင်း ငိုက်မြည်းနေခဲ့ရာမှ နံနက်ငါးနာရီတွင် အိပ်ပျော်သွားတော့သည်။

ကျွန်တော် အိပ်ရာမှနိုးလာချိန်တွင် နေရောင်သည် ကျွန်တော့်ခန္ဓာကိုယ်အပေါ်သို့ စူးရှစွာကျရောက်နေ၏။ အချိန်ကြာလာသည်နှင့်အမျှ အန္တရာယ်ကိုမြင်လာကြ၏။ ယမန်နေ့ညက ကားကို တစ်ဆယ့်ငါးပေသာ နောက်ထုတ်နိုင်ခဲ့၏၊ ကျောက်စရစ်လမ်းပေါ်ပြန်ရောက်ရန် ပေတစ်ရာသုံးဆယ်

လိုသေး၏။ ဂျင်(မ်)မှာ အလွန်အားနည်းနေ၏။ ကျွန်တော်တို့သည် သစ်ကိုင်းခြောက်များ၊ ကျောက်ခဲများကိုစုပုံ၍ သဲပြင်ပေါ်တွင် (အက်စ်အိုအက်စ်)စာလုံးများ ရေးကြ၏။ ထို့နောက် ကျောက်ဆောင်အောက်သို့ ပြန်ဝင်ပြီး နားလိုက်ကြသည်။

ဒုတိယနေ့မှာ နံနက်လင်းကတည်းက အလွန်ဆိုးဝါးခဲ့၏။ အရိပ်အောက်မှာ နေရသည့်တိုင်အောင် အပူရှိန်သည် ကျွန်တော့်ခန္ဓာကိုယ်အတွင်းမှ ရေဓာတ်များကို စုပ်ယူနေ၏။ ပိုဆိုးသည်မှာ တိတ်ဆိတ်မှုဖြစ်၏။ တိတ်ဆိတ်လွန်းသဖြင့် နှလုံးခုန်သံကိုပင် ကြားနေရ၏။

ဂျင်(မ်)မှာ မကြာခဏသက်ပြင်းချနေ၏။ ပါးစပ်မှလည်း ကယောင်ကတမ်းပြောနေ၏။ ''ငါ့ သစ်သီးရည်ပုလင်း ဘယ်မှာလဲ''သူက ဆက်ပြော၏။ ''သစ်သီးရည်ပေးပါ၊ ပိုက်ဆံပေးပါ့မယ်''နောက်ဆုံး လဲကျပြီး ငြိမ်သက်သွားတော့သည်။

မွန်းတည့်ချိန်တွင် နေရောင်သည် ကျွန်တော်အရိပ်ခိုနေသော အမိုးအပေါ် တည့်တည့်သို့ ကျလာ၏။ တစ်ကြိမ်တွင် သဲများ ရွေ့လျားသံကြားသဖြင့် လှမ်းကြည့်သောအခါ လေးပေအကွာမှ ဖြတ်သွားသော ဆင်ခလောက်မြွေတစ်ကောင်ကို တွေ့လိုက်ရသည်။ အပူဒဏ်ကြောင့် အရိပ်ပိုကောင်းသောနေရာသို့ ကူးသွားခြင်းဖြစ်သည်။

ကျွန်တော်သည် ဆက်ပြီးငိုက်နေခဲ့၏။ ဘယ်တော့မှ နေဝင်တော့မည်မဟုတ်ဟု ထင်နေမိ၏။ တစ်ကြိမ်တွင် နှစ်မိုင်ခန့်အကွာတွင် ရပ်ထားသောကားကို လှမ်းကြည့်မိ၏။ ကျွန်တော်တို့ကားဘေးတွင် အခြားကားတစ်စီး ရပ်နေသည်ကိုမြင်ရ၏။ ကားလမ်းပေါ်တွင် မောင်းနေသော အခြားကားများကိုလည်း မြင်ရ၏။ နောက်ဆုံးတွင် ကျွန်တော်တို့သည် အဝေးပြေးကားလမ်းပေါ်သို့ ပြန်ရောက်ခဲ့လေပြီ။ ကျွန်တော်သည် မျက်စိကိုမှိတ်သပ်ပြီး နောက်တစ်ကြိမ် ထပ်ကြည့်လိုက်၏။ စူးရှတောက်ပြောင်သော နေရောင်အောက်သဲပြင်ပေါ်တွင် ကျွန်တော်တို့ ကားတစ်စီးသာတွေ့ရ၏။

ကျွန်တော် အလွန်စိတ်ပျက်သွား၏။ ကျွန်တော့်ခန္ဓာကိုယ်ထဲတွင် အစိုဓာတ်များ

ခန်းပြောက်သွားသဖြင့် စိတ်ဖောက်ပြန်သွားပြီဟု ယူဆသောကြောင့်ဖြစ်သည်။

မွန်းလွဲပိုင်းကျော်လာချိန်တွင် ကျွန်တော်သည် ပူပြင်းခြောက်သွေ့မှုကို သည်းမခံနိုင်အောင်ဖြစ်လာ၏။ ထို့ကြောင့် နေပူအောက်သို့ ထွက်လာခဲ့ရပါတော့သည်။ ကားဆီသို့ လှမ်းကြည့်သောအခါ အနီးတွင် ချိုင့်ဝှမ်းဖြစ်နေသော နေရာတစ်ခုကို တွေ့ရ၏။ ထိုနေရာသည် ရေတွင်းဟောင်းတစ်ခုဖြစ်မည်ဟု ထင်၏။ ''အဲဒီနေရာကိုတူးရင် ရေရနိုင်တယ်''ထိုအတွေးဖြင့် တောင်စောင်းမှ ဆင်းလာခဲ့၏။

သဲတောင်ပို့နံဘေးတွင် စိမ်းလန်းသော ကရီအိုဆုတ်ချုံများ ပေါက်နေသည်ကို တွေ့ရ၏။ ထိုနေရာကိုတူးပါက အစိုဓာတ်တွေ့မည်ဟု ကျွန်တော်ထင်သည်။ ကျွန်တော်သည် သစ်မြစ်များအကြားကို တူးဆွနေခဲ့ရာ ရေမတွေ့သော်လည်း ကျွန်တော့်လက်များ တဖြည်းဖြည်းအေးလာသည်ကို ခံစားရ၏။ ထိုနေရာတွင် လိုဏ်ခေါင်းတစ်ခုတူးပါက အအေးဓာတ်ရနိုင်မည်ကို ကျွန်တော်သိလိုက်ပါပြီ။

မည်မျှကြာအောင် တူးနေရသည်ကို သတိမထားမိပါ။ နောက်ဆုံးတွင် အတော်အသင့်ကျယ်သော ဥမင်လိုဏ်ခေါင်းတစ်ခု တူးဖြစ်သွားတော့သည်။ ကျွန်တော်က ချွေးစိုနေသော အဝတ်အစားများကိုချွတ်၍ လိုဏ်ခေါင်းအတွင်းသို့ ဝမ်းလျားမှောက်ဝင်ခဲ့၏။ အေးစိမ့်မှုက ကျွန်တော့်ကို ဆီးကြိုပွေ့ဖက်သဖြင့် ချက်ချင်းအိပ်ပျော်သွားခဲ့၏။

ကျွန်တော် အိပ်ရာမှနိုးလာသောအခါ နေဝင်လေပြီ။ ညဥ့်ငှက်အော်သံများ ပေါ်လာပြန်၏။ ကျွန်တော့်အနေဖြင့် ကောင်းစွာအနားယူခဲ့ရသဖြင့် စိတ်ဓာတ်တက်ကြွလန်းဆန်းနေ၏။ ထိုအချိန်မှာပင် ဂျင်(မ်)သည် ဒယိမ်းဒယိုင်ဖြင့် ကျွန်တော့်ရှေ့မှ ဖြတ်သွားသည်ကို တွေ့ရသည်။ ခေါင်းမှာ ရှေ့သို့ ငိုက်ကျပြီး လက်နှစ်ဘက်မှာ ဘေးတွင် တန်းလန်းကျနေ၏။ ချက်ချင်းပင် ဒူးညွှတ်ကျသွားပြီး ရှေ့သို့ ဟပ်ထိုးလဲသွားတော့၏။ ကျွန်တော်သွားကြည့်သောအခါ အသံတိုးတိုးဖြင့် ညည်းနေရှာပါသည်။

ဤတွင် ကျွန်တော်က ကားဆီသို့ ပြေးသွားပြီး ပူလောင်နေသောကားအတွင်းပိုင်းကို လှန်လှောရှာဖွေနေခဲ့၏။ ထိုင်ခုံ



အောက်မှ မုတ်ဆိတ်ရိတ်ရာတွင်သုံးသော ဆေးရည်ပုလင်းတွေ့ရ၏။ ပုလင်းအဖုံးကို ဖွင့်၍ ထိုအရည်ဖြင့် မျက်နှာနှင့်လည်ပင်းတို့ကို လိမ်းလိုက်ရာ အပူဒဏ်ခံစားရမှု သက်သာသွားပါသည်။ ဂျင်(မ်)ထံသို့ ပြန်သွားပြီး သူ့မျက်နှာကို ထိုအရည်ဖြင့် လိမ်းပေးလိုက်ပါသည်။ တီရှပ်အပေါ်သို့ ဆေးရည်များ လောင်းချပေးခဲ့သည်။ သူ့မျက်နှာမှာ လူသေကောင်မျက်နှာလို ဖြူဖွေးနေ၏။ ပါးစပ်ဟနေပြီး ချွဲသလိပ်များသည် ခြောက်သွေ့သော နှုတ်ခမ်းဘေးတွင် ကပ်နေ၏။ ''ငါတို့ ရေသောက်ဖို့လိုနေပြီ။ ရေသောက်ရမှ ဖြစ်မယ်'' ကျွန်တော်တွေးနေမိသည်။

ကျွန်တော့်အကြည့်သည် ကားဆီသို့ ရောက်သွားပြန်၏။ ကားရေတိုင်ကီမှရေကို သောက်ပြီး အသက်ရှင်ခဲ့သော သဲကန္တာရ ခရီးသည်များအကြောင်းကိုပြန်သတိရလိုက်မိပါသည်။ နှစ်ရက်လုံးလုံး ထိုအကြောင်းကို မေ့နေခဲ့၏။ ကျွန်တော်သည် ခွက်တစ်ခုကိုယူ၍ ကားရှေ့ဘန်ဘာအောက်သို့ ဝင်ခဲ့၏။ ရေဒီရယ်တာ အဆို့ဝက်အူများကို

ကားရေတိုင်ကီမှရေကို

သောက်ပြီး အသက်ရှင်ခဲ့သော

သဲကန္တာရ

ခရီးသည်များအကြောင်းကို

ပြန်သတိရလိုက်မိပါသည်။

နှစ်ရက်လုံးလုံး ထိုအကြောင်းကို

မေ့နေခဲ့၏။ ကျွန်တော်သည်

ခွက်တစ်ခုကိုယူ၍...

လှည့်ဖွင့်လိုက်သောအခါ စက်ဆီနှင့် သံချေးရောနေသော နီကျင်ကျင်အရည်များ ခွက်ထဲသို့ ကျလာသည်။ ကျွန်တော့်ဘဝတွင် စိတ်ချမ်းသာစရာအကောင်းဆုံး မြင်ကွင်းပင် ဖြစ်တော့၏။

ကျွန်တော်သည် ထိုနေရာမှာပင် ရေကို လောဘတကြီးသောက်လိုက်၏။ ထို့နောက် ရေခွက်တွင် ရေထပ်ဖြည့်ပြီး ဂျင်(မ်)ထံ ယူလာခဲ့၏။ သူ့ပါးစပ်ထဲသို့ ရေစက်များ ချပေးလိုက်၏။ မကြာခင် သူလှုပ်ရှားလာ၏။ မကြာခင် ထထိုင်လာနိုင်၏။ ကျွန်တော်တို့သည် ကားအတွင်းမှ ခေါက်ဆွဲ



**ကျွန်တော်တို့မှာ ယခုတိုင် အင်အားနည်းနေဆဲဖြစ်သည်။ ဂျင်(မ်)သည် ကျွန်တော့်အား ကူညီလုပ်ကိုင်ရင်း သဲပြင်ပေါ်သို့ လဲကျသွားၿပီ။ သူသည် ထိုနေရာမှာပင် တစ်ညလုံး လဲနေခဲ့လေတော့သည်။**

ခြောက်တစ်ထုပ်ကိုယူပြီး တစ်ယောက်တစ်ဝက်စီ စားကြ၏။

ယခုအခါကျွန်တော်သည် ကြည်ကြည်လင်လင် စဉ်းစားနိုင်လေပြီ။ ဤအခက်အခဲမှ လွတ်မြောက်ဖို့အတွက် နည်းလမ်းအသစ်ကြံဆမှ ဖြစ်တော့မည်ဟုလည်း တွေးမိ၏။ ဤတွင် ခေါင်းထဲတွင် အကြံတစ်ခုပေါ်လာပါတော့သည်။ သဲလမ်းများကို တစ်ဘက်မှ မြင့်ပြီး ကျောက်စရစ်လမ်းဘက်သို့ အရှိန်ဖြင့် လျှောဆင်းရန်ဖြစ်သည်။ ဤသို့လုပ်ခြင်းဖြင့် ကားဘီးများသည် သဲပြင်ပေါ်တွင် အချိန်အတော်ကြာအောင် ဆက်လက်လည်ပတ်နေမည်ဟု မျှော်လင့်မိပါသည်။

ကျွန်တော်တို့မှာ ယခုတိုင် အင်အားနည်းနေဆဲဖြစ်သည်။ ဂျင်(မ်)သည် ကျွန်တော့်အား ကူညီလုပ်ကိုင်ရင်း သဲပြင်ပေါ်သို့ လဲကျသွား၏။ သူသည် ထိုနေရာမှာပင် တစ်ညလုံး လဲနေခဲ့လေတော့သည်။ ကျွန်တော့်အနေဖြင့် မိနစ်နှစ်ဆယ်သာ ကြာမည့် အလုပ်ကို ခြောက်နာရီကြာအောင် လုပ်ခဲ့ရသည်။ သဲလမ်းပေါ်မှ ကားဘီးမချော်အောင် လုပ်ခြင်းမျိုးဖြစ်၏။ ဤတစ်ကြိမ် မအောင်မြင်ပါက နောက်တစ်ကြိမ် ထပ်လုပ်ဖို့ ကျွန်တော်တို့တွင် အင်အားမရှိတော့ပါ။ နောက်ဆုံးတွင် ကျွန်တော်သည် မဟန်နိုင်အောင် မောပန်းလာပြီး သဲပေါ်သို့ လဲကျ အိပ်ပျော်သွားပါတော့သည်။

ကျွန်တော် အိပ်ရာမှပြန်နိုးလာသောအခါ နေအလွန်ပြင်းနေလေပြီ။ ကျွန်တော်တို့ခပ်ထားသောရေကို မျှတသောက်ကြ၏။ ကျွန်တော်က ဂျင်(မ်)အား ကားပေါ်သို့ ကူညီဖေးမပြီး အရင်တက်စေသည်။ ထို့နောက် ကားကို စက်နှိုးလိုက်၏။ ကားစက်ကို အတော်ကြာအောင် နှိုးရသည်။ ကားစက်နိုးသောအခါ ဂျင်(မ်)ကိုလှည့်ကြည့်လိုက်၏။ ကားနောက်ခန်းတွင် လဲနေပါပြီ။ ''အဆင်သင့်ဖြစ်ပြီ''ဟု ပြောလိုက်သော ကျွန်တော့်စကားကို သူကြားပုံမရပါ။

ကျွန်တော်က ကားကိုအရှိန်ဖြင့် နောက်သို့လျှောဆင်းလိုက်၏။ နောက်ဆုံးတွင် ကားသည် ကျောက်စရစ်လမ်းပေါ်သို့ ပြန်ရောက်လာခဲ့၏။ ဝမ်းသာလွန်းသဖြင့် ကျွန်တော်သည် အရူးတစ်ယောက်လို အော်ဟစ်နေခဲ့၏။ ဂျင်(မ်)မှာ ခပ်ယဲ့ယဲ့သာ ပြုံးနိုင်ရှာသည်။

နောက်ထပ် လေးနာရီအကြာတွင် ကျွန်တော်တို့သည် အဝေးပြေးကားလမ်းပေါ်သို့ ပြန်ရောက်လာကြ၏။ ကားစက်မှ သဖြင့် လမ်းတွင် အကြိမ်ပေါင်းများစွာ ရပ်နားခဲ့ရသေးသည်။ ကျွန်တော်တို့သည် လမ်းဘေးရှိ ကဖေးဆိုင်တစ်ဆိုင်ရှေ့တွင် ကားရပ်လိုက်၏။ ထို့နောက် ဆိုင်ထဲသို့ ဝင်ခဲ့ကြ၏။

''ကြိုဆိုပါတယ် လူကလေးတို့'' ကောင်တာနောက်တွင် ထိုင်နေသူက နှုတ်ဆက်လေသည်။ ထို့နောက် ကျွန်တော်တို့ကို တစ်ကြိမ်ကြည့်ပြန်၏။ ကျွန်တော်တို့ ဘာဖြစ်လာသည်ကို ချက်ချင်း သူသိသွားပါသည်။

ရေချိုင့်နှစ်ချိုင့်ကို ကျွန်တော်တို့ရှေ့သို့ ချပေး၏။ ''နည်းနည်းချင်းသောက်ပါ လူကလေးတို့'' သူက သတိပေးသည်။

ကျွန်တော်တို့သည် ခွေးခြေများပေါ်တွင်ထိုင်၍ ရေကို တစ်ကျိုက်ချင်းသောက်ကြ၏။ ရေတစ်ကျိုက်သောက်ပြီးတိုင်း ကျွန်တော်တို့သည် ဤကမ္ဘာပေါ်တွင် ဆက်လက် အသက်ရှင်နေထိုင်ခွင့်ရပြီဖြစ်ကြောင်း ပို၍ပို၍ ယုံကြည်မှုရှိလာကြတော့၏။

**ဘနှင်း**

1964 Sep: Reader's Digest မှ "Trapped in the Desert" by Gary Beeman ကို ဘာသာပြန်သည်။



# ကမ္ဘာတစ်ဝန်းနှင့် မြန်မာနိုင်ငံမှ နာမည်ကျော်အကြီးမားဆုံးစာရင်းဝင်ရုပ်တုများ

ရဲမာန်ခ

မေလ ၁၅ရက်ကထုတ်ပြန်သည့် www.wonderslist.com တွင် စာရေးသူ Ejaz Khan ၏ 20 most enormous monuments and statues around the worldဆောင်းပါးတွင် ကမ္ဘာတစ်ဝန်းရှိ လူသားတို့ ဖန်တီးတည်ဆောက်ခဲ့ကြသည့် အထိမ်းအမှတ်ရုပ်ပွားတော်များနှင့် ရုပ်တုများထဲမှ လက်ရွေးစင်ရုပ်တု(၂၀)စာရင်းကိုဖော်ပြခဲ့ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားချက်အရ မြန်မာနိုင်ငံမှ လေးကျွန်းစကြာ ရုပ်ပွားတော်မြတ်ကို အဖွင့်နေရာမှာ ဖော်ပြထားတာကို တွေ့ရပါတယ်။ နာမည်ကျော်အကြီးမားဆုံးစာရင်းဝင်ရုပ်တုများဖြစ်ကြသည့်အတွက် စုစုစည်းစည်း တင်ဆက်လိုက်ပါတယ်။

## ၁။ LayKyun Sekkya Buddha

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဖိုးကောင်းတောင်မှာ တည်ထား ကိုးကွယ်တော်မူသော လေးကျွန်းစကြာ ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ပြီးစီးကိုးကွယ်နိုင်ခဲ့ပါတယ်။ တည်ဆောက်ချိန်ကာလ ၁၂နှစ်ခန့်ကြာမြင့်ခဲ့ပါတယ်။ မှတ်တမ်းများအရ ရုပ်ပွားတော်ကြီးရဲ့အမြင့်ဟာ ၁၁၆ မီတာ (၃၈၁ ပေ) ဟု တရားဝင်မှတ်တမ်းများအရ သိရှိရပါတယ်။ ဗောဓိတစ်ထောင် ဆရာတော်ကြီးရဲ့ မွေ့ဒါနကုသိုလ်တော်ဖြစ်ပြီး ကမ္ဘာမှာပါ မှတ်တမ်းဝင်ခဲ့တဲ့အတွက် မြန်မာလူမျိုးများအတွက် ဂုဏ်ယူစရာရုပ်ပွားတော်ကြီးလည်းဖြစ်ပါတယ်။ ကမ္ဘာ့အဆင့်စာရင်းမှာတော့ နံပါတ်(၂) နေရာမှာရှိပါတယ်။ မူရင်းစာရေးသူဟာ ကမ္ဘာ့အဆင့်နံပါတ်(၁) ဖြစ်တဲ့ တရုတ်နိုင်ငံမှ အမြင့်ပေ(၄၂၀)ရှိတဲ့ Spring Temple Buddha ရုပ်တုကိုတော့ ဘာဖြစ်လို့ ချန်ခဲ့တာလဲတော့ မသိပေ။

## ၂။ The Guan Yin Statue

မြန်မာတို့သိသော ကွမ်ရင်မယ်တော်ရုပ်တုပါ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟိုင်နန်ပြည်နယ်မှာတည်ရှိပြီး အမြင့် ၁၀၈ မီတာ (၃၅၄ ပေ) မြင့်ကာ ၁၉၉၉ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၅ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့ပါတယ်။ ၃၅၄ ပေထိအောင်မြင့်မားတဲ့ ကွမ်ရင်မယ်တော် ရုပ်တုပါ။ ကမ္ဘာ့အဆင့်စာရင်းမှာတော့ နံပါတ်(၄)နေရာမှာရှိပါတယ်။ ဒီရုပ်တုဟာ သုံးဘက်မြင်ရုပ်တုပါ။ မျက်နှာတဖက်ဆီမှာ မတူညီတဲ့ သဏ္ဌာန်တွေရှိပါတယ်။ မျက်နှာတခုက ကျွန်းဘက်ကို လှည့်နေပါတယ်၊ ကျန်နှစ်ဖက်ကတော့ တောင်တရုတ်ပင်လက်ဘက်ကို မျက်နှာမူထားတာပါ။







## ၃။ Emperors Yan and Huang

အင်ပိုင်ယာဘုရင်နှစ်ပါး၏ ရုပ်တုများဖြစ်ပါတယ်။ တရုတ်ကောရာဇ်များဖြစ်ကြတဲ့ ရန်ဒီနှင့် ဟန်ဒီတို့ကို ဂုဏ်ပြုသောအားဖြင့် ထုဆစ်ထားခဲ့သည့်ရုပ်တုများ ဖြစ်ကြပါတယ်။ ဒီရုပ်တုများဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟိုင်နန်ပြည်နယ်မှာပဲ တည်ရှိပြီး ရုပ်တုများရဲ့အမြင့်ဟာ ၁၀၆ မီတာ (၃၄၈ ပေ) ရှိပါတယ်။ တည်ဆောက်ချိန်ကာလဟာ နှစ်ပေါင်း ၂၀ နီးပါးကြာမြင့်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှာ ပြီးစီးခဲ့တယ်လို့ မှတ်တမ်းများအရ သိရှိရပါတယ်။ ကမ္ဘာ့အဆင့်စာရင်းမှာတော့ နံပါတ်(၅)နေရာမှာ ရှိပါတယ်။


## ၄။ The Statue of Liberty

အမေရိကန်နိုင်ငံရဲ့ အထိမ်းအမှတ်လက္ခဏာ လေဘာတီရုပ်ထုကြီးပဲဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုရှိ နယူးယောက်ဆိပ်ကမ်းသို့ ဝင်လိုက်သည်နှင့် ကမ္ဘာကျော် လေဘာတီရုပ်တုကြီးကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီရုပ်တုကြီးကို ၁၈၈၆ ခုနှစ်တွင် အမေရိကန်တော်လှန်ရေးအောင်မြင်သည့် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ပြင်သစ်နိုင်ငံက လက်ဆောင်ပေးခဲ့ခြင်းပဲဖြစ်ပါတယ်။ ရုပ်တုကြီးရဲ့ အစိတ်အပိုင်းအားလုံး ပြင်သစ်နိုင်ငံကပဲ ဒီဇိုင်းလုပ်ထုဆစ်ခဲ့ခြင်းလည်းဖြစ်ပါတယ်။ ရုပ်တုရဲ့ ပင်မအစိတ်အပိုင်းအားလုံးဟာ ၁၈၈၄ခုနှစ် ဇူလိုင်လမှာပြီးစီးခဲ့ပါတယ်။ ၁၈၈၅ ခုနှစ် ဇွန်လ ၁၇ရက် မှာတော့ ရုပ်တုကြီးကို သယ်ဆောင်လာတဲ့ ပြင်သစ်စစ်သင်္ဘောကြီး Isere ဟာ နယူးယောက်ဆိပ်ကမ်းကို ရောက်ရှိလာခဲ့ပါတယ်။ ယင်းမှတစ်ဆင့် Liberty Island ကျွန်းပေါ်တွင် ထားရှိနိုင်ရန်အတွက် တပ်ဆင်ရေးလုပ်ငန်းဆောင်ရွက်ခဲ့ပြီး ၁၈၈၆ ခုနှစ် အောက်တိုဘာလ ၂၈ရက်မှာတော့ ထိုစဉ်က အမေရိကန်သမ္မတ ဂရိုဗာကလီဗ်လန်းက အခမ်းအနားနဲ့ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ရုပ်ထုရဲ့ သီးခြားအမြင့်ပေကတော့ ၄၆မီတာ (၁၅၁ ပေ ၁ လက်မ) ရှိပါတယ်။ အောက်ခံခုံ မြေပြင်အခြေမှ ဆိုလျှင်တော့ ၉၃မီတာ(၃၀၅ ပေ ၁ လက်မ)အထိရှိပါတယ်။ ကမ္ဘာ့အဆင့်စာရင်းမှာတော့ နံပါတ် (၄၄) နေရာမှာရှိပါတယ်။

## ၅။ Rodina-Mat Zovyot

အမျိုးသမီးတစ်ဦးကဓနေ ဓားကိုဝင့်နေဟန် ရုပ်တုကြီးပဲ ဖြစ်ပါတယ်။ ရုပ်တုရဲ့ အမြင့်က၂၇၉ပေ မြင့်ပါတယ်။ အလေးချိန်အားဖြင့် တန် ၇၉၀၀၀ခန့်ရှိပါတယ်။ ယူကရိန်းနိုင်ငံမှာ ရှိပါတယ်။ ၁၉၆၇ ခုနှစ်ထိ ကမ္ဘာ့အမြင့်ဆုံး ရုပ်တုအဖြစ် ရပ်တည်ခဲ့ပါတယ်။ လက်ရှိဥရောပဒေသမှာတော့ အမြင့်ဆုံးရုပ်တုကြီးအဖြစ် တည်ရှိနေသလို ကမ္ဘာ့အဆင့်မှာတော့ အမြင့်ဆုံး အမျိုးသမီးရုပ်တုအဖြစ် ရပ်တည်နေပါတယ်။















## ၆။ Leshan Giant Buddha

တရုတ်နိုင်ငံ၊ တန်မင်းဆက်လက်ထက်က ဖန်တီးကိုးကွယ်လာခဲ့တဲ့ ဗုဒ္ဓရုပ်ပွားတော်ပါ။ မင်ဂျင်း၊ ဒါဒူနဲ့ ကွင်ကျိမြစ်သုံးခုပေါင်း ဆုံရာတောင်နံရံကို ထွင်းထုထားတာပါ။ ကမ္ဘာ့အကြီးဆုံး ကျောက်သားဗုဒ္ဓရုပ်ပွားတော်ဖြစ်သလို ယူနက်စကိုရဲ့ ရှေးဟောင်းထိန်းသိမ်းနယ်မြေသတ်မှတ်ခံထားရပါတယ်။ ၂၃၃ ပေ အမြင့်ရှိပါတယ်။

## ၇။ The Chaukhtatgyi Buggha

မြန်မာနိုင်ငံရဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ တည်ရှိတဲ့ ခြောက်ထပ်ကြီးဘုရားဖြစ်ပါတယ်။ ၂၁၇ ပေထိအောင် အလျားရှည်ရှိပါတယ်။ မြန်မာနိုင်ငံမှာ အကြီးဆုံးစာရင်းဝင် လျောင်းတော်မူဘုရားပါ။ ဦးခေါင်းတော်မှာ စိန်ကို ရွှေနဲ့ကွပ်ပြီး ထည့်သွင်းကိုးကွယ်ထားတယ်လို့ သိရပါတယ်။

## ၈။ The MotherLand Monument

ယူကရိန်းနိုင်ငံကိဗ်မြို့မှာ တည်ရှိပါတယ်။ ပေ ၂၀၀ မြင့်ပြီး ယခင် ဆိုဗီယက်တပ်တွေက နာဇီတွေကိုစစ်နိုင်ပြီး အမှတ်တရအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ရုပ်တုကို အဝေးကနေမြင်နိုင်တဲ့ အမြင့်ဆုံးကုန်းပေါ်မှာ တည်ဆောက်ထားကလည်း မြင်ရသူအဖို့ ကြက်သီးထဖွယ်လည်း ဖြစ်ပါတယ်။

## ၉။ Christ the King Monument

ပိုလန်နိုင်ငံရဲ့ ဆွစ်ဘိုဇင်မြို့မှာ တည်ရှိပါတယ်။ အမြင့်ကတော့ ၁၇၂ပေ ရှိတဲ့ ရုပ်တုကြီးပါ။ ခရစ်တုရင်ကြီးရဲ့ ရဲစွမ်းသတ္တိ ခေါင်းဆောင်မှုစွမ်းရည်ဂုဏ်ဒြပ်တို့ကို ဂုဏ်ပြုသည့်အနေဖြင့် ဒီရုပ်တုကြီးကို မြို့သူမြို့သားတွေရဲ့ လှူဒါန်းငွေတွေနဲ့တည်ဆောက်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ထူးခြားချက်ကတော့ ကျောက်သားရုပ်တုကို ကြေးသရဖူဆောင်းပေးထားတာဖြစ်ပြီး သရဖူတစ်ခုတည်းနဲ့တင် ၁၀ပေ အမြင့်ရှိပါတယ်။

## ၁၀။ African Renaissance Monument

အမြင့်ပေ ၁၆၀ ရှိပါတယ်။ အက်တလန်တစ်ပင်လယ်ထဲကနေ လှမ်းမြင်နိုင်အောင် ဖန်တီးထားတာပါ။ အမျိုးသားက လက်ပေါ်မှာ ကလေးငယ်ကို မ,တင်ထားတယ်၊ အမျိုးသမီးက အမျိုးသားဘေးမှာ ရပ်နေပြီး မိသားစု ၃ဦးစလုံးက ပင်လယ်ကိုကြည့်နေတဲ့သဏ္ဍာန်ကို ဖော်ကျူးထားတဲ့ရုပ်တုဖြစ်ပါတယ်။ ဒီရုပ်တုကြီးကို အမေရိကန်ဒေါ်လာ




၂၇ သန်း အကုန်ကျခံတည်ဆောက်ထားတာဖြစ်ပါတယ်။ တည်ဆောက်ချိန်ကာလ ၄နှစ်ခန့်ကြာမြင့်ခဲ့ပါတယ်။ အာဖရိကဒေသမှာတော့ အမြင့်ဆုံးရုပ်တုအဖြစ် ရပ်တည်နေပါတယ်။

## ၁၁။ Lord Murugan Statue

မလေးရှားနိုင်ငံ၊ ဆီလန်ဂေါ်အရပ်က ဘာတူလိုဏ်ဂူအနီးမှာရှိပါတယ်။ ပေ ၁၄၀ မြင့်တဲ့ ရုပ်တုဖြစ်ပြီး မလေးရှားမှာ အမြင့်ဆုံးရုပ်တုဖြစ်သလို ကမ္ဘာပေါ်က ဟိန္ဒူရုပ်တုကိုးကွယ်မှုအားလုံးထဲမှာတော့ ဒုတိယအမြင့်ဆုံးရုပ်တုအဖြစ် ရပ်တည်နေပါတယ်။ ရုပ်တုကြီးကို သံမဏိတန်ချိန် ၂၅၀ခန့် အသုံးပြုတည်ဆောက်ပြီး အပြင်အဆင်ကိုတော့ ရွှေဆေးလီတာ ၃၀၀သုတ်ထားပါတယ်။

## ၁၂။ Rock Sculpture of Decebalus

ဒေစီယာ (Dacia) ရဲ့ နောက်ဆုံးဘုရင် Decelalus ရဲ့ မျက်နှာကို ကျောက်တောင်မှာ ထွင်းထုထားတာပါ။ ရိုမေးနီးယားနိုင်ငံ၊ Dnaube မြစ်အနီး၊ Iron Gates မှာ ရှိပါတယ်။ ဥရောပမှာ အမြင့်ဆုံး ကျောက်သားရုပ်တုဖြစ်ပြီး ပေ ၁၃၀ မြင့်ပါတယ်။

## ၁၃။ Genghis Khan Equestrian Statue

နာမည်ကျော် ဘုရင်ဂျင်ဂျစ်ခန်ရဲ့ မြင်းစီးနေဟန် ရုပ်တုဖြစ်ပါတယ်။ ရုပ်တုရဲ့အမြင့်ပေကတော့ ၁၃၀မြင့်ပါတယ်။ Tuul မြစ်အနီးကမ်းပါးပေါ်မှာ တည်ရှိပါတယ်။

























### ၁၄။ The Merlion of Sentosa

စင်ကာပူနိုင်ငံ၊ ဆန်တိုစာကျွန်းမှာ ရှိပါတယ်။ ၁၂၁ပေ မြင့်မားတဲ့ ရုပ်တုပါ။ ခြင်္သေ့ ဦးခေါင်း၊ ငါးခန္ဓာကိုယ်နဲ့ ဖန်တီးထားလို့ ထူးခြားပြီး စိတ်ဝင်စားစရာလည်း ကောင်းပါတယ်။ Lion City ကို လည်ပတ်မှုနဲ့အတူ သွားရောက်သူ များပြားလျက်ရှိပါတယ်။

### ၁၅။ Youth Mao Zedong Statue

အမြင့် ၁၀၅ပေ ခန့်ရှိတဲ့ ဦးခေါင်းတစ်ခုတည်းကိုပဲ ပုံဖော်တည်ဆောက်ထားတဲ့ ရုပ်တုဖြစ်ပါတယ်။ တရုတ်ခေါင်းဆောင် မော်စီတုန်းရဲ့ အသက် ၃၂နှစ်က မျက်နှာကို ပုံဖော်တည်ဆောက်ထားတဲ့ ဒီရုပ်တုကြီးရဲ့ ကုန်ကျစရိတ်ဟာ အမေရိကန်ဒေါ်လာ ၃၅ သန်းခန့် ရှိတယ်လို့ သိရပါတယ်။

### ၁၆။ The Christ the Redeemer

ခရစ်ယာန်ဘုရား Jesus Christ ရဲ့ ရုပ်တုပါ။ ဘရာဇီးလ်နိုင်ငံရဲ့ မြို့တော် ရီယိုဒီဂျနေးယိုးမြို့မှာ တည်ရှိပါတယ်။ မြို့ရဲ့အထက်ပေ ၂၀၀၀ လောက် အမြင့်ရှိတဲ့ တောင်ပေါ်မှာ ဖန်တီးထားလို့ တစ်မြို့လုံးကနေ မြင်နိုင်ပါတယ်။ ရုပ်တုအမြင့်ကတော့ ပေ ၁၀၀ လောက်ပဲရှိတာပါ။

### ၁၇။ Mansu Hill Grand Monument

မြောက်ကိုရီးယား ရင်ပြင်ထဲမှာရှိတဲ့ ခေါင်းဆောင် ကင်အီးဆောင်နဲ့ ကင်ဂျုံအီးတို့ရဲ့ ရုပ်တုတွေပဲဖြစ်ပါတယ်။ ရုပ်တုတွေကို ကြေးနဲ့ ဖန်တီးတည်ဆောက်ထားခြင်းပဲ ဖြစ်ပါတယ်။ မူလက ခေါင်းဆောင်ကင်အီးဆောင်ရုပ်တုတစ်ခုပဲ ရှိပေမယ့် ၂၀၁၂ခုနှစ်အရောက်မှာတော့ ကင်ဂျုံအီးရဲ့ရုပ်တုကို ထပ်မံတည်ဆောက်ခဲ့ခြင်းပဲဖြစ်ပါတယ်။

### ၁၈။ The Statue of Mevlana Rumi

အေဒီ၁၃ရာစုအတွင်းက ကျော်ကြားတဲ့ မူဆလင်ကဗျာဆရာ၊ တရားဟောဆရာ၊ စာချဆရာတစ်ဦးဖြစ်သူ Mevlana Rumi ရဲ့ အမှတ်တရရုပ်တုပါ။ ၆၆ ပေအမြင့်ရှိပါတယ်။ Eray Okkan ကနေ ဒီဇိုင်းဆွဲ ဖန်တီးတည်ဆောက်ခဲ့ခြင်းလည်းဖြစ်ပါတယ်။

### ၁၉။ Statue of Ganesha

ကမ္ဘာ့အကြီးဆုံး နတ်ဘုရားရုပ်တုတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ ရုပ်တုပါ။ ဟိန္ဒူရဲ့ နတ်ဘုရားရုပ်တုတစ်ခုဖြစ်ပြီး ၅၂ပေ မြင့်မားကာ ၇၈ပေ အကျယ်ရှိပါတယ်။ ထိုင်းနိုင်ငံ Chachoengaso မှာ ရှိပါတယ်။

### ၂၀။ Forever Marilyn

တရုတ်လက်မှုပညာရှင်တစ်ဦးက ၂၆ပေမြင့်တဲ့ မာရီလင်းမွန်ရိုးအမှတ်တရ ရုပ်တုကိုဖန်တီးခဲ့ခြင်းလည်း ဖြစ်ပါတယ်။ တည်ဆောက်ချိန် ၂ နှစ်ကြာမြင့်ခဲ့ပါတယ်။ ရုပ်တုရဲ့ပုံစံကတော့ ၁၉၅၅ ခုနှစ်က ဖြန့်ချိပြသခဲ့တဲ့ The Seven Year Itc ဇာတ်ကားထဲက နာမည်ကျော်မင်းသမီး မာရီလင်းမွန်ရိုးရဲ့ ဇာတ်ဝင်ခန်းတစ်ခုထဲက ပုံစံပဲဖြစ်ပါတယ်။

ရဲမာန်ခ

**Source;** 20 most enormous monuments and statues around the world by www.wonderslist.com

# အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနဲ့ အေသတွင်းသတင်းအချက်အလက်

ဇော်ဟိန်း







ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှုဟာ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများနဲ့ တိုက်ရိုက်သက်ဆိုင်နေပါတယ်။ စီးပွားရေးလုပ်ငန်းများလို့ဆိုတဲ့အတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ စက်မှုကုန်ထုတ်လုပ်ငန်း၊ လယ်ယာကုန်ထုတ်လုပ်ငန်း၊ သားငါး၊ သစ်တော စတဲ့ထုတ်လုပ်မှုလုပ်ငန်းတွေ၊ ပညာရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေးအားလုံးအကျုံးဝင်တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းတွေပါဝင်ပါတယ်။ ဂျီဒီပီလို့ခေါ်တဲ့ စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုတန်ဖိုးကို တွက်တဲ့နေရာမှာ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများရဲ့ပါဝင်မှုဟာ အနည်းဆုံး ၅၅ ရာခိုင်နှုန်းလောက်ရှိပြီး တချို့နိုင်ငံတွေဆိုရင် ၉၀ ရာခိုင်နှုန်းအထိတောင်ရှိတယ်လို့ သိရပါတယ်။ ဒါကြောင့်လည်း တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်အောင် ကုန်ထုတ်လုပ်မှုတွေ မြင့်မားလာအောင် အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ တစ်နည်းအားဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့အခန်းကဏ္ဍကို မြှင့်တင်ပေးရမယ်လို့ ဆိုကြတာဖြစ်ပါတယ်။

အမှန်တကယ် ဆောင်ရွက်နိုင်မယ်ဆိုရင် သီအိုရီနဲ့လက်တွေ့ တစ်ထပ်တည်းကျတယ်လို့ ဆိုနိုင်ပါတယ်။

တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ဖို့ အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းများကိုလုပ်ဆောင်နေတဲ့ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ အခန်းကဏ္ဍကိုမြှင့်တင်ပေးရမယ်ဆိုတဲ့ မက်ခရိုဘောဂဗေဒစီးပွားရေးသီအိုရီကို အကောင်အထည်ဖော်တဲ့ နေရာမှာတော့ လက်တွေ့ကျကျ လုပ်ဆောင်နိုင်စွမ်းရှိဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံလို မတူညီတဲ့မြေမျက်နှာသွင်ပြင်၊ ရာသီဥတု၊ လူဦးရေ သိပ်သည်းဆနဲ့ မျိုးနွယ်စုများ အသိသုတနဲ့ ရိုးရာဓလေ့အခြေခံအဆောက်အအုံ၊ နည်းပညာအတွေးအခေါ်အခြေခံပြီး ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေအလိုက် အံဝင်ခွင်ကျဖြစ်စေမယ့် စီမံကိန်းရေးဆွဲနိုင်ဖို့ ဒေသဆိုင်ရာ သတင်းအချက်အလက်တွေကို အခြေခံရပါလိမ့်မယ်။

နိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒ ၁၂ချက်အတွင်းက ပြည်ထောင်စုအဆင့်၊ ပြည်နယ်နဲ့တိုင်းဒေသကြီးအဆင့်ခွဲခြားသတ်မှတ်ပြီး စီမံချက်၊ စီမံကိန်းများရေးဆွဲရပါမယ်။ စီမံချက်ရေးဆွဲတဲ့နေရာမှာ အစိုးရအဖွဲ့နဲ့ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကဏ္ဍအလိုက်လုပ်ငန်းရှင်များပါဝင်ပတ်သက်ကြရမယ့် နယ်မြေဒေသခံများ၊ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများသာမက ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များပူးပေါင်းပါဝင်ကြရမှာဖြစ်ပါတယ်။ စီမံကိန်းအဆောက်အအုံပြု စီမံချက်ရေးဆွဲရေးဦးကိုင်အဖွဲ့ဟာ ကုန်ထုတ်လုပ်မှု ဝန်ဆောင်မှုနဲ့ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်တွေကိုရယူပြီး ဘာတွေကို ဘယ်လိုထုတ်လုပ်ဝန်ဆောင်မှုပေးပြီး ဘယ်ဈေးကွက်မှာ ဘယ်လိုယှဉ်ပြိုင်ထိုးဖောက်ရယူမယ်ဆိုတာကို နည်းပညာအခြေခံနဲ့လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ဘယ်စီးပွားရေးလုပ်ငန်းမှာမဆို ထုတ်လုပ်မယ့်ကုန်ပစ္စည်း။ ပေးရမယ့်ဝန်ဆောင်မှုနဲ့ကုန်သွယ်မှုဟာ ဘယ်ဈေးကွက်ပစ်မှတ်ကို ရွေးချယ်သလဲဆိုတာ အရေးကြီးပါတယ်။ မိမိပစ်မှတ်ထားတဲ့ဈေးကွက်ရဲ့တောင်းဆိုမှု ဈေးကွက်ရဲ့လိုအပ်ချက်၊ ဈေးကွက်ရဲ့စံနှုန်းတွေဟာ ထုတ်လုပ်မယ့်ပစ္စည်း၊ပေးအပ်မယ့်ဝန်ဆောင်မှု ကုန်သွယ်စနစ်တွေနဲ့ ကိုက်ညီဖို့လိုအပ်ပါတယ်။



**ဘယ်စီးပွားရေးလုပ်ငန်းမှာမဆို**
**ထုတ်လုပ်မယ့်ကုန်ပစ္စည်း၊**
**ပေးရမယ့်ဝန်ဆောင်မှုနဲ့**
**ကုန်သွယ်မှုဟာ**
**ဘယ်ဈေးကွက်ပစ်မှတ်ကို**
**ရွေးချယ်သလဲဆိုတာ**
**အရေးကြီးပါတယ်။**

ဈေးကွက်ရွေးချယ်တဲ့နေရာမှာ ပြည်တွင်းလား၊ ပြည်ပလားဆိုတာ အပြင်ဘယ်လူတန်းစား၊ ဘယ်အသက်အပိုင်းအခြားဆိုတဲ့ဈေးကွက်သည် သုတေသနကိစ္စ၌လည်း လူအများကြီးအကျုံးဝင်လာမှာဖြစ်ပါတယ်။ ကုန်ကြမ်းမှသည် ကုန်ချောပစ္စည်း၊ ပြီးမြောက်သည်အထိသာမက ဈေးကွက်အတွင်း ဖြန့်ချိရောင်းချပြီးတဲ့နောက် အမြတ်ငွေအပေါ်မှာ ပြန်ရချက်အချိုး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ စုဆောင်းငွေအချိုးဆိုတဲ့ စီးပွားရေးသီအိုရီအရ လုပ်ဆောင်ရမယ့်အချက်တွေကိုပါ ထည့်သွင်းတွက်ချက်ရမှာဖြစ်ပါတယ်။ တစ်နည်းပြောရရင် ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်ကုန်သွယ် မှုကွင်းဆက်ကြီးတစ်ခုလုံးရဲ့ ဖြစ်နိုင်ခြေအားလုံးကို ကြိုတင်ခန့်မှန်းတွက်ချက်ရမှာဖြစ်ပါတယ်။ အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းများရဲ့ နယ်ပယ်ဟာ အလွန်ကျယ်ပြန့်ပါတယ်။ ဒါကြောင့် လုပ်ငန်းမျိုးတူမှုတွေစုပြီး စဉ်းစားဖို့လိုပါတယ်။ ဒေသအတွင်းမှာ ထုတ်လုပ်နိုင်မယ့် စက်မှုပစ္စည်း၊ လယ်ယာသီးနှံ၊ ဥယျာဉ်ခြံမြေထွက် စားကုန်သီးနှံ၊ ပညာရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေးနဲ့ ခရီးသွား ဝန်ဆောင်မှုစသည်ဖြင့် အမျိုးတူရာ



အုပ်စုလိုက်ခွဲခြားပြီး ပြည်တွင်းဈေးကွက်၊ ပြည်ပဈေးကွက်တို့အတွက် ဖြစ်နိုင်ခွင့်တို့ ခန့်မှန်းယူရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ လက်ရှိအနေအထား အရ ပြည်ပပို့ကုန်လုပ်ငန်းအတွက် ကုန်သွယ်ဖက် နိုင်ငံများများစားစားမရှိဘဲ အဓိက အားဖြင့် တရုတ်နဲ့အိန္ဒိယတို့သာ အားထားနေရပြီး ဥရောပ၊ အာဖရိကနဲ့အာဆီယံဒေသတွင်း နိုင်ငံအချို့ကို အရန်ကုန်သွယ်ဖက်နိုင်ငံများအဖြစ် ထားရှိဆောင်ရွက်နေရဆဲဖြစ်ပါတယ်။ ပြည်ပပို့ကုန်ဈေးကွက်တိုးချဲ့ဖို့နဲ့ ဈေးကွက်ခိုင်မာဖို့ကြိုးပမ်းရာမှာ တွေ့ကြုံရတဲ့သတင်းအချက်အလက်တချို့ဟာ စိတ်ဝင်စားဖွယ်ကောင်းရုံမျှမက စီမံကိန်းရေးဆွဲကြရမယ့်မူဝါဒလိုက်တွေအပြင် ပြည်ထောင်စု၊ ပြည်နယ်နဲ့တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်တွေနဲ့ စီးပွားရေးလုပ်ငန်းရှင်၊ ဒေသခံစိုက်ပျိုးထုတ်လုပ်မှုများပါ သတိပြုသင့်တဲ့အချက်များဖြစ်ပါတယ်။

**သတင်းအချက်အလက်(၁)။** ။ မြန်မာအစိုးရအဖွဲ့ဝင်တွေနဲ့ ကုန်ထုတ်လုပ်ငန်းရှင်တချို့ ဂျပန်နိုင်ငံကုန်သွယ်စီးပွားဆိုင်ရာတာဝန်ရှိသူတွေနဲ့ မြန်မာပို့ကုန်ကိစ္စကိုမကြာသေးမီက ဆွေးနွေးကြတဲ့အခါ သတ်မှတ်စံချိန်စံနှုန်းနဲ့ ကိုက်ညီပြီး သတ်မှတ်ကာလ၊ သတ်မှတ်အရေအတွက်အတိုင်း တင်ပို့နိုင်မယ်ဆိုရင် ဝယ်ယူဖို့သဘောတူကြောင်း၊ စာချုပ်လက်မှတ်ရေးထိုးကြဖို့ပြောတဲ့အခါ မြန်မာလုပ်ငန်းရှင်တွေအနေနဲ့ ကတိကဝတ်အတိုင်း တင်ပို့နိုင်မယ်လို့ အာမခံ မဝံ့မရဲဖြစ်ခဲ့ကြပါတယ်။ ပြဿနာက ကုန်ကြမ်းလိုသလောက်မရမှာ စျေးနှုန်းအတက်အကျမတည်ငြိမ်တာ ကုန်ထုတ်လမ်းကြောင်းနဲ့ ကျွမ်းကျင်လုပ်သား ရှားပါးတာတွေကအစ အရည်အသွေးမထိန်းနိုင်ဖြစ်သွားမှာတွေကို စိုးရိမ်တာပါပဲ။ သဘောကတော့ ကိုယ့်တာကိုယ်မလုံတာ ဖြစ်ပါတယ်။

**သတင်းအချက်အလက်(၂)။** ။ မွန်ပြည်နယ်နဲ့ တနင်္သာရီဒေသအတွင်းထွက်ရှိတဲ့ အသီးအနှံတွေကို အဆင့်မြင့်အသင့်စားသုံးပစ္စည်းအဖြစ်တန်ဖိုးမြှင့်ထုတ်လုပ်ပြီး ပြည်ပပို့ကုန်အဖြစ်တင်ပို့ဖို့ လုပ်ငန်းရှင်ကြီးများက ကြိုးပမ်းခဲ့ဖူးပါတယ်။ ဒေသထွက် သီးနှံကုန်ကြမ်းတွေကို ဝယ်ယူစုဆောင်းပြီး



မြန်မာနိုင်ငံရဲ့
အခြေခံလူတန်းစားတွေဟာ
အသိသုတအားနည်းတဲ့အတွက်
ရေရှည်အကျိုးစီးပွားကို
မတွက်တတ်ကြတာများပါတယ်။
စီမံကိန်းဆိုတဲ့အသံကြားရင်
တစ်ရာတန်တဲ့ပစ္စည်းကို
တစ်ထောင်၊ တစ်သောင်း
ဈေးခေါ်ရောင်းကြလေ့ရှိပါတယ်။

အဆင့်မြင့်နည်းပညာသုံးစက်ရုံနဲ့ စက်ပစ္စည်းတွေ တပ်ဆင်တည်ဆောက်လုပ်ဆောင်ကြဖို့ သတင်းအချက်အလက်ရယူခဲ့ကြပါတယ်။ လုပ်ငန်းစီမံချက်ရေးဆွဲတဲ့နေရာမှာ ကောင်းမွန်ပေမယ့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသေးတာ တွေ့ရပါတယ်။ ပြဿနာက လက်ရင်းစိုက်ပျိုးရေးသမား တောင်သူများအနေနဲ့ ပထမရာသီရဲ့ ဝယ်လိုအားကိုကြည့်ပြီး ဒုတိယရာသီမှာ ဈေးနှုန်းမတန်တဆနှင့် တင်လိုက်မှာကို စိုးရိမ်ကြတဲ့အတွက် ပြန်ရချက် အချိုးမကိုက်ဘဲ ဖြစ်သွားနိုင်တာကြောင့်ပါပဲ၊ မြန်မာနိုင်ငံရဲ့ အခြေခံလူတန်းစားတွေဟာအသိသုတအားနည်းတဲ့အတွက် ရေရှည်အကျိုးစီးပွားကို မတွက်တတ်ကြတာများပါတယ်။ စီမံကိန်းဆိုတဲ့အသံကြားရင် တစ်ရာတန်တဲ့ပစ္စည်းကို တစ်ထောင်၊ တစ်သောင်း ဈေးခေါ်ရောင်းကြလေ့ရှိပါတယ်။ ကုန်ကြမ်းဈေးကွက်ရဲ့ဈေးနှုန်းဖောက်ပြန်မှုဟာ လုပ်ငန်းရှင်တွေအတွက် ကြီးမားတဲ့စိန်ခေါ်မှုဖြစ်နေတာ တွေ့ရှိရပါတယ်။

**သတင်းအချက်အလက်(၃)။** ။ ချင်းပြည်နယ်ရဲ့ ထွက်ကုန်ဖြစ်တဲ့ ဖျဉ်၊ ဝဥတွေကို ပါးပါးလှီးပြီး တရုတ်ဈေးကွက်ကိုတင်ပို့တဲ့အခါ အရောင်လှအောင် ဆိုးဆေးအသုံးပြုလိုက်တဲ့အတွက် ဈေးကွက်ပျက်သွားသလို ပဲတီစိမ်း၊ နမ်းနက် စတဲ့စိုက်ပျိုးရေးသီးနှံတွေကို ပြည်ပပို့ကုန်အဖြစ်တင်ပို့တဲ့အခါ ခဲ၊ သဲလဲရောတာ၊ နှမ်းနက်နှမ်းဖြူရောနှောတာ စသည်ဖြင့် မြန်မာနိုင်ငံဘက်က ကျင့်ဝတ်ဖောက်ဖျက်တာတွေ၊ မသမာမှုဖြစ်သွားတာတွေကြောင့် ဈေးကွက်ပိုင်သွားတာဖြစ်ခဲ့ဖူးပါတယ်၊ နောက်ဆုံးတော့ မြန်မာနိုင်ငံက စိုက်ပျိုးထုတ်လုပ်သူများကုန်သွယ်လုပ်ငန်းရှင်တွေပဲ ဝယ်လက်ပျောက်ဆုံးသွားပြီး တိုင်းပြည်ရဲ့ စီးပွားရေး ဆုတ်ယုတ်ကျဆင်းသွားတာ ဖြစ်ပါတယ်။

**သတင်းအချက်အလက်(၄)။** ။ ပြည်နယ်နဲ့တိုင်းဒေသကြီးအသီးသီးမှာရှိကြတဲ့ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းရှင်တွေရဲ့တင်ပြချက်အရ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရင်းနှီးမြှုပ်နှံငွေ လိုအပ်ချက်သာမက နည်းပညာပိုင်းနဲ့ လူ့စွမ်းအင်အရင်းအမြစ်တွေကို တိုးတက်ဖို့လိုအပ်ကြောင်း၊ ကျွမ်းကျင်လုပ်သားများရှားပါးလျော့ကျကြောင်းသိရှိရပါတယ်။ ပြည်နယ်နဲ့



တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်တွေသာမက လွှတ်တော်ကိုယ်စားလှယ်တွေကိုယ်တိုင် စိတ်ပါဝင်စားစွာပူးပေါင်းပါဝင်မှသာလျှင် အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးတိုးတက်ရေးဟာ အကောင်အထည်ဖော်နိုင်မှာဖြစ်ကြောင်း၊ တိကျနိုင်ပါပြီး ရှင်းလင်းလွယ်ကူတဲ့စီးပွားရေးမူဘောင်များချမှတ်လုပ်ဆောင်သင့်ကြောင်းကိုလည်း လုပ်ငန်းရှင်များကပြောဆိုလာကြပါတယ်။ **သတင်းအချက်အလက်(၅)**၊ ။ ပြည်နယ်နဲ့ တိုင်းဒေသကြီးများမှာ စက်မှုဇုန်တွေ တည်ဆောက်ခဲ့ပေမယ့် မအောင်မမြင်ဖြစ်နေတဲ့ အကြားက ထားဝယ်၊ သီလဝါနဲ့ ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ အထူးစီးပွားရေးဇုန်တွေကိုဖော်ဆောင်လျက်ရှိပါတယ်။ အစိုးရအဖွဲ့ဝင်တွေနဲ့ လုပ်ငန်းရှင်ကြီးများဟာ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနဲ့ စက်မှုဇုန်တွေကို အာရုံစိုက်မှုလျော့နည်းသွားပြီး အထူးစီးပွားရေးဇုန်တွေဘက်ကို ခြေဦးလှည့်သွားတဲ့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဟာလည်း ရေနက်ဆိပ်ကမ်းနဲ့ တွဲစပ်နေတဲ့ ကုန်ထုတ်လုပ်ငန်းကြီးတွေဘက်ကို စီးဝင်သွားခဲ့ပါတယ်။ အခြေခံအဆောက်အအုံမပြည့်စုံမှု၊ စီးပွားရေးမူဝါဒနဲ့တကွ စစ်ရေး၊ နိုင်ငံရေးမတည်ငြိမ်မှုတွေကြောင့် ဒေသတွင်း ဖွံ့ဖြိုးဆဲနိုင်ငံများနဲ့ ယှဉ်ရင် အနည်းအကျဉ်းမျှလောက်သာရှိတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ လယ်ယာကုန်ထုတ်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ၁ ရာခိုင်နှုန်းလောက်ပဲ ရှိနေပါတယ်။ ဒါကြောင့် အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းများအနက် စက်မှုကုန်ထုတ်လုပ်ငန်းနဲ့ လယ်ယာကုန်ထုတ်လုပ်ငန်းတွေဟာ အထူးစီးပွားရေးဇုန်နဲ့ ကုန်ထုတ်လုပ်ငန်းတွေနဲ့အချိတ်အဆက်မိဖို့လိုကြောင်း၊ အသေးစား၊ အလတ်စားစက်မှုကုန်ကြမ်းထုတ်လုပ်ရေးလုပ်ငန်း၊ လယ်ယာ၊ သားငါး၊ သစ်တောသယံဇာတ ကုန်ထုတ်လုပ်ငန်းတွေရဲ့ကုန်ကြမ်း၊ သို့မဟုတ် တစ်ဝက်တပျက် ကုန်ချောလုပ်ငန်းတွေရဲ့ထုတ်ကုန်ပစ္စည်းတွေဟာ အထူးစီးပွားရေးဇုန်အတွင်းကိုရောက်ရှိပြီး၊ ထိုမှတစ်ဆင့် တန်ဖိုးမြှင့်ချောင်းကုန်ပစ္စည်းများအဖြစ် ပြုပြင်ဖန်တီးကြဖို့လိုကြောင်း။ အားလုံးအချိတ်အဆက်မိအောင် စီမံကိန်းရေးဆွဲစဉ်ကတည်းက ထည့်သွင်းစဉ်းစားဖို့လိုကြောင်း၊ ပညာရှင်များက ထောက်ပြထားပါတယ်။

နိုင်ငံခြားပို့ကုန်နဲ့ပတ်သက်လို့ ဆန်စပါးအပါအဝင် လယ်ယာဥယျာဉ်ခြံ၏ စိုက်ပျိုးရေးသီးနှံများဟာ တရုတ်နဲ့အိန္ဒိယနိုင်ငံတွေကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအတိုင်း တင်ပို့နေတာဖြစ်ပြီး အများအားဖြင့် ဝယ်သူအကြိုက် အောက်ဈေးနဲ့ လိုက်ရောင်းနေရတာပဲဖြစ်ပါတယ်။ တင်ပို့တဲ့ကုန်စည်တွေကလည်း အကြမ်းထည်၊ အရိုင်းထည်၊ အစိမ်းထည်များသာဖြစ်ပြီး အရည်အသွေးနိမ့်ပါးတဲ့အတွက် ဈေးကောင်းမရပါဘူးလို့လည်း ဆိုပါတယ်။ တန်ဖိုးမြှင့်ပြုပြင်ပြီး စားသောက်ကုန်ပစ္စည်းတွေထဲမှာ လက်ဖက်၊ ကော်ဖီ၊ သနပ်ခါးနဲ့ လက်မှုပညာအနုလက်ရာဈေးကွက်တန်းဝင်ကုန်စည်တချို့ရှိပေမယ့် ပုဂ္ဂလိကလုပ်ငန်းရှင်တို့ရဲ့ တစ်နိုင်တစ်ပိုင် ထုတ်လုပ်မှုသာဖြစ်တဲ့အတွက် ကြီးမားနိုင်မာတဲ့ဈေးကွက်နေရာမရရှိသေးဘူးလို့ ဆိုနိုင်ပါတယ်။

ပြည်တွင်းစားသုံးမှုအတွက် ကုန်ထုတ်

**ဆန်စပါးအပါအဝင်**

**လယ်ယာဥယျာဉ်ခြံ၏**

**စိုက်ပျိုးရေးသီးနှံများဟာ**

**တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေကို**


**နယ်စပ်ကုန်သွယ်ရေး**

**လမ်းကြောင်းအတိုင်း**

**တင်ပို့နေတာဖြစ်ပြီး အများအားဖြင့်**

**ဝယ်သူအကြိုက် အောက်ဈေးနဲ့**

**လိုက်ရောင်းနေရတာပဲဖြစ်ပါတယ်။**





လုပ်မှုကလည်း မိရိုးဖလာပုံစံသာဖြစ်နေပြီး စီးပွားဖြစ် ကုန်ထုတ်လုပ်မှုအပိုင်းကို ကူးပြောင်း စအခြေအနေမှာပဲ ရှိနေပါသေးတယ်။ ကန်ထရိုက်စိုက်ပျိုးရေး၊ မွေးမြူရေးစနစ်များကို စမ်းသပ်ဆောင်ရွက်နေပေမယ့် ဒေသခံစိုက်ပျိုး၊ မွေးမြူရေးသမားများ ပူးပေါင်းပါဝင်လာအောင် များများ ကြိုးပမ်းဆောင်ရွက်ဖို့ လိုပါသေးတယ်။ အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့ဆိုရင် ပြည်နယ်နဲ့တိုင်းဒေသကြီး အစိုးရအဖွဲ့များအနေနဲ့ ဒေသနဲ့ကိုက်ညီမယ့် ကုန်ထုတ်လုပ်ငန်းတွေကို ဦးစားပေးရွေးချယ်ရပါမယ်။ လုပ်ငန်းမျိုးတူစုတွေသတ်မှတ်ပြီး လိုအပ်ချက်တွေကိုဖြည့်ဆည်းပေးရပါမယ်။ တိကျ ခိုင်မာတဲ့စီးပွားရေးမူဝါဒကို ဒေသတွင်းမှာ ချမှတ်ပေးပြီး လုပ်ငန်းရှင်များလိုအပ်နေတဲ့ ငွေကြေးအရင်းအနှီး၊ နည်းပညာနဲ့ ကျွမ်းကျင်လုပ်သားရရှိမှုကို နည်းမျိုးစုံနဲ့ဖော်ဆောင်ပေးရပါလိမ့်မယ်။ ဈေးကွက်သုတေသနပြုခြင်း၊ ဈေးကွက်ရှာဖွေပေးခြင်းတို့အထိ နည်းညွှန်လမ်းပြလုပ်ဆောင်ပေးနိုင်မှသာ ဒေသခံစိုက်ပျိုးမွေးမြူရေးသမားများ လုပ်ငန်းရှင်များက လိုက်ပါနိုင်ကြမှာဖြစ်ပါတယ်။ စီးပွားရေးအတွက် အထောက်အကူဖြစ်စေမယ့် အခြေခံအဆောက်အအုံကိုလည်း ဘဏ္ဍာနှစ်အလိုက်ဖြည့်ဆည်းပေးရမှာဖြစ်လို့ စီမံကိန်းရေးဆွဲစဉ်ကာလင် ကာလပိုင်းခြား သတ်မှတ်ထားရှိပြီးဖြစ်ရပါမယ်။

ပြည်နယ်နဲ့တိုင်းဒေသကြီးအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရာမှာ အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသခံစိုက်ပျိုး၊ မွေးမြူရေးကုန်ထုတ်လုပ်သူများသာမက အရပ်ဘက်အဖွဲ့အစည်းများပါ မကျန် ပူးပေါင်းပါဝင်ကြရမှာဖြစ်ပါတယ်။ ဒီလိုအတွေးအမြင် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနဲ့ အထူးစီးပွားရေးဇုန်များချိတ်ဆက်မိပြီး နိုင်ငံရဲ့စီးပွားဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

ဖော်ပြပါတင်ပြဆွေးနွေးချက်တွေဟာ စီးပွားရေးဘာသာရပ်ဆိုင်ရာကိန်းဂဏန်းများကိုညွှန်ပြခြင်းထက် ဒေသတွင်းက သတင်းအချက်အလက်တွေအပေါ် အခြေပြုထားတဲ့ သဘောထားအမြင်များသာဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။ ■

**ဇော်ဟိန်း**

## ဒီလိုတွက်သင့်တယ်

တစ်နေ့ ကျွန်မသားလေး ဆော့ကစားနေတာကို ထိန်းကျောင်းရင်း ပန်းခြံထဲမှာ ထိုင်နေပါတယ်။ ဒီအချိန် အနားက အမျိုးသမီးကြီးနှစ်ဦး စကားစမြည်ပြောနေကြတာကို ကြားမိပါတယ်-

''ကျွန်မတော့ အိမ်မှုကိစ္စတွေလုပ်နေရတာ အတော်စိတ်ကုန်နေပြီ''

''ဟုတ်လား။ ကျွန်မတော့ အဆင်ပြေတယ်၊ ကျွန်မက အိမ်မှုကိစ္စလုပ်ကိုင်တဲ့အတွက် လခရတယ်''

''ဘယ်လို၊ ရှင့်အိမ်ကိစ္စရှင်လုပ်တာ ပိုက်ဆံရတယ်၊ ဟုတ်လား။ ဘယ်လိုဖြစ်နိုင်မှာလဲ''

''ဒီလိုပါ၊ ကျွန်မယောကျ်ားကို ကျွန်မက ဒီလိုရှင်းပြတယ်-

ကျွန်မတို့နှစ်ယောက်လုံး အလုပ်လုပ်ရင်၊ အိမ်အကူတစ်ယောက်ငှားပြီး အိမ်မှုကိစ္စကို လုပ်ခိုင်းနိုင်တယ်လို့။ ယောကျ်ားက သဘောတူတယ်၊ ဒါနဲ့ ကျွန်မက အိမ်အကူတစ်ယောက် ငှားလိုက်တယ်၊ အဲဒီ အမျိုးသမီးက ကျွန်မပဲလေ''။ ■

**မောင်သီဟ**



# သစ်ပင်စိုက်သမား သူငယ်ချင်းသို့

❒ ဒို . . .သူငယ်ချင်း
မင်းကိုလည်း သတိရတယ်
စဉ်မြဲပါကွယ်။
မင်းတို့တစ်တွေရယ်
သစ်ပင်တွေကွယ် စိုက်ကြ။
ကွက်လပ်နေရာ ဖြည့်ပါမှ
ကြည့်လို့လှ။

❒ သစ်ကွက်တွေ ပေးစဉ်က
ခုတ်လိုက်ကြ ပြုင်အဆိုင်ပါ
ပြောင်တလင်းခါ။
ကျွန်းညှပ်ပင်လျှင် မချန်ပါ
ဓာတ်တိုင်ပါ ရှားပါး။
တွေးခေါ်ဉာဏ် လွန်ခေါင်းပါး
ကိုယ်ကျိုးကြည့်ငြား။

❒ ဒို . . .သူငယ်ချင်း
မင်းကို တကယ်ကျေးဇူးတင်တယ်
အထူးပဲကွယ်။
ကွက်လပ်တွေ မကျန်ဖြည့်လို့ရယ်
စိုက်ပါကွယ် သူငယ်ချင်း။
ရေမြေတောတောင် စိမ်းလန်းမှ
ငြိမ်းချမ်းဘိခြင်း။ ။

သိပ္ပံစိုးမြင့်နိုင်





# စွမ်းသမျှဖြင့် အလှဆင်ပါ

ငယ်ပေါင်းဆွေရင်း သူငယ်ချင်း
နေမင်းရာဇာ၊ ဒေါင်းဖလ်ဝါသည့်
နေ့မှာအလင်း၊ သူဆောင်ကြဉ်းလျက်
မိတ်ရင်းသဟာ၊ မြေကမ္ဘာကို
သာယာနွေးထွေး၊ အမှောင်ဝေးအောင်
ပေးမကူညီ၊ ချစ်စိတ်ရည်၍
ရောင်ခြည်အလင်း၊ ဆွေတစ်သင်းနှင့်
ဖြန့်ခင်းအစဉ်၊ အလှဆင်သို့။

ငယ်ပေါင်းဆွေရင်း သူငယ်ချင်း
ညခင်းမှောင်စဉ်၊ ထက်ကောင်းကင်၌
ကြယ်စင်ဝန်းခါ၊ ဖိုးရွှေလသည်
ရွှန်းပကြည်စွာ၊ ထိန်ထိန်သာလျက်
သူ့မှာတတ်စွမ်း၊ အလင်းတန်းဖြင့်
ပန်းကြာမှုဖြာ၊ မွှေးထုံဖြာအောင်
ကမ္ဘာမြေလည်း၊ အမှောင်နည်းအောင်
လက်တွဲကူညီ၊ မေတ္တာရည်၍
ချစ်ကြည်အစဉ်၊ အလှဆင်သို့။

ငယ်ပေါင်းဆွေရင်း သူငယ်ချင်း
အလင်းမှိန်လျှ၊ မှုန်မှုန်နှင့်
ဖယောင်းတိုင်ငယ်၊ မီးအစွယ်သည်
အရွယ်အစား၊ သေးငယ်ငြားလည်း
တတ်အားသမျှ၊ သူ့စွမ်းစဖြင့်
အမှောင်ခွင်းကာ၊ အလင်းဖြာလျက်
သဟာမိတ္တ၊ ဩကာသကို
စွမ်းသမျှလျှင်၊ အလှဆင်သို့။

ငယ်ပေါင်းဆွေရင်း သူငယ်ချင်း
နေမင်းလမင်း၊ ကြယ်တစ်သင်းနှင့်
အလင်းမြိုင်မြိုင်၊ ဆီမီးတိုင်တို့
ကျောက်စိုင်ကျောက်သား၊ ပမာအလားသို့
ဖောက်ပြားမရှိ၊ ပကတိဖြင့်
အမိဥမြေ၊ သာယာလေအောင်
မသွေသူ့ဝန်၊ စဉ်ကျေပွန်လျက်
မှန်မြတ်သန့်စင်၊ အလှဆင်သို့။

မှာချင်ပါသည်၊ ငါတို့သည်လည်း
ချစ်ကြည်နှလုံး၊ မေတ္တာဖုံးလျက်
စည်းလုံးတွဲလက်၊ နိုင်နိုင်ယှက်၍
တက်ညီလက်ညီ၊ ပန်းတိုင်ဆီသို့
ဦးတည်မျှော်မှန်း၊ တူလျှောက်လှမ်းမှ
ချမ်းမြေ့သာယာ၊ တိုးတက်မှာမို့
အာဃာတကင်း၊ ခွင့်လွှတ်ရင်းဖြင့်
သွေးချင်းမြန်မာ၊ ညီနောင်များတို့
အများကောင်းကျိုး၊ ပြည့်ကောင်းကျိုးကို
သယ်ပိုးပါကြ၊ စွမ်းသမျှဖြင့်
လောကအလှ ဆင်ပါစို့။ ။

နေသစ်လင်း

City MAGAZINE

# အကြွေပန်း၏ ဘဝသစ္စာ



- အညတရပေမို့
  မလှမပ ပင့်လေအမြူးတွင်ဖြင့်
  အပွင့်မြေလူးကာ ဝေတဲ့ဘဝ
  ကြွေခဲ့ရ ပန်းခရေ။

- အခက်ဝေဝေ
  ကျက်သရေ အစဉ်နွယ်လျက်
  သဇင် စံပယ်စုံအညီတို့
  ပုဏ္ဏမီ ထုံကြည်မွှန်းသော်လည်း
  ပြုံးလျက်သူနေ။

- နန်းမထိုက် တော်မဝင်မို့
  မပန်ချင် မျက်မာန်ရှု
  ရင်ထဲကနွမ်းလျကြွေ
  ခရေလေ မြေမှာကြဲ။

- ဘဝလမ်းကန္တာမှာ
  ပန်းခမ္မတာ ပွင့်ကြွေနွမ်းပေမင့်
  သူစွမ်းရာ ရနံ့သင်းပျံ့
  ရင်တွင်းအနံ့ဖွေးဖြူ
  အဆွေးမပူ စေတနာထောက်ပါလို့
  အရေးတယူ ကြွေမှာမကြောက်တာဖြင့်
  ပင်အောက်မှာ တကြိုင်ကြိုင်
  မြိုင်သေလာ ရဂုံလမ်းမှာတော့
  ပြိုင်ရွှေရှာထုံမခန်းနိုင်ဘု
  နွမ်းလျက်ကြွေ ခဏလေးဆိုလည်း
  ပန်းသက်သေ ဘဝပေးဆက်တယ်
  (ခရေကတော့လေ . . .)
  မွှေးလျက် ကြွေမြဲ။ ။

မင်းသစ်ဝင်း(ကျောက်တံခါး)

# အောက်ပုန်းချောင်းသား
၊ရေခကြီး၊

ခပ်လှမ်းလှမ်း ကုက္ကိုပင်ကြီးဆီမှ ချိုးကူသံသဲ့သဲ့ကြားရသည်။ လေးလေးပင်ပင်ဖြင့် ခွဲကူနေသောကြောင့် လွမ်းလောက်ဖွယ်ဖြစ်နေငြား မအေးမေ နားမစွင့်နိုင်ပါ။ ငါးနာရီမထိုးခင် 'နွယ်နီ' ကူးတို့ဆိပ်ကို ရောက်အောင်သွားရမည်။ ထိုမှတစ်ဆင့် ချင်းတွင်းမြစ်ကို ဖြတ်ပြီး အောင်ပန်းချောင်းရွာသို့ အချိန်မီပြန်ရမည်။



ဖြတ်ကူးတော့ ပို့သောသူကို သိနေသော်လည်း နောက်ဆုံးအခေါက် မပီလိုက်လျှင် မအေးမေတစ်ယောက်တည်းအတွက် ချင်းတွင်းမြစ်ပြင်ကျယ်ကြီးကို တစ်ဖန်ဖြတ်ပြီး လာခေါ်နိုင်စရာအကြောင်းမရှိပါ။ ကူးတို့ သိမ်းသွားသည့်အချိန် ဖြစ်သောကြောင့်ဖြစ်ပါသည်။

မအေးမေမှာလည်း ကူးတို့မသိမ်းခင် ကူးတို့ဆိပ်အမီရောက်အောင် သွားဖို့အကြောင်းက ရှိနေသည်။ မနက်က သားငယ်နှင့် သမီးငယ်ကို ချော့မော့ပြီးထားခဲ့ရ၏။

"အမေ အစောကြီးပြန်လာမှာနော် သား။ ညီမလေးကိုလည်း ဂရုစိုက်၊ ပျင်းရင် ခေါင်းရင်းက ဘကြီးတို့အိမ်မှာ သွားနေ၊ အမေ မှာထားခဲ့မယ်"

ကလေးနှစ်ယောက်ကို မနက်စာ အဝကျွေးပြီးဖြစ်သော်ငြား စိတ်ထဲမှာ တထင့်ထင့်ဖြစ်နေသည်။ အကြီးကောင်က ငါးနှစ်သားရှိနေပြီဖြစ်သော်လည်း အငယ် ညီမလေးကို ခေါက်တတ်၊ လုတတ်၏။ မထင်ရင် မထင်သလို ရိုက်နှက်တတ်သေးသည်။

"သားလေး၊ ညီမလေးကိုမရိုက်ရ၊ မခေါက်ရဘူးနော်၊ ငါ့သားက လိမ္မာပါတယ်"

"ကျွန်က ခေါက်ချင်လို့ခေါက်တာ မဟုတ်ဘူးဗျ၊ အမေ့သမီးက အမေမရှိရင် အရမ်းဂျီကျတာ"

"ကိုယ့်ညီမလေးပဲ သားရယ်၊ ချော့ချော့မော့မော့ ပြောပေါ့"

ချေးတောင်းခေါင်းပေါ်ရွက်ပြီး ထွက်မည်အလုပ်မှာ မျက်နှာငယ်ကလေးဖြင့် ကြည့်နေရှာသော သမီးလေး၏ရုပ်သွင်က နှလုံးထိ မျက်လုံးထဲက မထွက်နိုင်ပါ။

မအေးမေတို့ မိသားစုဘဝ၊ အောင်ပန်းချောင်းရွာသူ၊ အောင်ပန်းချောင်းရွာသားတို့၏ ဘဝကား နွားရာဝဲစွဲ၊ လဲရာသူခိုး အထောင်းခံရသည့် ဘဝများဖြစ်နေပါသည်။ မည်သို့မျှ မျှော်လင့်မထားသော ဘဝများဆီသို့ ရောက်လာခဲ့ကြရသည်။

ရွာ၏တောင်ဘက်မှာ တငြိမ့်ငြိမ့် တသိမ့်သိမ့် စီးဆင်းနေသော ကျယ်ပြောလှသည့် ဧရာဝတီမြစ်ပြင်ကျယ်ကြီး။ ရွာအနောက်ဘက်မှာက ကုန်းတင်သင်္ဘောများ စုန်ချည်ဆန်ချည် ခုတ်မောင်းနေသည့် သလ္လာဝတီခေါ် ချင်းတွင်းမြစ်ကြီး။ ဘယ်ဆီ

မအေးမေတို့ မိသားစုဘဝ၊
အောင်ပန်းချောင်းရွာသူ၊
အောင်ပန်းချောင်းရွာသားတို့၏ဘဝကား
နွားရာဝဲစွဲ၊ လဲရာသူခိုး အထောင်းခံရသည့်
ဘဝများဖြစ်နေပါသည်။
မည်သို့မျှ မျှော်လင့်မထားသော
ဘဝများဆီသို့
ရောက်လာခဲ့ကြရသည်။

ပဲမျှော်မျှော် စိမ်းစိုညို့မှောင်နေတဲ့ ပုပ္ပားတောင်ကြီးရယ်၊ ဆင်ကြီးတစ်ကောင် ဝပ်နေဘိသို့ မြင်တွေ့နေရတဲ့ ရှင်မတောင်တန်းကြီးရယ်၊ ညီနောင်နှစ်ဦး ဘေးချင်းယှဉ်ပြီး ရပ်နေသလား အောက်မေ့ရတဲ့ နွားပြင်းတောင်နှင့် တောင်သာတောင်ကြီးရယ် စသည် စသည် မျှော်လေရာရာတွင် သဘာဝက ပေးအပ်ထားသည့် လှပသောရှုခင်းများနှင့် ပန်းသင့်လှသော ရွာလေးတစ်ရွာ ဖြစ်ပါ၏။ ရွာသူရွာသားများမှာလည်း တောင်သူလုပ်ငန်းတစ်ခုတည်းဖြင့်သာ ရိုးသားစွာ အသက်မွေးကြပါသည်။

မြေပဲ၊ ပဲနီ၊ ဗမာဆေး၊ ဗာဂျီးနီးယားဆေး၊ ပြောင်းဖူးနှင့် ငရုတ်၊ ကြက်သွန်စသည့် သီးနှံနှင့် လူသုံးကုန်မျိုးစုံ ထွက်ရှိသည့် ရွာလည်းဖြစ်ပါသည်။

ထူးခြားချက်မှာ ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင်ကာလတွင် အနီးဝန်းကျင်ရှိ နွယ်နီ၊ လေ့ခုတ်၊ ဆင်တဲ၊ နတ်ညွန့်။ လင့်ကြီး အစရှိ ရွာများနည်းတူ ခြေတံရှည်အိမ်များပေါ်သို့ သုံးလခန့် တက်ရောက်နေထိုင်ကြရခြင်းပင် ဖြစ်သည်။

ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ဆုံရာ ဖြစ်သောကြောင့် ရေကြီးချိန်၊ ရေတက်ချိန်များတွင် မြစ်ရိုးတစ်လျှောက်၊ ကွင်းတစ်လျှောက် ပြေပြင်ကျယ်ကြီးဖြင့်သာ ဖောင်ဖောင်ဝေနေလေ၏။ လူက အိမ်ပေါ်တွင် နေရသလို၊ နွားများကလည်း နွားစင်ပေါ်မှာ နေကြရသည်။ မည်သည့်အလုပ်အကိုင်မျှ မည်မည်ရရ မရှိကြသဖြင့် ဆောင်းသီးနှံ စိုက်ပျိုးရရှိထားသော ထွက်ကုန်များကိုသာ ရောင်းချစားသောက်နေထိုင်ကြရလေသည်။

သီတင်းကျွတ်ချိန် မြစ်ရေများ ကျဆင်းသွားတော့မှသာ ပေါ်ပေါက်လာသော မြေနုကျွန်းများပေါ်သို့ ထွန်ရေးငင်ခြင်း၊ ထယ်ထိုးခြင်းဖြင့် သီးနှံများ ပြန်လည်စိုက်ပျိုးကြရလေတော့သည်။

မြေနုကျွန်းများ ဖြစ်သောကြောင့် တောင်သူလုပ်ငန်းခွင် ဝင်ကြရသည်မှာလည်း ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းမရှိလှပေ။ သဘာဝမြေဆီမြေနှစ် ပေါကြွယ်ဝသဖြင့်လည်း မည်သည့်သီးနှံမဆို ဖြစ်ထွန်းအောင်မြင်မှုက များလေသည်။ လူနိုင်ကြ၊ တန်းနိုင်ကြသည့်အပြင် ပေးကမ်းစွန့်ကြဲမှုများလည်း ပြုလုပ်နိုင်ကြပါလေ၏။

သို့သော်လည်း၊ လူ့သင်္ခါရ၊ ပစ္စည်းသင်္ခါရဆိုသည့်အတိုင်း အောင်ပန်းချောင်းရွာကလေး၏ သင်္ခါရသဘောတရားကား သုံးလေးနှစ်အတွင်း ဆန်းကြယ်လှစွာ ရင်ဆိုင်တွေ့ကြုံလိုက်ကြရပါတော့သည်။

ရေကြောင်းပြောင်းလဲမှု သဘာဝဖြစ်စဉ်အရ ဧရာဝတီမြစ်ကြီး၏ ပင်မရေစီးကြောင်းက အောင်ပန်းချောင်းရွာဆီသို့ တည့်တည့်ထိုးချနေသည့်အပြင် ချင်းတွင်းမြစ်၏ ပြောင်းလဲလာသော ရေစီးကြောင်းကြောင့်လည်း၊ လုပ်ကိုင်စားသောက်နေကြရသော မြေနုကျွန်းများ တိုက်စားပြိုကျပါးမျိုခြင်း ခံလိုက်ရလေတော့သည်။

ရွာသူရွာသားများ အလုပ်အကိုင်လက်မဲ့ ဖြစ်ကြရသည့်အပြင် နေစရာထိုင်စရာ၊ ပြောင်းစရာရွှေ့စရာ မြေနေရာများ လုံးဝနီးပါး မရှိတော့သလောက် အခြေအနေနှင့် ကြုံကြရလေတော့သည်။

မှန်ပါသည်။ မြေပုံသဘောတရားအရ မိမိတို့ပိုင်ဆိုင်သော နယ်မြေသည် ဧရာဝတီမြစ်ကြီးထဲတွင် ရောက်နေ၏။ တဖေါ်ဖေါ် ဖါးလုံးထိုးစီးဆင်းနေသော ချင်းတွင်းမြစ်ကြီးကလည်း ဖါးမျိုထား၏။ ကမ်းပါးပြိုခြင်းများကလည်း စဉ်ဆက်မပြတ် ဖြစ်နေလေသောကြောင့် မြို့နယ်မြေစာရင်းဦးစီးဌာန၏ စီမံခန့်ခွဲပေးမှုဖြင့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ ဆင်မရဲကျေးရွာနှင့် ဗီးပင်ကုန်း

ရွာအနီးတွင် ကွက်စိတ်ရိုက်ကာ ရွာနေရာ သတ်မှတ်ပေးလေသည်။

ပြောင်းရွှေ့ခွင့်ရသည်နှင့် တစ်ရွာလုံး တစ်ဦးကိုတစ်ဦး ကူညီကြကာ ပြောင်းကြရပါသည်။ ရေစီးသန်လှသော ချင်းတွင်းမြစ်ကြီးကို ဖြတ်သန်းပြောင်းရွှေ့ကြရသော ကြောင့် 'ဦးစံရ'ဆိုသော လူကြီးတစ်ယောက် ချင်းတွင်းမြစ်ထဲ ပြုတ်ကျသေဆုံးသွားသည်နှင့်လည်း ကြုံခဲ့ကြပါ၏။ ရွာသူရွာသားအားလုံး ဝမ်းနည်းကြေကွဲကြရပါသည်။

မည်သို့ပင်ဖြစ်စေ၊ မြို့နယ်မြေစာရင်းဌာနမှ စီစဉ်ပေး၍သော သူများတကာ၏ နယ်မြေ၌ နေစရာမြေကွက်ကျဉ်းကျဉ်းလေးများဖြင့် ရွာသစ်တည်နိုင်ခဲ့ခြင်းဖြစ်ပါ၏။ ယခင်က နေထိုင်ခဲ့ကြသော အိမ်ကြီးရခိုင်များကို ရောင်းချစားသောက်ကြရကာ တဲသာသာ အိမ်ကလေးများဖြင့် ဖြစ်သလိုနေထိုင်ကြရပါတော့သည်။

အလုပ်အကိုင် မည်မည်ရရလည်း မရှိလေသောကြောင့် ပတ်ဝန်းကျင်ရှိ ရွာများ၊ ဆီမှာသာ အမှိုက်ကောက်၊ ဆေးစိုက် စသည်စသည် ကူလီလုပ်ငန်းများလုပ်ကိုင်၍ ဝမ်းကျောင်းကြရသည်။

မအေးမေတို့မိသားစုသည် တစ်ဖက်ကမ်း ပြောင်းလာတော့ အငယ်မလေး မွေးပြီးခါစဖြစ်သည်။ အတော်ပင် ကသီလင်တနိုင်လှ၏။ နို့စို့အရွယ် ကလေးတစ်ဖက်နှင့်ဖြစ်နေသောကြောင့် သူများတကာဆီ အငှားလုပ်ငန်းများ လိုက်ပြီးမလုပ်နိုင်ပါ။ ယောကျ်ားတစ်ယောက်တည်း၏ ကူလီလုပ်အားခဖြင့်သာ စားရေးသောက်ရေး ဖြေရှင်းကြရ၏။ အတော်ပင် ဆင်းရဲလှပါသည်။

တစ်နှစ်စ နှစ်နှစ်စ နေသားကျလာသောအခါ အလုပ်အကိုင်သစ်များ၊ ရှာဖွေလုပ်ကိုင်လာကြသည်။ ဟီးဟီးထနေသော ကျူတောကြီးများကို သွားရောက်ခုတ်ယူကာ ကျူပျာရက်ပြီး မြို့တကာ၊ ရွာတကာ လှည့်လည်ရောင်းချသည်။ စိုက်ပျိုး၍မရနိုင်သော သဲသောင်ပြင်ကြီးကို မြေသားနှင့် သဘာဝမြေဩဇာများ ဖြန့်ခင်းကာ ကြက်သွန်ဖြူ ကြက်သွန်နီ စိုက်ကြသည်။ တချို့ဆိုလျှင် ဆင်ကြို့၊ ကြူးရွာ၊ မောက္ကလန် စသည့်ရွာများမှ ပေါက်ပေါက်ရောက်ရောက်ရှိသောလူများ ဦးဆောင်သည့် အထမ်းသမားရေးသည်အဖြစ် အောက်ပြည် အောက်ရွာများသို့ သွားရောက်ကာ အရောင်းအဝယ်လုပ်ကြရသည်။

အထမ်းသမားရေးသည်ဆိုသည်မှာ ငွေကြေးတတ်နိုင်သူကဦးဆောင်ပြီး အညာထွက်ပစ္စည်းများဝယ်၍ အောက်အရပ်ဒေသများသို့ သွားရောက်ပြီး ထမ်းပိုးရောင်းချသော အလုပ်ဖြစ်သည်။ ငွေကြေးတတ်နိုင်သူက ရင်းနှီးပေး၏။ ရောင်းချ၍ရသော ငွေအပေါ်မူတည်ကာ အရင်းဖယ်ပြီးနောက် အကျိုးအမြတ်ကို တစ်ယောက်တစ်ဝက်စီ ခွဲယူသောအလုပ်ဖြစ်သည်။ ရွာစဉ်လှည့်ပြီး ရောင်းချရသည့်အလုပ် ဖြစ်သောကြောင့် တစ်ခါထွက်လျှင် ငါးလခြောက်လခန့် ကြာတတ်သည်။ အရင်းအနှီး မတတ်နိုင်ပေမယ့် ကြိုးကြိုးစားစား၊ စုစုဆောင်းဆောင်း လုပ်ကိုင်တတ်ပါက အိမ်အပြန် ငွေကြေးမြောက်မြားစွာ ပါလာနိုင်သောအလုပ် ဖြစ်ပါ၏။

"အေးမေ၊ ငါတို့ ငွေလေးကြေးလေး စုဆောင်းမိအောင် အထမ်းရောင်းလိုက်ထွက်ရကောင်းမလားလို့"

"ကောင်းတာတော့ ကောင်းတာပေါ့တော်။ လေးငါးခြောက်လကြီး ကြာမှာဆိုတော့ ကျုပ်တစ်ယောက်တည်း ကလေးတွေနဲ့ ကသီလင်တနိုင်မလားလို့"

"အငယ်မလေး နို့ဖြတ်သွားတော့ ညည်းလည်း အလုပ်ထွက်ပြီး လုပ်နေနိုင်ပြီပဲဟာ"

"ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ဒီလိုမှ စွန့်စွန့်စားစား အပင်ပန်းခံ မကြိုးစားရင် ဒီဘဝက တက်ဖို့ဆိုတာ မလွယ်ကူဘူး"

"ကြူးရွာက ကိုမြအုန်းတို့အဖွဲ့ အရောင်းထွက်ဖို့ လူရှာနေတယ်၊ တလောက ငါနဲ့တွေ့တော့ လိုက်မလားမေးလို့ စဉ်းစားအုံးမယ် ပြောခဲ့တယ်၊ ဒါကြောင့် အခုညည်းကိုတိုင်ပင်တာ"

"ကျုပ်ကတော့ ရှင့်သဘောအတိုင်းပါပဲ"

သည်လိုနှင့် ယောကျ်ားဖြစ်သူ အရောင်းထွက်သွားသည်။ မအေးမေ တစ်ယောက်တည်း ကလေးနှစ်ယောက်၏ စားဝတ်နေရေးကို ဖြေရှင်းနေရ၏။ အလုပ်ရှင်



က အသုံးငွေ အထိုက်အလျောက် ကြဲပေးခဲ့သောကြောင့် အရင်းအနှီးကလေး ပြုလုပ်ကာ ရွာစဉ်လှည့်ပြီး ရေနံဆီရောင်းသည့် အလုပ်ကို လုပ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

အောင်ပန်းချောင်း ရွာသူရွာသားအတော်များများ ရေနံဆီရောင်းသည့်အလုပ်ဖြင့် အသက်မွေးကြသည်။

ထိုအချိန်က ဆိုလာမီးဆိုတာ ဝေလာဝေး။ ဘက်ထရီမီးပင် မရှိသေးချေ။ မြင်းခြံမြို့အနီး ရေနံဆီချက်သောရွာများ ဖိုများမှ သွားရောက်ဝယ်ယူကာ တစ်ရွာဝင် တစ်ရွာထွက် လှည့်လည်ရောင်းချကြရလေသည်။ ရေနံဆီရောင်းသည့် ရေနံဆီဈေးသည်ဆိုလျှင် အောင်ပန်းချောင်းရွာကပဲ လူတိုင်းလိုလို၊ ရွာတိုင်းလိုလို သိကြ၏။ ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ရှာဖွေစားသောက်နေကြရသည့် အချိန်ပင်ဖြစ်ပါသည်။

ကမ်းပြိုခံရသော ကျွန်းထဲကိုင်းထဲမှ ရွာကလေးတွေ၏ ဆင်းရဲဒုက္ခများကား ၎င်းတို့ ပိုင်ဆိုင်ခဲ့သော မြေပုံနယ်နိမိတ်အတိုင်း မြေနုကျွန်းများ ထပ်မံပေါ်ပေါက်လာမှသာလျှင် အဆင်ပြေပြေ အသက်ရှုချောင်ချောင် နေနိုင်၊ စားနိုင်၊ လှုနိုင်၊ တန်းနိုင်သည့် ဘဝသို့ ထပ်မံရောက်ရှိကြရပေတော့မည်။

✦ ✦ ✦ ✦ ✦

မအေးမေ ရင်ထဲထိတ်သွားသည်။ ကြည့်စမ်း။ ရာဟုထောင့်မှာ ရဲပတောင်းခတ်နေပါလား။ မကြာခင် လေနီကြမ်းကြီးကျတော့မှာပါလား။ မဖြစ်ဘူး၊ မဖြစ်ဘူး။ ငါ ဒီညနေ ရွာဘက်ကိုပြန်ရောက်မှဖြစ်မယ်။ သားလေးနဲ့ သမီးလေးက အမေပြန်လာမယ့်လမ်းကို မျှော်နေကြမှာ။ ဆာလောင်နေတဲ့ဝမ်းဗိုက်ကလေးတွေနဲ့



သောင်ရှေ့ဘက်ရွာရောက်တော့ နေစွယ်တောင် တော်တော်ကျိုးနေပြီ။ မှုလိုက်သည့် နေကလည်း လူစင်စစ်က အမဲခြောက် ဖြစ်သွားမည်လား ထင်မှတ်ရ၏။ လေကလေးတစ်ချက်စ နှစ်ချက်စ ဝှေ့လာသော်ငြား လေပူတွေ ဖြစ်နေသည်။ ဆန်ကောသာသာသာ လေပွေမှိုင်းကလေးများကလည်း ဖုန်မှုန့်နှင့် အမှိုက်များကိုပျော်စေပါးစေ ဆော့ကစားနေကြသည်။

ခြေလှမ်းကို မှန်မှန်သွက်သွက် မအေးမေ လှမ်းနေရ၏။ လူတစ်ကိုယ်လုံး ချွေးများ ရွှဲနစ်နေပေမယ့် မပြေးရုံတမယ် လှမ်းနေရပါသည်။

မနက်က ကလေးနှစ်ယောက်ကို ထမင်းဝအောင် ကျွေးထားခဲ့သော်ငြား ညနေစာ ချက်စရာဆန်မရှိတော့သဖြင့် အရန်သင့်စားနိုင်ဖို့ရာ ချက်ပေးမထားနိုင်ခဲ့ပါ။ ညနေ ရေနံဆီရောင်း ပြန်ရောက်ခါမှ ချက်စားနိုင်၊ ချက်ကျွေးနိုင်ပေတော့မည်။ မအေးမေ သွားရောင်းသော 'နန်းဦး'ရွာဆိုသည်ကလည်း ဆွေမျိုးတွေအများကြီးရှိသည်။ လယ်သမားတွေ အများကြီးရှိသည်။ ရေနံဆီဖိုးကို ငွေကြေးမယူဘဲ ဆန်ဖြင့်သာ ဖလှယ်ရသောကြောင့် ပြင်ပပေါက်ဈေးထက် သက်သက်သာသာ ရပါသည်။ ပိုပိုသာသာလည်း ပေးကြပါသည်။

''ဟောတော့''

မအေးမေ ရင်ထဲထိတ်သွားသည်။ ကြည့်စမ်း။ ရာဟုထောင့်မှာ ရဲပတောင်းခတ်နေပါလား။ မကြာခင် လေနီကြမ်းကြီးကျတော့မှာပါလား။ မဖြစ်ဘူး၊ မဖြစ်ဘူး။ ငါ ဒီညနေ ရွာဘက်ကိုပြန်ရောက်မှ ဖြစ်မယ်။ သားလေးနဲ့ သမီးလေးက အမေပြန်လာမယ့်လမ်းကို မျှော်နေကြမှာ။ ဆာလောင်နေတဲ့ ဝမ်းဗိုက်ကလေးတွေနဲ့ မျှော်နေရှာကြမှာ။ ဒုက္ခပါပဲနော်။

ထိတ်ထိတ်ပျာပျာဖြစ်သွားသော ရင်ကို လက်နှင့်ဖိရင်း ကူးတို့ဆိပ်ဆီသို့ မအေးမေ ပြေးနေ၏။

''ဘကြီးလုံး၊ ဘကြီးလုံး ကျွန်မကို ရွာဘက်ကမ်းရောက်အောင် ပို့ပေးပါ''

''ဟဲ့ . . . အေးမေ၊ နင်ရူးနေလား။ ဟိုမှာ လေနီကြမ်းကြီးကျနေတယ်လေ၊

သားလေးရဲ့ မျက်နှာ။ သမီးလေးရဲ့ မျက်နှာ။ သည်မျက်နှာနှစ်ခုက
မအေးမေ၏မျက်လုံးထဲမှ မထွက်။ နှလုံးသားထဲမှ မထွက်။
အမေပြန်လာမည့်လမ်းကို မျှော်နေကြရှာရှာမည်။ ဗိုက်ဟောင်းလောင်းဖြင့်
ဆာလောင်မွတ်သိပ်စွာ မျှော်နေကြရှာရှာမည်…

အားလုံး မသာပေါ်သွားလိမ့်မယ်''

''မဖြစ်ဘူး ဘကြီးလုံး၊ ကျွန်မအိမ်ကို ဒီနေ့ပြန်ရောက်မှဖြစ်မှာ''

''ခက်ပါလား အေးမေရာ၊ မနက်က နေ နေထွက်ချိန်စောစော နေခြည်ထောက်ထားလို့ ပြန်ကူးမယ့်လူများ စောစောပြန်လာကြဖို့ မှာလိုက်တယ်လေ၊ အဲသည်လို နေခြည်ထောက်ရင် ညနေပိုင်း လေကျမယ်ဆိုတာ နင်လည်းသိနေရက်နဲ့ အေးမေရယ်''

မှန်ပါသည်။ နေခြည်ထောက်ခြင်းဆိုသည်မှာ မနက်ပိုင်း နေထွက်ခါစ တိမ်သလ္လာများ ဖုံးအုပ်နေခြင်းကို ဆိုပါသည်။ ထိုသို့ဖြစ်နေပါက ညနေပိုင်း၊ နေမဝင်ခင် လေကြမ်းမိုးကြမ်းကျလာတော့မည့် အရိပ်လက္ခဏာကို ဒေသခံလူအားလုံးလိုလို သိရှိပြီး ဖြစ်လေသည်။

''လိုက်ပို့ပါ ဘကြီးလုံးရယ်၊ ကျွန်မအိမ်ကိုပြန်ရောက်မှ ဖြစ်မှာမို့လို့ပါ''

တောင်းပန်ခယစွာပြောဆိုရင်း မအေးမေ၏ မျက်လုံးအစုံမှ မျက်ရည်ပေါက်များ လိမ့်ဆင်းလာ၏။

''နင် တော်တော်ခက်ပါလား။ ဟိုမှာကြည့်၊ လေနီကြမ်းကြီးက ချင်းတွင်းမြစ်ကို မပြတ်သေးဘူး။ လှိုင်းကြက်ခွပ်အဆင့်ကနေ မွေးကောင်၊ ဝက်ကောင် လှိုင်းလုံးကြီးတွေ ဖြစ်နေပြီ၊ မကြာခင် တဝေါဝေါ တဟဲဟဲ အသံပေးပြီး ဆင်ကောင်၊ မြင်းကောင် လှိုင်းလုံးကြီးတွေ ဖြစ်တော့မှာ၊ ဖွတ်ဖြတ်ကူးမယ်ဆိုရင် နင်ရော ငါရော ကိုယ့်သေတွင်း ကိုယ်တူးပြီး ဝင်သွားသလိုဖြစ်နေမယ်၊ ဒီတစ်ညတော့ ငါ့တဲမှာအိပ်ပြီး မနက်လင်းမှ စောစောလိုက်ပို့ပါ့မယ်ဟာ''

''မဖြစ်ဘူး ဘကြီးလုံး၊ မဖြစ်ဘူး၊ မဖြစ်ဘူး''

''ပြောရဆိုရခက်ပါလား အေးမေရယ်၊ နင် ဖွတ်တရွတ်မနိုင်နဲ့၊ နင် သေမှာ မကြောက်ဘူးလား''

ဘကြီးလုံးက ငေါက်ငေါက်ငမ်းငမ်း ပြောဆိုလိုက်၏။

''နောက်ထပ် ငါ့ကို လျှာရှည်မနေနဲ့၊ ဒီည ဒီမှာပဲအိပ်၊ ငါ လုံးဝ လိုက်မပို့နိုင်ဘူး''

ဘကြီးလုံးက ပြောပြောဆိုဆို တဲထဲဝင်သွား၏။ တဝေါဝေါ တဟည်းဟည်း လေနီကြမ်းနှင့်ပါလာသော သဲမှုန့်များ ဖုန်မှုန့်များက မအေးမေ၏ခန္ဓာကိုယ်အနှံ့အပြားကို ထိမှန်နေသောကြောင့် စပ်ဖျဉ်းဖျဉ်းဖြစ်လာသည်။

မအေးမေ အားတင်းလိုက်၏။ သားလေးရဲ့ မျက်နှာ။ သမီးလေးရဲ့ မျက်နှာ။ သည်မျက်နှာနှစ်ခုက မအေးမေ၏မျက်လုံးထဲမှ မထွက်။ နှလုံးသားထဲမှ မထွက်။ အမေပြန်လာမည့်လမ်းကို မျှော်နေကြရှာရှာမည်။ ဗိုက်ဟောင်းလောင်းဖြင့် ဆာလောင်မွတ်သိပ်စွာ မျှော်နေကြရှာရှာမည်။

မအေးမေက ဘကြီးလုံး၏ တဲထဲသို့ ဝင်သွားပြီး ခြေအစုံကို ဦးခေါင်းနှင့်ထိပြီး ရှိုက်ကာ တောင်းဆိုလိုက်၏။

''ကျွန်မကို လိုက်ပို့ပေးပါ ဘကြီးလုံးရယ်၊ ကျွန်မ ကလေးတွေက ဒီညစာ ထမင်းမစားကြရရှာသေးဘူး။ အဟီး… ဟီး… ဟီး… ဟီး… ကျွန်မပြန်ရောက်မှ အဟီး… ဟီး… ဟီး… ဟီး…''

''ခက်ပါလား အေးမေရယ်၊ အခုဟာက သေမင်းရဲ့ခံတွင်းထဲ ဝင်ရမယ့်ကိစ္စ၊ ဘယ်လိုနည်းနဲ့မှကို မဖြစ်နိုင်တဲ့ကိစ္စ၊ နင် သေမှာကို မကြောက်ဘူးလား''

''မကြောက်ဘူး၊ မကြောက်ဘူး၊ ကျွန်မ လုံးဝမကြောက်ဘူး''

မအေးမေ အော်ဟစ်ပြောဆိုလိုက်သံက တမ္ဗူရှူး တဝေါဝေါတိုက်ခတ်လာနေသည့် လေနီကြမ်း မြည်ဟည်းသံထက်ပင် ကျယ်လောင်စွာ ဟိန်းထွက်သွားပါသည်။

''ဘကြီးလုံး မလိုက်ရဲရင် နေခဲ့၊ ဒီမြစ်ပြင်ကို ကျွန်မတစ်ယောက်တည်း ဖြတ်မယ်၊ လှိုင်း ဘယ်လောက်ကြီးကြီး အေးမေ လုံးဝမကြောက်ဘူး''

''မဟုတ်သေးဘူး အေးမေ၊ နင့်စိတ်ကို လျှော့ချလိုက်ပါတော့ဟာ''

''မလျှော့ဘူး၊ မလျှော့ဘူး။ လုံးဝကို မလျှော့နိုင်ဘူး။ လှိုင်း ဘယ်လောက်ကြီးကြီး၊ ရေဘယ်လောက်နက်နက်၊ အခက်အခဲ ဘယ်လောက်ပဲကြုံကြုံ ကျွန်မအိမ်ကို တော့ ရောက်အောင်ပြန်ရမယ်''

ပြောပြောဆိုဆိုဖြင့် တဲဒေါင့်တွင် ထောင်ထားသော လှော်တက်နှင့် ခတ်တက်ကို မအေးမေ ထမ်းပြီးထွက်လိုက်သည်။

''အေးမေ၊ ဟဲ့…အေးမေ၊ ဟာ–ဒီကောင်မလေး ပြောရဆိုရ တော်တော် ခက်ပါလား''

တက်များကိုလှယူရန် ဘကြီးလုံး



**တဝေါဝေါထိုးတက်နေသော လှိုင်းခေါင်းဖြူကြီးများဘက်ဆီသို့ လှေဦးကို တည့်လိုက်သည်။ ခတ်တက်နှင့် ခတ်ကွင်းကို ခတ်ခုံ၌ဆင်လိုက်ကာ တစ်ချက်မနား အားရပါးရခတ်နေရှာသော မအေးမေကိုကြည့်ပြီး သားဇော၊ သမီးဇောနှင့်. . .**

အပြေးတစ်ပိုင်း လိုက်ခဲ့၏။ သို့တစေ လှေချည်ထားသော ကြိုးကိုပင် အေးမေ ဖြုတ်၍ ပြီးနေပြီ။

''ဘကြီးလုံး ကျွန်မကို မတားနဲ့နော်၊ ကျွန်မ ဘာကိုမှမကြောက်ဘူး''

ဆင်ကောင်၊ မြင်းကောင်ခန့် ကြီးမားသော လှိုင်းခေါင်းဖြူကြီးများကို ဘကြီးလုံး မြင်နေရသည်။

''နေဦး အေးမေ၊ နေဦး။ နင်တစ်ယောက်တည်း စိတ်မချလို့ ငါပါ လိုက်ခဲ့မယ်၊ တော်တော်ခက်ပါလားကွယ်''

ဘကြီးလုံး လှေပေါ်တက်ပြီး ပဲ့ဘက်မှာ ထိုင်လိုက်၏။

''သွား. . .သွား လှေဦးကိုသွား။ ချောင်းမှောက်မသွားအောင် လှေချည်ကြိုးနဲ့ နိုင်နိုင်ချည်ပေါ့''

ဘကြီးလုံးသည် တဝေါဝေါထိုးတက်နေသော လှိုင်းခေါင်းဖြူကြီးများဘက်ဆီသို့ လှေဦးကို တည့်လိုက်သည်။ ခတ်တက်နှင့် ခတ်ကွင်းကို ခတ်ခုံ၌ဆင်လိုက်ကာ တစ်ချက်မနား အားရပါးရ ခတ်နေရှာသော မအေးမေကိုကြည့်ပြီး သားဇော၊ သမီးဇောနှင့် အသက်ကို ပဓာနမထားနိုင်သော မိခင်တစ်ယောက်၏မေတ္တာကို မျက်ဝါးထင်ထင် တွေ့မြင်နေရသည်။ လှေဦး လည်ထွက်မသွားစေရန်လည်း ဘကြီးလုံး သတိဖြင့် ထိန်းနေရ၏။

လှေဦးကြီး မြင့်တက်လာလိုက်၊ ပြန်ကျသွားလိုက် ဖြစ်နေသော်လည်း မအေးမေ မကြောက်ပါ။ လှေဦးဖြင့် တဝေါဝေါ တဖြန်းဖြန်း ရိုက်ပုတ်ကာ လွင့်စဉ်လာသည့် ရေမှုန်ရေမွှားများဖြင့် ရွဲရွဲစိုနေသော်လည်း မအေးမေ မတုန်လှုပ်ပါ။ ရွာဆီသို့ ဦးတည်နေသော လှေ၊ သားလေးနှင့် သမီးလေး ရှိရာဆီသို့ ဦးတည်နေသော လှေ၊ သည် လှေကြီး၊ ရွာဆိပ်ကမ်း မြန်မြန်ရောက်အောင် ခတ်တက်ဆွဲသော လက်ဖဝါးများ သွေးသံတရဲရဲနှင့် ပေါက်ပြဲစုတ်ပြတ်နေသော်ငြား မအေးမေ မနာကျင်ပါ။

အမေ ပြန်လာပြီ သားကြီး။

အမေ ပြန်လာပြီ သမီးလေး။

ဆာလောင်မွတ်သိပ်မှုများ။ ကြောက်ရွံ့မှုများ ပြည့်လျှမ်းနေမည့် မျက်နှာပြင်လေးနှစ်ခု မအေးမေ နှလုံးသားထဲ ပေါ်လာသဖြင့် မျက်ဝန်းအိမ်မှ မျက်ရည်များ တသွင်သွင် ကျဆင်းလာသည်။

အမေရောက်တော့မယ် သားရေ။ အမေ ပြန်ရောက်တော့မှာပါ သမီးငယ်လေးရယ်။ ငိုမနေကြပါနဲ့ကွယ်။ သားနဲ့သမီး ထမင်းဆာနေကြမယ်ဆိုတာသိလို့ အမေ မြန်မြန်ရောက်အောင် ပြန်လာမှာ။ ရောက်ရောက်ချင်း အမေ ထမင်းချက်ကျွေးမှာပါကွယ်။

တသွင်သွင်စီးဆင်းနေသော မျက်ရည်များကို လက်ခုံဖြင့် ဘယ်ပြန်ညာပြန် သုတ်ကာ ခတ်တက်ကို အားနှစ်ဆထည့်ပြီး ခတ်လိုက်သည်။ ကြမ်းတမ်းစွာ တိုက်ခတ်နေသောလေနှင့် မြင့်မားမို့မောက်ပြီး တဟည်းဟည်းအော်သံပေးနေသော လှိုင်းလုံးကြီးများကို မအေးမေ လုံးဝဂရုမစိုက်တော့ပါ။ ရှိနေသေးသော အင်အားများဖြင့် အဆက်မပြတ် အဆက်မပြတ် အဆက်မပြတ် လှော်ခတ်နေလေတော့သည်။

''ဟေး. . .ရောက်ပြီကွ၊ ရောက်ပြီကွ၊ ရွာဆိပ်ကမ်းကို တို့ရောက်ပြီ အေးမေ''

သဲသောင်ပြင်ထက် ထိုးဆိုက်လိုက်သော လှေဦးမှ မအေးမေ ခုန်ချကာ ဘယ်နကြိမ်မှန်းမသိသော ရှိုးခြင်းများဖြင့် ဘကြီးလုံးကို မအေးမေ ရှိခိုးနေလေသည်။

''ကျွှပ်ပြောတယ်မဟုတ်လား ဘကြီးလုံး။ ချင်းတွင်းမြစ်က ပင်လယ်သမုဒ္ဒရာကြီးလောက် ကျယ်လည်းမကျယ်ဘူး၊ နက်လည်း မနက်ဘူးလို့လေ''

**အောင်ပန်းချောင်းသား(ရေစကြို)**



# သာယာလှပ စည်းကမ်းတကျ မြို့တော်ကြီးဆီသို့

ဒေါက်တာတင်လတ်

၂၀၁၄ ဒီဇင်ဘာလက စာရေးသူ ရန်ကုန်ရွှေမြို့တော်ကြီးသို့ အလည်အပတ်ရောက်ခဲ့ပါသည်။ ယခုတစ်ဖန် ၂၀၁၇ ဒီဇင်ဘာလ ရောက်သောအခါ သုံးနှစ်အတွင်း ကောင်းသောပြောင်းလဲခြင်းများကို သတိပြုမိပါသည်။

အထပ်မြင့်အဆောက်အဦးများစွာ ပေါ်ပေါက်လာပါသည်။ ဟိုတယ်များ၊ Shopping Centre များတွင် စာရေးသူသတိထားမိ သည်မှာ Junction City ၊ Myanmar Plaza ၊ Novotel Hotel တို့ ဖြစ်ပါသည်။ အထပ်များ၊ အဆင့်အတန်းမြင့် ဆိုင်ပေါင်းစုံ အထူးသဖြင့် Brand ပစ္စည်းများဖြင့် နိုင်ငံခြားစံချိန်မီ ပြင်ဆင်ထားကြပါသည်။ အချို့ပစ္စည်းက ဈေးကြီးသဖြင့် ချမ်းသာသူများသာ ဝယ်နိုင်ကြပါသည်။ ဈေးအတော်အသင့်ဖြင့် လူများများဝယ်ယူနိုင်သောဆိုင်များ ပိုမိုများပြားအောင် ဖန်တီးသင့်ပါသည်။ ဥပမာ– အင်္ဂလန်မှ












POUND World ၊ USA မှ Doller Tree ၊ 99 CENTS ၊ Japan မှ DIASO ၊ UNIQLO ကဲ့သို့ ကုန်ပစ္စည်းများစွာကို ဈေးအတော်အသင့်ဖြင့် ဝယ်နိုင်သောဆိုင်များ များလာပါက Shopping Centre များ၊ Mall များတွင် လူပိုမိုစည်ကားနိုင်ပါသည်။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် Taxi များက ယခင်ကထက် ပိုမိုများလာပါသည်။ ငှားရန်မခက်တော့ပါ။ ပုတ်ပြတ်တောင်းသော စနစ်ဖြစ်၍ ညှိနှိုင်းမရပါက နောက်တစ်စီးငှားရန် မခဲယဉ်းပါ။ Taxi များကို စနစ်တကျဖြစ်စေရန် ဒရိုင်ဘာမှစ၍ ကားလိုင်စင်အဆုံး ကားပုံမှန်စစ်ဆေးရေး အပါအဝင် စည်းကမ်းရှိရေးမှာ က•ည•န ၏ တာဝန်ဖြစ်ပါသည်။ US တွင် DMV တာဝန်ရှိပါသည်။ UK တွင် Taxi Driver ဖြစ်ရန် သင်တန်းတက်ရပါသည်။ လမ်းကျွမ်းအောင် လေ့ကျင့်ရပါသည်။ စာမေးပွဲများ ဖြေဆိုအောင်မြင်ပြီးမှသာ မြို့တော်တွင် Taxi Driver အဖြစ် အသက်မွေးခွင့်ရပါသည်။ အခါအားလျော်စွာ မွမ်းမံသင်တန်းများလည်း ပေးပါသည်။ ဥပမာ – US ၊ UK တို့တွင် ဆရာဝန်၊ သွားဆရာဝန်များ Continuing Education သင်တန်းများ တက်သကဲ့သို့ ဖြစ်ပါသည်။

Taxi ဒရိုင်ဘာလိုင်စင်သည် ကိုယ်ပိုင်ကားမောင်းလိုင်စင်နှင့် မတူသည့်အတွက် သက်တမ်းတိုးရာတွင် ဆေးစစ်ဆေးခြင်းကဲ့သို့ အထူးစစ်ဆေးခြင်းများ၊ ကား၏ စက်ပိုင်းဆိုင်ရာ စစ်ဆေးမှုများ၊ အထူးသင်တန်းများ ပေးသင့်ပါသည်။ ဉာဏ်သစ်လောင်းသင်တန်းများ၊ ဥပမာ– ပြည်တွင်းအခွန်ဦးစီးဌာန ဝန်ထမ်းများမှ အခွန်စည်းကြပ်မှု ငွေပမာဏများကို ရှင်းပြခြင်းဖြင့် အခွန်ငွေ ပိုမိုရရှိနိုင်ပါသည်။ စိတ်ရောဂါကုဆရာဝန်များ သို့မဟုတ် Psychologist များမှ စိတ်ထားကောင်းကောင်း၊ စိတ်ရှည်စွာဖြင့် မောင်းနိုင်အောင် သင်ကြားပို့ချပေးလျှင် စိတ်တို၊ ရန်ဖြစ် ဒုစရိုက်မှုများ ကြိုတင်ကာကွယ်နိုင်ပါသည်။

ခရီးသည်ပို့ဆောင်ရေးနှင့်ပတ်သက်၍ Japan ၊ Singapore နိုင်ငံများတွင် Taxi Stand ၌ စနစ်တကျ အလှည့်ကျတန်းစီစီးသောစနစ် ရှိပါသည်။ ဘတ်စ်ကားဂိတ်များတွင်လည်း အတူတူဖြစ်ပါသည်။ အရင်ရောက်သူ အရင်တက်စနစ် ဖြစ်ပါသည်။

ရန်ကုန်မြို့တွင် လမ်းများ၌ အဝါရောင်ကွန်ကရစ်တုံးများဖြင့်

အလွန်အရုပ်ဆိုး အကျည်းတန်လှပါသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများဖြင့်

ကားမောင်းသူများကို ပညာပေးသင့်ပါသည်။ ပညာပေး၍မရပါက

အရေးယူသည့်စနစ်ကို ကျင့်သုံးသင့်ပါသည်။

အမေရိကန်နိုင်ငံတွင် လမ်းစည်းကမ်းဖောက်ဖျက်သူကို တာဝန်ကျပုလိပ်အရာရှိက…

ဘတ်စ်ကား၊ ရထားများတွင် ဆင်းမည့်သူကို ဦးစားပေးသည့်စနစ် ဖြစ်ပါသည်။ YBS ကားများနှင့်ပတ်သက်၍ စတင်ကျင့်သုံးခါစတွင် အဆင်မပြေမှုများရှိသော်လည်း ယခုအခါ လျော့နည်းလာသည့်အတွက် အပြစ်တင် ပြောကြားမှုများ နည်းလာပါသည်။ ငွေသားသုံးသည့်စနစ်မှ ကတ်ပြားသုံးသည့်စနစ်သို့ တဖြည်းဖြည်းပြောင်းသင့်ပါသည်။ Taxi ကားများတွင် မီတာသုံး၍ ငွေယူသည့်စနစ်သည် ပိုမိုကောင်းမွန်ပါသည်။ Taxi ဒရိုင်ဘာများ၏ တရားဝင်ပြေးဆွဲခွင့်လိုင်စင် သို့မဟုတ် ID Card များကို ချိတ်ဆွဲထားလျှင် ခရီးသည်များက တရားဝင်နှင့် တရားမဝင် Taxi များကို ခွဲခြားနိုင်ပါသည်။

ဒရိုင်ဘာများ လမ်းအသုံးပြုခြင်းနှင့်ပတ်သက်၍ London မြို့တွင်းလမ်းများ၌ တစ်ဖက်တွင် Lane နှစ်ခုသာပါရှိပါသည်။ ဘယ်ကပ်မောင်းဖြစ်၍ အတွင်းဆုံးဘယ်ဘက်သည် Bus ကားများအတွက်နှင့် ဒုတိယ Lane သည် အခြားကားများအတွက် ဖြစ်ပါသည်။ ရိုးရိုးကားများသည် ဘယ်ဘက်သို့ကွေ့လိုပါက Bus Lane သို့ ပြောင်း၍ ကွေ့နိုင်ပါသည်။ မည်သည့် ကွန်ကရစ်တုံးမှ မထားပါ။ အဖြူ၊ အဝါလိုင်းများသာ ရှိပါသည်။ ရန်ကုန်မြို့တွင် လမ်းများ၌ အဝါရောင်ကွန်ကရစ်တုံးများဖြင့် အလွန်အရုပ်ဆိုး အကျည်းတန်လှပါသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများဖြင့် ကားမောင်းသူများကို ပညာပေးသင့်ပါသည်။ ပညာပေး၍မရပါက အရေးယူသည့်စနစ်ကို ကျင့်သုံးသင့်ပါသည်။ အမေရိကန်နိုင်ငံတွင် လမ်းစည်းကမ်းဖောက်ဖျက်သူကို တာဝန်ကျပုလိပ်အရာရှိက စာရွက်အဝါ

လေး(Yellow Ticket) သာပေးပြီး တရားရုံးတွင် ဖြေရှင်းရပါသည်။ စာတိုက်မှ စာဖြင့် ဆက်သွယ်၍ ဒဏ်ကြေးပေးဆောင်ပြီးမှသာ Traffic School တက်ရောက်၍ ဥာဏ်သစ်လောင်းခံရပါသည်။ အမှုကြီးပါက မိမိဒရိုင်ဘာလိုင်စင်မှ Point များ အဖြတ်ခံရပါသည်။ DUI(Driving Under Influence) ဥပမာ–အရက်၊ မူးယစ်ဆေးဝါးများ သုံးစွဲပြီးမောင်းနှင်လျှင် ယာယီရပ်ဆိုင်းခြင်း ခံရပါသည်။

မီးသတ်ကား၊ လူနာတင်ကားများ အသံကြားလျှင် မည်သည့်ကားမဆို လမ်းဘေးသို့ချ၍ ရပ်ပေးရပါသည်။ နောက်မှ ပေ ၃၀၀ တွင်း ကပ်မလိုက်ရပါ။ ရန်ကုန်မြို့တွင် မည်သူမျှဂရုမစိုက်ပါ။ ဥပဒေသတ်မှတ်ပေးရန် လိုအပ်ပါသည်။



မြို့တော်လမ်းမကြီးများတစ်ဓိုက် အလယ်ကျွန်း၊ ဘေးပလက်ဖောင်းတို့တွင် ရှိသော သစ်ပင်များကို မြို့တော်စည်ပင်သာယာမှ Tree Service အခါအားလျော်စွာ ဆောင်ရွက်သင့်ပါသည်။ လိုအပ်ပါက လမ်းများကိုပါ ယာယီပိတ်၍ ဆောင်ရွက်ရပါမည်။

မြို့တော်အဆောက်အဦးများတွင် ဟောင်းနွမ်းသော၊ မြို့တော်အဂါအလှအပကို ဖျက်ဆီးနေသော အဆောက်အဦများကို ဖျက်သိမ်းခြင်း၊ ဆေးသုတ်ခြင်းတို့ဖြင့် မြို့တော်၏အလှအပ ထိန်းသိမ်းနိုင်ပါသည်။

ရန်ကုန်မြို့လယ်တွင် Parking ပြဿနာသည် အလွန်ကြီးမားပါသည်။ ကား Parking လုရာမှ ဒုစရိုက်မှုများဖြစ်သည်ဟု ကြားဖူးပါသည်။ စာရေးသူ အကြံပြုလိုသည်မှာ လမ်းကျဉ်း၊ ဥပမာ– ၂၉၊ ၃၀၊ ၂၀၊ ၂၁ လမ်းများအတွင်းတွင် ကား Parking ကို လမ်းတစ်ဘက် ဥပမာ–ဘယ်သို့မဟုတ် ညာသာခွင့်ပြုသင့်ပါသည်။ လမ်းကျယ်များ ဥပမာ– ကုန်ဈေးတန်း၊ ရွှေတိဂုံဘုရားလမ်း၊ ရွှေဘုံသာလမ်းတို့တွင် နှစ်ဖက်ရပ်နားရန် ခွင့်ပြုသင့်ပါသည်။ အရေးပေါ်ကားများဖြစ်သည့် လူနာတင်ကား၊ မီးသတ်



ကားတို့အတွက် အရေးကြီးပါသည်။ Double Parking ကို ခွင့်မပြုသင့်ပါ။ ရန်ကုန်မြို့လယ်တွင် သင့်တော်သောနေရာ ဥပမာ– အသုံးမပြုသော အဆောက်အဦး များကို ဖျက်သိမ်း၍ အထပ်များစွာရှိသော Parking Centre များကို ဖန်တီးသင့်ပါသည်။ Singapore နိုင်ငံကဲ့သို့ Card ပြသုံးသည့် စနစ်သုံးပါက ဝန်ထမ်းခန့်ထားရန် မလိုပါ။ လုံခြုံရေးအတွက်သာ Security Company ကို ငှားရမ်းသင့်ပါသည်။ ငွေကောက်ခံပါက ကန်ထရိုက်မပေးဘဲ စည်ပင်သာယာဝန်ထမ်းများက ကောက်ခံပါက အလေအလွင့်နည်းစွာဖြင့် အဆောက်အဦ ထိန်းသိမ်းရန် ရန်ပုံငွေ (Maintenance Fund) ပြန်လည်ရရှိနိုင်ပါသည်။

အချုပ်အားဖြင့် ရန်ကုန်မြို့တော်တွင် နုံးကျော်တံတားများ ဆောက်လုပ်လိုက်သည့်အတွက် ယာဉ်ပိတ်ဆို့မှု Traffic Jam အတော်အသင့် သက်သာသွားသော်လည်း ပြီးပြည့်စုံခြင်းမရှိပါ။ အဓိကလမ်းမကြီးကိုသာ ယာဉ်သွား၊ ယာဉ်လာ မထိခိုက်သော်လည်း ဖြတ်သည့်လမ်းမှ ယာဉ်များပိတ်ဆို့နေပါသေးသည်။ Fly over ခေါ် ဘေးသို့ ခွဲထွက်သည့် RAMP များကို ဆောက်လုပ်သင့်ပါသည်။ Bangkok၊ Kulua Lumpur၊ US မှ Califonia State တို့ကို လေ့လာသင့်ပါသည်။

နိဂုံးချုပ်အားဖြင့် ရန်ကုန်မြို့တော်ကြီး လူပသန့်ရှင်းပြီး စနစ်တကျဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်အောင် ရန်ကုန်မြို့သူ မြို့သားများက မြို့တော်စည်ပင်သာယာ၊ က•ည•န ၊ မြို့တော်ရဲတပ်ဖွဲ့ စသော အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး မြို့တော်ကို အလှဆင်နိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ပါသည်။

**ဒေါက်တာတင်လတ်**








၊ သန်ချွန်၊
တစ်ချိန်တော့
ဖြစ်လာမှာပါ....

ကိုးထောင်တန်အစစ်ပဲ ဝယ်လိုက်ရကောင်းမလား။ လေးထောင်ဆိုသည့်အတုကတော့ အစစ်နဲ့မကွာဘူးဆိုပေမယ့် ရေလျှော်လိုက်မှ ဆေးကျွတ်ကုန်လျှင် ဒုက္ခ။ ကဲပါလေ အသစ်ပဲဝယ်ဝတ်လိုက်တော့မယ်။

မိမိစာမူပါသော ယနေ့ထုတ် သတင်းစာအားရှေ့ချ၍ ရရှိမည့်စာမူခဖြင့် ဝတ်ချင်ခဲ့သည်မှာ နှစ်အတော်ကြာပြီဖြစ်သော ပလေကာပ်ပုဆိုးဝယ်ဝတ်ရန် ကိုသစ္စာ အနိုင်အမာဆုံးဖြတ်လိုက်သည်။ ကိုသစ္စာက စာရေးဆရာဟုဆိုသော်လည်း အလုပ်တစ်ဖက်နှင့် ညအချိန်မှ ကလောင်ကိုင်နိုင်သော ညစာရေးဆရာသာ။

စာပေလောကသို့ ခြေစုံပစ်ဝင်လိုလှသော်လည်း အိမ်ငှားခစရိတ်၊ သားသမီးသုံးဦးတို့၏ ဘာဟီရစရိတ်တို့က မိမိခြေကို ချည်သောကြိုးများ။ ယခုတောင် ဇနီးဖြစ်သူက အိမ်ဆိုင်ကလေး ဖွင့်ထားသော ကြောင့်သာ အသက်ရှူချောင်နေခြင်း။

ဘယ်လိုအခြေအနေမျိုးတွင်ရှိပစေ အသက်လေးဆယ်ပြည့်လျှင် စာရေးမည်ဟု ငယ်စဉ်ကတည်းက ရည်ရွယ်ထားသဖြင့် လေးဆယ်ပြည့်မြောက်သော တမြန်နှစ်ကတော့ ဇနီးဖြစ်သူအား "ဒီအသက်အရွယ်တိုင်လို့မှ ကလောင်မကိုင်ရသေးပါလျှင် သေဖွယ်ရာသာမြင်တော့တယ် မင်းနဲ့ငါ ဒီဘဝ ဒီမျှသာ"ဟု သနားအောင်ဖြိမ်း ခြောက်မှ ခွင့်ပြုချက်ရရှိထားခြင်းဖြစ်၏။

သို့တိုင်အောင် ဇနီးဖြစ်သူက "တား မရရင်ရေးပါ၊ ဒါပေမဲ့ ဆယ်နှစ်အတွင်း အလုပ်ကထွက်ဖို့ မပြောရဘူး။ အလုပ်က ပြန်လာရင် ဈေးဆိုင်ဗိုင်းမကူဘဲ ရေးခွင့်ပြုတယ်၊ စာမူခရလာရင် ကလေးတွေရဲ့ အထွေထွေစရိတ်အတွက် အသုံးပြုပြီး ပိုလျှံတာကို လိုရာသုံးနိုင်တယ်၊ စာရေးသက် ဆယ်နှစ်ကျော်ရင် ငွေကြေးအသုံးပြုမှုကိစ္စကို ပြန်စဉ်းစားမယ်။ အဲဒီတော့မှ အလုပ်ကထွက်ဖို့ မထွက်ဖို့ကိစ္စကို ရှင့်အခြေအနေပေါ်မူတည်ပြီး ဆုံးဖြတ်မယ်"ဟု စည်းကမ်းထုတ်၏။ စာရေးဆရာအလောင်းအလျာ ကိုသစ္စာလည်း အရှုံးခွင့်မပြုတာထက်စာလျှင် တော်သေးသည်ဟု စိတ်မှရည်၍ 'အင်း'ဟု ကတိပေးလိုက်ရာ–

"အင်း• • •လေးကြိုးနဲ့ သက်ပြင်းချသလို သဘောတူသလိုမလုပ်ပါနဲ့ ကိုသစ္စာ ကြိုက်မှကြိုက်တယ်ပြောပါ၊ နောက်ပြီး ရှိသေးတယ်။ စာမူပါတာကို ထိမ်ချန်ထားတာဖြစ်စေ၊ စာမူခကို လိမ်လည်ပြောတာဖြစ်စေ စုံစမ်းသိရှိရင် ဈေးဆိုင်ဗိုင်းမကူခွင့်ကို ချက်ချင်းရုပ်သိမ်းမယ်"

မတတ်နိုင်။ အစကတည်းကိုက မလွဲသာလို့ ခွင့်ပြုပေးရတာအသိသားမို့ "စည်းကမ်းမှန်သမျှကို လိုက်နာပါမည်၊ စာရေးခွင့်ပြုတာကိုပဲ ကျေးဇူးတင်လှပါပြီ"ဟု မြန်မြန် ကတိပြုလိုက်ရ၏။

ခွင့်ပြုချက်ရသည့်အချိန်လေးအတွင်း



မိမိဝတ္ထုတိုင်းပုံစံတိကျ
စံချိန်တင်ပါခဲ့၍
ရင်သွေးတို့
ကောင်းဆိုသမျှ
ဖြည့်စွမ်းနိုင်ခဲ့သဖြင့်
ယခုစာမူခကော
မိမိ လိုရာသုံးနိုင်ပြီ
ဖြစ်သောကြောင့် "ကိုင်း–
ဒီတစ်ခါ ငါ့အလှည့်
လာလေရော
ပလေ ကာပ်ပုဆိုး"ဟု
ခပ်တိုးတိုး
ကြိမ်းဝါးလိုက်တော့သည်။

ဦးနှောက်သွန် လက်စိုက်ရေး၍ ဝတ္ထုတိုလေးများ ရွေးချယ်ဖော်ပြခံရလေတိုင်းလည်း ကတိအတိုင်း သားသမီးတို့အတွက် ဖြစ်သွားမြဲ။ ပြီးခဲ့တဲ့လကတော့ မဂ္ဂဇင်း ဂျာနယ်များတွင် မိမိဝတ္ထုတိုငါးပုဒ်တိတိ စံချိန်တင်ပါခဲ့၍ ရင်သွေးတို့တောင်းဆိုသမျှ ဖြည့်စွမ်းနိုင်ခဲ့သဖြင့် ယခုစာမူခကတော့ မိမိလိုရာသုံးနိုင်ပြီဖြစ်သောကြောင့် "ကိုင်း– ဒီတစ်ခါ ငါ့အလှည့် လာခလေရော့ ပလေကပ်ပုဆိုး"ဟု ခပ်တိုးတိုးကြိမ်းဝါးလိုက်တော့သည်။

ထိုစဉ်မိုက် "အဖေ…အဖေ" သမီးက မိမိအား အော်ဟစ်ခေါ်ပြီး အပြေးရောက်လာသောကြောင့် "ဘာတုန်းသမီး အလန့်တကြားနဲ့"သမီးက သူ့ပခုံးကိုဖက်ပြီး "အခု သမီးကျောင်းကပြန်လာတော့ လမ်းထိပ်ဂျာနယ်ဆိုင်က ဦးလေးကြီးက ဒီနေ့ သတင်းစာမှာ ညည်းအဖေဝတ္ထုပါတယ် ပြောလိုက်တယ်၊ အဲဒါ စာမူခထုတ်ရင် သမီးကို လွယ်အိတ်ဝယ်ပေးပါ"ဆိုလာ၏။

သားသမီးဟူသည် ရဘနာမည်၏ ဆိုသည့်စကား ရှိလေငြားလည်း တစ်စိတ်တော့ လွန်လာပြီဖြစ်သဖြင့် "နေပါအုံး သမီးရယ်၊ ပြီးခဲ့တဲ့လက ညည်းပဲ ကျောပိုးအိတ်က ဟောင်းနေပြီ၊ အသစ်ဝယ်ပေးပါဆိုလို့ ဝယ်ပေးထားတာ မဟုတ်လား" သမီးက ခြေထောက်ဆောင့်ပြီး "အရင်လက ဝယ်တာ ကျောပိုးအိတ်လေ၊ အခုလိုချင်တာ လွယ်အိတ်အဖေရဲ့၊ လွယ်အိတ်လေး ပခုံးသေးမှာချိတ်ပြီး ကျောင်းတက်တာ ခေတ်ပြန်စားနေပြီ"

ကောင်းလေစွ။ မြတ်နိုးဖွယ်ကိစ္စဖြစ်၍ အားပေးထုံပိုးသင့်သည်ပ။ ထို့ကြောင့် စိတ်ကူးယဉ်နေမိသော ပလေကပ်ပုဆိုး အပြာနုရောင်ကွက်စိတ်ကလေးအား "သွားလေအုံး။ စောင့်ပါလေ"ဆိုကာ ခေါင်းထဲမှထုတ်လိုက်ပြီး "လွယ်အိတ်ဆိုလို့ ဝယ်ပေးမှာနော်"ဟု ပြောလိုက်ရာ ဝမ်းသာသွားသော သမီးက "ဟေး"ခနဲအော်၍ လက်ခုပ်တီး ခုန်ပေါက်နေလျှင် သူ့ရင်ထဲမှာလည်း ကြည်နူးမှုကြောင့် အေးမြသွား၏။

"ဟော"သမီးက မြူးတူးခုန်ပေါက်နေရင်းမှ သတိရသွားဟန်နှင့် "ဒါပဲနော် အဖေ၊ သမီးအရင်ဦးထားတာ၊ မောင်လေးကလည်း ဘောကန်ဖိနပ် လိုချင်လို့တဲ့၊ ကိုကြီးကလည်း ငါ့အင်္ကျီတွေကြပ်ကုန်ပြီတဲ့၊ အဖေ့ကို ကြိုပြောထားရမယ် ပြောနေကြတယ်"

"ဟော"

ပြုံးနေသော ကိုသစ္စာ မှဲ့သွားပါလေပြီ။

အေးလေ . . .ဟုတ်ပါပေလိမ့်မည်။ ခုနစ်တန်းကျောင်းသားဖြစ်သူ သားငယ်က သူတို့ကျောင်းမှ အငယ်တန်းဘောလုံးအသင်း လက်ရွေးစင်ပဲ။ ယခုနှစ် ဆယ်တန်းစာမေးပွဲအောင်ထားပြီး တက္ကသိုလ်မတက်ရသေးမီ မြို့နယ်အားကစားရုံတွင် ကာယဗလသင်တန်း သွားတက်နေသော သားကြီးကလည်း တက်လူပေမို့ နေ့ချင်းညချင်း ကြီးထွားကျိုင်းလာသည်မှာ မျက်မြင်ဖြစ်၍ အင်္ကျီများကြပ်ကုန်ပြီဆိုသည်မှာ အမှန်။

ဝယ်ပေးရမှာပေါ့ကွယ်။ ကျန်းမာသန်စွမ်းတဲ့ လူချွန်လူကောင်းလေးများ ဖြစ်စေလိုလို့ မိမိပဲ သွန်သင်ညွှန်ပြထားသည် မဟုတ်ပါလား။ ရရစေမည် သမီးအတွက် လွယ်အိတ်နှင့် သားတို့လိုသည့် ဖိနပ်နဲ့ အင်္ကျီ။ ညအိပ်ချိန်ကိုပါလျှော့ပြီး အဖေ ကြိုးစား၍ စာရေးပါမည်။

ထိုညက ကိုသစ္စာ အိပ်မက်မက်ပါသည်။ အိပ်မက်ထဲတွင် ပလေကပ်ပုဆိုးက လှောင်ပြုံးပြုံးကာ "မင်းနဲ့ငါ ကံမစပ်ပါဘူး မောင်သစ္စာ"လို့ ဆိုသဖြင့် "ကံဆိုတာ အလှပ်ပါ ပလေကာင်"ဟု ခပ်ပြတ်ပြတ် ပြန်ပြောလိုက်ပါသည်။

**ယမုံနာ(သန်လျင်)**



# မြန် မာ နိုင် ငံ ဓာတ် ပုံ အ သင်း

# လစဉ်ဓာတ်ပုံပြိုင်ပွဲများ

MODEL အိအိမြင့်အောင်

သန့်ဇင်



ပထမ

သွယ်သွယ်ထွန်း



ဒုတိယ

ကိုရဲထွန်း



တတိယ

ဖွဲ့ညီထက်

# မြန်မာနိုင်ငံဓာတ်ပုံအသင်း

# လစဉ်ဓာတ်ပုံပြိုင်ပွဲများ

ပြင်ပရိုက်ကူးရေးအစီအစဉ်

'သန်လျင်၊ ကျောက်တန်း' ခရီးစဉ်

သန့်ဇင်



ပထမ

ရဲကျော်သူ



ဒုတိယ

ဦးမြင့်ဦးသိန်း

တတိယ

နိုင်လင်းထွန်း




ရောဂါ ယဉ်ပါး
ဆေး ယဉ်ပါး သလို
အဂတိ ယဉ်ပါးနေတာ
ငါးကြီး
ငါးသေး
ကတိ

# မြန်မာ့ပုလဲလုပ်ငန်းဥပဒေနှင့် စီးပွားရေးအမြင်

ဦးမောင်တိုး-ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)





## တွင်းထွက်သယံဇာတမဟုတ်သောပုလဲ

ပုလဲသည် သဘာဝတွင်းထွက်သယံဇာတမဟုတ်ပါ။ ခေတ်ခွဲခန်းတွင် သားဖောက်ရရှိသော မုတ်ကောင်ငယ်များကို ကြီးထွားအောင် (၂)နှစ်ခန့် ပင်လယ်ရေပြင်တွင် ချထားမွေးမြူပြီးနောက် ဝတ်ဆံသွင်း၍ ဆက်လက် မွေးမြူခြင်းဖြင့် ပုလဲထုတ်လုပ်ရရှိခြင်းဖြစ်ပါသည်။

ပုလဲထုတ်လုပ်ရေးလုပ်ငန်းသည် နိုင်ငံတကာတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်တွင်သာရှိပါသည်။ တွင်းထွက်သယံဇာတများနှင့် သက်ဆိုင်သော သတ္တုတွင်းဝန်ကြီးဌာနအောက်တွင်မရှိပါ။ မြန်မာနိုင်ငံတွင်လည်း နဝတအစိုးရလက်ထက်မတိုင်မီအထိ ပုလဲနှင့်ငါးလုပ်ငန်းအဖြစ် မွေး/ရေဝန်ကြီးဌာနအောက်တွင်သာ ရှိပါသည်။ ကျောက်မျက်ရတနာပြပွဲ (Em-porium)တွင် ပုလဲများ တင်သွင်းရောင်းချခြင်းနှင့်ပတ်သက်ပြီး နဝတအစိုးရ လက်ထက်တွင် သတ္တုတွင်းဝန်ကြီးဌာနသို့ရောက်ရှိခဲ့ရခြင်းဖြစ်ပါသည်။

## ပုလဲနှင့် PSC စနစ်


နဝတအစိုးရစတင်တာဝန်ယူစဉ် သတ္တုတွင်းဝန်ကြီးသည် စွမ်းအင်ဝန်ကြီးဌာနကိုပါ တွဲဖက်တာဝန်ယူရသဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်သော လုပ်ငန်းတွင်ကျင့်သုံးသော ထုတ်လုပ်မှုကုန်ကျစရိတ်ဖယ်ပြီးနောက် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသော (Production Sharing Contract-PSC) စနစ်ကို သတ္တုတွင်းတွင် တိုက်ရိုက်ကူးယူကျင့်သုံးခဲ့ပါသည်။

အရေးကြီးသောသယံဇာတဖြစ်သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်းအပေါ်တွင်လည်း ကောင်း။ တွင်းထွက်သယံဇာတများဖြစ်သည့် သတ္တုနှင့်

ကျောက်စိမ်း၊ ကျောက်မျက်၊ ရွှေတို့အပေါ်တွင်လည်းကောင်း ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသော (PSC)စနစ်ကို ကျင့်သုံးခြင်းသည် မြန်မာနိုင်ငံကဲ့သို့ သယံဇာတအပေါ် အဓိကဝင်ငွေအဖြစ် မှီခိုနေရသော နိုင်ငံတစ်ခုအနေဖြင့် မှန်ကန်သော်လည်း၊ သယံဇာတမဟုတ်သည့် ပုလဲထုတ်လုပ်ခြင်းအပေါ် PSC စနစ်ကို ကျင့်သုံးခြင်းသည် စီးပွားရေးအမြင်အရ မှားယွင်းပါသည်။

၁၉၉၀ ပြည့်နှစ်မှစတင်၍ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့သော်လည်း ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းတွင် ၂၀၁၀ ပြည့်နှစ်အထိ ပြည်တွင်းကုမ္ပဏီ (၂)ခုသာ ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ မိုင်းရှားကျောက်မျက်များကုန်သွားခြင်း၊ ရွှေထုတ်လုပ်သည့် နယ်မြေတွင် သဘာဝပတ်ဝန်းကျင်များ ပျက်စီးသွားခြင်း၊ ကျောက်စိမ်းထုတ်လုပ်သည့်နယ်မြေကို ကမ္ဘာပေါ်တွင် မြေတူးစက်အရေအတွက် သိပ်သည်းမှုအများဆုံးနယ်မြေအဖြစ် ပြောစမှတ်ပြုခံရခြင်းများ ဖြစ်ပေါ်ခဲ့သော်လည်း မြန်မြန်ထုတ်လေ၊ များများထုတ်လေ တိုင်းပြည်အတွက် အကျိုးရှိသော ထုတ်သုံး၍မကုန်နိုင်သော၊ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်မှုမရှိသော၊ အလုပ်အကိုင် ဖန်တီးမှုပေးနိုင်သော (Labor Intensive) မြန်မာ့ပုလဲထုတ်လုပ်မှုလုပ်ငန်းသည် နှစ်ပေါင်း(၂၀) ကျော် တိုးတက်ဖြစ်ထွန်းလာမှု မရှိခြင်းမှာ စီးပွားရေးအမြင်မရှိသော ပေါ်လစီမှားယွင်းမှုများကြောင့် ဖြစ်ပါသည်။ ထုတ်လုပ်မှု နည်းပညာများ ပြောင်းလဲနိုင်ခဲ့သော်လည်း ပုလဲလုပ်ငန်းဥပဒေ၏ အားနည်းချက်ကြောင့် မတိုးတက်ခြင်းဖြစ်ပါသည်။

**တောင်ပင်လယ်ပုလဲထုတ်လုပ်သော နိုင်ငံများ၏ ကျင့်သုံးဆောင်ရွက်နေမှု**





မြန်မာနိုင်ငံပုလဲနှင့် အမျိုးအစားတူသည့် တောင်ပင်လယ်ပုလဲများကို ဩစတြေးလျနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံများတွင် ထုတ်လုပ်ပါသည်။ ၎င်းနိုင်ငံများတွင် ပုလဲထုတ်လုပ်သည့်ကုမ္ပဏီများသည် ပုလဲမွေးမြူရန်ခွင့်ပြုသည့် ဧရိယာအပေါ်တွင်သာ နှစ်စဉ်အခွန်ထမ်းဆောင်ကြရပါသည်။ ထုတ်လုပ်မှုအပေါ် ခွဲဝေသည့်စနစ်မရှိပါ။ ဖိလစ်ပိုင်နိုင်ငံတွင် ပုလဲမွေးမြူရေးကုမ္ပဏီတစ်ခုလျှင် မွေးမြူရေးဧရိယာ ၁၀ ဟက်တာခွင့်ပြုပါသည်။ တစ်ဟက်တာလျှင် နှစ်စဉ်ကြေး ၁၀၀ ပီဆိုပေးဆောင်ရပါသည်။ ဩစတြေးလျနိုင်ငံတွင် ပုလဲမွေးစခန်းများသည် ခွင့်ပြုလိုင်စင်ကြေးနှင့် နှစ်စဉ်ကြေး များသာပေးဆောင်ရပါသည်။ ဝတ်ဆံသွင်း အခွန်မပေးရပါ PSC စနစ်လည်းမရှိပါ။

အင်ဒိုနီးရှားနိုင်ငံတွင် ပုလဲမွေးစခန်းပေါင်း ၁၀၀ ကျော်ရှိပြီး ဖိလစ်ပိုင်နိုင်ငံတွင် ပုလဲမွေးစခန်းပေါင်း ၅၀ ကျော်ရှိပါသည်။ မြန်မာနိုင်ငံမှ ပြည်တွင်းပုလဲကုမ္ပဏီများမှာ နည်းပညာနောက်ကျခဲ့သည့်အပြင် နိုင်ငံတော်မှ ဆိုရှယ်လစ်အတွေးအခေါ်ဖြင့် အခွန်အကောက်များစွာ ယူထားသောကြောင့် တိုးတက်ခြင်းမရှိခဲ့ကြပါ။ မြန်မာနိုင်ငံပုလဲနှင့် မျိုးတူပုလဲဖြစ်သည့် တောင်ပင်လယ်ပုလဲကမ္ဘာပေါ်တွင် စုစုပေါင်းထုတ်လုပ်မှုမှာ အလေးချိန်အားဖြင့် အင်ဒိုနီးရှားနိုင်ငံမှ ၄၁ ဒသမ ၂ ရာခိုင်နှုန်း၊ ဩစတြေးလျနိုင်ငံမှ ၃၄ ဒသမ ၃ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံမှ ၁၈ ဒသမ ၁ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံမှ ၅ ဒသမ ၅ ရာခိုင်နှုန်း၊ အခြားမှ ၀ ဒသမ ၉ ရာခိုင်နှုန်းဖြစ်ကြောင်း သိရပါသည်။

**ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းကို အားပေးသင့်သည့်အကြောင်းအရင်းများ**

ပုလဲလုပ်ငန်းသည် လုပ်အားအသုံး

အင်ဒိုနီးရှားနိုင်ငံတွင် ပုလဲမွေးစခန်းပေါင်း ၁၀၀ ကျော်ရှိပြီး
ဖိလစ်ပိုင်နိုင်ငံတွင် ပုလဲမွေးစခန်းပေါင်း ၅၀ ကျော်ရှိပါသည်။
မြန်မာနိုင်ငံမှ ပြည်တွင်းပုလဲကုမ္ပဏီများမှာ
နည်းပညာနောက်ကျခဲ့သည့်အပြင် နိုင်ငံတော်မှ
ဆိုရှယ်လစ်အတွေးအခေါ်ဖြင့် အခွန်အကောက်များစွာ
ယူထားသောကြောင့် တိုးတက်ခြင်းမရှိခဲ့ကြပါ။



ပြုမှုများသော(Labor Intensive) လုပ်ငန်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်မှုမရှိပါ။ နိုင်ငံတကာတွင် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်ဆောင်ရွက်ကြပါသည်။ ခရီးသွားများသည် ပုလဲမွေးစခန်းသို့ ရောက်ရှိလေ့လာပြီး ပုလဲများကို ပုလဲမွေးစခန်းများမှ တိုက်ရိုက်ဝယ်ယူနိုင်အောင် ဆောင်ရွက်ထားကြပါသည်။

ပုလဲထုတ်လုပ်ရေးလုပ်ငန်းသည် ပင်လယ်ရေစီးကြောင်းပြောင်းလဲမှုနှင့် ရာသီဥတုအပေါ်များစွာတည်နေသောကြောင့် စွန့်စားရမှု (Risk Factor)များသော လုပ်ငန်းဖြစ်ပါသည်။ ထို့အပြင် ပုလဲသည် အရေးပါသောပစ္စည်းမဟုတ်သောကြောင့် နိုင်ငံတကာတွင် စီးပွားရေးကျဆင်းလျှင် ပုလဲဈေးများ သိသိသာသာကျဆင်းပြီး ပုလဲကုမ္ပဏီများ ပြုတ်ကျန်လေ့ရှိပါသည်။ ပုလဲထုတ်လုပ်မှုများလာသည်နှင့်အမျှ လွန်ခဲ့သောနှစ် ၂၀ ခန့်က ပုလဲတစ်မိုမီ ပျှမ်းမျှဈေးနှုန်းသည် US$ ၃၀၀ ခန့် ဖြစ်သော်လည်း ယခုအခါ ၆၀ ခန့်သာ ရှိပါသည်။



မြန်မာနိုင်ငံရေပြင်တွင် ထားဝယ်မြို့၏တောင်ဘက်မှစ၍ ကော့သောင်းနယ်စပ်အဆုံးအထိ သဘာဝပုလဲမှတ်ကောင်မျိုးများ ရှင်သန်နိုင်ကြောင်း အင်္ဂလိပ်အစိုးရလက်ထက်တွင် လေ့လာပြုစုခဲ့သောစာတမ်းများအရသိရပါသည်။ အစိုးရမှအားပေးလျှင် ပုလဲမွေးစခန်းအရေအတွက် အနည်းဆုံး ၁၀၀ အထိ တိုးပွားလာနိုင်ပြီး အလုပ်အကိုင်များ ဖန်တီးနိုင်သည့်အပြင် နိုင်ငံခြားငွေရရှိမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသားများသည် ခက်ခဲသောရင်းနှီးမြှုပ်နှံမှုကို လုပ်ကိုင်လေ့မရှိသေးခြင်း၊ ရေထဲတွင် မကျွမ်းကျင်ခြင်း၊ သက်ရှိ မှတ်ကောင်နှင့် လုပ်ကိုင်ရသည်ကို အကုသိုလ်အလုပ်ဟု ယူဆခြင်းတို့ကြောင့် ပုလဲထုတ်လုပ်ငန်းကို သာမန်အားဖြင့် စိတ်မဝင်စားကြပါ။ ကုန်းမြေပေါ်တွင် လုပ်ကိုင်ရပြီး အမြတ်ရရန် လွယ်ကူသော ကျောက်စိမ်းကျောက်မျက်နှင့် ရွှေတူးဖော်ခြင်းလုပ်ငန်းများတွင်သာ လုပ်ကိုင်နေကြခြင်းဖြစ်ပါသည်။ ထိုလုပ်ငန်းများသည် တွင်းထွက်သယံဇာတများဖြစ်သဖြင့်

**အစိုးရမှအားပေးလျှင် ပုလဲမွေးစခန်းအရေအတွက်**

**အနည်းဆုံး ၁၀၀ အထိ တိုးပွားလာနိုင်ပြီး**

**အလုပ်အကိုင်များ ဖန်တီးနိုင်သည့်အပြင်**

**နိုင်ငံခြားငွေရရှိမည် ဖြစ်ပါသည်။**



ကုန်ဆုံးသွားနိုင်ပါသည်။ မကုန်နိုင်သော ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်လာအောင် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်သင့်ပါသည်။ လုပ်ငန်းရှင်များသည် အမြတ်များများရသောလုပ်ငန်းကို သာရွေး၍ ဂိုင်းတိုးနေကြခြင်းမှာ မှေ့တာဖြစ်ပါသည်။ ကျောက်စိမ်း၊ ကျောက်မျက်၊ ရွှေနှင့် ပုလဲလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသူအရေအတွက်ကို နှိုင်းယှဉ်လေ့လာလျှင် သိရှိနိုင်ပါသည်။

**အစိုးရ၏ဝင်ရောက်စွက်ဖက်မှုများလျှင် စီးပွားရေးလုပ်ငန်းများ မတိုးတက်နိုင်ပါ**

ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ် PSC သည် အစိုးရဝန်ထမ်းများကို ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ ကန့်သတ်ချုပ်ချယ်ခြင်းကိုဖြစ်စေ လုပ်ကိုင်နိုင်ခွင့်ဆုံးရှုံးသဖြင့် ဈေးကွက်စီးပွားရေးမဆန်သောကြောင့် ခွင့်မပြုသင့်ပါ။ ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းသည် အရင်းအနှီးကြီးမားသည့် လုပ်ငန်းမဟုတ်သဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် အစိုးရနှင့်ဖက်စပ် ဆောင်ရွက်ခွင့်ပြုခြင်းဖြင့် PSC စနစ်ကို ပြန်သွားမည်ဖြစ်ပါသည်။

PSC စနစ်တွင် ပုလဲများကိုတူညီစွာ ဝေပုံကျခွဲဝေခြင်းမှာ အမှန်တွင်မဖြစ်နိုင်ပါ။ မတူညီနိုင်ပါ။ သို့ရာတွင် ယခင်က PSC

**မြန်မာနိုင်ငံသားများသည် ခက်ခဲသောရင်းနှီးမြှုပ်နှံမှုကို လုပ်ကိုင်လေ့မရှိသေးခြင်း၊ ရေထဲတွင် မကျွမ်းကျင်ခြင်း၊ သက်ရှိမှတ်ကောင်နှင့် လုပ်ကိုင်ရသည်ကို အကာသိုလ်အလုပ်ဟု ယူဆခြင်းတို့ကြောင့်...**

စနစ်ဖြင့် ပုဂ္ဂလိကပိုင်ပုလဲများကိုပါ မြန်မာ့ပုလဲလုပ်ငန်းမှသိမ်းယူထားပြီးရောင်းချပြီးမှ ရောင်းရငွေအပေါ်တွင် ခွဲဝေခြင်း(In Cash) ခွဲဝေခြင်းသည် ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ငွေကြေးလည်ပတ်မှုမရှိဘဲ အခက်အခဲဖြစ်စေသောကြောင့် ပုလဲလုံးများကို ခွဲဝေသည့်စနစ်(In Kind)ကို တီထွင်ပြောင်းလဲ ကျင့်သုံးခဲ့ရခြင်းဖြစ်ပါသည်။ ပုလဲဖော်တစ်ခု (One Harvest)ကိုခွဲရန် အနည်းဆုံး ၅ ရက်ခန့်ကြာသောကြောင့် ကုမ္ပဏီ ၁၀၀ ရှိလျှင် တစ်နှစ်လျှင် ပုလဲဖော်အကြိမ် ၁၅၀ ခန့်ရှိနိုင်သဖြင့် ပုလဲများကိုခွဲဝေရန် အချိန်မည်မျှကြာမည်ကိုခန့်မှန်းကြည့်နိုင်ပါသည်။ PSC စနစ်သည် အမြောက်အများထုတ်လုပ်နိုင်သော(Mass Production)စနစ် မဟုတ်ပါ။

**ဥပဒေတွင် အခွန်နှုန်းထား ထည့်သွင်းရသည့် အကြောင်းအရင်း**

မှတ်ကောင်ဝတ်ဆံသွင်းသည့်အပေါ် နိုင်ငံတော်မှ အခွန်အဖြစ်ကောက်ယူသည့်စနစ်သည် နိုင်ငံတကာတွင်မရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲမှုလုပ်သည့်ကာလတွင် ဝင်ငွေများစွာ မကျဆင်းသွားစေရန်နှင့် PSC စနစ်ကို မကျင့်သုံးစေလိုသောကြောင့် ပုလဲဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြင်ဆင်ရေးဆွဲအတည်ပြုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ PSC စနစ်သို့ နောက်ကြောင်းပြန်သွားသည့်ပြင်ဆင်မှုမျိုးကို ခွင့်မပြုသင့်ပါ။

မှတ်ကောင်သွင်းခနှုန်းကို အခွန်အဖြစ် ပြည်တွင်းအခွန်ဦးစီးဌာန၏ဝင်ငွေသို့ ဝင်စေလိုသောကြောင့် ဥပဒေတွင်ထည့်ရခြင်းဖြစ်ပါသည်။ ဝန်ကြီးဌာနသည် အခကို သာ သတ်မှတ်နိုင်ပါသည်။ PSC စနစ်ဖြစ်စေ၊ အခဖြစ်စေသတ်မှတ်ပါက မြန်မာ့ပုလဲလုပ်ငန်း၏ ဝင်ငွေတွင်ဝင်သွားပါသည်။ အခွန်အဖြစ်မဝင်ပါ။ မြန်မာနိုင်ငံ၏ အခွန်နှင့် GDP အချိုးနည်းနေခြင်းမှာလည်း

ဝန်ကြီးဌာနများမှရယူနေသည့် PSC စနစ်မှရသော ဝင်ငွေများသည် ၎င်းတို့ကိုယ်တိုင် ထုတ်လုပ်သကဲ့သို့ ဌာန၏ဝင်ငွေသို့ ဝင်သွားသဖြင့် အခွန်ဝင်ငွေနည်းနေရခြင်းဖြစ်သည့်အပြင် လုပ်ငန်းဌာနဖြစ်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း(State Economic Enter-prise-SEE)များမှ အမြတ်ရနေသကဲ့သို့ ဖြစ်ပေါ်ပြီး ဘတ်ဂျက်များ ဖောင်းပွတောင်းခံ၍ ဖောဖောသီသီသုံးနေကြခြင်းသည် နိုင်ငံတော်စီးပွားရေးကို ထိခိုက်စေလျက်ရှိပါသည်။ ယခင်က မှားယွင်းခဲ့ခြင်းများကို စီးပွားရေးအမြင်ဖြင့် ပြုပြင်ရန် လိုအပ်ပါသည်။

အခွန်အဖြစ်ဝင်ငွေတိုးစေရန် ပုလဲဥပဒေကိုပြင်ဆင်ခဲ့သဖြင့် နှစ်စဉ် ပြည်ထောင်စုဘတ်ဂျက်၏ အခွန်ဝင်ငွေတွင် မှတ်ကောင်ဝတ်ဆံသွင်းအခွန်အဖြစ် ဖော်ပြလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။



**မြန်မာ့ပုလဲလုပ်ငန်းတွင် PSC စနစ်သည် နိုင်ငံတော်အတွက် အကျိုးမရှိပါ**

သို့ဖြစ်ပါ၍ မြန်မာ့ပုလဲထုတ်လုပ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော်အခွန်ဝင်ငွေ တိုးတက်စေရန်နှင့် SEE များ၏ အသုံးစရိတ်များဖောင်းပွမှုမဖြစ်စေရန် မြန်မာ့ပုလဲဥပဒေကို ပထမအကြိမ် ပြင်ဆင်ထားသည့်အတိုင်းသာ ထားရှိသင့်ပါသည်။ မှတ်ကောင်တစ်ကောင်လျှင် ဝတ်ဆံသွင်းသည့် အခွန်နှုန်းထား ၂၀၀၀ ကျပ်သည် နည်းသည်ဟု လွှတ်တော်မှယူဆလျှင် သင့်တော်သည့်အခွန်နှုန်းထားကို ပြင်ဆင်သတ်မှတ်ရန်သာ ရှိပါသည်။



နိဂုံးချုပ်အနေဖြင့်တင်ပြလိုသည်မှာ နိုင်ငံတော်အကျိုးစီးပွားအတွက် စီးပွားရေးအမြင်ဖြင့် ရှုမြင်၍ ယခင်ပြင်ဆင်ထားသည့်အတိုင်းသာ ထားရှိသင့်ပါသည်။ နောက်ကြောင်းပြန်သွားပြီး မူရင်းအတိုင်း PSC စနစ်ကိုပြန်လည်ကျင့်သုံးရန် ခွင့်မပြုသင့်ပါကြောင်း မြန်မာ့ပုလဲလုပ်ငန်းတွင် ၁၉၉၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ၁၂ နှစ်ခန့် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သောအတွေ့အကြုံအရ တင်ပြလိုက်ရပါသည်။

**ဦးမောင်တိုး**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**



မှတ်ကောင်တစ်ကောင်လျှင် ဝတ်ဆံသွင်းသည့် အခွန်နှုန်းထား ၂၀၀၀ ကျပ်သည် နည်းသည်ဟု လွှတ်တော်မှယူဆလျှင် သင့်တော်သည့်အခွန်နှုန်းထားကို ပြင်ဆင်သတ်မှတ်ရန်သာ ရှိပါသည်။

# CITY CARTOON



"တို့နဲ့လက်ထပ်ဖို့ မင်းလေးက သဘောတူပြီပေါ့"

အနားသို့ရောက်လာပြီး ပိုင်စိုးပိုင်နင်းပြောလိုက်သည့် သူ့စကားကြောင့် မျက်လုံးအိမ်မှ ဒေါသရိပ်နှင့် အတူ ကျွန်မကြည့်လိုက်သည်။ အသက်က သုံးဆယ်ကျော်၊ အရပ်မြင့်မြင့်၊ အသားလတ်လတ်၊ မျက်နှာပုံကျကျ ကြည့်ပျော်ရှုပျော်၊ ယောကျ်ားပီသတဲ့ ကိုယ်နေဟန်ရှိသော်လည်း ကျွန်မက သူ့ကို လုံးဝစိတ်ဝင်စားမှုမရှိပေ။

# မြမြလှိုင်

## အချစ်သည် ကျွန်မအတွက် ဖန်တီးမဖြစ်ခဲ့သော အရာ



'မိုးအောင်နိုင်' ဆိုသည့် သူနာမည်ကို ကျွန်မကြားခဲ့တာ ကြာပါပြီ။ ပြောရလျှင် သုံးလေးလမကရှိမည်။ မေမေက သူ့အကြောင်းကို ကျွန်မသိအောင် အကြိမ်ပေါင်းများစွာ ပြောပြသည်။ ဘယ်နှကြိမ် ဘယ်လိုပဲပြောပြော ကျွန်မကတော့ စိတ်ဝင်စားမှုအလျဉ်းမရှိခဲ့ပေ။

''မောင်မိုးအောင်နိုင်က သမီးထက် ဆယ်နှစ်ကျော်ကျော်ကြီးပေမယ့် အရွယ်တင်ပါတယ်၊ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးသာဖြစ်တယ် အရက်တို့ ဘာတို့လည်း သောက်တာပြုတာမရှိပါဘူး။ သူ့အမေနဲ့ မေမေတို့ကလည်း လုပ်ငန်းချင်းဆက်စပ်မှုရှိနေတော့ သူတို့သားကို သမီးပြတ်နိုးခင်နဲ့ ပေးစားချင်တယ်လို့ ပြောလာကြတယ်၊ မေမေကတော့ သမီးလေးက မေမေ့စကားနားထောင်မယ့်သမီးလေးပါလို့ ပြောလိုက်တယ်''

စစချင်းပြောစဉ်ကပင် မေမေက သူ့ဘက်ကို ခပ်သာသာလေးပါနေသည်။

''မောင်နှမနှစ်ယောက်တည်းရှိတယ်၊ သူ့အစ်မကြီးက သူ့အိမ်ထောင်နဲ့ သူစီးပွား သပ်သပ်၊ ဘာမှ ပြဿနာဖြစ်စရာမရှိဘူး''

ကြိုလျှင်ကြိုသလို သူ့နှင့်ပတ်သက်ပြီး မေမေက စကားကြွယ်ကြွယ်နှင့် နားသွင်းတတ်သည်။

''သမီးမှာ ချစ်သူရှိလား''

ကျွန်မ မေမေ့အမေးကို ခေါင်းခါပြလိုက်သည်။ မေမေက ဘယ်လိုသဘောပေါက်သွားသည်မသိ။ မေမေ့မျက်နှာတွင် အပြုံးရိပ်ဝေသွားသည်။ ချစ်သူဆိုသည့်စကားလုံးကို ကျွန်မရင်ထဲတွင် အဓိပ္ပာယ်ပေါင်းများစွာ ဖွင့်ဆိုမိသည်။ ချစ်သူဆိုသည်မှာ ချစ်ရသူကိုခေါ်တာလား။ ချစ်မိသူကို ခေါ်တာလား။ ချစ်ရမည့်သူကိုခေါ်ခြင်းလား။ ကျွန်မက ချစ်ရသူ၊ ဒါမှမဟုတ် ကျွန်မကို ချစ်တဲ့သူကို ချစ်သူရယ်လို့ သတ်မှတ်ရမည်လား။ တစ်ခဏတွေ့ရုံနှင့် နှလုံးသားတွင် နှောင်ဖွဲ့ပြီး တစ်ယောက်နှင့်တစ်ယောက် အသည်းပေးအသက်နှင်းပြီး ချစ်ခြင်းသစ္စာဆိုကြသည့်အတွက် ချစ်သူလို့သတ်မှတ်လျှင် ကျွန်မတွင် ချစ်သူမရှိပါဟု မေမေ့ကို ခေါင်းခါပြမိလိုက်သည်။

''ဒါဆိုလည်း သမီးရယ်၊ သူ့ကိုပဲ လက်ထပ်လိုက်ပါ၊ အိမ်ထောင်ပြုပြီး ညားကြတဲ့အခါမှာ လင်နဲ့မယား ချစ်သွားကြတာတွေ တစ်ပုံတစ်ပင်ချည်းပဲ''

မေမေပြောသည့်စကားကို ကျွန်မ စဉ်းစားမိသည်။ တစ်ယောက်နှင့်တစ်ယောက် သူစိမ်းပြင်ပြင်အနေအထားမှ ပတ်ဝန်းကျင်ကြောင့် အကြောင်းကြောင်းကို ငဲ့ညှာပြီး ယူလိုက်ကြသည့် လင်မယားတွေ၊ ညားပြီးမှ ချစ်သွားကြသည့်အချစ်ကို အမှန်တကယ် စစ်မှန်သောအချစ်လို့ ဆိုနိုင်ပါမည်လား။ ညားပြီးမှ လူမှုရေးသိက္ခာတွေကြောင့် အောင့်အည်းစောင့်ထိန်းပြီး သားသမီးတွေမွေးလာသည့်အခါတွင် တစ်ယောက်ကို တစ်ယောက် ငဲ့ညှာထောက်ထားကာ နှောင်ဖွဲ့လာသည့် သံယောဇဉ်ကိုပင် အချစ်ဆိုသည့် အမည်နာမသတ်မှတ်လိုက်ခြင်းသာ ဖြစ်သည်။ လင်မယားဘဝတွင် အချစ်ရေးသည် ဦးစားပေးရသည့်နေရာတွင် မရှိနိုင်တော့ပေ။

''သမီးနဲ့သူ့ကို ဘာကြောင့် မေမေက သဘောတူတာလဲ၊ သူ့မှာဘာအရည်အချင်းတွေများ ရှိလို့လဲဟင်''

ကျွန်မမေးလိုက်သည့်မေးခွန်းကြောင့် မေမေက ကျွန်မကို ပြုံးပြုံးကြည့်သည်။

''ဪ . . . သမီးရယ်၊ မိန်းမသားတစ်ယောက်အတွက် လင်သားအဖြစ်နဲ့ ပေါင်းသင်းဖို့ အသင့်တော်ဆုံးလို့သတ်မှတ်ပြီး သဘောတူလိုက်တာပေါ့၊ ပညာတတ်တယ်၊ စီးပွားရေးအမြင်ရှိပြီး သမီးကို တင့်တင့်တယ်တယ်ထားနိုင်မယ်၊ စာရိတ္တကောင်းတယ်၊ ဒါကြောင့် မေမေက သဘောတူတာ''

''ပညာတတ်တယ်ဆိုတာ သူက စီးပွားရေးတက္ကသိုလ်က ဘွဲ့ရပြီးတာပေါ့နော်၊ စီးပွားရေးအမြင်ရှိပြီး သမီးကို တင့်တောင့်တင့်တယ် ထားနိုင်မယ်ဆိုတာက ပြင်ပအမြင်နဲ့ မေမေကကြည့်ပြီး သူ့ရဲ့ ဥစ္စာဓနကို ခန့်မှန်းပြီးပြောတာပေါ့နော်၊ စာရိတ္တကောင်းတယ်ဆိုတာ အရက်အမြဲတမ်း



မသောက်တတ်တာတို့၊ ဖဲရိုက်တာမမြင်မိတာတို့၊ အပေါင်းအသင်းနဲ့ ဟေးလားဝါးသွားတာ မတွေ့သေးတဲ့အတွက် မေမေ့ရဲ့ ခန့်မှန်းချက်ပေါ့နော်၊ သူ့ရဲ့အတွင်းစိတ်မှာ ဘယ်လို အရောင်ရှိသလဲဆိုတာတော့ မေမေဘယ်မြင်နိုင်ပါ့မလဲ၊ မေမေသိထားတဲ့ စာရိတ္တတွေဟာ သမီးနဲ့ရပြီးတော့ရော တစ်သက်လုံးကောင်းပါ့မယ်လို့ ဘယ်သူအာမခံနိုင်သလဲဟင်"

"ဒါတော့ သမီးရယ်၊ အိမ်ထောင်ရေးဆိုတာ ကံကလည်းရှိသေးတယ်လေ"

"ကံကိုယုံပြီး ဆုံးပုံမနှင်းချင်ဘူး မေမေရယ်၊ သူတို့ကရော သမီးနဲ့ ဘာကြောင့်ပေးစားချင်တာလဲ"

"သမီးလေးက ဘွဲ့ရပြီးပြီ၊ လိမ္မာတယ်၊ အေးအေးဆေးဆေးတည်ငြိမ်တယ်၊ တစ်ဦးတည်းသော သမီးလည်းဖြစ်တယ်၊ ရုပ်ချောသဘောကောင်းတာလည်း သိကြတယ်၊ အဲဒါကြောင့်ပေါ့"

"သမီးနဲ့ပတ်သက်တာတွေကို သူများတွေဆီက ကြားရတာရယ်၊ မေမေပြောပြတာတွေရယ်ကြောင့် သူတို့သိတာပေါ့နော်၊ တကယ်လို့များ ယူပြီးမှ သူတို့ထင်ထားသလို သမီးကဖြစ်မလာရင် မေမေ့ကိုပဲ အပြစ်ပြောကြမှာပေါ့နော်"

"သမီးရယ်…အတွေးခေါင်လိုက်တာ၊ မေမေကတော့ သူတို့ကမ်းလှမ်းတာကို သမီးဖေဖေနဲ့တိုင်ပင်ပြီး စကားပြန်လိုက်ပြီ၊ သမီးကလည်း အဲဒီနေ့ကျရင် မောင်မိုးအောင်နိုင်ကို လေ့လာကြည့်ပေါ့"

"အဲဒီနေ့ သူတို့လာလို့ လေ့လာကြည့်တဲ့အခါမှာ သမီးစိတ်ကြိုက်မတွေ့ရင် မေမေတို့က သူနဲ့ပေးစားမယ်လို့ပြောထားတာကို ပြန်ရုတ်သိမ်းမှာလား"

"ဩော်…သမီးရယ်၊ လူကြီးတွေ မျက်နှာပျက်အောင်တော့ မလုပ်ပါနဲ့၊ သမီးမကြိုက်တာတွေရှိရင် တစ်ယောက်နဲ့တစ်ယောက် ပွင့်ပွင့်လင်းလင်းညှိကြရမှာပေါ့"

"လာလည်ကြတဲ့ အချိန်ပိုင်းလေး အတွင်းမှာ သူရောသမီးရော ဟန်ဆောင်အပြုံးနဲ့ ဖုံးကွယ်ထားကြမှာပဲ၊ တစ်ယောက်အကြောင်း တစ်ယောက်သိဖို့ဆိုတာက ကြာရှည်ဆက်ဆံကြည့်မှသိမှာပေါ့၊ အမြဲတမ်း နှစ်ယောက်အတူတူတွဲပြီးနေရာက တစ်ယောက်အကြောင်းတစ်ယောက်သိကြညှိမရတဲ့အခါမှာ လမ်းခွဲကြတော့ မိန်းကလေး နစ်နာမှာပေါ့"

ကျွန်မစကားကို မေမေနားလည်သော်လည်း ကတိစကားနှင့်အညီ နှစ်ဦးနှစ်ဖက် တွေ့ဖို့အတွက် ရက်သတ်မှတ်ပြီး လာနိုင်းလိုက်သည်၊ ယခုရောက်လာကြပြီ။

"မြတ်နိုးခင်ဆိုတဲ့ နာမည်လေးကို ကြားလိုက်ရကတည်းက တို့ရင်ထဲမှာ စွဲမိသွားတယ်၊ မေမေယူလာတဲ့ ဓာတ်ပုံလေးကို အမြဲတမ်း တို့နဲ့မကွာထားပြီးနေတာ"

အိမ်ထဲမှာ လူကြီးတွေ စကားပြောနေကြပြီး သူနဲ့ကျွန်မက ခြံဝင်းထဲရှိ ယုဇနပန်းရုံနားက ခုံတန်းလျားတွင် နှစ်ယောက်အတူတူထိုင်နေကြသည်။ တစ်ယောက်နှင့်သော ဒေါသတို့ ပြန်လှည့်ပြေးသွားကာ မျက်နှာတွင် အပြုံးရိပ်ထင်လာသည်။

"တို့ မြတ်နိုးကို လေးစားတယ်၊ တည်ငြိမ်တဲ့ မြတ်နိုးရဲ့အလှကို တန်ဖိုးထားတယ်၊ တစ်သက်တာခရီးနဲ့ ဘဝကြင်ဖော်အဖြစ် မြတ်နိုးကို ပိုင်ဆိုင်ချင်တဲ့အတွက် မြတ်နိုးဆီက လက်ထပ်ဖို့ သဘောတူပါစေလို့ဆိုပြီး တို့မှာ ကြိတ်ဆုတောင်းနေရတာ၊ မြတ်နိုးရဲ့မေမေက လက်ထပ်ဖို့ သမီးလည်း သဘောတူပါတယ်လို့ ဖုန်းနဲ့ပြောလိုက်တော့ တို့လေ ထခုန်မတတ် ဝမ်းသာလိုက်တာ၊ တို့ သိပ်ချစ်မိတဲ့မြတ်နိုးကို ပိုင်ဆိုင်ခွင့်ရတော့မယ်ဆိုတာ အိပ်မက်ထဲမှာတောင် ခဏခဏပက်နေမိတာ"

**သမီးကို တင့်တောင့်တင့်တယ် ထားနိုင်မယ်ဆိုတာက**

**မြင်ပအမြင်နဲ့ မေမေကကြည့်ပြီး သူ့ရဲ့ ဥစ္စာဓနကို ခန့်မှန်းပြီးပြောတာပေါ့နော်၊**

**စာရိတ္တကောင်းတယ်ဆိုတာ အရက်အမြဲတမ်း မသောက်တတ်တာတို့၊**

**ဖဲရိုက်တာ မမြင်မိတာတို့၊**

**အပေါင်းအသင်းနဲ့ ဟေးလားဝါးသွားတာ မတွေ့သေးတဲ့အတွက်. . .**



တစ်ယောက် အသိအမှတ်ပြုပြီး စကားတစ်ခွန်းစ နှစ်ခွန်းစပြောဖြစ်သည်။ သူ ကျွန်မကို ရွှန်းလဲ့ကြည်လင်သော မျက်လုံးအစုံနှင့် စေ့စေ့ကြည့်သည်။ ကျွန်မကတော့ သူ့ကို တစ်ချက်နှစ်ချက်လောက်သာ ငုံ့ကြည့်လိုက်ပြီး တစ်နေရာကို အတွေးနှင့်ငေးသလို နေလိုက်သည်။

"တို့အပေါ်ကော မင်းလေး…အဲလေ…မြတ်နိုးက ဘယ်လိုမြင်သလဲ"

ကျွန်မ မဖြေဘဲ စဉ်းစားနေသည်။

"မြတ်နိုး…မြတ်နိုး"

"ရှင်…"

သူ နှစ်ခွန်းခေါ်မှ ကျွန်မပြန်ထူးမိသည်။ ကျွန်မအနားသို့ သူလာထိုင်စဉ် ပထမ စိတ်ဆိုးသလိုလို ဒေါသထွက်မိသလိုလို ခံစားရသည်။ နောက် သူက ကျွန်မနှင့်ပတ်သက်ပြီး ခံစားချက်တွေပြောပြစဉ် ကျွန်မရင်ထဲတွင် မယုံသလိုလို ရယ်ချင်သလိုလို ခံစားရ၍ ထွက်ချစ်တာရှုနေ

**ပေါ့ပေါ့ဆဆနှင့် ပြောလာသော စကားမဟုတ်ဘဲ ရင်ထဲကလာသော ရင်တွင်းစကားသံဖြစ်နိုင်သည်။ သူ ကျွန်မအနားသို့ ပိုမိုတိုးကပ်လာလေသလား။ သူ့ ကိုယ်ရနံ့ကို ကျွန်မရှူရှိုက်မိသည်။ ကျွန်မရင်ထဲတွင် သွေးခုန်နှုန်းတွေ ပိုမြန်လာလေသလားပင်။**

ယှဉ်ထိုင်လျက်ရှိသည့်သူ့ကို ကျွန်မ ခေါင်းငဲ့စောင်းပြီး ကြည့်လိုက်သည်။ တည်ကြည်သော မျက်နှာအနေအထားနှင့် သူ ကျွန်မကိုပြောနေသည်။

"ကျောင်းပြီးတာနဲ့ စီးပွားရေးလောကထဲ ဝင်လိုက်တော့ တို့ဘဝမှာ မြတ်နိုးဟာ ပထမဆုံးချစ်ရတဲ့ချစ်သူပါ၊ တို့အချစ်ကို တန်ဖိုးထားပြီး ယုံကြည်ပါ"

သူ့စကားကို ကျွန်မ သေသေချာချာ နားထောင်ပြီး စကားသံကို သရုပ်ခွဲကြည့်သည်။ ပေါ့ပေါ့ဆဆနှင့် ပြောလာသော စကားမဟုတ်ဘဲ ရင်ထဲကလာသော ရင်တွင်းစကားသံဖြစ်နိုင်သည်။ သူ ကျွန်မအနားသို့ ပိုမိုတိုးကပ်လာလေသလား။ သူ့ကိုယ်ရနံ့ကို ကျွန်မရှူရှိုက်မိသည်။ ကျွန်မရင်ထဲတွင် သွေးခုန်နှုန်းတွေ ပိုမြန်လာလေသလားပင်။

"မြတ်နိုး ရှက်နေတယ်ဆိုတာ သိပါတယ်၊ ဒါပေမဲ့ တို့ရင်ထဲကခံစားချက်ကို ပြောပြခွင့်ရလို့ ကျေနပ်ပါတယ်၊ တို့နဲ့ပတ်သက်ပြီး မနှစ်သက်တာ၊ မကြိုက်တာတွေ့ရင် ပြောပါ၊ မြတ်နိုးကျေနပ်တဲ့အထိ ပြုပြင်ပါ့မယ်"

သူ့ကိုကြည့်ပြီး ကျွန်မစိတ်ထဲတွင် တွေးလိုက်သည်။ တည်ကြည်သော အပြုံးမျက်နှာနှင့်ရှိသော သူ့တွင် ချို့ယွင်းချက်ကို ရှာပါးစွာရှာရမည်။ သူ့အသွင်၊ ဝတ်စားဆင်ယင်မှုကအစ သေသေသပ်သပ် ခန့်ညားမှုရှိ၍ အပြောနှင့်အပေါ ညီလိမ့်မည်ဖြစ်ပါသည်။ တစ်စုံတစ်ခုသော ခံစားမှုအတိုင်းအတာက ကျွန်မရင်ထဲရှိ သူ့အပေါ်တွင် မြင်ထားသည့်အမြင်ကို ပြောင်းလဲစေလိုက်သည်။

"တို့နဲ့ မြတ်နိုးက ဆယ်ကျော်သက်ရွယ် နှလုံးသားကို ကစားကြတဲ့အရွယ်တွေ မဟုတ်တော့ဘူးလေ၊ တစ်သက်တာလက်တွဲရမယ့် ဘဝအဖော်မွန်အဖြစ်နဲ့ စဉ်းစားကြရတော့ နှလုံးသားနဲ့အတူ ဦးနှောက်ကိုပါသုံးပြီး လေ့လာကြရတယ်၊ မြတ်နိုးရဲ့ အနေအထိုင်၊ အပြုအမူတွေအားလုံးကို တို့ လေ့လာစုံစမ်းခဲ့တယ်၊ တန်းဖိုးထားတယ်၊ ရင်ထဲမှာ ဖြစ်ပေါ်လာတဲ့ ချစ်တဲ့စိတ်ကို အရင်းခံပြီးမှ မြတ်နိုးကို လေးစားခြင်းနဲ့အတူ မြတ်နိုးကို လက်ထပ်ပါရစေလို့ တောင်းဆိုပါတယ်"

ကျွန်မအနားကို ပိုတိုးကပ်ပြီးပြောလာသလိုပင်။ သူ့ရဲ့ ထွက်သက်ဝင်သက်လေက ကျွန်မရဲ့ပါးပြင်နားက ဖြတ်သန်းသွားသလို ခံစားရသည်။ ကျွန်မအနားသို့ ပို၍ ပို၍ နီးကပ်လာလေလေ ကျွန်မရဲ့အသည်းနှလုံး စည်းချက်ရိုက်သံက ပိုပြီးမြန်လာသည်။

"မြတ်နိုး"

"ရှင်"

"မြတ်နိုးနဲ့တို့ အမြန်ဆုံးလက်ထပ်ကြမယ်လေ"

ကျွန်မ သူ့ကိုသေသေချာချာကြည့်ပြီး ရင်ထဲမှ စကားပြောမိသည်။ လက်ထပ်ခွင့်ရထားတဲ့သူက ကျွန်မဆီက ဘာကြောင့်များ အလိုအပ်ဆုံးအရာကို မတောင်းဆိုပါလိမ့်။ တကယ်ဆို ကျွန်မလိုအပ်တာက သူ့အချစ်။ ခြေတစ်ဖက်မသန်တဲ့ ကျွန်မလို ဒုက္ခိတကို သူတကယ်ချစ်နိုင်ပါရဲ့လား။ တစ်သက်တာ လက်တွဲနိုင်ပါ့မလားဆိုတဲ့+++။

**မြမြလှိုင်**





ဆရာဝန်ကြီး ဒေါက်တာဘဖဲက ကိုယ်ပိုင်ဆေးခန်းဖွင့်မည်ကြံသောအခါ လက်ထောက် ဆရာဝန်ခန့်ထားရေးကိစ္စနှင့်ပတ်သက်ပြီး ခေါင်းခဲလာရသည်။ သည်ကိစ္စက ပေါ့ပေါ့တန်တန်လုပ်၍မရ။ ဆရာဝန်ဖြစ်ရင်ပြီးတာပဲဆိုပြီး ခန့်လိုက်လို့မရ။ မိမိလိုချင်သည့် အသက်အရွယ်၊ ပညာအရည်အချင်း၊ စိတ်နေစိတ်ထားတို့ကအစ တခြားကိုယ်ရေးအချက်အလက်တွေနှင့်ပါ ပြည့်စုံညီညွတ်ဖို့လိုသည်။

ခက်နေတာက သူ့တွင် အချိန်လုံလုံလောက်လောက် မရှိ။ လောလောဆယ် ဆေးရုံကြီးမှာလည်း တာဝန်ထမ်းဆောင်နေရသေးသလို မကြာမီ နိုင်ငံခြားကိုပါ သွားစရာရှိနေသည်။ ဆေးခန်းက ဖွင့်ဖို့အဆင်သင့်ဖြစ်နေပြီ။ သူနိုင်ငံခြားက ပြန်ရောက်ရောက်ချင်း ဖွင့်ဖြစ်သွားဖို့ရှိသည်။ သည်တော့ ကိုယ်ရချင်သည့်လူကို ကိုယ်တိုင်သေသေချာချာ စိစိစစ်စစ်လုပ်နိုင်ဖို့ဆိုတာ သိပ်မလွယ်တော့။

သို့နှင့်ပင် မိတ်ဆွေရင်း ဗျေ့နေဦးအောင်တိုးကို သည်ကိစ္စအကူအညီတောင်းရတော့သည်။

''ကိုင်း…ကိုအောင်တိုး ဒီကိစ္စ ခင်ဗျားကို လွှဲလိုက်ပြီ၊ ကျုပ်လိုချင်တဲ့ လက်ထောက်တစ်ယောက်ကို ပေါ်စတီထဲမှာ ရေးထားတဲ့အချက်အလက်တွေနဲ့ ကိုက်ညိုင်စစ်ဆေးပြီး ရွေးပေးပေတော့၊ ကျုပ်ကတော့ ဘယ်လိုမှ အချိန်မရတော့ဘူး''

ရွှေ့နေက လှေ့လာစရာရှိတာ လေ့လာပြီး ဆရာဝန်ကို ပြန်ပြောသည်။

''အေးလေ၊ ကူညီရတာပေါ့၊ ဒါပေမဲ့ ဒီမှာတွေ့ရတဲ့ တချို့အချက်အလက်တွေကို ကျွန်တော် ဘဝင်မကျဘူး။ ဥပမာ-လူပျိုဖြစ်ရမယ်၊ အသက် ၃၅ နှစ်ထက် မကျော်ရဘူး။ ၃၅နှစ်ထက်ကျော်ရင် မိုးပျံအောင်တတ်နေပစေ မရွေးနဲ့ဆိုပြီး ဒီထဲမှာပါတယ်၊ အဲဒါကို သဘောမပေါက်ဘူး။ တကယ်ဆို ပညာရည်ပြည့်ဝတဲ့ ဆရာဝန်တစ်ယောက်ဟာ ကိုယ့်အတွက် လက်ရုံးတစ်ဆူလို ဖြစ်မနေပေဘူးလားဗျာ။ ပညာကို ဦးစားပေးသင့်တာပေါ့''

''ဒီလိုရှိတယ်၊ ၃၅နှစ်နဲ့ဖြတ်ပြီး ကျုပ်က အသက်ကိုကန့်သတ်လိုက်တယ်၊ ဒါပေမဲ့ တစ်နှစ်၊ နှစ်နှစ်လောက် အသက်ကျော်နေတာမျိုးကိုတော့ ကျုပ်လည်း စဉ်းစားပေးနိုင်ပါတယ်၊ ၄၀-၄၅ သမားမျိုး ဖြစ်နေရင်သာ လုံးဝပယ်လိုက်ဖို့ ကျုပ်သဘောထားပေးတာပါ။ ကျုပ်မှာ အနာဂတ်စီမံချက်ရှိတယ်ဗျ''

''ဆိုပါဦးဗျာ၊ အဲဒါက ဘာများလဲ''

''တခြားမဟုတ်ဘူး၊ ကျုပ်မှာ သမီးရှိတယ်၊ ဆရာဝန်မပဲ၊ ဒါကို ခင်ဗျားလည်း သိတယ်၊ ကျုပ်က ကျုပ်သမီးအတွက်ပါ ထည့်စဉ်းစားသွားတာ၊ ကျုပ်သမီးက အသက် ၃၀ ရှိပြီ၊ အပျိုလည်းအပျို၊ ဒီတော့ မိန်းမရှိတဲ့ဆရာဝန်ကို မခန့်တာက ကျုပ်သမီးအတွက်ပဲ။ ကျုပ်က ကျုပ်ဆေးခန်းကို ကြီးကြပ်မယ်၊ ကျုပ်ခန့်ထားတဲ့ လက်ထောက်က ကျုပ်ကိုကူမယ်၊ ဒီအချိန်မှာ ကျုပ်နဲ့အတူရှိနေတဲ့ ကျုပ်သမီးကို လက်ထောက်က စိတ်မဝင်စားဘဲကို မနေနိုင်ဘူး။ နီးစပ်အောင် မကြိုးစားဘဲကိုမနေဘူး။ ဒါက အလိုအလျောက်ဖြစ်လာရမယ့် ဓတ်လမ်းဇာတ်ကွက်ပဲ၊ ဒီတော့ သမီးတစ်ယောက်ကို ဖြစ်မယ့်ဖြစ်၊ အဆင့်အတန်းရှိရှိ ဂုဏ်ရှိရှိ သတို့သားမျိုးနဲ့သာ ဖြစ်သွားစေချင်တဲ့ မိဘတစ်ယောက်ရဲ့ လိုအင်ဆန္ဒမျိုး ကျုပ်မှာ ပြည့်ဝမသွားပေဘူးလားဗျာ''

''လက်ထောက်က ရည်းစားရှိပြီးသားဖြစ်နေပါပြီတဲ့၊ ဘယ့်နှယ်လုပ်မလဲ''

''ဒါက ခြွင်းချက်ပဲ၊ မတတ်နိုင်ဘူး။ ဒါတောင်မှ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်တဲ့၊ ဒီရည်းစားနဲ့ပဲ လက်ထပ်ဖြစ်မယ်လို့ ဘယ်ပြောနိုင်ပါ့မလဲ''

''ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ခင်ဗျားသမီးကလည်း ရုပ်ရည်က ထိပ်တန်းပေကိုး။ ရည်းစားရှိပြီးသားသူတောင် လက်ရှိ ရည်းစားကို ပစ်ချထားခဲ့ပြီး ဘက်ပြောင်းလာချင်စရာပဲ၊ ကိုင်း…၄၀-၄၅ သမားတွေကျတော့ ဘာကြောင့်''

''ဒါကတော့ အသက်သိပ်ကွာလွန်းသွားမှာစိုးလို့ပဲ၊ ဒါမျိုးက ဖြစ်နိုင်ရင် ရွယ်တူပဲ ကောင်းတယ်၊ မတတ်သာလို့ ကွာခြားရင်တောင် ကြီးသုံးလေးနှစ်၊ ငယ်သုံးလေးနှစ်လောက်ပဲ ကောင်းတယ်၊ ဒါကြောင့် ဘယ်လောက်တော်တော် အသက်ကြီးတဲ့သူကို မခန့်ဘူး။ ၃၅ ပဲ၊ မတော်တဲ့သူကို တဖြည်းဖြည်းသင်ပေးသွားရင် တော်လာနိုင်တာပဲလေ၊ ရှင်းပြီလား''

''ကောင်းဗျာ၊ အကြံကတော့တကယ့်သပိတ်ဝင်အိတ်ဝင်ပဲ။ အေးလေ…ခင်ဗျားဆန္ဒပြည့်ဝအောင် ကျွန်တော် ဆောင်ကြဉ်းပေးပါ့မယ်၊ လျှောက်လွှာတွေစုံပြီဆိုရင်သာ ကျွန်တော့်ကိုပြောပါ။ ကျွန်တော် လုပ်ငန်းစမယ်''

သို့နှင့်ပင် ဒေါက်တာဘာစံ၏ အခက်အခဲက ပြေလည်သင့်သလောက် ပြေလည်သွားသည်။

+ + + + + + +

လျှောက်လွှာပိတ်ရက် ကုန်ဆုံးပြီး



> ဆရာဝန်အလုပ်လုပ်မည့်သူကို ရှေ့နေက ရွေးချယ်ပေးရသည်ဆိုတော့ ရယ်ချင်စရာပင်။
> သို့သော် သူ့အလုပ်က လူကိုသာရွေးချယ်ပေးရမည်။ ဦးနှောက်ကို စိစစ်ပေးဖို့မလို။
> ရုပ်ပိုင်းကိစ္စနှင့်သာ သက်ဆိုင်သည်။ စိတ်ပိုင်းဆိုင်ရာနှင့် ဘာမျှမပတ်သက်။

နောက် ဦးအောင်တိုးက အင်တာဗျူးကို စတင်သည်။ ဆရာဝန်အလုပ်လုပ်မည့်သူကို ရှေ့နေက ရွေးချယ်ပေးရသည်ဆိုတော့ ရယ်ချင်စရာပင်။ သို့သော် သူ့အလုပ်က လူကိုသာရွေးချယ်ပေးရမည်။ ဦးနှောက်ကို စိစစ်ပေးဖို့မလို။ ရုပ်ပိုင်းကိစ္စနှင့်သာ သက်ဆိုင်သည်။ စိတ်ပိုင်းဆိုင်ရာနှင့် ဘာမျှမပတ်သက်။ ဦးနှောက်ကိစ္စ၊ စိတ်ပိုင်းဆိုင်ရာကိစ္စတွေက ဒေါက်တာဘာဖ်အလုပ်။

သို့သော် သည်မှာပင် အခက်အခဲတစ်ခုနှင့် ဦးအောင်တိုး ရင်ဆိုင်ရသည်။ သူ့တာဝန်က လျှောက်ထားသူများထဲမှ အသင့်တော်ဆုံးဟု ထင်ရသော လူငယ်ဆရာဝန်တစ်ယောက်ကို ရွေးချယ်ပေးဖို့ဖြစ်သည်။ လက်တွေ့ အင်တာဗျူးတိုင်လိုက်တော့ အရည်အချင်းနှင့်ကိုက်ညီသူက နှစ်ယောက်ဖြစ်နေသည်။ ဒေါက်တာမြင့်ဌေးနှင့် ဒေါက်တာသိန်းစိုးအမည်ရှိဆရာဝန်ပေါက်စနှစ်ဦး။ မြင့်ဌေးက ၃၃ နှစ်၊ သိန်းစိုးက ၃၅ နှစ်။ နှစ်ယောက်စလုံးက ရွေးသင့်သူတွေချည်းဖြစ်နေသည်။ ဦးအောင်တိုး ဝေခွဲမရ။ သို့နှင့် သည်ကိစ္စ နိုင်ငံခြားရောက်နေသည့် ဒေါက်တာဘာဖ်နှင့် ဖုန်းလှမ်းဆက်ရသည်အထိ ဖြစ်သွားသည်။

''အဲဒါ ဘယ်လိုလုပ်မလဲ ကိုဘာဖ်၊ နှစ်ယောက်စလုံးက မဆိုးဘူး။ ခင်ဗျားလိုချင်တဲ့အချက်တွေနဲ့ ကွက်တိပဲ၊ ခင်ဗျား ပြန်ရောက်ရင် တွေ့လိမ့်မယ်''

''အေးဗျ၊ အဲဒါခက်တာပဲ၊ နှစ်ယောက်စလုံးကိုတော့လည်း ကျုပ်က မခန့်နိုင်ဘူး''

''ခင်ဗျားစဉ်းစားလေ၊ အသက်ငယ်တာကြိုက်ရင် မြင့်ဌေးကိုရွေး၊ အတွေ့အကြုံရှိတဲ့လူကိုကြိုက်ရင် သိန်းစိုးကိုရွေး၊ အဲဒီနှစ်ခုပဲ''

''အဲ…အဲ…ဟုတ်ပြီ ကျုပ်အကြံရပြီ၊ ခင်ဗျား ဖုန်းခဏကိုင်ထားအုံး၊ ကျုပ်ပြန်ခေါ်မယ်''

ဦးအောင်တိုးက ဖုန်းကိုကိုင်ပြီးစောင့်နေသည်။ တအောင့်လောက်ကြာတော့ ဒေါက်တာဘာဖ်အသံက ဖုန်းထဲမှာ ပြန်ပြီးပေါ်လာသည်။

''အိုကေ…ကိုအောင်တိုး၊ အဆင်ပြေပြီ၊ လောလောဆယ် ခင်ဗျား အဲဒီနှစ်ယောက်စလုံးကိုသာ ရွေးထားလိုက်၊ ကျုပ်ဒီမှာ အစည်းအဝေးပြီးတာနဲ့ပြန်လာမယ်၊ ကျုပ်ပြန်ရောက်ရောက်ချင်း ဆေးခန်းဖွင့်မယ်၊ ဒီလိုဗျ ကိုအောင်တိုး၊ အခု ဒီမှာ လာပြီး ပါရဂူသင်တန်းတက်နေတဲ့ ဒေါက်တာ ဦးလှမျိုးဆိုတာရှိတယ်၊ နောက်သုံးလလောက်ဆိုရင် သူသင်တန်းပြီးပြီ၊ သင်တန်းပြီးတာနဲ့ ပြန်လာပြီး သူလည်း ကိုယ်ပိုင်ဆေးခန်းဖွင့်ဖို့ အစီအစဉ်ရှိတယ်တဲ့၊ သူ့ကို ကျွန်တော်လှမ်းမေးကြည့်တယ်၊ လက်ထောက်ဆရာဝန်တစ်ယောက် ကျွန်တော့်မှာ ပိုနေတာရှိတယ်၊ ဦးလှမျိုး ဆေးခန်းဖွင့်ရင် ယူသုံးမလားဆိုတော့ အတော်ပဲပေါ့ဗျာတဲ့၊ ကျွန်တော့်ကိုပေးပါ၊ ကျွန်တော် သုံးမယ်တဲ့၊ အဲသလိုပြန်ပြောတယ်''



ဒီတော့ ကျုပ်အတွက် ပိုကောင်းသွားတာပေါ့ဗျာ၊ ဒီနှစ်ယောက်စလုံးကို လောလောဆယ် ကျွန်တော်သုံးထားမယ်၊ ဦးလှမျိုးပြန်ရောက်တော့ ကျွန်တော်ကြိုက်တဲ့လူကို ယူထားလိုက်ပြီး ကျန်တဲ့တစ်ယောက်ကိုတော့ ဦးလှမျိုးဆီ လွှဲပေးလိုက်ရုံပေါ့၊ ဟုတ်ဘူးလား ကိုအောင်တိုး''

''ကောင်းတာပေါ့ဗျာ၊ ပိုအဆင်ပြေသွားတာပေါ့၊ ဒါဖြင့် ကျွန်တော် သူတို့နှစ်ယောက်စလုံးကို အကြောင်းကြားလိုက်တော့မယ်နော်၊ ခင်ဗျားပြန်ရောက်မယ့်နေ့ကို ကျွန်တော့်ဆီ ထပ်ဖုန်းဆက်လိုက်''

''အိုကေ…ကိုအောင်တိုး၊ အိုကေ၊ ကျေးဇူး''

ဒုတိယပိုင်းကာလည်း ရောရောမောမော ပြီးဆုံးသွားပြန်သည်။

✣ ✣ ✣ ✣ ✣ ✣ ✣

နောက်နှစ်လခန့်အကြာ…

ဆရာဝန်ဒေါက်တာဘာဖ်နှင့် ရှေ့နေဦးအောင်တိုးတို့က လက်ဖက်ရည်ဆိုင်ထိုင်ရင်း စကားအချီအချပြောနေမိကြသည်။

''ဘယ့်နှယ် ကိုဘာဖ်၊ ခင်ဗျားလက်ထောက်တွေနဲ့ အဆင်ပြေရဲ့မဟုတ်လား''

''အေးဗျ ခင်ဗျားကို အင်တာဗျူးလုပ်ခိုင်းတုန်းကတော့ တစ်ယောက်တည်းရွေးဖို့ပဲ၊ အကြောင်းကြောင်းကြောင့် နှစ်ယောက် ရွေးလိုက်ရတယ်၊ အခု အဲလို နှစ်ယောက်ရွေးလိုက်မိတာပဲ ပိုကောင်းသလို ဖြစ်သွားတယ်၊ တစ်ယောက်တည်းဆိုရင် အဲဒီတစ်ယောက်တည်းကိုပဲ ကျွန်တော် မြင်ရမယ်၊ နှစ်ယောက်ဆိုတော့ မြင်ကွင်း ပိုကျယ်သွားတယ်၊ ပိုတော်၊ ပိုကောင်းတဲ့သူကို ရွေးယူနိုင်တဲ့အခွင့်အရေး

ကျွန်တော်ရသွားတယ်''

''ဒီတော့ ခု အခြေပေါ်ပြီလား။ ဘယ်သူလဲ၊ ဘယ်သူ့ကို အစဉ်သဖြင့် ခင်ဗျားဆီမှာ ခေါ်ထားမလဲ''

''ခင်ဗျားကိုပဲ အဲဒီမေးခွန်း ပြန်မေးရမှာပဲ၊ ခင်ဗျားလည်း ကျုပ်ဆီအပြုလာပြီး သူတို့ကို အမြဲမြင်တွေ့နေတာပဲ၊ ကဲ-ပြော၊ ကျုပ် ဘယ်သူ့ကိုရွေးမယ်လို့ ခင်ဗျားထင်သလဲ''

ဦးအောင်တိုးက ရွှေ့နေပြုံးပြုံးပြီး ခေတ္တမျှငြိမ်နေသေးသည်။ ပြီးတော့မှ-

''ကျွန်တော့်အထင်ကတော့ ခင်ဗျား မြင့်ငွေကို ရွေးလိမ့်မယ်ထင်တာပဲ၊ မြင့်ငွေက အေးအေးဆေးဆေးရှိတယ်၊ တည်တည်ငြိမ်ငြိမ်ရှိတယ်၊ သူနဲ့စာရင် သိန်းစိုးက နည်းနည်းရှုပ်ပြာပြာဖြစ်နေသလိုပဲ၊ သိပ်ပြီး ဂဏှာမငြိမ်ချင်ဘူး။ ဒီတစ်ချက်တည်းနဲ့တင် မြင့်ငွေက ပိုပြီး လူကြီးလူကောင်းဆန်နေသယောင်၊ ပိုပြီး ယောကျ်ားပီသနေသယောင် ကျုပ်စိတ်ထဲမှာ ထင်မိတယ်လေ၊ ကိုင်း-ကျုပ်အမြင်ဘယ်လိုလဲ''

''တယ်တော်တဲ့လူ။ ဒါကြောင့်လည်း ကျုပ်က အပေါင်းအသင်းလုပ်တာပဲ၊ အမှန်ပေါ့၊ ကျုပ် မြင့်ငွေကိုရွေးမှာ၊ သိန်းစိုးဟာ ဆိုက်ကိုနဲ့ပတ်သက်လို့ လိုအပ်တာတွေရှိတယ်၊ သူက ခံစားမှုအားကြီးတယ်၊ ယိမ်းယိုင်လွယ်တယ်၊ တုန်လှုပ်လွယ်တယ်၊ မြင့်ငွေက ဟိတ်ကောင်းတယ်၊ အဟန့်ရှိတယ်၊ မှစ်သေတယ် ပြောရမှာပေါ့''

''ခင်ဗျားက ဘယ်နေရာတွေ လိုက်ကြည့်သလဲ၊ လုပ်ငန်းကိစ္စတွေမှာလား။ ခင်ဗျားသမီးကိစ္စမှာရော ဘယ်လိုနေသလဲ''

''နှစ်ခုစလုံးကြည့်တာပေါ့၊ ကျုပ်တွက်ထားတဲ့အတိုင်းပဲ၊ ဒီမောင်နှစ်ယောက်



စလုံး ကျုပ်သမီးကို ရစ်နေကြပြီ''

''သူတို့ရစ်နေတဲ့အကြောင်း ခင်ဗျားသမီးက ခင်ဗျားကိုပြန်ပြောသလား။ ခင်ဗျားကရော ခင်ဗျားသမီးကို ကြိုပြောထားတာမျိုး ရှိသလား''

''ဘာမှမရှိဘူး။ ကျုပ်ဘာသာ အကဲခတ်နေတာ၊ ဒီကိစ္စမျိုးက မြင်ရုံနဲ့သိပါတယ်ဗျ၊ လူတိုင်းနားလည်နိုင်တဲ့ ကိစ္စမျိုးပဲဟာ''

''ဒီအရေးမှာရော ဘယ်လိုနေသလဲ၊ သူတို့နှစ်ယောက် တော်တော်ကွာသလား''

''ကွာတယ်၊ နှစ်ယောက်စလုံးက တော့ ပိုးနေကြတာပဲ၊ ဒါပေမဲ့ မြင့်ငွေက ဣန္ဒြေရတယ်၊ သိန်းစိုးက အငမ်းမရပုံစံမျိုး၊ သည်းလိုက်အူလိုက်ပုံစံမျိုး တွေ့ရတယ်၊ ဒါမျိုးက ကွယ်ရင်မေ့၊ တွေ့ သေအောင်လွမ်းဆိုတဲ့ စရိုက်မျိုးပဲလေ၊ ပြောရရင် သိန်းစိုးက ကြောင်နဲ့တူပြီး၊ မြင့်ငွေက ခွေးနဲ့တူတယ်လို့တောင် ဥပမာပေးလို့ရတယ်''

''ထူးပါလား။ အဲဒါကို လင်းပြစမ်းပါအုံး''

''ကြောင်ဟာ တညောင်ညောင်နဲ့ တောင်းနေတတ်တယ်၊ ပူဆာနေတတ်တယ်၊ ဒါပေမဲ့ အတောင်းများသလောက် မစားနိုင်ဘူး။ တစ်ခါချကျွေးပြီးတာနဲ့ နောက်ထပ် မစားနိုင်တော့ဘူး။ ခွေးကျတော့ ပြောင်းပြန်ပဲ၊ သူက မတောင်းဘူး၊ ငြိမ်ပြီး ကြည့်နေတယ်၊ ဒါပေမဲ့ ချကျွေးရင် ကျွေးသလောက် ဘတ်ခနဲ၊ ဘတ်ခနဲ ကောက်စားပစ်လိုက်တာချည်းပဲ၊ ဒီတော့ မေတ္တာတရားမှာလည်း ဒီအတိုင်းပဲ၊ အပေါ်ယံလောက်သာ လိုချင်ဟန်ပြပြီး မကြာမတောင် ပီ အီသွားတတ်တဲ့ လူစားမျိုးထက်၊ လိုချင်ဟန် သိပ်မပြသလောက် မေတ္တာတရားကိုလည်း ဘယ်တော့မှ မအီတတ်တဲ့ လူစားမျိုးက ပိုပြီးတန်ဖိုးရှိတာပေါ့''

''ဟုတ်ပျော့၊ ခင်ဗျားပေးတဲ့ဥပမာက တော့ အတော်မှတ်သားလောက်တဲ့ ဥပမာပါပဲ၊ ဒါဖြင့် ဒေါက်တာဦးလှမျိုး ပြန်ရောက်တာနဲ့ သိန်းစိုးကိုလွှဲပေးလိုက်ရုံရှိတော့တာပေါ့၊ ဟုတ်တယ်မို့လား''

''ဟုတ်တယ်၊ မြင့်ငွေကိုပဲ ကျုပ်ဆက်ထိန်းထားမှာ''

ဤမှသည် ဒေါက်တာဘဖေ၏ အလိုဆန္ဒမှန်သမျှ ပြည့်ဝသွားပြီး လမ်းကြောင်းအားလုံးလည်း ဖြောင့်တန်းသွားခဲ့ပြီဟု ဦးအောင်တိုးက မှတ်ချက်ပြုမိသည်။

\+ + + + + + +

သည့်နောက် ခရီးလွန်ခြင်း၊ အလုပ်များခြင်းတို့ကြောင့် ဒေါက်တာဘဖေ ဆေးခန်းဘက်သို့ တစ်လကျော်ကျော်လောက်အထိ ဦးအောင်တိုး မရောက်ဖြစ်ခဲ့ပေ။

တစ်နေ့၊ အလုပ်ကလည်း ပါး၊ ကိုယ့်မိတ်ဆွေကြီးကိုလည်း သတိတရရှိလှသည်နှင့် ဒေါက်တာဘဖေ ဆေးခန်းဘက်ကို ဦးအောင်တိုး ထွက်လာခဲ့မိသည်။ ဤတွင်

> ကျွန်တော့်အထင်ကတော့ ခင်ဗျား မြင့်ငွေကို ရွေးလိမ့်မယ်ထင်တာပဲ၊ မြင့်ငွေက အေးအေးဆေးဆေးရှိတယ်၊ တည်တည်ငြိမ်ငြိမ်ရှိတယ်၊ သူနဲ့စာရင် သိန်းစိုးက နည်းနည်းရှုပ်ပြာပြာဖြစ်နေသလိုပဲ၊ သိပ်ပြီး ဂဏှာမငြိမ်ချင်ဘူး။ ဒီတစ်ချက်တည်းနဲ့တင်...



ဆေးခန်းရောက်သောအခါ ဒေါက်တာဘဝ်သမီး ဆရာဝန်မကို ဒေါက်တာသိန်းစိုးနှင့်အတူ ရယ်မောရွှင်ပျ အတူတကွအလုပ်ဆင်းလျက်သား တွေ့လိုက်ရသည်။ ဒေါက်တာ ဘဝ်ကမူ အရေးပေါ်လူနာကြောင့် ဆေးရုံကြီးသို့ ရောက်နေကြောင်း သိရသည်။ စိတ်ထဲ စနိုးစနောင့်ဖြစ်မိသည်နှင့် 'ဒေါက်တာမြင့်ငွေတစ်ယောက်ရော နေကောင်းရဲ့လား'ဟု လှမ်းခနဲမေးလိုက်မိရာ ဒေါက်တာဘဝ်သမီး ဆရာဝန်မက 'ဟင်၊ အန်ကယ်မသိသေးဘူးလား။ သူ ဒေါက်တာလှမျိုးဆေးခန်းကို အလုပ်ပြောင်းသွားပြီလေ'ဟု ပြန်ဖြေလာရာ ထိတ်ခနဲဖြစ်သွားခြင်းနှင့်အတူ စိတ်ထဲတွင် ကြီးစွာအံ့ဩသွားမိရသည်။

သည်မှာပင် ခဏထိုင်စောင့်ဦးမည်ဟု ဆုံးဖြတ်လိုက်သည်။ ဧည့်ခန်းတွင်ထိုင်ရင်း သတင်းစာ၊ ဂျာနယ်တို့ကို ကောက်ဖတ်နေမိသည်။ သို့သော် သူ့စိတ်က ဟိုကိစ္စဆီကိုပဲ မကြာမကြာပြန်ရောက်နေသည်။ သည်ကိစ္စကပဲ သူ့ကိုဖမ်းစားထားသလို ဖြစ်နေသည်။

တစ်နာရီခန့်အကြာတွင် ဒေါက်တာဘဝ် ပြန်ရောက်လာသည်။ ကားပေါ်က ဆင်းဆင်းချင်း ဦးအောင်တိုးဆီ လျှောက်

**သိန်းစိုးက သူ့ဇာတ်**
**သူနိုင်အောင် က,သွားတယ်၊**
**လူနာရှင်တွေကို**
**သူရှင်းပြတယ်၊**
**ဒါဟာ ဆေးထိုးမှားတာ**
**မဟုတ်ကြောင်း၊ ဆေးရှော့**
**ဖြစ်သွားတာပါဆိုတဲ့အကြောင်း၊**
**ပင်္ဂနီစီဝဆေးတချို့ဟာ ဒီလိုပဲ**
**ဖောက်တတ်တယ်ဆိုတဲ့အကြောင်းတွေ**

လာသည်။ ဦးအောင်တိုးက ဒေါက်တာဘဝ်ကို ထိုင်ခွင့်မှုမပေးတော့ဘဲ 'လာဗျာ၊ လက်ဖက်ရည်ဆိုင်သွားရအောင်၊ ကျွန်တော်စောင့်နေတာကြာပြီ'ဟုပြောကာ တစ်ခါတည်း ဆွဲခေါ်လာခဲ့သည်။

လက်ဖက်ရည်ဆိုင်ရောက်တော့ အောင့်အည်းထားရသော သိချင်စိတ်ကို ချက်ချင်းပင် ဖွင့်ထုတ်လိုက်မိသည်။

"ဘယ့်နှယ် ဒေါက်တာကြီး။ ခင်ဗျားရဲ့ အပြောင်းအလဲကို ကျွန်တော်တောင် မသိလိုက်ရပါလား။ ဘယ်လိုဖြစ်ရတာ..."

"သိန်းစိုးက ပြန်သာသွားတယ်ဆိုတဲ့ သဘောပေါ့၊ လုပ်ပါအုံး။ ဘယ်နေရာတွေမှာ ထင်ပေါ်သွားသလဲ"

"အေးဗျ အရင်ကတော့ ကျုပ်က မြင့်ငွေကို အမှတ်ပိုပေးခဲ့မိတယ်၊ ဒါပေမဲ့ အဲဒီအမှတ်တွေက အသေးအဖွဲအမှတ်တွေ ဖြစ်နေပြီး တကယ်တန်း အမှတ်တွေအများကြီးရနိုင်တဲ့ အကွက်တွေကိုကျတော့ သိန်းစိုးက စားသွားတာ"

"သူတို့ရဲ့ အဆုံးအဖြတ်စာမေးပွဲက ဒီလိုဗျ၊ အဲဒီရက်ပိုင်းအတွင်း ကျုပ်ဆေးခန်းမှာ လူနာတွေ တော်တော်ကျတယ်၊ လူနာတွေကလည်း တကယ့်အကြီးစား လူနာတွေချည်းပဲ။ တစ်နေ့တော့ သိန်းစိုးကိုင်ရတဲ့ လူနာတစ်ယောက်က သေသွားတယ်ဗျ၊ သေတဲ့အပြင် ပြဿနာလည်း တော်တော်တက်သွားတယ်၊ လူနာက ပထမနေ့မှာ ဆေးထိုးပေးလိုက်တော့ သက်သာသလိုဖြစ်သွားတယ်၊ နောက်တစ်နေ့ ဒီဆေးပဲ ဆက်ထိုးပေးလိုက်တဲ့အခါမှာ ကောက်ကာငင်ကာဆိုသလို သေသွားတယ်၊ ဒါနဲ့ လူနာရှင်တွေက ကွိုင်တက်တာပေါ့၊ ဒါ ဆေးထိုးမှားတာ၊ ဘာညာဆိုပြီး တရားစွဲမယ်တွေဘာတွေအထိ ဖြစ်လာတယ်၊ ဒါကို သိန်းစိုးက သူ့ဇာတ် သူနိုင်အောင် က,သွားတယ်၊ လူနာရှင်တွေကို သူရှင်းပြတယ်၊ ဒါဟာ ဆေးထိုးမှားတာမဟုတ်ကြောင်း၊ ဆေးရှော့ဖြစ်သွားတာပါဆိုတဲ့အကြောင်း၊ ပဋိဇီဝဆေးတချို့ဟာ ဒီလိုပဲ ဖောက်တတ်တယ်ဆိုတဲ့အကြောင်းတွေ ရှင်းပြတယ်၊ ဒီတော့မှ လူနာရှင်တွေကလည်း သဘောပေါက်ပြီး အားလုံးပြေလည်သွားတယ်၊ ကျုပ်ကလည်း စောင့်ကြည့်နေတာပဲ၊ ဒါပေမဲ့ ကျုပ်ဝင်ပါရမယ့်အထိ ဖြစ်မသွားဘူး။ သိန်းစိုးက သူ့ဘာသာ ရှင်းသွားတယ်"

"အဲဒီနောက် တစ်ပတ်လောက်ကြာတော့ မြင့်ငွေကလည်း ပြဿနာတက်လာပြန်ရော၊ မြင့်ငွေကိုင်ရတဲ့လူနာကလည်း ဆေးခန်းမှာတင် သေသွားတယ်၊ သူက ဆေးကြောင့်ဖြစ်တာတော့ မဟုတ်ဘူး၊ လူနာကိုယ်တိုင်ကကို နှလုံးရောဂါဖြစ်ပြီး ရုတ်တရက် သေသွားတာ၊ အဲဒါကိုဗျာ၊ ဒီမောင်က အကြီးအကျယ်တုန်လှုပ်ပြီး အကြောက်ကြီး ကြောက်သွားတယ်၊ သိန်းစိုးလိုမျိုး ဖြစ်လာဦးမှာလား။ ထောင်များကျဦးမလား။ လိုင်စင်များ အသိမ်းခံရဦးမှာလားဆိုပြီး ဟိုယာကို ခတ်နေတာပဲ၊ လူနာရှင်တွေက ဘာမှ စောဒကမတက်ပါဘဲနဲ့ သူက ကြို ပြီး ဖြေရှင်းလို့ဖြေရှင်း။ ကျုပ်ဆီကိုလာပြီး ဆင်ခြေတွေ ပေးလို့ပေးနဲ့ပေါ့ဗျာ၊ ကျုပ်က ဆရာဝန်လက်ထဲမှာ လူနာသေတာဟာ

ဘာမှမဆန်းတဲ့အကြောင်း။ ဘာမှ စိုးရိမ်စရာမရှိကြောင်း ဖျောင်းဖျတယ်။ ဒါလည်း သူ့မှာ တော်တော်နဲ့ကို ဆောက်တည်ရာမရနိုင်ဘူး။ လူက အကြောက်လွန်ပြီး ကြောင်သလိုလို၊ ချောင်သလိုလိုတွေကိုဖြစ်လို့၊ တကယ်လည်း ပြဿနာက ဘာမှမတက်ပါဘူး။ သူကိုယ်တိုင်ကိုက တွေးပူနေတာ၊ အဲ...ကျုပ်လည်း အဲဒီပွဲမှာတင် အဖြေမှန်ကိုရသွားတော့တာပဲ''



''အရေးအခင်းကြီးတွေမှာ တည်တည်ငြိမ်ငြိမ်ရှိတဲ့ သိန်းစိုးကို ခင်ဗျားရွေးလိုက်တဲ့သဘောပေါ့၊ ကျုပ်သဘောပေါက်ပါပြီ၊ ဒါ သဘာဝကျပါတယ်၊ ဒါဟာ လောကဓံပဲလေ၊ ကြီးပွားရေး၊ စီးပွားရေး အချစ်ရေးဘယ်အရေးမှာပဲဖြစ်ဖြစ် လောကဓံနဲ့ ကြုံလာရင် သတ္တိရှိရှိ ရင်ဆိုင်ရဲဖို့လိုတယ်လေ၊ အင်း...လူ့သဘောဟာ တော်တော်ခက်တယ်နော် ကိုဘစံ၊ အပေါ်ယံလောက်ကြည့်ပြီး ဆုံးဖြတ်ရင် မှားတတ်တာပဲ''

''ဟုတ်တယ်၊ ဟုတ်တယ်၊ ကျုပ်လည်း ရှပ်ပြာပြာသိန်းစိုးက ပိုညံ့မယ်ထင်တာ၊ မြင့်ငွေက ပိုပြီးကြောက်တတ်တဲ့သူဖြစ်နေတယ်၊ ဒီနေရာမှာ လူတစ်ယောက်ကို အကဲခတ်တော့မယ်ဆိုရင် အပြစ်အသေးအဖွဲကလေးတွေကို ထည့်တွက်မနေနဲ့ တိုစိ ချို့ယွင်းချက်ကလေးတွေကိုလည်း ခံစားချက်ကြီးတစ်ခွဲသားနဲ့ အရေးယူမနေနဲ့၊ ကြီးမားတဲ့ ဖြစ်ရပ်ကြီးတွေနဲ့ ကြုံတဲ့အခါ သူ ဘယ်လိုတုံ့ပြန်သလဲဆိုတဲ့အပေါ်မှာသာ မူတည်တယ်ဆိုတဲ့အကြောင်း ကျုပ်လည်း လက်တွေ့ပညာရသွားတာပေါ့ဗျာ''

''ဟုတ်ပ၊ ဟုတ်ပ၊ ခင်ဗျားတင်မက ပါဘူး၊ ကျွန်တော်ပါ ဗဟုသုတတိုးပါတယ်၊ လောကမှာ ဘယ်အရာမဆို မဇ္ဈိမဒ္ဓာန်ကျဖို့ အမြင်မတိုဖို့၊ ဆန္ဒမစောဖို့၊ တော်တော်လိုတယ်နော် ကိုဘစံ''

''အမှန်ပေါ့ဗျာ၊ အမှန်ပေါ့''

ထိုအခါ၌ နှစ်ဦးစလုံး၏ လောကအမြင်၊ ဘဝအမြင် သဘောထားက တစ်ထပ်တည်းလိုပင် ဖြစ်သွားကြလေသည်။

**ရဲမြတ်တင်**

## သူ့ဆေးနဲ့သူ၊ (တေကတော့ မာပ့ါ)

အမေရိကန်ဆေးရုံတစ်ခုမှာ သေခါနီးပြီဖြစ်တဲ့ စကော့တ်လူမျိုးတစ်ယောက်က သူမသေခင်တစ်ကြိမ်လောက် ဘက်ပိုက် (Bagpipe) မှုတ်သံကို နားထောင်ချင်ပါတယ်လို့ အပြင်းအထန် တောင်းဆိုတယ်။ ဒါနဲ့ပဲ အဝေးအနီးကို ဘက်ပိုက်မှုတ်တတ်သူ တစ်ယောက်ရဖို့ ရှာကြဖွေကြတာပေါ့။ ကံအားလျော်စွာ တစ်နေ့တော့ ဘက်ပိုက်မှုတ်တတ်သူ တစ်ယောက်ရပြီး၊ လူနာရဲ့အခန်းအနီး အပြင်ဘက်မြက်ခင်းမှာ နေ့စဉ်မှုတ်စေခဲ့တယ်။

အံ့ဩဖို့ကောင်းတာက အဲဒီလူနာ မသေနိုင်သေးဘဲ ပြန်ပြီး နေကောင်းသက်သာလာတယ်၊ တစ်ခုတော့ရှိတယ်၊ ကျန်တဲ့လူနာတွေအားလုံး သေကုန်ကြတယ်။

**မောင်သီဟ**





ကိုသားကြီး

# CELEBRITY and SHOWBIZ





## သေချင်စိတ်တောင်ပေါက်ခဲ့ရတာပါ

ကြာတော့ကြာခဲ့ပါပြီ။ ၂၀၀၄ ခုနှစ်တုန်းကဆိုတော့ ၁၄နှစ်တောင်ရှိပြီပေါ့။ ဒါပေမဲ့ ကာယကံရှင်တွေရဲ့ ရင်ထဲမှာ ဘယ်မေ့နိုင်မှာလဲ။ အထူးသဖြင့် ပိုပြီးနစ်နာခဲ့ရတဲ့ မိန်းကလေးတစ်ယောက်အတွက် သံမှိုလိုစွဲနေမယ့် ကိစ္စမျိုးပါ။ အဲဒီတုန်းက 1 night in Paris လို့ အမည်ပေးထားတဲ့ လျှို့ဝှက်ဖဲမွေ့ယာဗီဒီယိုတိပ်ခွေတစ်ခွေ ပျံ့နှံ့ခဲ့ဖူးတယ်။ မင်းသမီးက သူဌေးသမီးလေး ပဲရစ်ဟီလ်တန်ဖြစ်နေတာဟာ အားလုံးကိုအံ့အားသင့်စေခဲ့တယ်။ ချစ်သူဟောင်း ရစ်ဆော်လ်မွန်နဲ့ အချစ်မှတ်တမ်း လူသိရှင်ကြား ဖြစ်သွားတာဟာ ပဲရစ်ဟီလ်တန်အတွက် နာမည်ပိုကြီးစေခဲ့သလား။ ကာယကံရှင်အတွက်တော့ သေချင်လောက်အောင် စိတ်ဓာတ်ကျခဲ့ရတာပါ။ ဒါကို နယူးယော့ခ်မှာပြသမယ့် Tribeca ရုပ်ရှင်ပွဲတော်အတွက် ရိုက်ကူးနေတဲ့ The American Meme သတင်းမှတ်တမ်းကားမှာ ပထမဆုံးအကြိမ်အဖြစ် ပဲရစ်ဟီလ်တန်ကိုယ်တိုင် ဖွင့်ဟသွားတာပါ။ "မုဒိမ်းကျင့်ခံလိုက်ရသလိုပါပဲ။ စိတ်ပီညဉ်တွေပျောက်ဆုံးသွားသလို ခံစားလိုက်ရတယ်။ ရက်စက်တဲ့ ဝေဖန်မှုတွေအောက်မှာ သေချင်စိတ်တကယ်ပေါက်ခဲ့ရတာပါ"လို့ ရုပ်သံကြြယ်မွင့် ဟိုတယ်သူဌေးမလေးက ဆိုပါတယ်။ ပဲရစ်ဟီလ်တန်တောင် အခုဆို ၃၇ နှစ်ရှိနေပြီလေ။



## အချစ်တွေက ၂၄နာရီ



လန်ဒန်မြို့က ဘားတစ်ခုအပြင်ဘက်မှာ ပြဿနာတက်နေကြတဲ့ စုံတွဲတစ်တွဲကို ပါပါရာဇီတွေ အမိအရမှတ်တမ်းတင်နိုင်ခဲ့ကြတယ်။ ဗြိတိန်ရုပ်သံကြယ်ပွင့်နှစ်ဦးဖြစ်တဲ့ မိုက်သာလာစီတစ်နဲ့ မီဂန်မက်ကန်နာတို့ ဖြစ်နေတော့ ပိုပြီးသဘောကျစရာဖြစ်ခဲ့ရတာပေါ့။ မိုက်ဆိုတာက မာဂိတ်ဘောလုံးအသင်းတိုက်စစ်မှူးဖြစ်သလို နှုတ်ခမ်းနီမလေးတွေအသည်းစွဲ ရုပ်သံကြယ်ပွင့်တစ်ယောက်ပါ။ မီဂန်ကိုလည်း ၂၀၁၅ခုနှစ် Ex on the Beach စီးရီးကနေ အဆိုတော်တစ်ယောက်အဖြစ် ပရိသတ်တွေ သတိပြုမိခဲ့ကြပါတယ်။ ထူးခြားတာက သူတို့နှစ်ယောက်ဟာ ပြီးခဲ့တဲ့သီတင်းပတ်ကမှ လမ်းခွဲခဲ့ကြတာပါပဲ။ ဒါကြောင့် မျက်မြင်သက်သေတစ်ယောက်ကို အင်တာဗျူးရတဲ့အထိ မီဒီယာတွေ အလုပ်ရှုပ်သွားခဲ့ပါတယ်။ ဒီတော့မှ သူတို့နှစ်ယောက်ဟာ အခုမှ ပြန်ဆုံဖြစ်ခဲ့တဲ့အကြောင်း။ ကလပ်ထဲမှာ အတူရှိနေခဲ့ကြပေမယ့် ရုတ်တရက်အပြင်ထွက်သွားတဲ့ မီဂန်ကို တခြားအမျိုးသားတစ်ယောက်နဲ့ သွားတွေ့တာလို့ မိုက်ကစွပ်စွဲရာကနေ အခုလို လူမြင်ကွင်းမှာ ရုတ်ရုတ်သဲသဲဖြစ်ရတဲ့အထိ စကားများခဲ့ရကြောင်း သိခွင့်ရခဲ့ပါတယ်။ အကျိုးဆက်ကတော့ နှစ်ယောက်လုံး ကိုယ့်လမ်းကိုယ် ဆက်လျှောက်ခဲ့ကြရတာပါပဲ။





## ပရိသတ်ကြီး...အဆင်ပြေရဲ့လား



အင်စတာဂရမ်က ပရိသတ် သန်း ၁၁၀ကို အံ့အားသင့်စေခဲ့သူကတော့ နာမည်ကျော်မော်ဒယ်တစ်ဦးဖြစ်သလို ရုပ်သံကြယ်ပွင့်တစ်ဦးလည်းဖြစ်တဲ့ ကင်ကာဒါရှီယန်ပါပဲ။ အသက် ၃၇နှစ်ရှိနေပြီဖြစ်သလို ရင်သွေးသုံးယောက်မိခင်ဖြစ်နေပေမယ့် ကာဒါရှီယန်ဟာ သူမရဲ့ကောက်ကြောင်းတွေနဲ့ ဖမ်းစားနိုင်ဆဲဆိုတဲ့ သက်သေလို့ဆိုရမှာပါ။ သူမရဲ့မိမွေးတိုင်း ဖမွေးတိုင်းအလှဓာတ်ပုံတွေကို ၃ ရက်အတွင်းမှာ ဆက်တိုက်တင်သွားခဲ့တာဖြစ်ပါတယ်။ စုစုပေါင်း ရုပ်ပုံပါ။ ဒါပေမဲ့ အမြင်ရိုင်းစေတဲ့ ပုံစံမျိုးတွေမဟုတ်ဘဲ ဓာတ်ပုံပညာနဲ့အတူ ထိရှလွယ်တဲ့ အစိတ်အပိုင်းတွေကို ပညာသားပါပါဖုံးလွှမ်းထားခဲ့ပါတယ်။ ဒါဟာ မကြာခင်ထုတ်လုပ်ဖြန့်ချိမယ့် ရေမွှေးကြော်ငြာသစ်အတွက်လို့ ကာဒါရှီယန်က သူမပရိသတ်တွေကို အသိပေးခဲ့ပြီး အားလုံးပဲကျေနပ်ကြဦးမှာသေချာပါတယ်။







# နောက်ကိုကြည့်ဦး ဒမ်မီ

ဒမ်မီရို့စ်ဆိုတဲ့ အသက်၂၃နှစ် အရွယ် မော်ဒယ်မလေးကို ဗြိတိန်မှာ မသိသူမရှိလောက်ပါဘူး။ ဘာမင်ဂမ် သူလေးရဲ့အလှက ရွှေဘိုမင်းကြိုက် ဆိုတဲ့စကားလို ဖွံ့ထွားနေတာလည်း အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပါ လိမ့်မယ်။ ဒီတစ်ပတ်မှာတော့ ဒမ်မီ ဟာ မက္ကဆီကို့ကို ရောက်ခဲ့တယ်။ ထုံးစံအတိုင်း ဘီကီနီနဲ့ သူမရဲ့ ကောက်ကြောင်းတွေကို ပုံဖော်ခဲ့ တယ်။ လော့စ်အိန်ဂျယ်လိစ်အထိ ထိုးဖောက်ချင်နေတဲ့ သူမရဲ့ဆန္ဒကို နာမည်ကျော် ဓာတ်ပုံဆရာ ဒန်နီဒီ ဆန်းတို့စ်ကလည်း အကောင်းဆုံး ရိုက်ချက်တွေနဲ့ ပံ့ပိုးပေးနေခဲ့တယ်။ ဒါပေမဲ့ သူမရဲ့နောက်ပိုင်းအလှကို ဒမ်မီတစ်ယောက် အကောင်းဆုံး ဖန်တီးနေချိန်မှာ တစ်စုံတစ်ယောက် ရဲ့ ရုတ်တရက်သိမ်းပိုက်ခြင်းကို ခံလိုက်ရတယ်။ သူမလို လိုက်သရုပ် ဆောင်နေတဲ့ လူတစ်ယောက် ကြောင့်ပါ။ ဝစ်လစ်စလစ်ဖြစ်နေတဲ့ အဲဒီသူကိုတွေ့လိုက်ရချိန်မှာ ဒမ်မီ ဟာ ရုတ်တရက် မိန်းမောမတတ် ဖြစ်သွားခဲ့ပေမယ့် သူ့အလုပ်ကို ဆက်လုပ်နေခဲ့ပါတယ်။ ဘယ်သူ ဘယ်ဝါမှန်းမသိရတဲ့ အဲဒီအမျိုးသား ကတော့ သူ့လုပ်ရပ်ကို ကျေနပ်နေ ပုံပါပဲ။ နောက်တော့မှ ဒမ်မီဟာ သူ့ အဖြစ်သူတွေးပြီး ပြုံးနိုင်ခဲ့ပါတယ်။ မီဒီယာတွေကတော့ ရှေ့ပြော နောက်ကြည့်၊ ညပြောအောက်ကြည့် ဆိုသလို နောက်ကိုလည်းကြည့်ဦး ဒမ်မီလို့ ရေးသားနေကြလေရဲ့။











# မေတ္တာခြုံတော့ လုံတာပေါ့

အီတလီနိုင်ငံ ရောမမြို့မှာစမယ့် ချစ်ခြင်းဖွဲ့သံစဉ်တွေလား။ ဒါမှမဟုတ် နူးညံ့တဲ့မေတ္တာတရားနဲ့အတူ အချစ်စစ်တွေပြန်လည်မွေးဖွားခြင်းလား။ စိတ်ဝင်စားစရာတော့ အကောင်းသား။ နာမည်ကျော်ပေါ့ပ်အဆိုတော် ကိတ်ပါရီနဲ့ ဟောလီဝုဒ်သရုပ်ဆောင် အော်လန်ဒိုဘလွန်းတို့အကြောင်း ပရိသတ်တွေ သိကြပြီးသားပါ။ ၂၀၁၆ ခုနှစ်တုန်းက ဂုဏ်ကြီးမြောက်ရွှေကမ္ဘာလုံးဆုချီးမြှင့်ပွဲအပြီးမှာ သူတို့နှစ်ဦး စတင်ချစ်ကြိုးသွယ်ခဲ့ကြတယ်။ ဒါပေမဲ့ ၂၀၁၇ ဖေဖော်ဝါရီမှာ ဒီဘဝဒီမျှပဲလို့ နှစ်ယောက်လုံးက အတည်ပြုခဲ့ကြတယ်။ အခု သူတို့နှစ်ယောက်ကို Unite To Cure ဆိုတဲ့ ရန်ပုံငွေအစီအစဉ်အတွက် အီတလီမှာ အတူတွေ့ကြရပါပြီ။ ထူးခြားတာက ပုပ်ရဟန်းမင်းကြီးဖရန်ဆစ်ကို ဗာတီကန်နန်းတော်မှာ သွားရောက်ဂါရဝပြုတွေ့ဆုံခဲ့တဲ့နောက် ကိတ်ပါရီရဲ့ အင်စတာဂရမ်ပေါ်ကရေးသားမှုတွေပါပဲ။ သိပ်ကို စိတ်လှုပ်ရှားစရာကောင်းတဲ့ နေ့ထူးနေ့မြတ်ဖြစ်သလို မိခင်ဖြစ်သူနဲ့အတူ ဘေးမှာဒါလင်ရှိနေခဲ့တယ်လို့ ဘလွန်းကို ရည်ရွယ်ရေးသားသွားခဲ့တာပါ။ ကိတ်နဲ့ဆက်ဆံရေးဟာ အသက်ပိုကြီးနေတဲ့သူ့အတွက် အရာတိုင်းနီးပါး အဆင်မပြေခဲ့သလို အထီးကျန်ဆန်နေရချိန်တွေသာ များခဲ့တယ်လို့ ဘလွန်းကဖွင့်ဟခဲ့ဖူးပေမယ့် အမေရိကန်အဆိုတော်မလေးက မေတ္တာနဲ့တုံ့ပြန်လိုက်တာဟာ ဆက်ရန်ရှိတဲ့ ဇာတ်လမ်းတစ်ပုဒ်ပဲလို့ ဆိုသူက ဆိုနေကြလေရဲ့။





# အနာဂတ်အတွက် ခြေလှမ်းသစ်လား

အမေရိကန်ရုပ်သံကြယ်ပွင့် မော်ဒယ် မင်းသမီးချောလေး ကိုင်လီဂျန်နာနဲ့ ပတ်သက်တဲ့ ပုစ္ဆာတစ်ပုဒ်ကိုလည်း သူမရဲ့ ပရိသတ်တွေ အဖြေထုတ်နေကြပါတယ်။ ဒီသီတင်းပတ် လော့စ်အိန်ဂျယ်လိစ်မှာ ကိုင်လီကို ထူးခြားမှုတစ်ခုနဲ့အတူ တွေ့လိုက်ကြရလို့ပါ။ ပုံမှန်အတိုင်း အားကစားလေ့ကျင့်ရေးဝတ်စုံအောက်က ဆွဲဆောင်မှုရှိတဲ့ ကောက်ကြောင်းတွေထက် ပါပါရာဇီတွေ ပိုပြီးသတိထားမိခဲ့ကြတာက သူမရဲ့ ဝဲဘက်လက်မှာတွေ့ရတဲ့ စိန်လက်စွပ်ပါပဲ။ ပြိုးပြိုးပြက်ပြက်တောက်ပနေတဲ့ ဒီလက်စွပ်ဟာ သူမရဲ့ချစ်သူ ရက်ပ်ပါ ထရာဗစ်စကော့ပေးထားတဲ့ စေ့စပ်လက်စွပ်လားဆိုတာ စိတ်ဝင်စားနေကြတာပါ။ ချစ်သက်တမ်း တစ်နှစ်ကျော်ကြာလာပြီဖြစ်သလို သမီးလေးတစ်ယောက် ရနေပြီဖြစ်ပေမယ့် တရားဝင်လက်မထပ်ရသေးတဲ့ သူတို့နှစ်ဦးအတွက် အနာဂတ်ခြေလှမ်းသစ်လားဆိုတာ စိတ်ဝင်စားနေကြတာပါ။ ဒါပေမဲ့ ပရိသတ်တွေ ဒီလိုစိတ်ကူးယဉ်ရတာ ဒါ ပထမဆုံးတော့မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကလည်း အခုလို စိန်လက်စွပ်ကြောင့် ကောလာဟလသတင်းတွေ ထွက်ခဲ့ပေမယ့် ကိုင်လီကတော့ ရေငုံနှုတ်ပိတ်နေခဲ့ဖူးပါသတဲ့။


ဆရာ.. မီးလာမှာနော်
စိတ်ချပါ ရေလာရင် မီးကလာပြီးသား
ဘာလုပ်နေတာလဲဗျ
အလုပ်ကိစ္စ အတွက် ညှိနှိုင်းနေတာပါ
လာဘ်
ကာတွန်း ဝိုင်းကြီးအောင်




SHORT STORY

ဘယ်သူမှန်းမသိနိုင်အောင် ပိရိလွန်းလို့ မခံချင်စိတ်နဲ့ ဒေါသထွက်မိပေမယ့်
ပိုင်ရှင်မသိနိုင်သေးတဲ့ အဲဒီကတ်လေးတွေကိုတော့
မှတ်မှတ်ရရသိမ်းဆည်းထားခဲ့မိတယ်။ လလယ်ရောက်လာတိုင်းလည်း
စိတ်ထဲကနေ အလိုလိုမျှော်လင့်မိလာခဲ့တယ်။

(၁)

"ညများရယ် မအိပ်စက်နိုင်တယ်"

အငဲရဲ့ သီချင်းစာသားကြောင့် နံဘေးမှကျော်တက်ရင်း သီဆိုသွားသူကိုကြည့်လိုက်တော့ နန္ဒလွင်တို့အဖွဲ့။ ကျွန်မတို့ Batch ရဲ့ Commerce မေဂျာ မောင်မယ်သစ်လွင်ကြိုဆိုပွဲမှာ ဇော်ပိုင်ရဲ့ "မျက်ရည်စိုငိုလိုက်တိုင်း" သီချင်းကို သီဆိုခဲ့တဲ့ နန္ဒလွင်ဟာ ဖိုင်နယ်ရဲ့ ဇော်ပိုင်လို့ လူသိများတဲ့သူပါ။

"ဒါတို့တော့ ဒီည လန့်ပြီးအိပ်မပျော်ဘဲ နေတော့မှာပဲ"

"သေချာတာပေါ့"

ခပ်လောင်လောင် တုံ့ပြန်လိုက်တဲ့ ကျွန်မတို့ရဲ့စကားကြောင့် နန္ဒလွင်တို့ ရယ်ကြတယ်။

"နန္ဒလွင် မင်းကိုအားပေးနေကြတယ်ကွ"

"ဪ...ဆိုတာကငါ့အပိုင်။ ကျွန်တာကတော့ မိုးနတ်မင်းအပိုင်းပဲလေ"

သူတို့အုပ်စုကလည်း ပျော်ပျော်နေတတ်တဲ့သူတွေပဲလေ။

ဒီလိုပါပဲ။ အတန်းထဲမှာ ငြိမ်ငြိမ်ထိုင်မနေတတ်တဲ့ ကျွန်မတို့အဖွဲ့နဲ့ ကျောင်းကို ပျော်နေတတ်တဲ့ သူတို့အဖွဲ့ဟာ တက်ရတဲ့ အဆောင်ချင်း Batch ချင်း မတူကြပေမယ့် တစ်နေရာမဟုတ် တစ်နေရာမှာတော့ အခုလိုမျိုး ဆုံမိတတ်ကြတာပါပဲ။

ကျွန်မတို့ကိုမြင်တိုင်း သီချင်းစာသားတစ်ခုခုကို ဆိုလေ့ရှိတဲ့သူကို ကျွန်မတို့ကလည်း တစ်ခုခုတော့ တုံ့ပြန်လိုက်မှ ကျေနပ်ကြသူတွေဖြစ်ပါတယ်။ ကန်တင်းထိုင်ကြတိုင်းလည်း နှစ်ဖွဲ့စလုံးက 'စံပယ်ဖြူ' တစ်ဆိုင်တည်းမှာပဲ ဆုံမိတတ်ကြပါတယ်။

ကျွန်မတို့ အတန်းထဲပြန်ရောက်တော့ အတန်းထဲမှာကျန်နေခဲ့တဲ့ ဖြူက စာအိတ်တစ်အိတ်ကို လှမ်းပေးတယ်။ ကျွန်မရဲ့နာမည်၊ ခုံနံပါတ်နဲ့ ကျောင်းလိပ်စာကို သေသပ်စွာရိုက်နှိပ်ထားတဲ့ စာအိတ်လေးက ကျွန်မအတွက် သိပ်တော့မထူးဆန်းတော့ပါ။

"နင့်စာ လာပြန်ပြီ ညီ၊ စာတိုက်ကို ငြိမ်းသွားရင်းနဲ့ တွေ့လို့ယူခဲ့တာ၊ စာတိုက်က အစ်မကြီးကတောင် နင့်စာကိုသိနေပြီ"

ကျွန်မဖွင့်ကြည့်လိုက်တော့ ဂျပန်ရှုခင်းပုံ ပို့စကတ်လေးတစ်ကတ်။ ကတ်ပေါ်မှာတော့ ဘာမှရေးမထားပါ။

"အရင်က ကတ်တွေအတိုင်းပဲ"

ကျွန်မ စကားဆုံးတော့နဲ့ သူငယ်ချင်းတွေကလည်း ထုံးစံအတိုင်း ယူကြည့်ကြပြီ။

"ဒီတစ်ခါကတော့ မင်္ဂလာဒုံညွှန့်က ပို့လိုက်တာပါလား။ နင့်လူကတော့ နေရာမျိုးစုံကနေ ပို့နေတာပဲ၊ ငါတို့တွေ ရုံစမ်းမှာစိုးလို့ထင်တယ်၊ ဒီလောက်တောင် ပဟေဠိတွေပေးချင်နေမှတော့ ဘာလို့များ အပင်ပန်းခံပြီး ပို့နေသေးလဲ"

စိတ်မြန်လက်မြန်နိုင်လွန်းတဲ့ ဖြူက စိတ်မရှည်တော့သလို ပြောလာတယ်။ ရန်ကုန်မြို့တွင်းမှာရှိတဲ့ မြို့နယ်အသီးသီးကနေ ပို့လာတတ်တဲ့ စာပို့သင်္ကေတအမျိုးမျိုးကြောင့် သူ့ရဲ့ နေရပ်အမှန်ကိုခန့်မှန်းဖို့ ကျွန်မတို့အတွက် ခက်ခဲခဲ့တယ်လေ။

"လူ့သဘာဝကိုက လျှို့ဝှက်တဲ့အရာကိုမှ ပိုပြီးစိတ်ဝင်စားတတ်တာမဟုတ်လား။ ဒီအချက်ကို သူ အသုံးချနေတာပဲ"

တွေးတွေးဆဆပြောတတ်တဲ့ ငြိမ်းကလည်း မှတ်ချက်ချတယ်။

"ဒီကတ်က ၁၄ ကတ်မြောက်နော်၊ ဟုတ်တယ်မဟုတ်လား ညီ၊ နင့်ဆီကို တစ်လတစ်ကတ် ရောက်လာခဲ့တာ အခုဆို တစ်နှစ်တောင်ကျော်လာခဲ့ပြီ၊ ဘယ်သူမှန်းလဲ မသိရဘူး၊ ဒီလူကို ခွဲကောင်းတယ်ပဲ သတ်မှတ်ရမလား၊ ဘယ်လိုသတ်မှတ်ရမလဲ၊ ငါတို့တောင် ဇဝေဇဝါဖြစ်လာပြီ"

ထား လည်း မနေသာတော့။

"သူ့ ဒီကျောင်းက ကျောင်းသားဆိုတာကတော့ သေချာတယ်"

"နင့်ကို ရစ်သီရစ်သီလာလုပ်နေတဲ့ ဖိုင်နယ်က ဟိုမျက်မှန်နဲ့အစ်ကိုကြီးများလား"

"မဟုတ်နိုင်ပါဘူးဟာ၊ သူ့ပုံစံက အူတူတူပါ၊ အဲ့လို ကဗျာဆန်မယ့်ပုံစံ မဟုတ်ဘူး"

သူငယ်ချင်းတွေက သူ့နဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲလေးကို တရားဝင်ကျင်းပနေကြပြန်ပါပြီ။ ကျွန်မကတော့ ဘေးကနေ အသာလေးပဲနားထောင်ရင်း အတွေးတွေ နယ်ချဲ့နေမိတယ်။

ဘယ်သူမှန်းမသိနိုင်အောင် ပိရိလွန်းလို့ မခံချင်စိတ်နဲ့ ဒေါသထွက်မိပေမယ့် ပိုင်ရှင်မသိနိုင်သေးတဲ့ အဲဒီကတ်လေးတွေကိုတော့ မှတ်မှတ်ရရသိမ်းဆည်းထားခဲ့မိတယ်။ လလယ်ရောက်လာတိုင်းလည်း စိတ်ထဲကနေ အလိုလိုမျှော်လင့်မိလာခဲ့တယ်။ ဒါဟာ စိတ်ကူးကောင်းကောင်းနဲ့ ချွေးချယ်ပေးပို့လာတဲ့ ကတ်လေးတွေရဲ့ ဆွဲဆောင်မှု၊ ဒီထက်ပိုပြောရရင်တော့ ကတ်ပိုင်ရှင်ရဲ့ စိတ်ကူးယဉ်ဆန်မှုကြောင့် ဆိုတာကိုတော့ ကျွန်မ မငြင်းဆိုနိုင်တော့ပါ။

"သူ့ရည်ရွယ်ချက်က ဘာလဲ"

အေးအေးအေးနေတတ်တဲ့ မေကပါ ဝင်ပြောလာတော့ ကာယကံရှင်ဖြစ်တဲ့ ကျွန်မလည်း မနေသာတော့ပါ။

"ငါလည်း သူ့ရည်ရွယ်ချက်ကို သိချင်

**လူငယ်တစ်ယောက်ရဲ့ လွတ်လပ်ပျော်ရွှင်မှုဟာ မိန်းကလေးတစ်ယောက်ရဲ့ တိုးတိတ်ငြိတွယ်မှုအပေါ်မှာ နင်းလျှောက်သွားတာမျိုးကို ကျွန်မ လက်မခံချင်တာ အမှန်ပါပဲ။ ကျွန်မကိုယ်တိုင်က အနာဂတ်ကို လှပစွာပုံဖော်နိုင်ဖို့ အလေးအနက်ထားသလို···**

တယ်၊ နောက်တယ်ဆိုရင်လည်း စောစောလွန်လာပြီ၊ အတည်လို့ယူဆရအောင်လည်း ကျောင်းတက်တက်ချင်းမှာ စခဲ့တဲ့ ဇာတ်လမ်းလေး၊ ငါမယုံဘူး''

တကယ်လည်း ကျွန်မ မယုံပါ။ ကာလတိုလေးအတွင်းမှာ ကျွန်မကို လူတစ်ယောက်က စွဲစွဲလန်းလန်းရှိခဲ့လိမ့်မယ်လို့ ထင်ရလောက်အောင်တော့ ကျွန်မ မမိုက်မဲသေးပါ။ မိန်းမလှကျွန်းလို့ တင်စားခေါ်ဝေါ်ကြတဲ့ ကျွန်မတို့ရဲ့ စီးပွားရေးတက္ကသိုလ်မှာ အချောအလှတွေက တကယ့်ကို မရေမတွက်နိုင်ပါဘူး။ နောက်ပြီး ကျွန်မကလည်း အများကြားမှာ ထင်ရှားပေါ်လွင်လွန်းတဲ့သူ၊ ဆွဲဆောင်မှုရှိလွန်းတဲ့သူလည်း မဟုတ်ပြန်ဘူးလေ။

ခေတ်ပြားပေဟာင်းကြီးကို ပြန်ဖွင့်ရမှာ မုန်းပေမယ့် ကျွန်မရဲ့အတွေးတွေကတော့ အတိတ်ကာလတချို့ဆီကို ကူးချည်သန်းချည် ဖြစ်နေမိပြန်ပြီ။ ဒီကတ်တွေရဲ့ပိုင်ရှင်ဟာ ဘယ်သူဖြစ်မလဲဆိုတဲ့ အတွေးတွေနဲ့အတူ မေးခွန်းတချို့ကိုလည်း ခပ်မှန်မှန်ပြန်မေးနေမိတယ်။

သူ ဘယ်သူလဲ။

ဘယ်လိုရုပ်ရည်ရွယ်ချက်မျိုးနဲ့ ဦးတည်နေတာလဲ။ ဘယ်အချိန်ထိ ဖွဲ့ကောင်းနိုင်ဦးမှာလဲ။ ဘယ်လိုအနေအထားမျိုးနဲ့ ကျွန်မရှေ့ကို ရောက်လာမှာလဲ။ ဒါမှမဟုတ် ကျောင်းပြီးသွားတာနဲ့ ဒီဇာတ်လမ်းကို လူမသိ သူမသိနဲ့ဘဲ အဆုံးသတ်ခဲ့လိုက်မှာလား။ တက္ကသိုလ်ကျောင်းသားဘဝမှာ အပျော်ဇာတ်လမ်းတစ်ပုဒ်အနေနဲ့သာ ခပ်ငါးငါး ထင်ကျန်စေခဲ့မှာလား။

ဒီလိုတော့ မဖြစ်စေချင်ပါဘူး။

မိန်းကလေးတစ်ယောက်ကို မျှော်လင့်ချက် ယောင်ယောင်ရေးပေးထားပြီးမှ ပျော်ရာတစ်ခုအနေနဲ့ သတ်မှတ်ထားတဲ့ ပေါ့တန်တန် ကောင်လေးတစ်ယောက်တော့ မဖြစ်စေချင်ပါဘူး။

လူငယ်တစ်ယောက်ရဲ့ လွတ်လပ်ပျော်ရွှင်မှုဟာ မိန်းကလေးတစ်ယောက်ရဲ့ တိုးတိတ်ငြိတွယ်မှုအပေါ်မှာ နင်းလျှောက်သွားတာမျိုးကို ကျွန်မ လက်မခံချင်တာ အမှန်ပါပဲ။ ကျွန်မကိုယ်တိုင်က အနာဂတ်ကို လှပစွာ ပုံဖော်နိုင်ဖို့ အလေးအနက်ထားသလို ပို့စကတ်များရဲ့ပိုင်ရှင် သူ့မှာလည်း ကျွန်မလိုစိတ်ဓာတ်မျိုးတော့ ရှိစေချင်ပါရဲ့။

(၂)

ပါရမီလိုင်းကားပေါ်ကဆင်းပြီးကျောင်းထဲ ဝင်လိုက်တာနဲ့ မိုးမြွဲတွေက အလုအ



ယက်ကျလာတယ်။ အကျႌဖြစ်နေတဲ့လက်က ဘေးလွယ်အိတ်လေးထဲမှာ ထည့်ထားနေကျ လက်ကွဲတော်ထီးလေးဆီ စမ်းလိုက်မိတယ်။ တစ်ဆက်တည်းမှာပဲ အသိတစ်ခုက ခေါင်းထဲအပြေးကလေးဝင်လာတယ်။

ထီးမပါဘူးပဲ။

''သွားပြီ''

မနေ့ကညနေက ကျွန်မအိမ်ကနေ မြို့အပြန်မှာ မိုးရွာနေလို့ ကျွန်မရဲ့ထီးကို ထည့်ပေးလိုက်တယ်။ အခုမနက်ကျတော့လည်း ကျွန်မက ကျောင်းဖယ်ရီကားကို လွတ်သွားပြန်တော့ ထီးက မြို့နဲ့အတူ ကျောင်းကို ရောက်နှင့်နေပြီပေါ့။

မိုးကလည်း ဖွဲရာကနေတဖြည်းဖြည်းချင်း ပိုသည်းလာတော့ ကျွန်မနဲ့အနီးဆုံးဖြစ်နေတဲ့ လေးထပ်ကျောင်းဆောင်အောက်ကို ခပ်သွက်သွက်ဝင်ခိုလိုက်ရတယ်။ နာရီကို ငုံ့ကြည့်မိတော့ ၁၀ နာရီထိုးလုလုဖြစ်နေပြီ၊ ကျူတိုရီရယ်ချိန်က ၉း၄၅ ဆိုတော့ နောက်တောင်ကျနေပြီ။ ဟိုဟိုဒီဒီ ဝေ့ကြည့်ရင်း အသိတစ်ယောက်လောက်များတွေ့လေမလား။ ထီးကြီးလေးများရနိုင်မလားလို့ မျှော်လင့်တကြီးတွေးလိုက်မိတယ်။

ဒါပေမဲ့ ရင်းနှီးတဲ့သူအသာထားလို့ မျက်မှန်းတန်းမိနေတဲ့သူကိုတောင်မှ မတွေ့ရ။ သူငယ်ချင်းတစ်ယောက်မှ မတွေ့နိုင်တော့မှန်း သိပ်စားမိလာတော့ စုရပ်ကနေ ၈း၃၀ မှထွက်တဲ့ ကျောင်းဖယ်ရီကိုတောင် မမီလိုက်တဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ ဒေါသထွက်မိတော့တယ်။

''ကျူတိုရီရယ်တော့ လွတ်ပါပြီကွာ''

တစ်ကိုယ်တည်း မချင့်မရဲရေရွတ်သံအဆုံးမှာ···

''ထီးမပါဘူးလား''

ရင်းနှီးသလို အသံတစ်သံကြောင့်

**အချိန်တိုလေးအတွင်းမှာပဲ ငယ်ပေါင်းကြီးဖော်တွေလို ရင်းနှီးလာခဲ့ကြတယ်။**

**ကျွန်မတို့က ဒုတိယနှစ်၊ သူတို့က နောက်ဆုံးနှစ်။**

**နှစ်ချင်းမတူတဲ့အတွက် ကျွန်မတို့နှစ်ဖွဲ့ရဲ့ ပေါင်းစည်းသွားမှုအပေါ်**

**ပတ်ဝန်းကျင်ရဲ့ အာရုံစူးစိုက်မှု . . .**

လှည့်ကြည့်မိတော့ နှစ်လိုဖွယ်အပြုံးနဲ့ နန္ဒလွင်။ သူ့လက်ထဲမှာလည်း UV ထီးဖြူကြီးတစ်လက်နဲ့။ ကျွန်မတို့အခေါ်အဝေါ် အရတော့ မိုးကြိုးပစ်ထီးပေါ့။

"ကျူတိုရီရယ် ဖြေရမှာမဟုတ်လား။ ကျွန်တော်က T 1 ထဲသွားမှာ၊ လမ်းသင့်ပါတယ်၊ အပန်းမကြီးရင် ကျွန်တော့်ထီးနဲ့ လမ်းကြုံလိုက်ခဲ့ပါလား။ အဆောင်အမိုးအောက်ထိရောက်အောင် ပို့ပေးပါ့မယ်"

ပြုံးနေတဲ့သူ့ကိုကြည့်ရင်း တစ်နေ့က ကျောင်းဆင်းချိန် အဖြစ်အပျက်လေးကို ပြန်ပြေးမြင်မိတယ်။

ထီးမပါတဲ့ နန္ဒလွင်က သူ့သူငယ်ချင်းဆီကထီးကို လိုက်လုနေတုန်း ကျွန်မတို့နဲ့ တိုးတော့ 'စိတ်လျှော့လိုက်တော့'လို့ လှမ်းပြီး နောက်ပြောင်မိခဲ့ကြတာကို ပြန်တွေးရင်း အားတုံ့အားနာဖြစ်မိသလို နှစ်ယောက်အတူသွားရမယ့်အရေးကိုလည်း မဝံ့မရဲဖြစ်နေမိတယ်။

သူကလည်း ကျွန်မရဲ့ ချီတုံချတုံဖြစ်နေတဲ့ အရိပ်အကဲကို ဖမ်းမိလိုက်ပုံပေါ်တယ်။

"ခင်ဗျားလည်း အရေးကြီးနေတယ်မဟုတ်လား။ ကျွန်တော့်ကို အားနာလို့လား။ ဒါမှမဟုတ် ကျွန်တော်နဲ့သွားရမှာမို့လား။ ကျွန်တော်တို့ချင်း မခင်ကြသေးပေမယ့် ရင်းနှီးနေပြီးသားပါ၊ ကျွန်တော် နန္ဒလွင်ဆိုတာ ခင်ဗျားတို့သိကြသလို ညိုလဲ့ရည်တို့ကိုလည်း ကျွန်တော်တို့ ကောင်းကောင်းသိနေတာပဲ။ တစ်ကျောင်းတည်းသားချင်းမောင်နှမတွေပဲဗျာ၊ ထီးက အကြီးကြီးဆိုတော့ မိုးလုံပါတယ်၊ သိပ်ဝေးတာလည်း မဟုတ်ဘူး။ လိုက်ခဲ့လိုက်ပါဗျာ"

သူက ပကတိရိုးသားတဲ့မျက်ဝန်းတွေနဲ့ ထပ်ဆင့်တိုက်တွန်းနေသလို၊ ကျူတိုရီရယ်ကလည်း အစားထိုးဖြေမရတဲ့ အချိန်ဆိုတော့ ကျွန်မလည်း မငြင်းနိုင်တော့ပါဘူး။

"ကျေးဇူးပါနော်"

ကျွန်မတို့ရဲ့ ခင်မင်မှုနိဒါန်းက မိုးသည်းထဲမှာစခဲ့တာကြောင့်လားတော့ မသိ။ တာကယ့်ကို အေးချမ်းလှပါတယ်။ နောက်ပိုင်းမှာ ကျွန်မတို့နှစ်ဖွဲ့ဟာ ပြီးပြရယ်ပြ နွတ်ဆက်ကြရာကနေ တစ်စထက်တစ်စ ခင်မင်လာခဲ့ကြတယ်။ အချိန်တိုလေးအတွင်းမှာပဲ ငယ်ပေါင်းကြီးဖော်တွေလို ရင်းနှီးလာခဲ့ကြတယ်။ ကျွန်မတို့က ဒုတိယနှစ်၊ သူတို့က နောက်ဆုံးနှစ်။ နှစ်ချင်းမတူတဲ့အတွက် ကျွန်မတို့နှစ်ဖွဲ့ရဲ့ ပေါင်းစည်းသွားမှုအပေါ် ပတ်ဝန်းကျင်ရဲ့ အာရုံစူးစိုက်မှု အတော်အတန် ရှိခဲ့ပါတယ်။

ဒါပေမဲ့ ကျွန်မတို့နှစ်ဖွဲ့ရဲ့ ခင်မင်မှုကတော့ အရှိန်သေမသွားခဲ့ပါဘူး။ ဒါကလည်း



မိမိရှေ့မှ ကတ်ပြားလေးတွေကိုကြည့်ရင်း သူ့မျက်နှာကိုလည်း
တအံ့တသြလေး ကြည့်လိုက်မိတယ်။ ကျွန်မကို စိုက်ကြည့်နေတဲ့
သူ့မျက်ဝန်းတွေက တောက်ပရွှန်းစိုလို့၊ သူ့အသံကလည်း ပကတိနူးညံ့လို့ပဲ။
သူ့စကားကို ဂရုတစိုက်နားထောင်နေရင်းနဲ့ပဲ သူ့အသံကို . . .

သူတို့တွေရဲ့ အလျှော့ပေးဆက်ဆံမှု ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်မှုကြောင့်ပါပဲ။ မနက်တက် ဖယ်ရီပေါ်ကဆင်းတာနဲ့ သူတို့အဖွဲ့က ကျောင်းအဝင်ဝက ကြိုစောင့်နေတတ်ပြီး ကျောင်းထဲအတူဝင်ကြ၊ ကန်တင်းထိုင်ကြရင်လည်း ကြိုရောက်တဲ့အဖွဲ့က နေရာယူထားကြ၊ ညနေကျောင်းဆင်းရင်လည်း သူတို့တွေက ခုံတန်းတွေပေါ်မှာ ကြိုစောင့်နေတတ်ပြီး ကိုယ့်ဖယ်ရီပေါ် ကိုယ်ပြန်ကြနဲ့ တစ်နှစ်ပတ်လုံး တတွဲတွဲရှိခဲ့ကြတယ်။

ကျွန်မတို့လိုအပ်တဲ့ စာရွက်စာတမ်းတွေကို မိတ္တူဆွဲပေးဖို့၊ စာအုပ်တွေကို စာကြည့်တိုက်မှာရှာပေးဖို့၊ ကျွန်မတို့ နားမလည်တဲ့ပုစ္ဆာတွေကို ကူညီဖြေရှင်းပေးဖို့ အတွက်လည်း သူတို့တွေ အသင့်ရှိနေခဲ့ကြတယ်။ ကျွန်မတို့တွေ နောက်ဆုံးနှစ်ကို ရောက်တော့ သူတို့တွေကတော့ ကျောင်းပြီးသွားခဲ့ပြီ။ ကျွန်မတို့က စနစ်သစ်တွေဖြစ်တဲ့အတွက် B.Com, B.BA နဲ့ B.Act ဆိုပြီး လိုင်းတွေ ထပ်ကွဲသွားတယ်။ ခမနဲ့ ငြိမ်းက B.BA လျှောက်ခဲ့ပြီး မြူ ထားနဲ့ ကျွန်မက B.Com ယူခဲ့ကြတယ်။

အမှတ်စာရင်းကိစ္စနဲ့ ခကျောင်းကို ရောက်လာတတ်တာကလွဲရင်၊ တကူးတက အချိန်ပေးပြီး ရောက်လာတာမျိုးကလွဲရင် သူတို့လေးယောက်လည်း ကျွန်မတို့ဘေးမှာ ရှိမနေနိုင်တော့ပါဘူး။ ကိုယ်ပိုင်လုပ်ငန်း တစ်ခုကို စပ်တူလုပ်ကိုင်ဖို့ အကောင်အထည်ဖော်နေကြပြီလေ။ အလိုက်သိတတ်လွန်းတဲ့ သူတို့အဖွဲ့ရဲ့ လစ်ဟာသွားမှုအပေါ် ကျွန်မတို့ တော်တော်နဲ့ နေသားမကျခဲ့တာ တော့ အမှန်ပါပဲ။

သူတို့တွေကို သတိရရင်း လစဉ် အစဉ်အလာမပျက်သေးတဲ့ ပို့စကတ်လေး တွေရဲ့ပိုင်ရှင်ကို မှန်းဆရင်းနဲ့ပဲ နောက်ဆုံး နှစ်ခရီးကို ခြောက်ကပ်ကပ်နဲ့ ဖြတ်သန်းနေ ရတော့တယ်။

(၃)

သူတို့နှစ်ရဲ့ CPA ဝင်ခွင့်ကျလာတော့ နနလွင်နဲ့ ဇညားနိုင်က တက်ခွင့်ရခဲ့တယ်။

"Congratulations ကိုဇညား။ CPA ဝင်ခွင့်ရဖို့ကလွယ်တာမဟုတ်ဘူး။ ကိုဇညားတို့ တကယ်တော်တယ်"

"သိပ်လည်း ချီးမွမ်းမနေပါနဲ့ မြူရယ်၊ ဒီနေ့ နင်တို့စားသမျှ ငါတို့ ရှင်းမှာပါဟ၊ နင်တို့တွေလည်း ကြိုးစားကြလေ၊ သုံးယောက်စလုံး ဝင်အောင်လုပ်ကြ"

"ညီတို့ကတော့ တတ်နိုင်သလောက် ကြိုးစားသွားမှာပဲ၊ ဒါပေမဲ့ ကံတရားက လည်း ရှိသေးတယ်မဟုတ်လား"



"ကံတရားအကြောင်းကို မယုံပါနဲ့ ချစ်သူလို့ ဇော်ပိုင်ကတောင် သီချင်းဆိုထား တယ်မဟုတ်လား ညီရဲ့"

ဇညားနိုင်ရဲ့ ရွတ်နောက်နောက် စကားကြောင့် ပိုင်းရယ်မိကြတယ်၊ မတွေ့ကြတာ ကြာနေပေမယ့် ပျော်ပျော်နေတတ် တဲ့ အလေ့အထလေးတွေကတော့ ပျောက် ပျက်မသွားသေးဘူးပဲ။

"ဇော်ပိုင်ဆိုမှ သတိရတယ်၊ ကိုနန တစ်ယောက် ကျောင်းသားရေးရာကိုသွား တာ ကြာလိုက်တာ၊ ဘာဖြစ်နေပါလိမ့်"

"လာပါပြီဟ"

အသံနဲ့အတူ နနလွင်ပြန်ရောက်လာ တယ်။ သူလက်ထဲမှာလည်း စာရွက်တချို့ ကို ကိုင်လျက်သား။

"နနလွင် အဆင်ပြေလား"

"မပြေပါဘူးကွာ၊ ညီ . . . ရေးရာကို ခဏလိုက်ခဲ့ပါလား။ ကျောင်းနဲ့ဝေးတာမှ မကြာသေးဘူး။ အဆင်မပြေတော့ဘူး"

ဇညားနိုင်ရဲ့အမေးကို လှည့်ဖြေရင်း ကျွန်မကိုပါ တစ်ဆက်တည်းပြောလာတယ်။

"ရပါတယ်၊ ကူညီရမှာပေါ့"

ကျွန်မလည်း ပေါ့ပေါ့ပါးပါးလေး ပြောလိုက်မိတယ်။

(၄)

မိမိရှေ့မှ ကတ်ပြားလေးတွေကိုကြည့် ရင်း သူ့မျက်နှာကိုလည်း တအံ့တသြလေး ကြည့်လိုက်မိတယ်။ ကျွန်မကို စိုက်ကြည့် နေတဲ့ သူ့မျက်ဝန်းတွေက တောက်ပရွှန်းစို လို့၊ သူ့အသံကလည်း ပကတိနူးညံ့လို့ပဲ။ သူ့စကားကို ဂရုတစိုက်နားထောင်နေရင်း နဲ့ပဲ သူ့အသံကို မကြားတစ်ချက် ကြားတစ် ချက် ဖြစ်နေမိတယ်။ လွင့်ရှားနေတဲ့စိတ် ကို တည်ငြိမ်လာအောင် အနိုင်နိုင်ထိန်းနေ

ရှင့်ဘက်က ပိရိခဲ့သလို ကျွန်မဘက်ကလည်း
မိန်းကလေးတစ်ယောက်ရဲ့ သိက္ခာနဲ့ မာနကိုလွှမ်းခြုံပြီး
သူငယ်ချင်းဆိုတဲ့ ဘောင်အတွင်းမှာပဲ ကန့်သတ်ချက်တွေနဲ့
နေတတ်ခဲ့တာလေ…

ရင်းနှဲ့ပဲ ခုန်ပေါက်လာနေတဲ့ ရင်ခုန်သံကို အစိုးမရဖြစ်နေမိတယ်။

"ဒီကတ်ပြားလေးတွေက ညီ့ဆီကို တစ်ခုပို့တိုင်း ကိုယ့်ဆီမှာလည်း တစ်ခုချန်ထားခဲ့တဲ့ ဆင်တူလေးတွေလေ။ ညီ မှတ်မိမှာပါ"

ကျွန်မ ဘာမှမတုံ့ပြန်မိ။ သူ ဘာဆက်ပြောလာမလဲဆိုတာကိုပဲ သိချင်စိတ်က ကြီးစိုးနေတယ်။

"ညီ့ကို ကိုယ်စတွေ့ခဲ့တာက ညီ တက္ကသိုလ်မတက်ခင် ကွန်ပျူတာဒီပလိုမာ တစ်နှစ်ခွဲသင်တန်းတက်ကတည်းက ကိုယ့်ညီမကို သင်တန်းအကြိုအပို့လုပ်ရင်း တွေ့ခဲ့တာ၊ ကိုယ့်ညီမက နှင်းဝေလွှင်လေ"

"နှင်းဝေလွှင်…"

ခပ်တိုးတိုးရေရွတ်မိတယ်။ နှင်းဝေလွှင်က ကျွန်မတို့အုပ်စုထဲကမဟုတ်လို့ သိပ်မရင်းနှီးပေမယ့် မျက်ဝန်းတောက်တောက်လေးနဲ့ ချစ်စရာကောင်းတဲ့ ကောင်မလေးလေ။ ကျွန်မကိုတွေ့တိုင်း ရင်းရင်းနှီးနှီး ပြုံးပြတတ်တဲ့ နှင်းဝေလွှင်ကို မျက်မှန်းတန်းနေမိတာတော့ အမှန်ပဲ။

"ဟုတ်တယ်၊ ညီ့ကို သူ ကောင်းကောင်းသိနေတယ်လေ၊ ညီနဲ့ပတ်သက်တဲ့ သတင်းတွေကိုလည်း သူ့ဆီကရခဲ့တာပဲ၊ အခုတစ်ကြိမ်မှာတော့ ကတ်တွေအားလုံးကို ညီ့လက်ထဲ ကိုယ်တိုင်ထည့်ရင်း ရင်ဖွင့်ချင်တယ်၊ ညီ့ဆီကအဖြေကို ကိုယ်တစ်ခါတည်းသိသွားချင်တယ်၊ ကိုယ် ညီ့ကို–"

ဘုရားရေ…။

နန္ဒလွင်က ကျွန်မကို 'ချစ်တယ်'လို့ ဖွင့်ဟဆိုလာပါပေါ့လား။

ဘဝမှာ ပထမဦးဆုံးကြားခဲ့ဖူးတဲ့ စကားမဟုတ်ပေမယ့် ပြောလာတဲ့သူက နန္ဒလွင်ဖြစ်နေတာရယ်၊ မခုန်စဖူးခုန်နေတဲ့ နှလုံးသားရယ်ကတော့ ထူးခြားလွန်းနေတယ်။ နောက်ပြီး ကျွန်မသိပ်သိချင်နေခဲ့တဲ့ ပဟေဠိပိုင်ရှင်က နန္ဒလွင်ကိုယ်တိုင် ဖြစ်နေခဲ့တယ်ဆိုပါလား။

ကျွန်မလက်ထဲကို လောလောလတ်လတ်ကြီးရောက်နေတဲ့ ကတ်တွေသာ သက်သေခံမနေခဲ့ရင် လေးနှစ်ကျော်ကာလအထိ ယောက်ျားတစ်ယောက်က ကျွန်မကို ရွဲရွဲလန်းလန်းရှိနေခဲ့မယ်ဆိုတာ အဲဒီယောက်ျားကလည်း ကျွန်မနဲ့အနီးကပ်ဆုံး



မှာ ရှိနေခဲ့တယ်ဆိုတာ၊ သူ ကျွန်မကို ချစ်မြတ်နိုးနေမှန်း အရိပ်အမြွက်လေးတောင် မပြဘဲ ဟန်ဆောင်သိုဝှက်ထားနိုင်ခဲ့တယ်ဆိုတာ…၊

ယုံကြည်ဖို့ အတော့်ကိုခက်ခဲနေမိမှာ သေချာပါတယ်။

ဒါပေမဲ့…

ကျွန်မကလည်း သူ့ကိုမှ လေးစားအားထားလိုစိတ်နဲ့ တိတ်တခိုး သံယောဇဉ်ငြိတွယ်နေခဲ့တာ၊ သူ့အပြောအဆို အပြုအမူတွေကို တွယ်တာနေမိခဲ့တာ၊ နံဘေးမှာ သူရှိနေရုံနဲ့ လုံခြုံပြည့်စုံနေပြီလို့ ထင်နေခဲ့တာ၊ သူ့ ဆုံးမစကားတွေကိုသူမသိအောင် တရိုက်မတ်မတ် နာခံတောင်ဖြစ်ခဲ့တာ၊ သူ့ရဲ့ ဦးဆောင်မှုတွေကို လိုလိုချင်ချင်နဲ့ မက်မောတောင့်တခဲ့တာ၊ ကိုယ့်ရဲ့ လမ်းပြကြယ်လေးအဖြစ် သတ်မှတ်ခဲ့မိတာ…။

ဒါတွေအားလုံးကိုရော ရှင်သိနိုင်ပါရဲ့လား နန္ဒလွင်။

ရှင်မသိနိုင်ခဲ့ပါဘူး။

ရှင့်ဘက်က ပိရိခဲ့သလို ကျွန်မဘက်ကလည်း မိန်းကလေးတစ်ယောက်ရဲ့ သိက္ခာနဲ့ မာနကိုလွှမ်းခြုံပြီး သူငယ်ချင်းဆိုတဲ့ ဘောင်အတွင်းမှာပဲ ကန့်သတ်ချက်တွေနဲ့ နေတတ်ခဲ့တာလေ။ အတွေးထဲကို တစ်ချက်တစ်ချက် ရောက်လာတတ်တဲ့ ကတ်လေးတွေကို ကြည့်နေရင်းနဲ့တောင် နှလုံးသားတစ်ထောင့်မှာတော့ ရှင့်တစ်ယောက်တည်းကိုပဲ သိမ်းဆည်းထားခဲ့မိတာလေ။

ဒါကို အချစ်လို့ ကင်ပွန်းတပ်ရရင်တော့…

"ညီ ကိုယ့်ကို တစ်ခုခုပြန်ပြောဦးလေ"

"ညီ ဘာပြန်ပြောရမှာလဲ"

ကျွန်မအသံတွေက အနိုင့်အမြင့်တော့

မမှန်ချင်ပါ။

''တစ်ခုခုတော့ပြောလေ ညို့ရာ၊ ကိုယ့်ကို ချစ်တယ် မချစ်ဘူး။ လက်ခံနိုင်တယ်၊ လက်မခံနိုင်ဘူး စသဖြင့်ပေါ့''

သူ့အသံတွေလည်း အဖျားခတ်မှာ မမှန်ချင်ဘူးပဲ။

ကျွန်မ ဘာပြောရမှာလဲ။ သူလိုချင်တဲ့အဖြေကို ပေးနိုင်ပေမယ့် အခုချက်ချင်းကြီးတော့ မဖြစ်နိုင်ပါ။ ဖြစ်လည်းမဖြစ်သင့်ပါ။

''ကိုနန္ဒရဲ့လုပ်ရပ်က ညင်သာလွန်းတော့ ရည်းစားစကား အပြောခံရတာလို့ မထင်ဘူး။ ဒီအတိုင်း သူငယ်ချင်း စကားဝိုင်းတစ်ခုလိုပဲ ထင်နေတယ်''

လက်ရှိအခြေအနေကနေ ရုန်းထွက်ဖို့ စကားစတော့...

''အဲဒီလိုတော့ လှည့်မဖြေပါနဲ့ ညို့ရာ။ ကိုယ့်တစ်ဘဝစာအတွက် ရည်ရွယ်ပြီးမှ အခုလို ဖွင့်ပြောရဲခဲ့တာ၊ ကိုယ့်ကို တစ်ခုခုတော့ အဖြေပေးပါ''

နန္ဒလွင်ရဲ့ မျက်နှာပေါ်က လေးနက်မှုကို ကျွန်မခံစားမိနေတယ်။

ကျွန်မ စကားလုံးရွေးရပြီ။

''ရုတ်တရက်မို့ ညို့ တအားအံ့အားသင့်နေမိတယ်၊ ဒီအမှန်တရားကိုလက်ခံဖို့



ညို့ အဆင်သင့်မဖြစ်သေးပေမယ့် ကိုနန္ဒလိုလူတစ်ယောက်ကို ငြင်းစရာအကြောင်းလည်း မရှိသေးပါဘူး''

''ဟာ...ဒါဖြင့်''

နန္ဒလွင်က ဝမ်းသာအားရနဲ့ ပြောလာတော့ အသာလက်ကာပြရင်း စကားကို ဆက်ရတယ်။

''ညို့ကို အချိန်ပေးပါ၊ ကိုနန္ဒလိုချင်တဲ့ အဖြေကို ပေးရမယ်ဆိုရင်တောင် ညို့ကို အချိန်တစ်ခုတော့ ပေးပါ။ ညို့ ကျောင်းပြီးတဲ့အထိပေါ့''

နန္ဒလွင် မချင့်မရဲလေးပြုံးတယ်။

''ညို့ မငြင်းတာကပဲ ကိုယ့်အတွက် ကံကောင်းလွန်းနေပြီ''

သူ့အရင် ကျွန်မကိုဖွင့်ပြောခဲ့ဖူးတဲ့ သူငယ်ချင်းနှစ်ယောက်ကို မျှော်လင့်ချက်လုံးဝမပေးဘဲ ချက်ချင်းငြင်းလွှတ်ခဲ့တဲ့ ကျွန်မရဲ့ ပြတ်သားမှုကို သူလည်းသိနေခဲ့တာပဲလေ။

''ကောင်းပါပြီဗျာ၊ ကိုယ့်အတွက် အကောင်းဆုံးအဖြေကိုရမယ်လို့ ယုံကြည်ရင်း ကိုယ်ဆက်စောင့်ပါမယ်၊ ဒီလောက်တောင် စောင့်နေခဲ့ပြီးပြီပဲ၊ ဆက်ပြီး ဖွဲ့ကောင်းရုံပေါ့ဗျာ''

သူ့အပြုံးတွေက ကျွန်မဆီကိုပါ ကူးစက်လာတော့ ခပ်ဖွဖွပြုံးလိုက်မိတယ်။

တစ်ယောက်ရဲ့နှလုံးသားကို တစ်ယောက်က သိနိုင်မြင်နိုင်တဲ့အပြင် ဘဝရည်မှန်းချက်ချင်းကလည်း တူညီနေမှတော့...

တစ်ယောက်နဲ့တစ်ယောက် ခွင့်လွှတ်နားလည်မှုတွေနဲ့ ဖေးမရင်းနဲ့ အနာဂတ်မှာ သာယာလှပတဲ့ ဘဝသစ်တစ်ခုကို တည်ဆောက်သွားနိုင်ဖို့ အချိန်ဆိုတဲ့ လှေကလေးပေါ်မှာ သစ္စာတရားတွေကို တင်ဆောင်ရင်း ရွက်လွှင့်သွားကြစို့ကွယ်။

**ကောင်းကင်မေ(စီးပွားရေးတက္ကသိုလ်)**

## ကာယကံနှင့် မနောကံ

တပ်သားသစ်လေးက အရာရှိကိုပြောတယ်၊ ''ကျွန်တော်က ဗိုလ်ကြီးကို အသုံးမကျဘူးလို့ပြောရင်၊ ဗိုလ်ကြီးက ကျွန်တော့်ကို ဘာလုပ်မလဲ''

**အရာရှိ။** ။ မင်းကို အချုပ်ထဲထည့်လိုက်မှာပေါ့၊

**တပ်သားသစ်။** ။ ကျွန်တော်က တွေးရုံပဲတွေးတာဆိုရင်ကော၊

**အရာရှိ။** ။ ဘာမှလုပ်လို့မရဘူး၊ အတွေးစိတ်ကူးဆိုတာ မြင်မှမမြင်ရပဲ၊

**တပ်သားသစ်။** ။ ကောင်းပြီ၊ ကျွန်တော် တွေးရုံပဲတွေးတာပါ။ ။

**မောင်သီဟ**









# အပန်းဖြေအနားယူခြင်းက ကျန်းမာရေးအတွက် ဘာကောင်းသလဲ

❒ ဒေါက်တာပြင့်သန်းထွန်း

ယနေ့အချိန်အခါတွင် လူတိုင်းလူတိုင်းသည် အလုပ်ကို နေ့စဉ် ရက်ဆက်၊ မရပ်မနား လုပ်နေကြပါသည်။ အပန်းဖြေအနားယူမှုမရှိဘဲ အလုပ်ကို လုပ်ကိုင်နေခြင်းကြောင့် ကျန်းမာရေးကို များစွာ ထိခိုက်နိုင်ပါသည်။ အသက်သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။ သို့ရာတွင် စိတ်ရောကိုယ်ပါ အပန်းဖြေအနားယူပါက ကျန်းမာရေးအတွက် ကောင်းမွန်သောအကျိုးကျေးဇူးများကို ခံစားရနိုင်ပါသည်။

## (၁) အအေးမိ၊ နှာစေးဝေဒနာ ခံစားရနိုင်ခြေကို လျော့ကျစေခြင်း

အလုပ်များပိပြီး ပင်ပန်းမှုကြောင့် နာတာရှည်စိတ်ဖိစီးမှုများ ဖြစ်ပေါ်တတ်ပါသည်။ နာတာရှည် စိတ်ဖိစီးမှုကြောင့် ခန္ဓာကိုယ်၏ ရောဂါရမ်းမှု တွန်းလှန်နိုင်စွမ်းကို လျော့ကျစေပြီး အအေးမိနှာစေး ဝေဒနာကို ခံစားရနိုင်ခြေကို မြင့်တက်စေနိုင်ပါသည်။ ထို့ကြောင့် ပုံမှန်အပန်းဖြေအနားယူခြင်းကို ပြုလုပ်ရပါမည်။ သို့မှသာ အအေးမိ၊ နှာစေးရောဂါကို လျှော့ချနိုင်ပါသည်။

## (၂) စိတ်ခံစားမှုကို ကောင်းမွန်စေခြင်း

စိတ်ဖိစီးမှုများပါက လူများ၏ချစ်စိတ်ကို အဟန့်အတား ဖြစ်စေပါသည်။ လိင်စိတ်ကို လျော့ကျစေပါသည်။ အိမ်ထောင်ရေး သာယာမှုကို အနှောင့်အယှက်ဖြစ်စေပါသည်။ အပန်းဖြေအနားယူခြင်းကို အပြည့်အဝ လိုက်နာဆောင်ရွက်ခြင်းဖြင့် စိတ်ခံစားမှုများကို





ကောင်းမွန်စေပါသည်။ လိင်စိတ်ကို အပြည့်အဝရရှိခြင်းဖြင့် ဖိုမသဘာဝကို အဆင်ပြေစေပါသည်။

### (၃) စိတ်ကျရောဂါကို ကင်းဝေးစေခြင်း

နာတာရှည် စိတ်ဖိစီးမှုကြောင့် ဦးနှောက်ဆဲလ်က ကလပ်စည်းများကို သေစေနိုင်ပါသည်။ စိတ်ဖိစီးမှုကို ကောင်းစွာ တုံ့ပြန်နိုင်သော ဦးနှောက်၏အစိတ်အပိုင်း ဟစ်ပိုကမ်းပတ်စ်၏ လုပ်ငန်းဆောင်ရွက်မှုကို ဟန့်တားအနှောင့်အယှက်ပေးပါသည်။ စိတ်ဖိစီးမှုသည် စိတ်ကျရောဂါနှင့် စိတ်ကြွလိုက်၊ ကျလိုက်ဖြစ်သော လူနာများ၏ စိတ်ခံစားမှုဆိုင်ရာ ပြဿနာဖြစ်နိုင်ခြေပိုဆိုးစေပါသည်။ ထို့ကြောင့် စိတ်ဖိစီးမှုကို လျော့ကျစေရန် အပန်းဖြေအနားယူရပါမည်။

### (၄) မှတ်ဉာဏ်ကို ကောင်းမွန်စေခြင်း

စိတ်ဖိစီးမှုကို တာရှည်စွာခံစားရပါက ဦးနှောက်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ကော့တက်စ် Cortex ကို ထိခိုက်စေပြီး မှတ်ဉာဏ်နှင့် လေ့လာသင်ယူနိုင်စွမ်းကို လျော့ကျစေပါသည်။ အပန်းဖြေအနားယူခြင်းမရှိဘဲ စိတ်ဖိစီးမှုများနေပါက ဦးနှောက်ထဲမှ ပရိုတင်းတချို့၏ ပမာဏကို ဆိုးစေသောကြောင့် အယ်လ်ဇိုင်းမားရောဂါနှင့် ဆက်စပ်နေပါသည်။ ထို့ကြောင့် မှတ်ဉာဏ်ကိုကောင်းစေရန် အပန်းဖြေအနားယူရပါမည်။

### (၅) ဆုံးဖြတ်ချက်မှန်ကန်စွာ ချမှတ်နိုင်ခြင်း

စိတ်ဖိစီးမှုများပြီး ပင်ပန်းနေပါက အရာရာကို ရှင်းလင်းစွာတွေးခေါ်နိုင်မည် မဟုတ်ပါ။ အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဆုံးဖြတ်နိုင်စွမ်းကို လျော့နည်းနိုင်ပါသည်။ စိတ်ဖိစီးမှုကို ကောင်းစွာထိန်းချုပ်ရင်ဆိုင်နိုင်ပါက အကောင်းမြင်စိတ်



စိတ်ဖိစီးမှုများပြီး ပင်ပန်းနေပါက
အရာရာကို ရှင်းလင်းစွာတွေးခေါ်နိုင်မည် မဟုတ်ပါ။
အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်
ဆုံးဖြတ်နိုင်စွမ်းကို လျော့နည်းနိုင်ပါသည်။
စိတ်ဖိစီးမှုကို ကောင်းစွာထိန်းချုပ်ရင်ဆိုင်နိုင်ပါက
အကောင်းမြင်စိတ်ရှိတတ်ကြပါသည်။

ရှိတတ်ကြပါသည်။ ထို့ကြောင့် အပန်းဖြေ အနားယူပြီး စဉ်းစားဆုံးဖြတ်ခြင်းသည် အောင်မြင်မှုကို ရရှိစေနိုင်ပါသည်။

**(၆) နှလုံးကို အကာအကွယ်ပေးနိုင်ခြင်း၊**

အလုပ်ကိစ္စများလွန်းခြင်း၊ စိတ်ဖိစီးမှုများပါက သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။ စိတ်ဖိစီးမှုကြောင့် လေ့ကျင့်ခန်းမပြုလုပ်နိုင်ခြင်း၊ ကျန်းမာရေးနှင့် မညီမညွတ်သော အစားအစာများကို စားမိခြင်းများကို ဖြစ်စေနိုင်ပါသည်။ စိတ်ဖိစီးမှုကို ရုတ်တရက်နှင့် ပြင်းထန်စွာခံစားရပါက နှလုံးရောဂါဖြစ်စေပါသည်။ ထို့ကြောင့် နှလုံးကို အကာအကွယ်ပေးနိုင်စေရန် အပန်းဖြေအနားယူမှုကို ပြုလုပ်ပေးရပါမည်။

**(၇) လေဖြတ်နိုင်ခြင်းကို လျော့ကျစေခြင်း၊**

စိတ်ဖိစီးမှုများကို ကောင်းစွာထိန်းချုပ်ကိုင်တွယ်နိုင်ပါက လေဖြတ်နိုင်ခြင်းကို လျော့ကျစေနိုင်ပါသည်။ လေ့ကျင့်ခန်းကို ပုံမှန်ပြုလုပ်ခြင်း၊ ဆေးလိပ်မသောက်ခြင်းနှင့် ကျန်းမာရေးကောင်းစေသောနည်းများကို လိုက်နာခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ကြောင့် စိတ်ဖိစီးမှုကြောင့် လေဖြတ်နိုင်၍ အပန်းဖြေအနားယူမှုကို ပြုလုပ်ရန် လိုအပ်ပါသည်။

**(၈) ရောဂါများကို လျင်မြန်စွာသက်သာနိုင်ခြင်း၊**

အပန်းဖြေအနားယူခြင်းကြောင့် ရောဂါဝေဒနာ ခံစားနေရသောသူများတွင် ရောဂါများကို လျင်မြန်စွာသက်သာပျောက်ကင်းနိုင်ပါသည်။

**(၉) ရင်သားကင်ဆာဖြစ်ပွားမှုကို လျော့ကျစေခြင်း၊**

အမျိုးသမီးများတွင် စိတ်ဖိစီးမှုများများပါက ရင်သားကင်ဆာဖြစ်နိုင်ခြေ နှစ်ဆခန့် မြင့်တက်နိုင်ပါသည်။ ထို့အပြင် စိတ်ဖိစီးမှုကြောင့် ကင်ဆာဆဲလ် ပွားများကြီးထွားမှုအပေါ် အကြီးအကျယ် သက်ရောက်နိုင်ပါသည်။ ထို့ကြောင့် စိတ်ဖိစီးမှုကို လျော့ကျစေရန် အပန်းဖြေအနားယူရပါမည်။

အလုပ်ကိစ္စများလွန်းခြင်း၊
စိတ်ဖိစီးမှုများပါက
သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့်
အခြားရောဂါများဖြစ်ပွားနိုင်ပါသည်။
စိတ်ဖိစီးမှုကြောင့်
လေ့ကျင့်ခန်းမပြုလုပ်နိုင်ခြင်း၊
ကျန်းမာရေးနှင့် မညီမညွတ်သော
အစားအစာများကို
စားမိခြင်းများကို
ဖြစ်စေနိုင်ပါသည်။

**(၁၀) ဝက်ခြံများကို သက်သာစေခြင်း၊**

စိတ်ဖိစီးမှုများပါက အရေပြားမှ အဆီထွက်ရှိနှုန်းကို မြင့်တက်စေခြင်းကြောင့် ချွေးပေါက်ပိတ်ကာ ဝက်ခြံများ ဖြစ်စေနိုင်ပါသည်။ ဆိုရိုယာစစ် အရေပြားရောဂါကိုလည်း ဖြစ်စေပါသည်။ ထို့ကြောင့် ဝက်ခြံများကို သက်သာစေရန် စိတ်ဖိစီးမှုကို လျှော့ချပြီး အပန်းဖြေအနားယူမှုကို ပြုလုပ်ရပါမည်။

**(၁၁) ခန္ဓာကိုယ်သွယ်လျကျန်းမာနိုင်ခြင်း၊**

စိတ်ဖိစီးမှုများသောသူများသည် အဆီနှင့် သကြားဓာတ်ပါဝင်မှု မြင့်မားသော အစားအစာများကို စားသောက်ကာ ခန္ဓာကိုယ်အလေးချိန်ကို တက်စေပါသည်။ အဝလွန်ကဲမှု ဖြစ်စေပါသည်။ အစားအစာ စားချင်သောဆန္ဒကို မြင့်တက်စေပြီး အမြန်စားနှင့် အသင့်စားအစားအစာများကို လွန်ကဲစွာ စားသုံးခြင်းကြောင့် ခန္ဓာကိုယ်သွယ်လျကျန်းမာမှုကို အနှောင့်အယှက်ပေးပါသည်။ ထို့ကြောင့် စိတ်ဖိစီးမှုကို လျှော့ချစေပြီး အပန်းဖြေ အနားယူမှုကို ပြုလုပ်ရပါမည်။

**(၁၂) အကြံပြုချက်**

အပန်းဖြေအနားယူခြင်းဖြင့် အထက်ပါအကျိုးကျေးဇူးများကို ရရှိနိုင်သောကြောင့် အလုပ်များပိနေပါက ကျန်းမာရေးအတွက် အပြည့်အဝ လိုက်နာသင့်ကြောင်း အကြံပြုအပ်ပါသည်။

**ဒေါက်တာမြင့်သန်းထွန်း**



မောင်မောင်မိုးကြောင်
(စာပေဗိမာန်စာမူဆုရ)

# ထာဝရဂုဏ်



သု

ပြည်လမ်း၊ စိုက်ပျိုးရေးမှတ်တိုင်အရောက်တွင် ဘတ်စ်ကားပေါ်က ကျွန်မဆင်းလိုက်သည်။ ထို့နောက် လက်ဝဲဘက်သို့ကွေ့ဝင်ပြီး သထုံလမ်းအတိုင်း ဆက်လျှောက်လိုက်သည်။ ထိုစဉ် ကျွန်မနောက်ကျောဘက်မှ ကားဟွန်းတီးသံကြားလိုက်ရသည်။ ကျွန်မ လမ်းဖယ်ပေးလိုက်သည်။ လမ်းဖယ်ပေးလိုက်သော်လည်း ကားဟွန်းတီးသံ ရပ်မသွားပါ။ ကျွန်မကိုလည်း ကားက ကျော်တက်သွားခြင်းမရှိပါ။

ကိုယ့်အလုပ်ကိစ္စအကြောင်းများသာ တွေး တောနေမိသဖြင့် ကားဟွန်းတီးသံကို ဂရု မစိုက်အားဘဲ ရှေ့သို့ ဆက်လျှောက်သွား နေသည်။ ဟွန်းတီးအချက်ပေးသံ ထပ်မံ ကြားရပြီ၊ ကျွန်မနောက်နားမှ နီးကပ်စွာ ဖြည်းဖြည်းမောင်းလာသောကားကို သတိ ထားမိလိုက်သည်။ မကျေမနပ်ဖြင့် နောက် သို့ လှည့်ကြည့်လိုက်သည်။ ကျွန်မကို တမင် နောက်ပြောင်နေသည်ထင်၍ ဒေါသဖြင့် ကြည့်လိုက်သည်။ ကျွန်မနှင့် နီးကပ်စွာ ရပ်တန့်လိုက်သော မာဇဒါကျစ်ကားတစ်စီးကို ရုတ်တရက်တွေ့လိုက်ရသည်။ ဌာနဆိုင်ရာ အရာရှိကြီးများစီးသော ကားဖြစ်ကြောင်း ကျွန်မသိလိုက်သည်။ ကျွန်မ ရပ်ကြည့်နေ စဉ် ကားရှေ့ခန်းမှ ခြေထောက်တစ်စုံ ဦးစွာ ထွက်ကျလာသည်။ တန်ဖိုးကြီး ဒေါက်မြင့်ဖိနပ်စီးထားသော ခြေထောက်ဖြူဖြူနုနု တစ်စုံကို တွေ့ရသည်။ ထို့နောက် အမျိုး သမီး ကားပေါ်မှဆင်းလာသည်။ ကျွန်မ လှမ်းအကြည့်တွင် သူဝတ်ဆင်ထားသော နားကပ်က လက်ခနဲ အရောင်ထွက်သွား သည်။ စိန်နားကပ်ဖြစ်မည်ထင်သည်။ ဆင်း လာသူကို ထင်ထင်ရှားရှား တွေ့လိုက်တော့ မှ ကျွန်မဒေါသတို့ လွင့်ပြယ်သွားခဲ့သည်။ မမျှော်လင့်ဘဲ သူ့ကိုတွေ့လိုက်ရသည်။

''ဟင်…မိနွယ်''

''ဟုတ်ပါတယ်၊ ကျွန်မ မိနွယ် ခေါ် နွယ်နွယ်ပါ။ ဆရာမကြီး ခေါ်ခင်မဖိုးနိုင် ခေါ် ခင်မရယ်၊ ဒီလောက် ကားဟွန်းတီးပြီ၊ မီး ထိုးနေတာတောင် လှည့်ကြည့်ဖော်မရဘူး။ မှိုး စိုက်ပျိုးရေးမှတ်တိုင်က ဆင်းကတည်း က လိုက်လာတာ၊ ဘာတွေများ တွေးပြီး လျှောက်နေတာလဲ''

ကျွန်မ ငယ်သူငယ်ချင်း နွယ်နွယ်ဆို သူကို ရုတ်တရက်တွေ့လိုက်ပြီး ပါးစပ်မှ လည်း မိနွယ်ဟု ခေါ်မိလျက်သားဖြစ်သွား သည်။

''ကောင်မစုတ်၊ ဒီကားက ငါ့ကို နောက်နေတာထင်ပြီး ရန်တွေ့တော့မလို့ နောက်ကိုလှည့်ကြည့်လိုက်တာ''

''နေပါဦး၊ ဘယ်ကိုသွားမလို့လဲ၊ ရန်ကုန်ကို ဘာကိစ္စနဲ့လာတာလဲ၊ ခု ဘယ် မှာ တည်းနေလဲ''

''နင်မေးတာ များလှချည်လား။ မှ ငါ ဒီသတ္တုလမ်းထဲက အခြေခံပညာဦးစီးဌာန၊ အောက်မြန်မာပြည်ရုံးကို သွားမလို့ပါ၊ သွား ရတဲ့ကိစ္စက သင်တန်းတက် သတင်းပို့ဖို့ ကိစ္စပါ''

''ဘာသင်တန်းတက်ဖို့လဲ''

''ဘီအီးဒီတက်ဖို့ပါ''

''ငါမေးချင်တာတွေ နောက်မှမေး တော့မယ်၊ ကဲ-လာ ကားပေါ်တက်၊ ငါ လိုက်ပို့ပေးမယ်''

ညီအစ်မအရင်းသဖွယ် ခပြောမနား ဆို မနာ သူငယ်ချင်းဖြစ်၍ စဉ်းစားမနေတော့ ဘဲ ကျွန်မ ကားရှေ့ခန်းသို့ လှမ်းတက်လိုက် သည်။ နွယ်နွယ်က သူ့ကားဒရိုင်ဘာကို လှမ်းပြောလိုက်သည်။

''ကဲ…မောင်တင့်ရေ၊ ခု ကားပေါ် ရောက်နေတဲ့ ဆရာမပြောတဲ့အတိုင်းသာ မောင်းပေတော့''

မိနစ်နှစ်ဆယ်ခန့်သာ မောင်းရသည်။ ကျွန်မ သတင်းပို့ရမည့်ရုံးသို့ ရောက်လာ သည်။

''ငါ့ကို ခဏစောင့်၊ မကြာပါဘူး''

''အေးအေးဆေးဆေးသာလုပ်၊ နင် မလာမချင်း ငါစောင့်နေမယ်''

ရုံးပေါ်တွင် ကျွန်မ သင်တန်းအတွက် ရောက်ရှိသတင်းပို့ခြင်းကိစ္စ ဆယ့်ငါးမိနစ်ခန့် သာ ကြာခဲ့သည်။ ကျွန်မ ကားပေါ်ပြန် ရောက်သည်နှင့် နွယ်နွယ်က မေးပါတော့ သည်။

''နင့် သင်တန်းခန်းမက ဘယ်မှာလဲ''

''ဒီပညာရေးတက္ကသိုလ်မှာပဲလေ''

''ဘယ်ကနေ တက်မှာလဲ၊ နေဖို့ အဆောင်ရော စီစဉ်ပြီးပြီလား''

''ဒီအနား ပတ်ဝန်းကျင်မှာတော့ အဆောင်တွေပြည့်သွားပြီ၊ ငါ့လိုလူတွေ အများသားလား။ ကြိုတင်ပြီး နေမယ့်အ ဆောင် မစီစဉ်မိတာ ငါ့ရဲ့ပေါ့ဆမှုပါ။ ခု တော့ ငါ့အစ်ကိုအိမ်ကပဲ တက်တော့မယ်လို့ ဆုံးဖြတ်ထားတယ်''

''နင့်အစ်ကိုက ဘယ်မှာနေတာလဲ''

''သာကေတဘက်မှာနေတာ''

''ဝေးသားပဲ၊ နင် ဘယ်လိုသင်တန်း လာမှာလဲ''

''ကားနှစ်ဆင့်စီးပြီး တက်ရမယ်၊ မနက်အစောကြီး ထရမှာပေါ့''

''ကဲ…ဒီလိုလုပ်၊ အိမ်မှာလည်း ငါ တစ်ယောက်တည်းပဲရှိတာ၊ အိမ်က အကျယ်



တန်ဖိုးကြီး
ဒေါက်မြင့်ဖိနပ်
စီးထားသော
ခြေထောက်ဖြူဖြူနုနုတစ်စုံကို
တွေ့ရသည်။ ထို့နောက်
အမျိုးသမီး ကားပေါ်မှ
ဆင်းလာသည်။
ကျွန်မ လှမ်းအကြည့်တွင်
သူဝတ်ဆင်ထားသော
နားကပ်က လက်ခနဲ
အရောင်ထွက်သွားသည်။
စိန်နားကပ်ဖြစ်မည်ထင်သည်။
ဆင်းလာသူကို
ထင်ထင်ရှားရှား
တွေ့လိုက်တော့မှ…

ကြီး၊ နင် ငါ့အိမ်မှာ လာနေပါလား။ နေ့ခင်းဘက် ငါတစ်ယောက်တည်းမို့ အဖော်မရှိဘူး ဖြစ်နေတယ်''

''နင့်မှာ သားတစ်ယောက်ရှိတယ်မဟုတ်လား။ ခု ဘယ်နှတန်းရောက်နေပြီလဲ''

''ကိုးတန်းအောင်ထားတော့ အထက်တန်းကျောင်းမှာ ဆယ်တန်းတက်မှာ။ အိမ်မှာမနေဘူး။ အဘိုးအဘွားတွေ ခေါ်ထားတော''

''နင့်အိမ်က ဘယ်မှာလဲ''

''ဒီမြည်လမ်းပေါ်မှာပဲရှိတာ၊ ဌာနက ပေးတဲ့ အိမ်ပါ၊ နင့် သင်တန်းခန်းမနဲ့လည်း နီးတယ်၊ မနက် ငါ့ယောက်ျားအလုပ်သွားရင်း နင့်ကို ဝင်ပို့ပေးလိုက်ရုံပဲ''

''နင့်ယောက်ျားရုံးက ဘယ်မှာလဲ''

''မြောက်ဒိုင်ခွဲမှာ ရုံးထိုင်တာ''

''ဩော် . . . နီးသားပဲ၊ ဒါနဲ့ နင့်ယောက်ျားက ဘာအဆင့်ရောက်နေပြီလဲ''

''ဒုညွှန်ချုပ် ဖြစ်နေပြီ''

''အင်း . . . နင်စီးလာတဲ့ကားကို တွေ့ကတည်းက ထင်သားပဲ၊ နင်ပြောတဲ့အတိုင်း ငါလက်ခံတယ်၊ နင့်အိမ်ကပဲ ငါ သင်တန်းတက်တော့မယ်''

''တကယ်ပြောတာနော် ခင်မ။ ငါ ဝမ်းသာလိုက်တာ၊ ဒါဆို သာကေတက နင့်အစ်ကိုလိပ်စာပြော၊ ငါ သွားကြိုခိုင်းလိုက်မယ်၊ သင်တန်းက ဘယ်တော့စမှာလဲ''

''ဒီနေ့ သောကြာနေ့၊ သင်တန်းက တနင်္လာနေ့စမယ်၊ ဒါပေမဲ့ ငါ စာတွေကျက်ဦးမယ်၊ မနက်ဖြန်ပဲပြောင်းလာတော့မယ်၊ လာမကြိုပါနဲ့ ကားငှားပြီး လာခဲ့မယ်''

''ဒါဆို အိမ်သိရအောင် ငါနဲ့ခုလိုက်ခဲ့၊ ဒါနဲ့ နင် အပျိုကြီးဖြစ်နေတုန်းပဲလား။ အိမ်ထောင် မပြုတော့ဘူးလား''

''အသက်ပဲ သုံးဆယ့်ငါး နီးနေပြီ၊ ဟိုင်းသွားပြီ၊ အပျိုကြီးဘဝနဲ့ပဲ နေရတော့မှာပေါ့''

''အင်း . . . နင်က ဆရာမဆိုတဲ့ ဂုဏ်သာမက အပျိုကြီးဆိုတဲ့ဂုဏ်ကိုလည်း ထိန်းထားတုန်းပါပဲလား''

မကြာမီ ကျွန်မတို့စီးလာသောကား ပြည်ထောင်စုရိပ်သာဟုခေါ်သော အရာရှိကြီးများအိမ်ရာသို့ ရောက်လာသည်။ ကားက ဆင်ဝင်အောက်တွင် ရပ်လိုက်သည်။

''လာ ဘူယယ်ချင်း။ အိမ်ပေါ်တက်ဦး။ အိမ်မှာက ချက်ပြုတ်၊ အဝတ်လျှော်ဖို့ တစ်ယောက်ရှယ်၊ ဒရိုင်ဘာရယ်ပဲရှိတာ၊ လွတ်နေတဲ့ အိပ်ခန်းနှစ်ခန်းရှိတယ်၊ လွတ်လွတ်လပ်လပ် စိတ်ချမ်းသာသလိုသာ နေလို့ရတယ်''

တိုက်ခန်းမှာ ဟောင်းအိုနေသော်လည်း ကျွန်မထင်ထားသည်ထက် ပိုခန့်ကြီးမားနေသည်ကို တွေ့ရသည်။ သူငယ်ချင်းနွယ်နွယ်ကို ကြိတ်၍ကျေးဇူးတင်နေမိသည်။ ကျွန်မတက်ရမည့်သင်တန်းခန်းမနှင့်လည်း နီးနီးလေးသာဖြစ်သည်။

''ကဲ . . . အိမ်သိပြီ၊ ငါသွားတော့မယ်၊ မနက်ဖြန် ပစ္စည်းတွေယူပြီး ငါလာခဲ့မယ်၊ လိုက်မပို့နဲ့တော့''

''ဒါဆို ကားမှတ်တိုင်ထိ လိုက်ပို့ခိုင်းလိုက်မယ်၊ ငါမလိုက်တော့ဘူး''

ယာဉ်မောင်းသူက ပြည်လမ်းရှိ ကားမှတ်တိုင်သို့ လိုက်ပို့ပေးသည်။ ကျွန်မ ကားမှတ်တိုင်ရောက်ရောက်ချင်းပင် ရန်ကုန်မြို့တွင်းသို့သွားမည့် ဘတ်စ်ကား ထိုးဆိုက်လာသည်။ ကျွန်မ ဘတ်စ်ကားပေါ် လှမ်းတက်လိုက်သည်။ ဘတ်စ်ကားစီးလာရင်း ကျွန်မနှင့် နွယ်နွယ်တို့ ငယ်စဉ်ကာလအကြောင်းများက ကျွန်မအတွေးထဲ အစီအရီပေါ်လာသည်။

နွယ်နွယ်နှင့် ကျွန်မမှာ အလယ်တန်းကျောင်းသူဘဝကတည်းက တစ်တန်းတည်း၊ တစ်ကျောင်းတည်း၊ တပူးတွဲတွဲနေခဲ့ကြသည်။ မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ်ကွက်တွင် တစ်လမ်းတည်း အိမ်ချင်းကပ်နေခဲ့ကြသည်။ ကျွန်မတို့အိမ်မှာ တစ်ထပ်ပျဉ်ထောင်အိမ်လေးဖြစ်သည်။ နွယ်နွယ်တို့အိမ်က နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဖြစ်သည်။ ကျွန်မဖေဖေမှာ ကျောင်းဆရာမတစ်ဦးဖြစ်သည်။ ကျွန်မ ခြောက်တန်းနှစ်ကပင် ဖေဖေကွယ်လွန်သွားခဲ့သည်။ နွယ်နွယ့်မိဘများမှာ ကုန်သည်များဖြစ်သည်။ ကျွန်မတို့ထက် စီးပွားရေးချောင်လည်သူများဖြစ်သည်။ မော်လမြိုင် အမှတ်(၂) အစိုးရအထက်တန်းကျောင်းမှ ဆယ်တန်းကို တစ်နှစ်တည်း အတူတူအောင်ခဲ့ကြသည်။ မော်လမြိုင်တက္ကသိုလ်တက်တော့လည်း အတူတူပင်ဖြစ်သည်။ ဘာသာတွဲလည်း အတူတူပင်ဖြစ်သည်။ နှစ်ယောက်စလုံး မြန်မာစာကိုပင် ယူခဲ့ကြသည်။ နောက်ဆုံးနှစ်ဖြေပြီးချိန်တွင်

ကျွန်မ ဖေဖေမှာ
ကျောင်းဆရာမတစ်ဦးဖြစ်သည်။
ကျွန်မ ခြောက်တန်းနှစ်ကပင်
ဖေဖေကွယ်လွန်သွားခဲ့သည်။
နွယ်နွယ့်မိဘများမှာ
ကုန်သည်များဖြစ်သည်။
ကျွန်မတို့ထက်
စီးပွားရေးချောင်လည်သူများ
ဖြစ်သည်။
မော်လမြိုင် အမှတ်(၂)
အစိုးရအထက်တန်းကျောင်းမှ
ဆယ်တန်းကို တစ်နှစ်တည်း
အတူတူအောင်ခဲ့ကြသည်။



နွယ်နွယ်ပြောခဲ့သော စကားများကို ကျွန်မ အမှတ်ရနေဆဲဖြစ်သည်။

''ကျောင်းပြီးရင် နင်ဘာလုပ်မယ် စိတ်ကူးထားလဲ ခင်မ''

''ငါ့အမေဆန္ဒအတိုင်း ကျောင်းဆရာမ ပဲ လုပ်ရမှာပေါ့၊ ငါကိုယ်တိုင်ကလည်း ငါ သနာပါတယ်လေ''

''နင်က ကျောင်းဆရာအလုပ် တော် တော် ဝါသနာပါလား။ ဘာဂုဏ်တွေရှိနေလို့ လဲ၊ ပြီးတော့ ချမ်းသာမှာလည်း မဟုတ်ဘူး။ နင့်အမေကို ကြည့်လေ''

''နင်ပြောတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ ငါ့မေမေပြောတာက မိန်းကလေးဆိုတာ ကျောင်းဆရာမအလုပ်နဲ့ အသင့်တော်ဆုံးပဲ တဲ့၊ ပြီးတော့ ဂုဏ်လည်းရှိတယ်တဲ့''

''နင့် ဆရာမဆိုတဲ့ဂုဏ်က ဘယ် လောက် ကြီးနေလို့လဲ''

''ဒါဆို နင်ကရော ကျောင်းပြီးရင် ဘာ လုပ်မယ် စိတ်ကူးထားလဲ''

''ငါကတော့ နင့်လိုမဟုတ်ဘူး။ ကြီး ပွားချမ်းသာတဲ့ဂုဏ်ကို လိုချင်တာ၊ ချမ်းသာ အောင် လုပ်ရမယ်''

''တို့ရမယ့် ဘွဲ့လေးနဲ့ ဘယ်လိုလုပ် ချမ်းသာမှာလဲ နွယ်နွယ်ရယ်''

''နင်စောင့်ကြည့်နေပါ၊ ကိုယ်တိုင် ချမ်းသာအောင် မလုပ်နိုင်ရင် ချမ်းသာတဲ့ ယောကျ်ား၊ ဒါမှမဟုတ် ရာထူးရှိတဲ့ ယောကျ်ား ငါယူပြမယ်''

နွယ်နွယ်မှာ ကျွန်မထက်စာလျှင် ရုပ် ရည် ချောမောလှပသူဖြစ်သည်။ နွယ်နွယ် က သူပြောခဲ့သည့်အတိုင်း ဖြစ်အောင်လုပ် ခဲ့သည်။ ဘွဲ့ရ၍ ကျွန်မ မူလတန်းပြဆရာမ လုပ်နေစဉ် နွယ်နွယ်က သူ့ထက်အသက် ဆယ့်နှစ်နှစ်ခန့်ကြီးသော အရာရှိတစ်ဦးနှင့် လက်ထပ်သွားခဲ့သည်။ လက်ထပ်ပွဲကိုလည်း ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ခဲ့သည်။ မူလတန်းပြဆရာမဘဝဖြင့် ကျွန်မ ဘီလူး ကျွန်းတွင် တာဝန်ကျနေစဉ် နွယ်နွယ်က သျှောင်နောက်ဆံထုံးပါဆိုသလို ရန်ကုန်မြို့သို့ လိုက်ပါပြောင်းရွှေ့သွားခဲ့သည်။ ထိုအချိန်မှ စ၍ ကျွန်မနှင့် အဆက်အသွယ်ပြတ်ခဲ့သည်။ သတင်း သာ ကြားနေရပြီး ယခုမှ လူချင်းပြန်ဆုံကြ သည်။ ကလေးတစ်ယောက်အမေ ဖြစ်နေ သော်လည်း နွယ်နွယ်မှာ အရွယ်ကျမသွား ဘဲ လှပနေဆဲပင်ဖြစ်သည်။ ပင်ပင်ပန်းပန်း ဘာမှမလုပ်ရဘဲ အရိပ်ထဲနေရပြီး စိတ်ချမ်း သာနေပုံရသည်။ နွယ်နွယ် အသားအရေက ဖြူဝင်းနေဆဲပင်ဖြစ်သည်။ လက်ရှိ ကျွန်မ ဘဝနှင့် နွယ်နွယ်ဘဝကို နှိုင်းယှဉ်ကြည့်မိ သည်။ မိမိ ဆရာမဘဝက သိမ်ငယ်နေပြီ လားဟု တွေးလိုက်မိသည်။ ရိုးသားစွာဝန်ခံ ရလျှင် နွယ်နွယ်ဘဝကို အားကျစိတ်များ ဖြစ်ပေါ်ခဲ့သည်။

ကျွန်မစီးလာသောကား သိမ်ကြီးဈေး ရောက်မှ ကျွန်မအတွေးများ ပြတ်သွား သည်။ သာကေတဘက်သို့သွားသော ဘတ်စ်ကားပြောင်းစီးကာ အစ်ကို့အိမ် သွား ခဲ့သည်။ အစ်ကို့ကို အကျိုးအကြောင်းပြော ပြရသည်။ အစ်ကိုက နွယ်နွယ်အကြောင်း သိထားသူဖြစ်သည်။ မကာနံ့ကွက်ခဲ့ပါ။ နောက်တစ်နေ့တွင် အငှားကားဖြင့် နွယ် နွယ်တို့အိမ်သို့ ထွက်လာခဲ့သည်။ ကျွန်မ ရောက်ချိန်တွင် ကျွန်မအတွက် သီးသန့် အခန်းတစ်ခန်း စီစဉ်ပြီးဖြစ်နေသည်။ ဧည့် ခန်းနှင့် အနီးဆုံးအခန်းဖြစ်နေသည်။

''ဟောဒီအခန်းမှာ စိတ်ကြိုက်သာနေ ပေတော့၊ ဘာမှ အားနာစရာမလိုဘူး။ ငါ့ အိမ်ကလူတွေကိုလည်း နင့်ကိုကူညီဖို့ ပြော ထားပြီးပြီ''

နွယ်နွယ်က သူ့အိမ်မှလူများနှင့် ကျွန်မ ကို မိတ်ဆက်ပေးသည်။ ညနေဘက်တွင် သူ့ခင်ပွန်းရောက်လာစဉ် ကျွန်မနှင့် မိတ် ဆက် ပေးပြန်သည်။

''နွယ်နွယ်က ဆရာမ ဒီမှာနေပြီး သင် တန်းတက်မယ်ဆိုလို့ ပျော်နေတာ၊ သင်တန်း က ဘယ်လောက်ကြာမှာလဲ''

''အစုတက်ရမယ့် ဘီအီးဒီသင်တန်း က ဓနုရာသီကျောင်းပိတ်ရက်ပဲ တက်ရ မယ်''

''ဪ…ဟုတ်လား။ ကျွန်တော့်ကို ဘာမှ အားနာစရာမလိုဘူး၊ ဆရာမကို မနက် သင်တန်းပို့ပေးပြီး ညနေပြန်ကြိုဖို့ မှာထားပြီးပြီ''

''ဒီလိုလုပ်ပါလား။ မနက်ဘက်ပဲ ပို့ ပေးပါ၊ အတန်းမီအောင်လို့ပါ၊ ညနေဘက် က ဆရာတွေအပေါ်မှာ မူတည်နေတယ်၊ ညနေဘက် ကျွန်မဘာသာပြန်လာပါ့မယ်၊ သိပ်ဝေးတာလည်း မဟုတ်ဘူး''

''ဒါဆိုလည်း ဆရာမသဘောပဲလေ''

ကျွန်မ နေခွင့်ရသောအခန်းတွင် သင်



ပင်ပင်ပန်းပန်း
ဘာမှမလုပ်ရဘဲ
အရိပ်ထဲနေရပြီး
စိတ်ချမ်းသာနေပုံရသည်။
နွယ်နွယ် အသားအရေက
ဖြူဝင်းနေဆဲပင်ဖြစ်သည်။
လက်ရှိ ကျွန်မဘဝနှင့်
နွယ်နွယ်ဘဝကို
နှိုင်းယှဉ်ကြည့်မိသည်။
မိမိ ဆရာမဘဝက
သိမ်ငယ်နေပြီလားဟု
တွေးလိုက်မိသည်။
ရိုးသားစွာဝန်ခံရလျှင်…

အမျိုးသမီးတစ်ဦး ဝင်လာသည်။ သူ့လက်ထဲတွင် အထုပ်တစ်ထုပ်ကိုင်လျက် ပါလာသည်ကို လှမ်းတွေ့နေရသည်။ ထိုအမျိုးသမီးမှာ နွယ်နွယ်ထက် အသက်ပို၍ကြီးပုံရသည်။ သို့သော် နွယ်နွယ်ကို မမဟုခေါ်ကာ・・・



ခန်းစာများ ကျက်မှတ်နေစဉ် အပြင်ဘက်မှ ကားတစ်စီးဝင်လာသည်။ အမျိုးသမီးတစ်ဦး ဝင်လာသည်။ သူ့လက်ထဲတွင် အထုပ်တစ်ထုပ်ကိုင်လျက် ပါလာသည်ကို လှမ်းတွေ့နေရသည်။ ထိုအမျိုးသမီးမှာ နွယ်နွယ်ထက် အသက်ပို၍ကြီးပုံရသည်။ သို့သော် နွယ်နွယ်ကို မမဟုခေါ်ကာစကားပြောသည်။

''ဆရာ့တပည့် နေပြည်တော်ကပို့လိုက်တဲ့ မှုစ်ချဉ်နဲ့ လက်ဆောင်တွေပါ''

''ဒါတွေ ဘာလို့ယူလာရတာလဲ၊ ဘာကိစ္စရှိလို့လဲ''

''အစ်ကိုက မှာလိုက်တယ်၊ ဆရာ့ကို ပြောပေးပါနော်၊ သူ နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေတာ သုံးနှစ်ပြည့်တော့မယ်၊ ရန်ကုန်ပြန်ပြောင်းချင်လို့တဲ့ အဲဒါ ဆရာ့ကို ပြောပေးဖို့ပါ၊ ကျွန်မအလုပ်က ဒီမှာဆိုတော့・・・''

''သဘောပေါက်ပြီ၊ ရှင်တို့ဆရာကို ကျွန်မပြောပြလိုက်ပါ့မယ်၊ လက်ရှိ တာဝန်ထမ်းဆောင်နေတဲ့ ဌာနနဲ့ နာမည်ပေးခဲ့ဦး''

ထိုအမျိုးသမီး ရေးမှတ်ပြီး စာရွက်တစ်ရွက် နွယ်နွယ်ထံ တရိုတသေကမ်းပေးလိုက်သည်။

''ကျေးဇူးပဲ မမ၊ ကျွန်မကို ပြန်ခွင့်ပြုဦး''

အမျိုးသမီးက ပါလာသော လက်ဆောင်ပစ္စည်းအထုပ်များကို စားပွဲပေါ်တင်ပြီး နှုတ်ဆက်ကာ ထွက်သွားသည်။ ကျွန်မ သင်ခန်းစာများ ကျက်မှတ်နေစဉ် ကော်ဖီတစ်ခွက်ကိုင်ပြီး နွယ်နွယ် ကျွန်မအခန်းထဲ ဝင်လာသည်။

''စာတွေကျက်နေရတုန်းပါလား ခင်မရယ်၊ နင့်ကိုကြည့်ရတာ ပင်ပန်းလိုက်တာ''

''ဒါတောင် ငါ assignment တွေ မှန်မှန်ပြေခဲ့လို့ တော်သေးတာ၊ သင်တန်းက ရက်တိုတော့ ဆရာတွေက တအားတွန်းပြီး သင်ကြတာ''

''အေးပါ၊ ကော်ဖီသောက်လိုက်ဦး၊ ငှ အသက်အရွယ်အထိ စာတွေကုန်းကျက်နေရသေးတဲ့နင့်ကို ငါ သနားလိုက်တာ ခင်မရယ်''

''အောင်ဖို့ တော်တော်ကျက်ရတယ်၊ မနှစ်ကတစ်ကြိမ် ခုလိုကျောင်းပိတ်ရက်မှာ ငါလာ တက်ပြီးပြီ၊ ဒီနှစ်ပြီးပြီ၊ ဘိုစာတွေလည်း အများကြီးပါတယ်၊ တော်တော်ဦးနှောက်စားတဲ့ သင်တန်းပဲ''

''နင်ပြောခဲ့တာ ငါမှတ်မိနေသေးတယ် ခင်မ၊ ဆရာဆိုတဲ့ ဂုဏ်လေးရဖို့ နင်ပေးဆပ်နေရတာတွေက မနည်းပါလား ခင်မရယ်''

''ဒါကတော့ နင့်အယူအဆနဲ့ နင်ပေါ့၊ နင် ဘဝအတွက် ဖြစ်ချင်တာတွေဖြစ်အောင် နင်လုပ်နိုင်ခဲ့တော့ နင်ပြောအားရှိတာပေါ့၊ ကဲ–ကဲ ငါစာကျက်လိုက်ဦးမယ်''

ယနေ့ တနင်္ဂနွေနေ့ဖြစ်သည်။ မနက်ဖြန် သင်တန်းစတက်ရတော့မည်ဖြစ်သည်။ ပြင်ဆင်စရာများ ပြင်ဆင်ရင်း ကျွန်မ စာဖတ်နေစဉ် လင်မယားနှစ်ဦး အိမ်ထဲဝင်လာကြသည်ကို တွေ့ရသည်။ ဒတ်ဆန်းကားဖြင့် ရောက်လာသော ထိုလင်မယားနှစ်ဦးကို နွယ်နွယ်သိပုံမရပါ။ ကားပေါ်မှ မီးသွေးအိတ်များ ချနေသည်ကို ကျွန်မမြင်နေရသည်။

''အို・・・မီးသွေးအိတ်တွေပါလား၊ ဘာဖြစ်လို့ ယူလာရတာလဲ''

''ဒါက မြိတ်က မီးသွေးအိတ်တွေလေ၊ အရမ်းကောင်းတာ''

''ဒီမှာက လျှပ်စစ်နဲ့ ချက်ပြုတ်နေတာ၊ ခုကျွန်ရှာလို့ရှင်၊ ရှင်တို့ဆရာ အိမ်မှာမရှိဘူး၊ ဂေါက်သီးရိုက်ဖို့ သွားနေတာ၊ ဒါနဲ့ ကိစ္စရှိလို့လား၊ ရှင်တို့ဆရာကို စောင့်ကြဦးမလား၊ ကျွန်မ ဘာပြောပေးရမလဲ''

''ဒါဆို ဒီစာလေးသာ ဆရာ့ကို ပေးပေးပါ''

''ရပါတယ်၊ ရှင်တို့ဆရာကို ဘာပြောပေးရဦးမလဲ''

''ဟုတ်ကဲ့・・・မမလည်း နည်းနည်းပြောပေးပါ၊ ကျွန်တော့် ပရိုမိုးရှင်းကိစ္စအတွက်ပါ၊ နယ်ရောက်နေလို့ ဌာနက မမှန်နေတာလားတော့ မပြောတတ်ဘူး၊ ကျွန်တော့်ထက် ဂျူနီယာကျသူတွေက ကျော်တက်သွားကြပြီ၊ စာထဲမှာလည်း ပြည့်ပြည့်စုံစုံ ရေးထားပါတယ်၊ ဆရာ့ကို ကူပြောပေးပါလို့''

''ကောင်းပြီလေ၊ ကျွန်မ ဆက်ဆက်ပြောပြလိုက်ပါ့မယ်''

''ကျေးဇူးပဲ မမရယ်၊ ဒီအထုပ်က ဆရာကြိုက်တဲ့ ကင်းမွန်ခြောက်တွေပါ၊ တော်တော်ဈေးကြီးတာ၊ ခွင့်ပြုပါဦး''

ထိုသူများထွက်သွားသည်နှင့် နွယ်နွယ်က အိမ်ဖော်မလေးကိုခေါ်ကာ မီးသွေးအိတ်

များ ရှုရှိုင်းလိုက်သည်။ လင်ယောက်ျား၏ ရာထူးအရှိန်အဝါဖြင့် နွယ်နွယ် မော်ကြွားနိုင်သည်မှာ ကျွန်မ မျက်မြင်ကိုယ်တွေ့ပင် ဖြစ်နေသည်။ ကျွန်မသင်တန်းက မနက်ရှစ်နာရီတိတိ စမည်ဖြစ်၍ နွယ်နွယ်က ကျွန်မကို သီးခြားတစ်ခေါက် ပို့ပေးသည်။ နွယ်နွယ်ကျေးဇူးကြောင့် ကျွန်မ မပင်ပန်းတော့ပါ။ ရင်ထဲမှကြိတ်၍ နွယ်နွယ်ကို ကျေးဇူးတင်နေမိသည်။ သာဓကတမှ အစ်ကိုကြီးနေအိမ်နှင့် နွယ်နွယ်တို့နေအိမ်မှာ ကွာခြားလွန်းလှသည်။ နွယ်နွယ်အပေါ် အားကျစိတ်ဖြစ်လာသည်မှာလည်း အမှန်ပင်ဖြစ်သည်၊ နွယ်နွယ် ခင်ပွန်းထံသို့ တပည့်တပန်းများ မကြာခဏ လက်ဆောင်ပစ္စည်းများဖြင့် ရောက်ရှိလာပြီး အကူအညီတောင်းခံသည်ကိုလည်း တွေ့နေရသည်။ နွယ်နွယ်ခင်ပွန်းက ရာထူးကြီးသည့်အပြင် ငွေကြေးလည်း ချမ်းသာကြွယ်ဝပုံရသည်။ နွယ်နွယ်က သူဖြစ်ချင်သော သူ့ဘဝကို အကောင်အထည် ဖော်နိုင်ခဲ့ပြီဖြစ်သည်။ ကျွန်မသာ နွယ်နွယ့်ဘဝကို တိတ်တခိုးအားကျရင်း သင်ခန်းစာများနှင့် လုံးထွေးရစ်ပတ်နေခဲ့သည်။ ဘီအီးဒီသင်တန်း၊ အောင်မြင်ရေးအတွက် လုံးပန်းကြိုးစားနေရသည်။

ရုံးပိတ်ရက်တစ်နေ့ မိသားစုတစ်စု အထုပ်အပိုးများနှင့် နွယ်နွယ်တို့အိမ် ရောက်လာသည်။ နွယ်နွယ့်ခင်ပွန်းနှင့် ဧည့်ခန်းတွင် စကားပြောခွင့်ရခဲ့ကြသည်။ ကလေးငယ် နှစ်ယောက်လည်း ပါလာသည်။

"ငါ့သီလာတာ ကလေးတွေရော၊ မင်းမိန်းမရော ပါလာပါလား၊ မင်း အဆင်ပြေတယ် မဟုတ်လား"

"အဆင်ပြေပါတယ် ဆရာ၊ လာမယ့် အပြောင်းအရွှေ့မှာ လက်ရှိ မော်တော်ယာဉ်ဌာနက ကျွန်တော်ပြောင်းရမယ်လို့ သတင်းတွေ ကြားနေရတယ်၊ လက်ရှိ မော်တော်ယာဉ်ဌာနမှာပဲ ဆက်နေချင်သေးတယ်၊ ကူညီပါဦးဆရာ"

"မင်းက အဲဒီ မော်တော်ယာဉ်ဌာနမှာ ရောက်နေတာကြာပြီမဟုတ်လား"

"ဟုတ်ပါတယ်၊ အဲဒီ မော်တော်ယာဉ်ဌာနမှာ အဆင်ပြေလို့ နောက်ထပ် တစ်နှစ်လောက် ဆက်နေချင်သေးလို့ပါ၊ ဆရာ ပြောပေးရင် ရပါတယ်"

"ဌာနအပြောင်းအရွှေ့က သတ်မှတ်စည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်ရတာပဲ၊ မင်းကလည်း အရက်သောက်ပြီး မူးမူးနေတယ်ဆို၊ ဒါကြောင့် မင်းကိုပြောင်းဖို့ လုပ်တာထင်တယ်"

"စိတ်ချ ကျွန်တော် အရက်ဖြတ်ပါ့မယ် ဆရာ၊ ဒီဌာနက အဆင်ပြေတော့ လာချင်တဲ့သူတွေများနေတယ်။ နောက်ထပ် တစ်နှစ်ဆက်နေရရင် တော်ပါပြီဆရာ"

"အေးအေး၊ ငါပြန်နိုင်ပြီး စိစစ်ကြည့်လိုက်ဦးမယ်"

"ကျေးဇူးတင်ပါတယ်ဆရာ၊ ကဲ-ကဲ ဆရာ့ကို ကန်တော့ရအောင်"

မိသားစုအားလုံးပါလာသောကန်တော့ပွဲ ပစ္စည်းများ စားပွဲပေါ်တင်ပြီး သူတို့ အထက်လူကြီးကို ကန်တော့ကြသည်။ ကလေးနှစ်ယောက်လည်း ချစ်စဖွယ် ကန်တော့ကြသည်။

"မင်းအရက်သောက်တာ လျှော့ဖို့ မမေ့နဲ့၊ ကလေးနှစ်ယောက်အတွက် မုန့်ဖိုး ပေးလိုက်မယ်၊ ပြန်ကြတော့၊ ငါမှာ ကိစ္စတွေ ရှိသေးတယ်"

နွယ်နွယ့်ခင်ပွန်းဦးမင်းထွေက ကလေးနှစ်ယောက်အား မုန့်ဖိုးပေးလိုက်သည်ကို တွေ့ရသည်။ ထိုမိသားစု ပြန်ထွက်သွားပြီး မကြာမီ အိမ်ဖော်မလေး ရောက်လာသည်။ ကန်တော့သွားသည့် စားပွဲပေါ်မှ အထုပ်များကို သိမ်းဆည်းယူဆောင်သွားတော့သည်။

နွယ်နွယ်တို့အိမ်တွင် နေခဲ့ရသည့် အချိန်တိုအတွင်း အစစအဆင်ပြေခဲ့သည်။ စားသောက်နေထိုင်ရေးအားလုံး အဆင်ပြေအောင် နွယ်နွယ်က စီစဉ်ပေးခဲ့သည်။ စာမေးပွဲကိုလည်း ကောင်းမွန်စွာဖြေဆိုနိုင်ခဲ့သည်။ ကိစ္စအားလုံးအတွက် နွယ်နွယ်ကို ကျေးဇူးတင်ရပါသည်။ နွယ်နွယ်က သူ့ငယ်ချင်းကောင်း ပီသခဲ့သည်။ လက်ရှိ နွယ်နွယ် ဘဝနှင့် ကျွန်မ၏ ကျောင်းဆရာမဘဝက ကွာခြားလွန်းလှသည်။ နွယ်နွယ်က သူဖြစ်ချင်သည့်လမ်းကို ရွေးချယ်ခဲ့သည်။ ချမ်းသာကြွယ်ဝသည့်ဂုဏ်ကို လိုချင်ခဲ့သည်။ သူလိုချင်သည့်ဂုဏ်ကိုရအောင် သူယူနိုင်ခဲ့သည်။ နွယ်နွယ်မှာ သူ့ဘဝ သူကျေနပ်နေခဲ့သည်။ ခင်ပွန်းသည်၏ ရာထူးအရှိန်အဝါဖြင့် နွယ်နွယ် မော်နိုင်ခဲ့ပါပြီ။ နွယ်နွယ်ပြောခဲ့သည့် စကားကို ကျွန်မ ပြန်လည်ကြားယောင်လာမိသည်။ နင့်ရဲ့ ဆရာမဆိုတဲ့ဂုဏ်က ဘယ်လောက် ကြီးနေလို့လဲဟု နွယ်နွယ်ပြောခဲ့မှုသည်။ ဆရာမဆိုသည့်ဂုဏ် မည်မျှကြီးသည်ကို ကျွန်မ မသိသေးသော်လည်း နွယ်နွယ်ပြောခဲ့သည့် ချမ်းသာကြွယ်ဝမှုဂုဏ်က ကြီးမားအရာရောက်သည်ကို ကျွန်မ လက်တွေ့ သိမြင်ခဲ့ရပြီဖြစ်သည်။ သင်တန်းပြီး၍ ကျွန်မ မော်လမြိုင်ပြန်စဉ် နွယ်နွယ်ကိုယ်တိုင် ဘူတာကြီးသို့ လိုက်ပို့ပေးခဲ့သည်။

ဤသို့ဖြင့် နှစ်များ အလီလီပြောင်းခဲ့ပြီ။ ကျွန်မလည်း အထက်တန်းပြဆရာမဘဝဖြင့် တာဝန်ထမ်းဆောင်ရင်း အသက်အရွယ် ကြီးရင့်လာခဲ့သည်။ ကျွန်မတို့ နေထိုင်သည့် ပျဉ်ထောင်အိမ်လေးမှာလည်း ဟောင်းနွမ်းဆွေးမြည့်လာခဲ့သည်။ ခြံချင်းကပ် နွယ်နွယ်တို့ နှစ်ထပ်အိမ်ကြီးမှာလည်း အထိုက်အလျောက် ယိုယွင်းပျက်စီးလာခဲ့သည်။ နောက်ပိုင်း နွယ်နွယ်တို့အိမ်တွင် လူမနေတော့ပါ။ သော့ခတ်ထားပြီး လိုအပ်သလို ကြည့်ရှုစောင့်ရှောက်ထားရန် ကျွန်မတို့ကို အပ်နှံထားခဲ့သည်။ နွယ်နွယ်က တစ်ဦးတည်းသောသမီးဖြစ်သည်။ သူ့မိဘများ ကွယ်လွန်ပြီးနောက်ပိုင်း နွယ်နွယ် မော်လမြိုင် ရောက်မလာတော့ပါ။

ဆယ်တန်းအောင်စာရင်းထွက်ပြီး နောက်တစ်နေ့ဖြစ်သည်။ ဆယ်တန်းအောင်သွားသော တပည့်တစ်ဦး၊ ကျွန်မကို လာကန်တော့သည်။ သူကန်တော့သည့် ပစ္စည်းက ကျောင်းစိမ်းထဘီတစ်ထည်နှင့် အဖြူရောင် ပိတ်စတစ်စဖြစ်သည်။ ပိတ်စ အကောင်းစားများဖြစ်သည်။ တပည့်ကို ဆုတွေ ပေးနေစဉ် အိမ်ရှေ့မှ အငှားကားဆိုက်သံ ကြားရပြီး နွယ်နွယ် ကားပေါ်မှဆင်းလာသည်ကို တွေ့ရသည်။

"ဟယ်…နွယ်နွယ်၊ ဆိုင်းမဆင့် ဗုံမဆင့် ရောက်လာပါလား။ ကိစ္စရှိလို့လား"

"အိမ်ဆောက်မယ့်ကိစ္စ ဆိုပါတော့၊ ငါ့ယောက်ျားကို ငါစည်းရုံးတာ အောင်မြင်သွားပြီ၊ သူ ပင်စင်ယူပြီးရင် မော်လမြိုင်မှာပဲ ပြန်နေမယ်။ ခု ငါလာတာက အိမ်ဆောက်ဖို့ ကိစ္စနဲ့ လာခဲ့တာ၊ ဪ…နေဦး၊ နင့်ကို ပေးစရာရှိတယ်"

နွယ်နွယ်က သူ့လက်ဆွဲအိတ်အတွင်းမှ အထုပ်တစ်ထုပ်ကိုယူကာ ကျွန်မထံ ကမ်းပေးသည်။



နွယ်နွယ်နှင့် ကျွန်မ ဘုရားသွားရန် ကားဂိတ်သို့ ထွက်လာကြသည်။ လူကြပ်သည့် ဘတ်စ်ကားပေါ် တိုးဝှေ့တက်လိုက်ကြသည်။ ထိုင်စရာနေရာမရ၍ မတ်တတ်ရပ်လိုက်ပါလာခဲ့သည်။ ထိုစဉ် "ဆရာမ ဒီမှာထိုင်"ဟု ဆိုကာ ကျွန်မ မသိသော တပည့်အရွယ် ကလေးမတစ်ဦးက သူ့နေရာဖယ်ပေးသည်

"ဒါ နင့်အတွက် ငါ့လက်ဆောင်ပါ၊ ဖွင့်ကြည့်လိုက်ပါဦး"

နွယ်နွယ် ကမ်းပေးသောအထုပ်ကို ကျွန်မ ဖွင့်ကြည့်လိုက်သည်။ ခေတ်မီလှပသော အမျိုးသမီးဝတ် အနွေးထည်တစ်ထည်ကို တွေ့လိုက်ရသည်။ တန်ဖိုးကြီးမည်ဟု ကျွန်မခန့်မှန်းမိသည်။

"ဟယ် . . .လှလိုက်တာ နွယ်နွယ်၊ ဈေးတော်တော်ကြီးမယ်ထင်တယ်"

"ငါ့ယောက်ျား တရုတ်ပြည်လေ့လာရေးခရီးသွားတုန်းက ဝယ်လာတာ၊ ငါ့အတွက်လည်းပါတယ်၊ နင့်ကို သတိရလို့ နင့်အတွက်ပါ လှမ်းမှာလိုက်တာ"

"တန်ဖိုးတော့ နည်းမှာမဟုတ်ဘူးထင်တယ်၊ အားနာလိုက်တာ"

"မှမနေနဲ့ ကောင်မရဲ့၊ ဝတ်စေချင်လို့ အကူးအကမှာလိုက်ရတာ၊ တို့နှစ်ယောက် ပုံစံတူပဲ၊ အရောင်သာကွာတာ၊ ဒါနဲ့ နီ ကျောင်းစိမ်းဝတ်စုံက . . ."

နွယ်နွယ်က ကျွန်မတပည့် ကန်တော့သွားသည့် ကျောင်းစိမ်းဝတ်စုံကို တွေ့သွား၍ မေးလိုက်ခြင်းဖြစ်သည်။

"ဪ . . .ဒါလား။ ငါ့တပည့်တစ်ယောက် ဆယ်တန်းအောင်လို့ လာကန်တော့တဲ့ ပစ္စည်းပါ၊ ငါရဖူးတဲ့ လက်ဆောင်ပေါ့၊ ကျောင်းစိမ်းထဘီနဲ့ အင်္ကျီဖြူဟာ ငါ့အတွက်တော့ တန်ဖိုးအကြီးဆုံး လက်ဆောင်ပေါ့၊ ခုတော့ မဟုတ်တော့ဘူး။ ခု နင်ပေးတဲ့အနွေးထည်က အကောင်းဆုံး လက်ဆောင် ဖြစ်သွားပြီ"

ထိုညက နွယ်နွယ် ကျွန်မနှင့်အတူ အိပ်ပြီး စကားတွေပြောမကုန်ဖြစ်ခဲ့သည်။ အိမ်ဆောက်မည့်ကိစ္စအတွက် နွယ်နွယ် လိုက်လံဆောင်ရွက်သည်။ လိုအပ်သော စာရွက်စာတမ်းများ ဆောင်ရွက်အပြီး နွယ်နွယ်တို့ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးကို ဖျက်လိုက်သည်။ အိမ်သစ် စတင်ဆောက်လုပ်တော့သည်။ ငွေကြေးတတ်နိုင်သူ၊ တပည့်တပန်း ပေါများသူဖြစ်၍ ဝိုင်းဝန်းဆောင်ရွက်ပေးသူ များလှသည်။ တစ်လခန့်အတွင်းမှာပင် တစ်ထပ်တိုက်ပုံစံလှလှလေး ရုပ်လုံးပေါ်လာသည်။ အိမ်ဆောက်ပြီး ပတ်ပတ်လည် ခြံစည်းရိုးအုတ်တံတိုင်း ခတ်လိုက်သည်။ ယခင်က မသိသာလှသော်လည်း ယခုအချိန်တွင် ကျွန်မတို့ပျဉ်အိမ်လေးမှာ သေးသိမ်သလိုဖြစ်သွားခဲ့သည်၊ သို့သော် ငယ်သူငယ်ချင်းအတွက် ကျွန်မ ဂုဏ်ယူမိသည်မှာ အမှန်ပင်ဖြစ်သည်။

ကျောင်းစာများနှင့် လုံးပန်းရင်း အချိန်များ တရွေ့ရွေ့ကုန်လာခဲ့သည်။ ကျွန်မလည်း အထက်တန်းပြရာထူးဖြင့် လုပ်သက်ရလာခဲ့ပြီဖြစ်သည်။ ကျွန်မအသက် ငါးဆယ်ရွှန်းလာခဲ့ပြီ။ နွယ်နွယ့်ခင်ပွန်းလည်း ပင်စင်ယူရန် ပြင်ဆင်နေကြောင်း ကြားရသည်။ မကြာမီ နွယ်နွယ်တို့မိသားစု မော်လမြိုင်သို့ ပြောင်းရွှေ့ရောက်ရှိလာပါတော့သည်။ သူငယ်ချင်းနှစ်ဦး နီးနီးကပ်ကပ် ပြန်လည်နေထိုင်ကြရသဖြင့် ဝမ်းသာနေကြသည်။ သွားအတူ၊ လာအတူ တပူးတွဲတွဲဖြစ်နေခဲ့သည်။ အငြိမ်းစားယူခဲ့ပြီမို့ ဌာနမှပေးထားသော ကားလည်း မရှိတော့ပေ။ တပည့်တပန်းများလည်း ရောက်မလာကြတော့ပါ။ လက်ဆောင်ပစ္စည်းများပေးပြီး အကူအညီလာတောင်းသူများလည်း ရောက်မလာကြတော့ပါ။ နွယ်နွယ့်ခင်ပွန်းက ပုံမှန်လမ်းလျှောက်ခြင်း၊ ဂေါက်သီးရိုက်ခြင်း၊ စာဖတ်ခြင်းတို့သာ ပြုနေလေ့ရှိသည်။

တစ်နေ့ ကျောင်းပိတ်ရက်တစ်ရက် နွယ်နွယ်နှင့် ကျွန်မ ဘုရားသွားရန် ကားဂိတ်သို့ ထွက်လာကြသည်။ လူကြပ်သည့် ဘတ်စ်ကားပေါ် တိုးဝှေ့တက်လိုက်ကြသည်။ ထိုင်စရာနေရာမရ၍ မတ်တတ်ရပ်လိုက်ပါလာခဲ့သည်။ ထိုစဉ် "ဆရာမ ဒီမှာထိုင်"ဟု ဆိုကာ ကျွန်မ မသိသော တပည့်အရွယ် ကလေးမတစ်ဦးက သူ့နေရာဖယ်ပေးသည်။

"ရပါတယ်၊ နေပါ"

"ဟာ . . .ဆရာမကလည်း၊ ထိုင်ပါ"

ကျွန်မတစ်ဦးကိုသာခေါ်၍ နေရာပေးသည်။ နံဘေးမှ နွယ်နွယ်ကို အားနာစွာဖြင့် ကျွန်မ ငဲ့စောင်းကြည့်လိုက်သည်။ နွယ်နွယ် သဘောပေါက်သွားပုံရသည်။

"နင့်တပည့်တွေဖြစ်မယ်၊ ထိုင်လိုက်လေ"

ကျွန်မ ထိုင်စရာနေရာရသော်လည်း နွယ်နွယ်က မတ်တတ်ရပ်၍ လိုက်ပါခဲ့ရသည်။ နွယ်နွယ်နှင့်အတူသွားစဉ် ထိုအဖြစ်မျိုး မကြာခဏကြုံရလေ့ရှိသည်။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် သူငယ်ချင်းနှစ်ဦး အတူတူဈေးသွားဝယ်နေကျဖြစ်သည်။ တစ်နေ့ ဈေးခြင်းတောင်း၊ တနင့်

တပိုးဆွဲ၍ ခဏ္ဍာထဲမှပြန်ထွက်လာစဉ်–

''ဆရာမ…ခြင်းတောင်းပေး ကျွန်မ သယ်ပေးပါမယ်''

''အြော် …အေး အေး၊ မင်းက ဝဝဝ ထင်တယ်၊ မနှစ်က ဆယ်တန်း အောင်သွားတာ မဟုတ်လား''

''ဟုတ်ပါတယ် ဆရာမ၊ အိမ်ပြန်မှာ မဟုတ်လား၊ အိမ်အထိ ကျွန်မလိုက်ပို့ပေးမယ်''

''ခြင်းတောင်းက လေးတယ်၊ ဆိုက်ကားနဲ့ ပြန်မယ်''

''ဒါဆို ဆိုက်ကားဂိတ်အထိ လိုက်ပို့ပေးပါ့မယ်''

နွယ်နွယ်က သူ့ခြင်းတောင်း လေးလေးပင်ပင်ကိုဆွဲရင်း ကျွန်မဘေးမှ လိုက်ပါလာသည်။ သူငယ်ချင်းဖြစ်သူကို အားနာသော်လည်း မတတ်နိုင်တော့ပါ။ ဆိုက်ကားဂိတ်ရောက်မှ ကျွန်မတပည့်ပြန်သွားသည်။ ကျွန်မတို့နှစ်ယောက် ကြုံရာဆိုက်ကားတစ်စီးပေါ် တက်လိုက်ကြသည်။ ကျွန်မက အရှေ့ထိုင်ခုံ၊ နွယ်နွယ်က အနောက်ထိုင်ခုံ ဖြစ်သည်။ သွားမည့်နေရာ မပြောရသေးမီ ဆိုက်ကားဆရာက နင်းထွက်သွားတော့သည်။

''ဆရာမနေကောင်းလား၊ အ–ထ–က (၅) မှာပဲလား''

ဆိုက်ကားနင်းသူက နှုတ်ဆက်လာသဖြင့် ဦးထုပ်ဆောင်းထားသော သူ့မျက်နှာကို လှမ်းကြည့်လိုက်မိသည်။

''မင်း…မင်း ထွန်းအောင် မဟုတ်လား''

''ဟုတ်ပါတယ်၊ ဆရာမ ကျွန်တော့်ကို မှတ်မိတာ ဝမ်းသာပါတယ်၊ ဘဝပေး အခြေအနေအရ ကိုးတန်းနဲ့ကျောင်းထွက်ခဲ့ရတဲ့ ဆရာမတပည့်ပါ''

''မှ ဆိုက်ကားနင်းတာ အဆင်ပြေရဲ့လား''

''ပြေပါတယ် ဆရာမ၊ မိဘကိုလည်း ထောက်ပံ့နိုင်ပါတယ်''

''အေးကွယ်၊ မိဘကိုသိတတ်တဲ့ ငါ့တပည့် တစ်ယောက်ကြီးမှာတို့အကြောက်မှာပါကွယ်''

ကျွန်မတို့အိမ်ရှေ့ရောက်သည်နှင့် ဆိုက်ကားနင်းသူ တပည့်ယောင်းက ဈေးခြင်းတောင်းကိုဆွဲကာ အိမ်ထဲအထိ လိုက်ပို့ပေးသည်။ ဆိုက်ကားခပေးသော်လည်း မယူပါ။ အတန်တန်ပေးသော်လည်း ငြင်းပယ်ခဲ့သည်။ ကြိုကြိုက်တုန်း ဆရာမကို ဂါရဝပြုတာပါဟုဆိုပြီး ထွက်သွားသည်။ နွယ်နွယ်ကပြုံးရင်း ကျွန်မကိုကြည့်နေသည်။ နွယ်နွယ်က တစ်ခုခုတွေးနေဟန်တူသည်။

အခါကြီးရက်ကြီးများတွင် ကျွန်မအိမ်တွင် တပည့်များဖြင့် စည်ကားနေလေ့ရှိသည်။ မုန့်များ၊ ဖယောင်းတိုင်များ၊ အသီးအနှံများဖြင့် လာရောက်ကန်တော့ကြသည်။ ဝါဆိုလပြည့်၊ သီတင်းကျွတ်လပြည့်နေ့များတွင် ပို၍လူစုံသည်။ တပည့်များ တဖွဲဖွဲရောက်လာပြီး ကန်တော့ကြသည်။ ပိုလျှံသော အသီးအနှံများ နွယ်နွယ်ကို ခွဲဝေပေးနေကျလည်း ဖြစ်သည်။

နွယ်နွယ်ဒီမှာ ကျွန်မခြေရင်းဘက်တွင် ဖြစ်သည်။ နွယ်နွယ်တို့ အုတ်ခုံတိုင်ခြင်းစည်း ရိုးကာထားပြီးဖြစ်၍ ခြေရင်းဘက် ခြံစည်း ရိုးကာရန် မလိုတော့ပေ။ ခေါင်းရင်းဘက် အခြမ်း၊ ဝါးကပ်ခြံစည်းရိုးမှာ ဆွေးမြည့်ပြီး ပြိုပျက်ကျိုးပေါက်နေခဲ့သည်။ ဝါးကပ်ဖြင့် အသစ်ပြန်ကာသည်။ ဆယ်တန်းမှ တပည့်ယောကျ်ားလေး ဆယ်ဦးခန့်ရောက်လာကြသည်။ ကျွန်မ ခြံကာမည့်သတင်းသိသွား၍ လာကြခြင်းဖြစ်သည်။ ကျွန်မ ခေါ်ထားခြင်း မရှိခဲ့ပါ။ မနက်စောစော ရောက်လာကြပြီး တက်ညီလက်ညီ ပျော်ပျော်ရွှင်ရွှင် ဆောင်ရွက်ပေးကြသည်။ မွန်းမတည့်မီမှာပင် ပြီးစီးသွားတော့သည်။ ခြံစည်းရိုးသာမက ကျိုးပေါက်နေသော ကျွန်မအိမ်အခင်းပျဉ်များကိုလည်း၊ အစထေးပြုပြင်ပေးကြပြန်သည်။ တပည့်များအတွက် ကျွန်မ လက်ဖက်သုပ် ဖျော်နေစဉ် နွယ်နွယ်က တန်ဖိုးကြီး ဘီစကစ်မုန့်ပုံးတစ်ပုံး လာပေးသည်။

''ရော့…ခင်မ၊ နင့်တပည့်တွေကို ကျွေးလိုက်ပါ၊ သူတို့ဆရာမအတွက် လုပ်ကိုင်ပေးနေကြတာ ပျော်စရာကြီးပဲ''

''ဒါခေါ်တာလည်းမဟုတ်ဘူး၊ သတင်းကြားပြီး ရောက်လာကြတာ''

''အေးပါ ခင်မရယ်၊ နင်ပြောလေ့ရှိတဲ့ ဆရာဆိုတဲ့ဂုဏ်ကို ငါတွေးမိလာသလိုပဲ''

ယခုဆိုလျှင် ကျွန်မဘဝ နေညိုချိန်သို့ ရောက်လာခဲ့ပြီ။ အသက်ခြောက်ဆယ် ပြည့်၍ အငြိမ်းစားယူရတော့မည်ဖြစ်သည်။ အငြိမ်းစားယူပြီး ကျူရှင်တစ်ခုခုဖွင့်ရန်

အခါကြီးရက်ကြီးများတွင်
ကျွန်မအိမ်တွင် တပည့်များဖြင့်
စည်ကားနေလေ့ရှိသည်။
မုန့်များ၊ ဖယောင်းတိုင်များ၊
အသီးအနှံများဖြင့်
လာရောက်ကန်တော့ကြသည်။
ဝါဆိုလပြည့်၊
သီတင်းကျွတ်လပြည့်နေ့များတွင်
ပို၍လူစုံသည်။ တပည့်များ
တဖွဲဖွဲရောက်လာပြီး
ကန်တော့ကြသည်။
ပိုလျှံသော အသီးအနှံများ
နွယ်နွယ်ကို ခွဲဝေပေးနေကျ



သူငယ်ချင်းများက တိုက်တွန်းခဲ့ကြသော်လည်း ကျွန်မ မလုပ်ဖြစ်ခဲ့ပါ။ သံသရာအတွက်ပါအောင် တရားအလုပ် လုပ်ချင်မည်ဖြစ်သည်။ ကျွန်မ အငြိမ်းစားယူပြီးမှ နွယ်နွယ်နှင့် ပိုရှုံတွဲဖြစ်နေသည်။ ဘုရားသွား ကျောင်းတက် အတူတူပင်သွားခဲ့ကြသည်။ အငြိမ်းစားယူခဲ့သော်လည်း နှစ်စဉ် မပျက်ကန်တော့ခံစာရင်းထဲ ပါနေသဖြင့် သွားရောက် အကန်တော့ခံရသည်။ အိမ်တိုင်ရာရောက် လာကြိုကြသည်။ သွားရောက်အကန်တော့ခံပြီး ပြန်လာတိုင်း ငွေသားအချို့နှင့် လက်ဆောင်ပစ္စည်းများ ပါလာမြဲဖြစ်သည်။ နွယ်နွယ်ကလည်း စပ်စပ်စုစု ကျွန်မရခဲ့သော အကန်တော့ခံပစ္စည်းများကို ဖွင့်ဖောက်ကြည့်လေ့ရှိသည်။

တစ်နေ့ နွယ်နွယ်နှင့်ကျွန်မ စကားပြောနေစဉ် တွဲ့ရပြီးသည့် တပည့်များရောက်လာကြသည်။ ဖိတ်စာတစ်စောင်လာပို့ခြင်းဖြစ်သည်။ အငြိမ်းစားဆရာများကို ပူဇော်ကန်တော့မည့်ပွဲ တက်ရမည်ဖြစ်သည်။ ဖိတ်စာပေးပြီးအပြန်တွင် တပည့်များက ကျွန်မကို ထိုင်ကန်တော့ကြသည်။ ပြီးနောက် စာအိတ်တစ်လုံးကို စားပွဲပေါ်တင်ပြီး ထွက်သွားကြသည်။

"ဟဲ့…ဒီမှာ မင်းတို့ စာအိတ်တစ်လုံးကျန်ခဲ့ပြီ"

"အဲဒီစာအိတ်က ဆရာမကြီးအတွက် ကျွန်တော်တို့စုပေါင်းပြီး ကန်တော့တဲ့ငွေပါ၊ ဆရာမကြီး လက်မခံမှာစိုးလို့ မပြောဘဲထားခဲ့တာ၊ ဆရာမကြီး ဆေးဝါးအတွက် သုံးချင်သုံး၊ လှူချင်လည်း လှူနိုင်အောင်လို့ ကန်တော့ကြတာ၊ ခွင့်ပြုပါဦး"

ကျွန်မ တပည့်များကို နွယ်နွယ်က ပြုံးပြုံး ကြည့်နေသည်။ ခေါင်းတညိတ်ညိတ်လည်း ဖြစ်နေသည်။ သူလုပ်နေကျအတိုင်း စာအိတ်ကို ဖွင့်ဖောက်လိုက်သည်။

"အဲတော့…ငွေတွေကမနည်းပါလား"

နွယ်နွယ်က ငွေများကိုကြည့်လိုက်၊ ကျွန်မ မျက်နှာကိုကြည့်လိုက်လုပ်ပြီး ပြုံးနေသည်ကို တွေ့လိုက်ရသည်။

ဥပုသ်ရက်တစ်ရက်တွင် သူငယ်ချင်းနှစ်ဦး သီလယူရန် ထမင်းချိုင့်ကိုယ်စီဆွဲပြီး ဘုန်းတော်ကြီးကျောင်းအာက်သို့ ထွက်လာကြသည်။ လမ်းခုလတ်တွင် ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော ကျွန်မ တပည့်သုံးလေးဦး ရောက်လာကြသည်။

"ဆရာမ ထမင်းချိုင့်ပေး၊ ကျွန်မတို့ သယ်သွားမယ်"

"ရပါတယ်၊ အားနာစရာကွယ်"

"ဟာ…ဆရာမကလဲ၊ ကိုယ့်တပည့်တွေပဲ၊ ကျွန်မတို့လည်း ဥပုသ်စောင့်သွားမှာပဲ"

ပြောပြောဆိုဆို ကျွန်မလက်ထဲမှ ထမင်းချိုင့်ကို ဆွဲယူလိုက်ကြသည်။ နွယ်နွယ်က မျက်နှာငယ်လေးဖြင့် ကျွန်မကို ကြည့်နေသည်။ ကျွန်မ မနေသာတော့ဘဲ နွယ်နွယ်လက်ထဲမှ ထမင်းချိုင့်ကိုပါယူ၍ သူတို့လေးတွေထံ ကမ်းပေးလိုက်သည်။

"ဆရာမတို့ ဖြည်းဖြည်းသာ လိုက်ခဲ့ကြပါ၊ ကျွန်မတို့ သွားနှင့်မယ်"

ကလေးများက ကျွန်မတို့ကိုဖြတ်ကျော်ပြီး ဘုန်းတော်ကြီးကျောင်းအာက်သို့ ထွက်သွားကြသည်။ ကျွန်မနှင့် နွယ်နွယ် နှစ်ဦးတည်း ကျန်နေခိုက် နွယ်နွယ်ထံမှ မမျှော်လင့်သောစကား ကြားလိုက်ရသည်။



"ဒီမှာ ခင်မ၊ ငါတို့တွေ့ရခါစက ငါပြောခဲ့တဲ့စကား နင်မှတ်မိသေးလား"

"နင်ဘာတွေပြောခဲ့လို့လဲ၊ ခု အသက်ကြောက်ဆယ်ကျော်ပြီလေ၊ ငါမမှတ်မိတော့ဘူး"

"ငါ့အထင်က ချမ်းသာကြွယ်ဝ ရာထူးရှိမှ ဂုဏ်ရှိတယ်ထင်ပြီး အဲဒီဂုဏ်ကို လိုချင်ခဲ့တာလေ"

"ဪ…မှတ်မိပြီ ဘာဖြစ်လို့ ဒီစကား ပြန်ပြောရတာလဲ၊ နင်ဖြစ်ချင်တာတွေ ဖြစ်အောင် လုပ်နိုင်ခဲ့ပြီပဲလေ"

"အေး…ငါလုပ်နိုင်ခဲ့ပါတယ်၊ အသက်ဆယ်နှစ်လောက် ပိုကြီးတဲ့ ယောက်ျားကို ယူခဲ့တာလည်း၊ အဲဒီဂုဏ်ကို မက်မောလို့ပဲ၊ ဒါပေမဲ့ ငါ မက်မောခဲ့တဲ့ဂုဏ်က ရာထူးအရှိန်အဝါရှိတုန်း ခဏသာရခဲ့တဲ့ဂုဏ်ပါ၊ တည်တံ့တဲ့ဂုဏ်မဟုတ်မှန်း ငါသိခဲ့ပါပြီ၊ ငါ့ယောက်ျား ပင်စင်ယူလိုက်ပြီးတဲ့နောက်ပိုင်း ဘယ်သူမှ မလာကြတော့ဘူး၊ ရာထူးအရှိန်အဝါရှိစဉ်တုန်းက မမ…မမနဲ့ ငါ့ကို မ,နေကြတဲ့သူတွေလည်း မလာကြတော့ဘူး၊ တရားရသလို နင့်ကိုလည်း အားကျမိခဲ့တယ်"

"ငါလည်း ပင်စင်စားပါပဲ၊ ဘာ အားကျစရာရှိလို့လဲ နွယ်နွယ်ရယ်"

"ဒီမှာ ခင်မ၊ နင်မပြပေမယ့် ငါမြင်ခဲ့ပါပြီ၊ နင့်ရဲ့ ဆရာဆိုတဲ့ဂုဏ်ကမှ တကယ့်ဂုဏ်၊ ထာဝရဂုဏ်အစစ်ပါ၊ နင် ဆရာမလုပ်ခဲ့တဲ့အချိန်မှာရော၊ ခု အငြိမ်းစားယူပြီးတဲ့အချိန်အထိမှာတောင် နင့်တပည့်တွေက နင် သိသိ၊ မသိသိ လေးစားရိုသေ နေရာပေးနေကြတုန်းပါပဲ၊ အဲဒါ ဘာကြောင့်လဲ နင်သိလား"

"နင်သိရင် ပြောပါဦး"

"ဆရာဆိုတဲ့ဂုဏ်ကြောင့်ပေါ့၊ ထာဝရဂုဏ်လေ၊ နင်သေပြီးတာတောင် အဲဒီဂုဏ်က ကျန်နေဦးမယ်လို့ ငါထင်တယ်"

နွယ်နွယ်က စကားပြောရင်း ကျွန်မမျက်နှာကို ကြည့်လိုက်သည်။ သူ့အကြည့်တွင် ကျွန်မကို လေးစားအားကျခြင်း၊ ဆရာဆိုသည့်ဂုဏ်ကို သိမြင်ခဲ့ခြင်းတို့ ပေါ်လွင်နေသည်ကို ကျွန်မ သိလိုက်ရပါတော့သည်။

**မောင်မောင်မိုးအောင်**
**(စာပေဗိမာန်စာမူဆုရ)**



# လက်ဆောင်မွန်

## ထူးချွန်ထက်မြက်လိုသူများအတွက်



ကိုစော (ပထဝီဝင်)

ယခုအပတ်မှာ သဘာဝတ္တပညာရပ်အကြောင်း အတတ်နိုင်ဆုံးရှာဖွေတင်ပြထားပါတယ်။ ဒါကြောင့် သဘာဝတ္တပညာရပ်အကြောင်း သိသင့်သိထိုက်သည်များကို သိရှိလောက်ပြီဟု ယူဆပါတယ်။ သဘာဝတ္တပညာရပ်ဟာ လောကသုံးပါးလုံးရဲ့ ဖြစ်ပျက်အစဉ်ကို လေ့လာရှုမြင်တတ်သော ပညာရပ်တစ်ခုဖြစ်တယ်။ ဒါကြောင့် သဘာဝတ္တပညာရပ်နဲ့ပတ်သက်၍ အခြေခံသိသင့်သိထိုက်သည်များကို တင်ပြထားပြီးဖြစ်တယ်။ တိုးတက်၊ ချဲ့ထွင်၊ လေ့လာဆန်းစစ်မှုများ လုပ်ဆောင်ကြစေချင်တယ်။

ဓမ္မဓိဋ္ဌာန်ကျကျ လက်တွေ့ပြနိုင် သည်။ စာဖတ်ပရိသတ်အပေါင်းတို့သည် 'အလှူဝ' ဟူသောအကြောင်းကို စဉ်းစားတွေးခေါ်နိုင်သောပုဂ္ဂိုလ် ရာနှုန်းပြည့်မရှိဟု ပြောနိုင်ပါသည်။ အလှူဝအကြောင်းနှင့် စပ်လျဉ်း၍ အိပ်မက်ပင် မမက်ဘူးသောပုဂ္ဂိုလ် ရာနှုန်းပြည့်ရှိမည်ဟု ခန့်မှန်းနိုင်သည်။

ဆိုလိုသောအဓိပ္ပာယ်မှာ လူတို့သည် မိမိအတိတ်ကရရှိသော အသိဉာဏ်များကို မှီး၍ ပြဿနာရပ်များကို သုံးသပ်ဆင်ခြင်ကြခြင်းသာ ဖြစ်ကြသည်။ ပြဿနာရပ်များကို ဆင်ခြင်သုံးသပ်ရာ၌လည်း မိမိတွေးခေါ်မြော်မြင်လိုသော ပန်းတိုင်အထိ လွတ်လွတ်လပ်လပ် တွေးခေါ်နိုင်ကြသည်။

ထို့ကြောင့် အမှန်တရားဟူသည် မိမိစိတ်နှင့် သင့်မြတ်သောတရားဖြစ်သည်။ တွေးခေါ်နိုင်သည်။ နိယာမတရားတို့သည် အမှန်ရှိနေသော်လည်း ယင်းတရားအရဖြစ်ထွန်းလာသော အကြောင်းအရာတို့ သည် မိမိစိတ်နှင့် မတိုက်ဆိုင်လျှင် တရား မမှန်ဟု ယူဆနိုင်၍ မိမိစိတ်နှင့်သင့်မြတ် လျှင် အမှန်တရားဟုယူဆနိုင်သည်။ ဥပမာ ငါးပုစွန်များကိုရောင်းချ၍ အသက်မွေးဝမ်းကြောင်းပြုနေသော ငါးစိမ်းသည်တစ်ဦးသည် သူ့အဖို့ မှန်ကန်လို့သာလျှင် ငါးပုစွန်များကို သတ်ဖြတ်ခြင်းဖြစ်သည်။ သို့သော် ငါးပုစွန်တို့အဖို့မှာ မှန်ကန်သည်ဟု ယူဆ



နိုင်မည်မဟုတ်ပေ။ သူတစ်ပါး၏အသက်ကို မသတ်လိုသောသူတို့အတွက်လည်း မှန်ကန်သောတရားမဟုတ်ဟုထင်မှတ်ကြသည်။

လူတို့သည် ထင်မြင်ယူဆချက် ကွဲပြားမှုကြောင့် အယူဝါဒများ ခြားနားလာကြသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် ဗုဒ္ဓဝါဒ၊ ခရစ်ယာန်ဝါဒ၊ ကွန်မြူနစ်ဝါဒ၊ မဟာမေဒင်ဝါဒ၊ အရင်းရှင်ဝါဒ၊ ဘုံဝါဒနှင့် အခြားဝါဒများ ပေါ်ပေါက်လာကြရသည်။

သဘာဝတ္တပညာရပ်တို့သည် လောကသုံးပါးတွင်ရှိသော ပြဿနာရပ်အားလုံးတို့ကို သုံးသပ်ဆင်ခြင်ရသောကြောင့် ကဏ္ဍအမျိုးမျိုးပါဝင်ကြသည်။ ထို့ကြောင့် သဘာဝတ္တပညာရပ်များကို လေ့လာဆည်းပူးသောသူတို့သည် အောက်ပါအကြောင်းအချက်များကို လေ့လာဆည်းပူးရန်လိုအပ်သည်–

၁။ ဇီဇနှင့် ပတ်ဝန်းကျင်တို့၏ ဆက်စပ်မှုအကြောင်း။

၂။ စဉ်းစားဆင်ခြင်မှုဆိုင်ရာအကြောင်း။

၃။ လူ့ကျင့်ဝတ်အကြောင်း။

၄။ အသိဗေဒအကြောင်း။

၅။ အလှအပကြည့်ရှုမှုယိရာအကြောင်း။

၆။ နိယာမတရားအကြောင်း၊

၇။ သမုတိသစ္စာ၊ ပရမတ္ထသစ္စာအကြောင်း။

၈။ ဒွေးမှုလတရားအကြောင်း။

၉။ သဓိရာတရားအကြောင်း။

သဘာဝတ္တပညာရပ်များကို လေ့လာဆည်းပူးသောသူတို့သည် ယင်းပညာရပ်ကို ရေးသားသော မူဟန်နှစ်မျိုးတို့ကို သိအပ်သည်။ သဘာဝတ္တပညာရပ်ဆိုင်ရာ ရေးသားချက်နှစ်မျိုးမှာ–

(၁) သမိုင်းအရ ရေးသားခြင်းနှင့်

(၂) ပြဿနာအရ ရေးသားခြင်းတို့ ဖြစ်ကြသည်။

ထို့ကြောင့် သဘာဝတ္တပညာရပ်များကို နည်းနှစ်မျိုးဖြင့် လေ့လာဆည်းပူးကြရသည်။ ၎င်းတို့မှာ–

(၁) သဘာဝတ္တပညာရပ်ဆိုင်ရာ သမိုင်းကြောင်းကို လေ့လာသောနည်းနှင့်

(၂) ပြဿနာရပ်များကို တတ်စွမ်းနိုင်သမျှ လေ့လာသောနည်းဟု ခြားနားမှုရှိကြသည်။

သဘာဝတ္တပညာရပ်တို့သည် ကိုယ်ပိုင်ထင်မြင်ယူဆချက်များကို တင်ပြကြခြင်းဖြစ်သည်။ ပြဿနာရပ်ချင်း တူညီကြလင့်ကစား ထင်မြင်ယူဆချက်ချင်း ကွဲပြားခြားနားကြသည်။ ထို့ကြောင့် ဗုဒ္ဓဂေါတမ၏ တင်ပြချက်တို့သည် ပလက်တို Plato အာရိုစတို Aristo တို့၏ တင်ပြချက်နှင့် ခြားနားကြသည်။

သဘာဝတ္တပညာရပ်များကိုညှိနှိုင်း၍ လေ့လာဆည်းပူးကြရသည်။ တစ်ဦးတစ်ယောက်၏ ထင်မြင်ယူဆချက်များကို အခြားတစ်ဦးတစ်ယောက်၏ ထင်မြင်ယူဆချက်နှင့် နှိုင်းယှဉ်၍လည်းကောင်း၊ စနစ်တစ်ခုနှင့် အခြားစနစ်တစ်ခုကို နှိုင်းယှဉ်၍လည်းကောင်း၊ ထင်မြင်ယူဆချက်တစ်ရပ်နှင့် အခြားထင်မြင်ယူဆချက်တစ်ရပ်ကို နှိုင်းယှဉ်၍လည်းကောင်း၊ သဘာဝတ္တပညာရပ်များကို လေ့လာကြရသည်။

သဘာဝတ္တပညာရပ်များကို လေ့လာဆည်းပူးနေသော အချိန်အတွင်း၌ စောင့်စည်းလိုက်နာအပ်သော အချက်များရှိကြသည်။ အချုပ်အားဖြင့် ဆင်ခြင်တုံတရားဖြင့် ပြဿနာရပ်များကိုရှု၍ နိယာမတရားဆိုင်ရာ အကြောင်းအကျိုးများနှင့် ဆက်စပ်စဉ်းစားကြရသည်။

သဘာဝတ္တပညာရပ်များကို လေ့လာဆည်းပူးသောသူတို့သည် လေ့လာဆည်းပူးချက်များကို ပြန်လည်သုံးသပ်ကြရသည်။ သဘာဝတ္တပညာရပ်များကို လေ့လာဆည်းပူးနေသောသူတို့သည် လေ့လာဆည်းပူးရာတွင် မသေချာသေးသော အကြောင်းအချက်များကို သဘာဝတ္တပညာရပ်ဆိုင်ရာ အမြင့်ဆုံးသောစနစ်များဖြင့် ဝေဖန်သုံးသပ်ကြရသည်။

ဝေဖန်သုံးသပ်ရေးများကို ပြုလုပ်ရာတွင် စဉ်လာစနစ်များရှိကြသည်။ ၎င်းတို့မှာ– (၁) လေ့လာဆည်းပူးသောအကြောင်းအရာများကို အကျဉ်းချုပ်ရေးသား၍ လေ့လာခြင်း၊ (၂) ပုံကြမ်းရေးဆွဲ၍ လေ့လာခြင်း၊ (၃) ဝေဖန်သုံးသပ်၍ လေ့လာခြင်း၊ (၄) ကိုယ်ပိုင်ထင်မြင်ချက်များကို ဆောက်တည်၍ လေ့လာခြင်း၊ (၅) မိမိခံယူချက်များကို ရေးသား၍လေ့လာခြင်း၊ (၆) ခေတ်ပေကျမ်းဂန်များနှင့် ညှိနှိုင်း၍လေ့လာခြင်း၊ (၇) အတွေ့အကြုံကိုလွှတ်၍ လေ့လာခြင်း စသည်တို့ ဖြစ်ကြသည်။

ယခုဆိုရင် သဘာဝတ္တပညာနဲ့ ပတ်သက်ပြီးအခြေခံကျတဲ့အချက်အလက်၊ အသိပညာ၊ ဆန်းစစ်တွေ့ရှိမှုအချို့ကို သဘာဝတရားမှသည် ဆက်လက်လေ့လာနိုင်ရန် အခြေခံ အချက်အလက်များကိုလည်း နားလည်သဘောပေါက်မည် ထင်တယ်။ သဘာဝတ္တပညာရပ်ဟာ နက်နဲသိမ်မွေ့သော ပညာရပ်တစ်ရပ်လည်းဖြစ်တယ်။ လောကသုံးပါးနဲ့မကင်းကွာဘဲ လောကသုံးပါးအကြောင်း ဆန်းစစ်လေ့လာ၍မြင်သုံးသပ်သောပညာရပ်ဖြစ်တယ်။ ဒါကြောင့် ထူးချွန်ထက်မြက်လိုသူတိုင်းဟာ မည်သည့်ပညာရပ်မဆို လေ့လာပါ၊ သင်ယူပါ၊ မှတ်သားပါ၊ ဆန်းစစ်သုံးသပ်ကြပါ၊ တုပရေးသားကြပါလို့ အကြံပြုရင်း ထူးချွန်ထက်မြက်သော ကျောင်းသားလေး မောင်ငြိမ်းချမ်းဝင်း(ယခုဆရာဝန်)ရဲ့စာစီစာကုံးတစ်ပုဒ်ကို လေ့လာသုံးသပ်နိုင်ရန် တင်ပြလိုက်ပါတယ်။

# ရိုးရိုးကျင့် မြင့်မြင့်ကြံ



"ရိုးရိုးကျင့် မြင့်မြင့်ကြံ"ဟူသော စကားကို ကြားရလျှင် ကျွန်တော်သည် သူတော်စင် ဂန္ဒီကို စိတ်ထဲက ပြေး၍မြင်ယောင်မိပါသည်။ အသားက ညိုမှောင်မှောင်၊ ခေါင်းတုံးက ပြောင်ပြောင်၊ ခန္ဓာကိုယ်က ကိုင်းကိုင်း။ မျက်မှန်အဝိုင်းကလေးနှင့်၊ ဝတ်ဖြူစုံလယ်ပိုင်းကို ကိုယ်မှာသိုင်းထားသည်။ သူ၏ ဝတ်စားဆင်ယင်ပုံကို ကြည့်လျှင် အညာတရလူသားဟု ထင်စရာရှိသည်။ မဟုတ်ပါ။ သူကား ကမ္ဘာကျော် အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး မဟတ္တမ ဂန္ဒီပင် ဖြစ်ပါတော့သည်။ ရိုးရိုးတန်းရထားတွဲမှ ခရီးသွားသော ဂန္ဒီအား "အဘယ်ကြောင့် တတိယတန်းတွဲက စီးရပါသလဲ" ဟု မေးသူအား "စတုတ္ထတန်းတွဲမရှိလို့ပါ" ဟု ဖြေ၏။ ဤမျှ အနေအထိုင်ရိုးသားသည့် ဂန္ဒီကြီးကို ကမ္ဘာကပင် ချစ်ခင်လေးစားကြပါသည်။

ရိုးသားစွာ ပြုမူကျင့်ကြံနေထိုင်တတ်သော်လည်း မျှော်လင့်ရည်မှန်းချက်ကြီးကြီးမားမား မြင့်မြင့်ထားလျှင် "ရိုးရိုးကျင့် မြင့်မြင့်ကြံ"ဟု အဓိပ္ပာယ်ဖွင့်ဆိုချင်ပါသည်။ "ရိုးသားခြင်းသည် အကောင်းဆုံးဝါဒဖြစ်သည်"ဟူသော ဆိုရိုးစကားရှိပါသည်။ ဤဆိုရိုးသည် ရိုးသော်လည်း အလွန်မှန်၏။ ရိုးသားမှုဆိုရာတွင် ကိုယ်၊ နှုတ်၊ နှလုံး ဖြောင့်မတ်မှန်ကန်ခြင်း၊ သစ္စာရှိခြင်း၊ အနေအထိုင်၊ အပြောအဆို၊ ဝတ်စားဆင်ယင်မှု တည်ကြည်ခြင်းတို့ ပါဝင်ပါသည်။ လောကတွင် ရိုးသားမှုသည် လူ့တန်ဖိုးဖြစ်၏။ လူမှုရေးနယ်ပယ်တွင် ရိုးသားမှုသည် လူ့ဂုဏ်ရည်တစ်ခု ဖြစ်ပါသည်။ လူတစ်ဦးတွင် ဥစ္စာပစ္စည်း ဆုံးရှုံးခြင်းသည် သာမန်ဆုံးရှုံးမှုဖြစ်၏။ ကျန်းမာရေးဆုံးရှုံးပါက ပြန်လည်တည်ဆောက်ရနိုင်ပါ၏။ သို့သော် ရိုးသားမှု စရိုက်ပျက်ယွင်းလျှင်ကား အရာအားလုံး ဆုံးရှုံးမှုပင် ဖြစ်ပါတော့သည်။

တစ်နပ်စားဉာဏ်ဖြင့် ဖြတ်လမ်းမှကြံကာ စီးပွားချမ်းသာချင်သူတို့က ရိုးသားခြင်းကို အ,ခြင်းဟု ထင်မှတ်မှားနေကြပါသည်။ လောကသဘာဝ လူသဘော၊ လူမနောကို မသိခြင်းသာ ရိုးအခြင်းဖြစ်၏။ ဝတ်စားနေထိုင်မှု ရိုးခြင်းသည် အ,ခြင်း မဟုတ်ပါ။ စိတ်နေစိတ်ထား ရိုးသားခြင်းသည် အ,ခြင်းမဟုတ်ပါ။ တည်ငြိမ်ခြင်း၊ ဖြောင့်မတ်မှန်ကန်ခြင်းဖြစ်၍ လိုလားအပ်ပေသည်။

ကျွန်ုပ်တို့သည် ရိုးရိုးသားသား ကျင့်ကြံနေထိုင်သင့်ပါသည်။ မရိုးလျှင် ဆန်း၏။ ဆန်းခြင်းသည် ကလက်ခြင်း၊ မတည်ငြိမ်ခြင်း ဖြစ်၏။ ကလက်ခြင်းနှင့် လျှပ်ပေါ်လော်လီခြင်းသည် ဆွေမျိုးတော်၏။ အဝတ်အစား၊ အနေအထိုင်၊ အပြုအမူ၊ အပြောအဆို လျှပ်ပေါ်လော်လီခြင်းသည် လူပေါ် လူသွမ်းတို့၏ လေ့စရိုက်ဖြစ်ပါ သည်။

လောက၌ ပမရှိဘဲ ဝမလုပ်ရာ။ မိမိ၌ စီးပွားဥစ္စာ မချမ်းသာဘဲ "သောက်တော့ ဒွေးယား၊ ဝတ်တော့ မလေးရှား"ဖြင့် ပလွှားပေါ်ကြွားနေပါက ဆင်းရဲတွင်းက လွတ်ကင်းနိုင်မည်မဟုတ်ပါ။ မိမိဘဝအခြေအနေအရ ရိုးသားစွာဖြင့် "ရတာလေးနှင့် ပအောင်စား၊ ရှိတာလေးနှင့် လှအောင်ဝတ်"ခြင်းကသာ ကောင်းသောဝါဒ ဖြစ်ပါတော့သည်။ သူ့အိုးသူ့ဆန် တန်ရုံသာကျင့်သုံးရပေမည်။

လူသည် သတ္တဝါအားလုံးအနက် ဦးနှောက်ဉာဏ် အထက်ဆုံးဖြစ်ရာ ကြံစည်အားထုတ်မှုရှိရပေမည်။ ရိုးသားမှုဂုဏ်ရည်တစ်ခုတည်းဖြင့် ကျေနပ်နေ၍မဖြစ်သေး။



ရိုးသားသော်လည်း ကြံစည်မှုကမရှိပါက မတိုးတက်နိုင်။ ရိုးရိုးနှင့် အေးအေးနေခြင်းသည် ဘဝကို ရောင့်ရဲတတ်သူဖြစ်ပါသည်။ ရောင့်ရဲတတ်ခြင်းသည် စိတ်ချမ်းသာမှုကို ရနိုင်မည်ဖြစ်သော်လည်း၊ တိုးတက်မှုကို ဆုတ်ယုတ်စေပါသည်။ မည်သူမဆို မိမိရည်မှန်းချက်အောင်မြင်စေရန် ရိုးရိုးကုပ်ကုပ်နှင့် ကြိုးစားအားထုတ်ရပေမည်။ မြင့်မြင့်ကြံရမည်။ အကြံကြီးမှ ကြီးမြင့်၏။ ကြီးမြင့်မှ ဘဝသာယာမည်။

"လောကတွင် မဖြစ်သေးတာရှိ၏။ မဖြစ်နိုင်တာ မရှိ"ဟု ပြင်သစ်ဘုရင်ကြီး နပိုလီယန်က ဆိုဖူးပါသည်။ လောကတွင် လုပ်လျှင်ဖြစ်၏။ ရှာလျှင်တွေ့၏။ သွားလျှင်ရောက်၏။ မည်သည့်ကိစ္စမဆို ကြိုးစားအားထုတ်မှုဖြင့် ကြံစည်ပါက တစ်နေ့တွင် မုချအောင်မြင်ရပေမည်။ "တစ်နေ့တစ်လံ ပုဂံဘယ်ပြေး"မည်နည်း။ ကြီးပွားတိုးတက်လိုလျှင် မိမိလက်ရှိအခြေအနေအတိုင်း ရောင့်ရဲမနေသင့်။ မြင့်သည်ထက်မြင့်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြံစည်အားထုတ်နေရပေမည်။ ဆင်းရဲခြင်းကို လည်စင်းခံနေရုံဖြင့် ဒုက္ခတောင်ကို ကျော်လွှားနိုင်မည်မဟုတ်ပါ။ "ထိုင်နေလို့တော့ ဘာမှ ဖြစ်မလာဘူး"ဟူသော ခေတ်ပေါ်သီချင်း ရှိသည်မဟုတ်လော။

လူတိုင်းတွင် မျှော်မှန်းချက်ရှိရမည်။ ပညာရေးအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ၊ လုပ်ငန်းအရဖြစ်စေ မိမိရည်မှန်းချက်အောင်မြင်ရန် အမြဲတမ်းကြံစည်အားထုတ်နေပါက တစ်နေ့တွင် မုချအောင်မြင်ရပေမည်။ "တစ်စုံတစ်ခုကို ကြံစည်လုပ်ကိုင်၍ ဆုံးရှုံးရခြင်းသည် တစ်စုံတစ်ရာကိုမျှ မကြံစည်၊ မလုပ်ကိုင်ခြင်းထက် မြတ်၏"ဟု




လှိုက်ဂျူးဆိုသူ ပုဂ္ဂိုလ်ကြီးက မိန့်ဆိုဖူး၏။ လောကတွင် အကြံကြီးသူ အောင်မြင်၏။ ကြိုးစားမှ တိုးပွားမည်။ လူတစ်ဦး အရည်အချင်းကို သိလိုလျှင် သူ ဘာတွေကြံစည်လုပ်ကိုင်နေသလဲဆိုတာ ကြည့်ရမည်။ ပညာ၊ ဥစ္စာ၊ ဘာဝနာ၊ ဘာကိုမျှ မကြံစည်သူသည် ရှင်လျက်သေနေသူသာတည်း။

လောကတွင် နာမည်ကျော်ကြား ကြီးပွားတိုးတက်ခဲ့သူများသည် အကြံကြီးသူ များဖြစ်၏။ သောမက်စ်အက်ဒီဆင်သည် ငယ်စဉ်က ရထားပေါ်တွင် သတင်းစာရောင်းသမားဖြစ်ခဲ့၏။ အားလပ်ချိန်ကလေးများတွင် သူ၏ စိတ်ကူးဉာဏ်ကို ကြံစည်အားထုတ် အသုံးချရင်းဖြင့် တီထွင်မှုဝိဇ္ဇာ သိပ္ပံပညာရှင်ကြီး ဖြစ်ခဲ့ပါသည်။ ယင်း၏ အသီးအပွင့်များကို ယနေ့လူသားများ ခံစားနေရပေပြီ။ ဆရာကြီးပီမိုးနင်းသည် အကျဉ်းခန်းကလေးထဲတွင် ဆင်းရဲစွာဖြင့် နေထိုင်ရင်း အဖိုးမဖြတ်နိုင်သော တတ်ကျမ်းများစွာကို ရေးဖွဲ့ခဲ့ပါသည်။ လူမချမ်းသာသော်လည်း ပီမိုးနင်း၏အမည်ကား ထိပ်ဆုံးသို့ရောက်ခဲ့၏။ ဆရာကြီးကို "နွံထဲက ကြာ"ဟု ဦးသိန်းဖေမြင့်က တင်စားရေးသားထားသည်ကို ဖတ်ဖူးပါသည်။

လောကတွင် အောင်မြင်သူများသည် "ရိုးရိုးကျင့် မြင့်မြင့်ကြံ"သူများဖြစ်၏။ ကျွန်ုပ်တို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်ကတည်းက အနေအထိုင်ရိုးသား၏။ ပင်နီဖျင်ကို ချစ်၏။ ဝါးခမောက်ကို မြတ်နိုး၏။ ဂုဏ်ပကာသန မမက်မော။ အစားအသောက်ဇီဇာမများ။ "ကြည့်ရ ပဲပြုတ်နဲ့နံပြားရရင် စားချင်တယ်"ဟူသော စကားသည် သမိုင်းဝင်စကားဖြစ်၏။ လွတ်လပ်ရေးဖခင်ကြီး ကျဆုံးသောအခါ ကျန်ရစ်ခဲ့သည်ကား စာအုပ်၊ ဝတ်စုံအနည်းငယ်နှင့် အသုံးအဆောင်အချို့သာ ဖြစ်၏။ ရိုးသားမှုတွင် ခံမြဲထိုက်သည့် ပုဂ္ဂိုလ်ပင်။ သို့သော် သူ၏ မြင့်မားသောအကြံမှာကား မြန်မာပြည် လွတ်လပ်ရေးရရန်ပင် ဖြစ်ပါသည်။

မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသသည် သစ်သားကျောင်းငယ်ကလေးမှာ ရိုးသားစွာ သီတင်းသုံးရင်း စာပေပြုစု၏။ ပရိယတ္တိပို့ချ၏။ နံနက်ခင်း ဩဝါဒများ မိန့်ကြား၏။ ယာဂုနှင့် ဆွမ်းကိုသာ မြိုးမြစ်စွာဘုဉ်းပေး၏။ ပရိယတ်၊ ပဋိပတ်တို့ကို ရိုးသားစွာကျင့်ကြံအားထုတ်ရင်းဖြင့် တစ်ဘဝသံသရာကို ချုပ်ငြိမ်းစေခဲ့ပါသည်။ ထို့အတူပင် ပဋိပတ်ကျင့်ကြံအားထုတ်မှု၌ ထင်ရှားသောပုဂ္ဂိုလ်အကျော် ဆရာတော်ကြီးများသည်လည်း လောဘ၊ ဒေါသ၊ မောဟ နည်းပါးကြလျက် ရိုးရိုး ကျင့် မြင့်မြင့်ကြံခဲ့သော ပုဂ္ဂိုလ်ထူးများ ဖြစ်ကြပါသည်။ သုံးလူ့ထွဋ်ထား ဂေါတမမြတ်စွာဘုရားသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ရိုးသားစွာ ကျင့်ကြံအားထုတ်သဖြင့် နောက်ဆုံးတွင် မိမိရည်မှန်းသည့် မြင့်မြတ်သောဘုရားအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ကျွန်ုပ်တို့ ကျောင်းသူ၊ ကျောင်းသားများသည် ငယ်စဉ်ကတည်းက ရိုးသားမှု ကို မြတ်နိုးကြရမည်။ အနေအထိုင်၊ အပြု အမူ၊ အပြောအဆို၊ ဝတ်စားဆင်ယင်မှု ရိုးသားသင့်ပါသည်။ ဂုဏ်ပကာသနနှင့် လွဲမှားသော ပလွှားမော်ကြွားမှုတို့ကို ရှောင်ရှားရမည်။ ထို့နောက် မိမိတို့၏ ရည်မှန်းချက်ဖြစ်သော စာမေးပွဲကို အဆင့်မြင့်မြင့်၊ ဂုဏ်ထူးများများဖြင့်အောင်ရန် အပတ်တကုတ် ကြိုးစားအားထုတ်ရပေမည်။ ကျောင်းမှန်မှန်တက်၍ စာမှန်မှန်ကျက်ရပါမည်။ အစကတည်းက ရိုးသားစွာမကြိုးစားဘဲ စာမေးပွဲနီးမှ ခိုးမှန်းမေးခွန်းများဖြင့် ဖြတ်လမ်းမှ လိုက်ခြင်း၊ မသမာသောနည်းများ အသုံးပြု၍ "မိုးမိုးမမြေ ဒိုးချမြေ"က အရှုံးမြင့်သာ အဆုံးသတ်ရပေမည်။ ကျွန်ုပ်တို့သည် မိမိဘဝလမ်းကို လျှောက်လှမ်းရာတွင် ဝတ်သည်၊ စားသည်ကို မဖလှော်မာဘဲ ဘဝပေးအခြေအနေအရ ကျင့်သုံးနေထိုင်သင့်ပေသည်။ အနေအထိုင်၊ အပြောအဆိုကို ဟိတ်ဟန်မများ။ မပလွှားသင့်ပါ။ ရိုးသားစွာ ကျင့်ကြံနေထိုင်ပြီး မိမိဘဝတိုးတက်သာယာရေးကို ကြံစည်အားထုတ်ရပေမည်။ "ရိုးသားခြင်းဖြင့် ချမ်းသာမည်"ဟု ဒိဋ္ဌ မပြောနိုင်သော်လည်း မရိုးသားလျှင်ကား ပျက်စီးမည်မှာ သေချာသည်။ စိတ်ဓာတ်ပျက်စီးလျှင် လူ့လောကတွင် ဘာမျှအသုံးမဝင်နိုင်တော့ပါ။ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ပညာရှိခြင်း၊ ပညာမဲ့ခြင်းသည် သာမည။ ရိုးသားစွာ ကျင့်ကြံနေထိုင်ပြီး လောကအကျိုး၊ လူအကျိုး သယ်ပိုးဆောင်ရွက်နိုင်ခြင်းသည်သာ အဓိကဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မိမိဘဝ၊ လူ့ဘောင်လောကအကျိုးကို "ရိုးရိုးကျင့် မြင့်မြင့်ကြံ"ခြင်းဖြင့် သာယာလှပသောဘဝကို တည်ဆောက်ကြပါစို့ဟု တိုက်တွန်းလိုက်ချင်ပါတော့သည်။

**ကိုစော(ပထဝီဝင်)**
**ဒိုမြိမ်း – မျိုးမြင့်စော၏**
**'ဘာသာစုံစာပေလေ့လာနည်း'**



# စေတုတ္တရာသား

## ဆင်ဖြူကျွန်း အောင်သိန်း

(၁)

ကားစက်သံသည် တစ်တောလုံး တစ်တောင်လုံးကို ဖုံးလွှမ်းနေလေသည်။ စက်ကလည်း စက်အို စက်ဟောင်း၊ ကိုယ်ထည်ကလည်း တယိမ်းယိမ်းတနွဲ့နွဲ့ဖြင့် တအိအိ တကျွိကျွိမြည်ကာ ပြိုကျတော့မည်လား။ ပြုတ်ကျတော့မည်လားထင်ရသည်။ ရတနာသုံးပါးသာမက ခင်ပွန်းကြီးဆယ်ပါးပါ တ,ပြီး စီးရသောကား။

ကိုယ်ထည်မကောင်း၊ စက်မကောင်းသော်ငြား ကုန်စည်အပြည့်အမောက် တင်လာသေးသည်။ သည်မျှဖြင့် အားမရသေး။ ကားပေါ်ကားနောက်နှင့် ကားဘေးတွင်လည်း လူပဒေသာကြီး သီးပွတ်နေသေးသည်။

ဦးကောင်းသန့်မှာ ကားခေါင်းထဲတွင် သီးသီးသန့်သန့်နေရာကိုရပါ၏။ သို့ဖြစ်ငြား သူ့ရင်ထဲတွင် သည်မော်တော်ကား စက်အိုကြီးထက် ပူလောင်နေသေးသည်။ မီမှ မီပါ့မည်လား။ အချိန်မီမှ ရောက်ပါမည်လားဟူသော သောကချွေးပေါက်ကြီးများသည် နဖူးတွင် သီးနေ၏။ လည်ပင်းတွင် ရွှဲနေ၏။ တစ်ကိုယ်လုံးတွင် အိုင်နေ၏။

ကားသည် ဝက်တစ်ကောင် မချိမဆန့်အော်သံမျိုးဖြင့် အော်ညည်းလျက် "နမတောင်" တောင်ထိပ်ပေါ်သို့ ရောက်လာတော့မှ ဦးကောင်းသန့် ရင်အေးချင်သယောင်ရှိလာသော်ငြား ရင်မအေးရဲသေး။

ရှေ့တွင် အဆင်းတွေချည်းများသည် မှန်၏။ သို့သော် စေတုတ္တရာမြို့သည် ဆယ်မိုင်ကြီးများပင် ဝေးသေးသည်။ ကုန်စည်နှင့် ခရီးသည်အဆမတန် တင်ဆောင်ထားသော ကားအိုကြီးသည် အချိန်မရွေး စက်ချွတ်ယွင်းနိုင်၏။ သစ်ပင်လဲကျနေခြင်း၊ တောင်ပြိုပြီး လမ်းပိတ်နေခြင်း၊ တောင်ပြိုရာတွင် လမ်းပုံ့ပါသွားခြင်းစသည်တို့ကြောင့် ဖင့်နွှဲ့နေနိုင်သေး၏။ နေရာမရွေး ဝင်ရိုးကျိုးနိုင်၏။ သို့ကြောင့် မျက်စိကိုမှိတ်ကာ ဘာမှမဖြစ်ပါစေနဲ့၊ ဘာမှမဖြစ်ပါစေနဲ့ ဆုတောင်းရင်း လိုက်ပါလာရသည်။

သို့သော် ကားနောက်ပိုင်းမှ လူပဒေသာကြီးကား ဦးကောင်းသန့်နှယ်မဟုတ်။ ကားဆောင့်လိုက်လျှင် ဟေးခနဲအော်ကာ ရယ်မောလိုက်ကြ၏။ အချင်းချင်း 'ချင်းစကား'ဖြင့်လည်း ညံနေအောင်ပြောကြ၏။ ဗမာစကားဖြင့်လည်း စီခနဲ စီခနဲ အော်ကြ၏။ သူတို့အဖို့ကား စလင်းနှင့် စေတုတ္တရာ ပြေးဆွဲနေသော သည်ကားနှင့် သည်လမ်းမှာ မဆန်းတော့ပြီ။

ဦးကောင်းသန့်ဘေးမှ ယာဉ်မောင်းသူသည် လက်ကိုင်ဘီးကိုထိန်းရင်း ဘရိတ်ကို တော့ကာ တော့ကာဖြင့် ကားကိုလိမ့်ချနေ၏။ ကြီးမားထူထဲသော ဒဟတ်ပင်ကြီးများသည် ရိပ်ခနဲ ရိပ်ခနဲ ကျန်ခဲ့သည်။



ဦးကောင်းသန့် မျက်စိထဲတွင် ကြီးမားသော လှထုပရိသတ်ကြီးကို မြင်ယောင်နေသည်။ ထိုပရိသတ်ကြီးသည် အခမ်းအနားဖွင့်လှစ်ပေးမည့် ဦးကောင်းသန့်ကို လည်းတရှည်ရှည်ဖြင့် မျှော်နေကြရောမည်။

ယခုနှစ်ကား 'သံဆည်တူးမြောင်း' ဖွင့်လှစ်မည့်နေ့တည်း။

ကျောက်သားကို မွေကဲ့သို့ ပါးစပ်ဖြင့်မကိုက်ရုံတမည်၊ မြေသားကို ကြွက်ကဲ့သို့မယက်ရုံတမည် ခက်ခဲစွာတူးဖောက်ခဲ့ရသော သံဆည်တူးမြောင်း။ စေတုတ္တရာသား ချင်း ဗမာတို့၏ မလျှော့သောလုံ့လကြီးမားသောစွမ်းအင် အောင်ပွဲပြအခမ်းအနားသို့ အချိန်မီရောက်ရေးသည်သာ ဦးကောင်းသန့်ကို လွှမ်းမိုးနေသည်။ အခြားဘာကိုမျှမသိ။

သူသည် ဝေးဝေးမှန်း သိပ်ပါလျက်နှင့် စေတုတ္တရာ၏အစိုင်အယောင်ကို မြင်ရန်းဖြင့် လည်ဆန့်ကာကြည့်မိ၏။ စေတုတ္တရာကို မြင်ရပြီဆိုသောသင်္ကေတကား အထက သွပ်မိုးမွေ့မွေ့တွေကို လှမ်းမြင်ခြင်းဖြစ်ပေ၏။ ယခုသော်ကား ဒဟတ်တောနှင့် အင်ကြင်းပင်များသာ ကာသမ်းနေဆဲရှိပေသည်။

ကားသည် အဆင်းမျှိမ့်ပါ၏။ သည်မျှမြန်ဆန်ပါလျက်ကို ဦးကောင်းသန့်စိတ်ထဲတွင် နှေးသည်ချည်းထင်နေ၏။

(၂)

အသံချဲ့စက်သံ ပျောက်သွားလျှင် ဗိုးမတ်သံ အိုးစည်သံများသည် ဟိန်းညံလျက် လွင့်ဝဲရောက်ရှိလာသော်ငြား မောင်ချစ်ညွှန့်သည် သည်အသံများကို မကြားအား။ သစ်ပင်များကြားမှ ဘွားခနဲပေါ်လာမည့် ဘတ်စ်ကားကိုသာ ငေးမျှော်နေမိသည်။

မုန်းချောင်းသည် စလင်း စေတုတ္တရာကားလမ်းကို စေတုတ္တရာမြို့အဝင်မှ ကန့်ဆီးထားသည်။ ကားသည် ချောင်းတိမ်အတွင်း ကွေ့ကောက်လျက် 'ရေမောင်း' များအနီးမှ ဖြတ်သန်းကာ စေတုတ္တရာသို့ သွားရမည်။

မုန်သားနယ် ကြည်လင်နေသော ရေထဲမှ လမ်းပြမှတ်တိုင်များကလည်း မောင်ချစ်ညွှန့်ကဲ့သို့ပင် စေတုတ္တရာသို့ ဝင်လာမည့်ကားကို စောင့်လင့်နေကြဟန်ရှိ၏။ တလှုပ်လှုပ် တယိမ်းယိမ်းဖြင့်။

မောင်ချစ်ညွှန့်၏ မျက်စိများ ဝေလာသည်၊ ဝါးလာသည်။ ကြည့်ရလွန်း၍ အားစိုက်ရလွန်းသောကြောင့်ဖြစ်ပါလိမ့်မည်။ သို့ကြောင့် မျက်တောင်များကို တဖျပ်ဖျပ်ခတ်ရင်း ရေမောင်းတဲများဘက်သို့ အကြည့်ပြောင်းလိုက်သည်။

သည်နေရာတွင် ချောင်းကိုကျဉ်းထား၏။ ချောင်းရေသည် မောင်းတဲများဘက်သို့ ဝါးလုံးထိုး လိမ့်ဆင်းနေ၏။ တအားဆင်းလာကာ တိုးတိုက်သွားသော ရေအားကြောင့် ဝင်ရိုးကြီးမှ ရေဒလက်များသည် တစ်ရွက်ပြီးတစ်ရွက် တစ်တက်ပြီးတစ်တက် လည်ဆင်းသွားကြ၏။ သည်အခါ ဝင်ရိုး၏ ကုန်းတွင်းပိုင်းမှ ဒလက်များသည် ဆန်ဖွပ်သော မောင်းတုံများ၏ အမြီးများကို ဖိနှိပ်ပေးကြ၏။

ကိုချစ်ညွှန့် လိုချင်တဲ့အဖြေကို
ပေးပါမယ်၊ အခုတော့
မဟုတ်သေးရှင်၊ ကျွန်မတို့
အခုလုပ်အားပေးနေတဲ့
သံဆည်မြောင်းကြီး ပွင့်သွားပြီး
မုန်းချောင်းထဲကရေတွေ
သံဆည်ရွာနားက
မြောင်းထဲရောက်လာတဲ့
နေ့ကျတော့မှ - -



မောင်ချစ်ညွှန့်သည် မြောက်တက်လာလိုက် ပြန်ကျသွားလိုက်ဖြစ်နေသော မောင်းဦးများ၊ ကျည်ပွေ့များနှင့် ဆန့်ပြာသူများကို အမှတ်မဲ့သာ ငေးကြည့်နေ၏။ အာရုံမရောက်။ မောင်ချစ်ညွှန့်၏အာရုံမှာ ရေစီးသံများနှင့် ကျည်ပွေ့ကျသံများကို ဖောက်ထွင်းဝင်လာမည့် မော်တော်ကားစက်သံဆီသို့သာ။

မောင်းတဲထဲမှ အမျိုးသမီးများသည် ကျည်ပွေ့များ မှန်မှန်မြောက်တက်နေသည့်ကြားမှ ဆန့်ကို အပြေးအလွှားနှိုက်ထုတ်ကာ ပြာစင်ကြသည်။ ထပ်ထည့်သည်။ တစ်ချက်ကလေး နားချိန်မရ။ ပျာယာခတ်နေကြပေ၏။

မောင်ချစ်ညွှန့်မှာလည်း လှုကာသာ ရေစပ်တွင် တောင့်တောင့်ငြိမ်ငြိမ်ကြီးရပ်နေ ငြား ရင်တွင်းတွင်မူ မောင်းတဲထဲက မိန်းမများနှယ် လှုပ်ရှားနေ၏။ ဆိုင်းဘုတ်များ၊ အလံများတလွင့်လွင့် တဝဲဝဲဝေနေသော အောက်ဘက်ဆီ မျှော်ကြည့်လိုက်၊ ကားလမ်းကို မျှော်ကြည့်လိုက်နှင့် လှုပ်ရှားနေရချေ၏။

သည်နေ့သည် ဝမ်းစာမလုံလောက်သော စေတုတ္တရာမြို့နယ်တွင် လယ်မြေကော ငါးရာကျော် မော်ထုတ်ပေးမည့် 'သံဆည်မြောင်း' ဖွင့်ပွဲနေ့ဖြစ်သောကြောင့် အရေးကြီးသော နေ့တစ်နေ့၊ အောင်ပွဲကလေးတစ်ပွဲခံသောနေ့ဖြစ်၏။ အချိန်ပြည့် လုပ်အားပေးနေခဲ့သော သည်နယ်မြေဇာတိသားဖြစ်သော မောင်ချစ်ညွှန့်အတွက်လည်း သည်မြောင်းဖွင့်ပွဲသည် အရေးကြီးသော်ငြား၊ ဂုဏ်ယူသော်ငြား၊ အခြားအကြောင်းလည်း ရှိနေသေး၏။

"ကိုချစ်ညွှန့် လိုချင်တဲ့အဖြေကို ပေးပါမယ်၊ အခုတော့ မဟုတ်သေးရှင်၊ ကျွန်မတို့ အခုလုပ်အားပေးနေတဲ့ သံဆည်မြောင်းကြီး ပွင့်သွားပြီး မုန်းချောင်းထဲကရေတွေ သံဆည်ရွာနားက မြောင်းထဲရောက်လာတဲ့ နေ့ကျတော့မှ - - -"

မလှမြတ်၏ စကား။

လယ်ကိုင်းမြို့သူ ညိုညိုညက်ညက်ကလေး၏ စကားက မောင်ချစ်ညွှန့်နားထဲမှ မထွက်။ သံဆည်မြောင်းကြီး မြန်မြန်ဆန်ဆန် ပေါက်မြောက်ပါစေ။ အောင်မြင်ပါစေ ဆုတောင်းခဲ့ရသည်မှာအမော။ သည်

အမောကြောင့်ပင် လုပ်အားပေးကာလ တစ်လျှောက်လုံး မောင်ချစ်ညွှန့် မမောနိုင် မပန်းနိုင် တက်ကြွခဲ့ရှေသလား၊ ထင်ခဲ့ရ သည်။

ဟော…ယနေ့။ သူမျှော်လင့်သော နေ့သို့ ရောက်လာပြီ။

မောင်ချစ်ညွှန့်ရင်ထဲတွင် အေးခနဲဖြစ် သွားသည်။ တစ်ဆက်တည်းလည်း ပြုံးမိ ပြီးသားဖြစ်သွား၏။

သူက စေတုတ္တရာနှင့် အတန်လှမ်း သော ဇအိုင်ဇာတိသား၊ စေတုတ္တရာ ကုန် သွယ်ရေးရုံးတွင် လာရောက်တာဝန်ထမ်း ဆောင်နေသူ။

မလှမြတ်က ဝေးစွာသော လယ်ကိုင်း မှ သံဆည်ရွာ အ-မ-က သို့ လာရောက် တာဝန်ယူနေသော ဆရာမကလေး။

စေတုတ္တရာမြို့သည် ပြောပလောက် အောင် ကြီးမားကျယ်ဝန်းခြင်းမရှိ။ သို့ ကြောင့်လည်း တစ်လလျှင် တစ်ကြိမ် နှစ် ကြိမ်မျှသာ မြို့သို့တက်လာတတ်သော မလှ မြတ်ကို မောင်ချစ်ညွှန့် ကောင်းစွာမှတ်မိ သိရှိရုံမက တိတ်တဆိတ် ချစ်မိနေခွင့်ရခဲ့ ခြင်းဖြစ်ပေသည်။

သို့သော် သံဆည်ရွာသို့ မောင်ချစ် ညွှန့် မရောက်ပါ။ သွားခွင့်လည်းမကြုံပါ။ တစ်နေ့သော် အလည်သွားမည်။ တစ်လ သော် အရောက်သွားမည် ရည်ရွယ်ထားငြား ရောက်ကိုမရောက်။

ကြုံချင်တော့ သံဆည်မြောင်း လုပ် အားပေးပွဲတွင် လာဆုံရသည်။ လုပ်အား ပေးစခန်းသို့ စေတနာရှင်ဆရာမကလေး သည် နေ့စဉ်ရက်ဆက်လိုလို ရောက်လာ တတ်၏။ တစ်ခါတရံ ကျောင်းမှ ကလေး သူငယ်တွေနှင့်။ တစ်ခါတလေ ရွာသူရွာ သားတွေနှင့်။

မောင်ချစ်ညွှန့်မှာ သက်သာချောင်ချိ ရေးတွင် တာဝန်ယူရရာ မလှမြတ်လာ တိုင်း တွေ့ဖြစ်၊ ဆုံဖြစ်ရာမှ သူ့ရင်တွင်းမှ အကြောင်းကို ပြောဖြစ်ခဲ့လေသည်။

မလှမြတ် ပြုံးရုံသာပြုံးသွား၏။ တုံ့ပြန် စကား မဆိုချေ။

သူကသာ ငြိမ်သက်အေးဆေးစွာ ထွက်သွားငြား မောင်ချစ်ညွှန့်မှာ ရင်ပူပြီး ကျန်ခဲ့၏။

"စိတ်များဆိုးသွားပြီလား။ လူကြီးတွေ

နောက်နှစ်ရက်အကြာတွင်
သက်သာဆိုင်သို့ မလှမြတ်နှင့်
ကျောင်းသားကလေးများ
ရောက်အလာတွင်မှ မောင်ချစ်ညွှန့်
နေသာထိုင်သာဖြစ်ခဲ့ရ၏။
အကြောင်းသော်ကား
မလှမြတ်သည် မောင်ချစ်ညွှန့်အား
ခေါ်ပြောမပျက် ဆက်ဆံမြဲ
ဆက်ဆံသောကြောင့်ပေတည်း။



ကို လျှောက်ပြောနေမှဖြင့်"

သို့သော် နောက်နှစ်ရက်အကြာတွင် သက်သာဆိုင်သို့ မလှမြတ်နှင့် ကျောင်း သားကလေးများ ရောက်အလာတွင်မှ မောင်ချစ်ညွှန့် နေသာထိုင်သာဖြစ်ခဲ့ရ၏။ အကြောင်းသော်ကား မလှမြတ်သည် မောင်ချစ်ညွှန့်အား ခေါ်ပြောမပျက် ဆက်ဆံ မြဲ ဆက်ဆံသောကြောင့်ပေတည်း။

မောင်ချစ်ညွှန့်မှာ ချွေးတလုံးလုံးနှင့် လုပ်အားပေးနေသော ဆရာမကလေးကို မေတ္တာသဒ္ဓါနိုး ရွေမြဲရွေသည်။ မမောနိုင်၊ မပန်းနိုင် လုပ်အားပေးနေသော ဆရာမ ညိုညိုခဲခဲကလေးအပေါ်တွင် တွယ်ရစ်သော မေတ္တာနွယ်ရှင်မှာ သန်စွမ်းသည်ထက် သန် စွမ်းလာခဲ့သည်။

သို့ဖြင့် နောက်တစ်လအကြာတွင် သူ့ ရင်တွင်းဝေဒနာကို နှစ်ကြိမ်မြောက် ထုတ် ဖော်ဖြစ်ပြန်သည်။ မလှမြတ် နှုတ်တုံ့မဆို၊ ပြုံးရုံသာပြုံး၏။

မောင်ချစ်ညွှန့် စိတ်မပျက်ပါ။ နောက် ထပ် တစ်လအကြာတွင် သုံးကြိမ်မြောက် မေတ္တာစကားဆိုမိပြန်သည်။ ထိုအခါ မလှ မြတ်၏ မျက်လုံးကလေးတွေ တောက်ပ လာသည်။ အပြုံးနှုတ်ခမ်းလွှာကလေးတွေ လှုပ်ရှားလာကြသည်။

မောင်ချစ်ညွှန့် ရဲဝံ့စိတ်ပေါ်လာ၏။

"အဖြေကလေးတော့ ပေးဖို့သင့်ပါပြီ ဗျာ"

"ကိုချစ်ညွှန့် လိုချင်တဲ့အဖြေကို လှ မြတ် ပေးပါမယ်ရှင်၊ ဒါပေမဲ့ အခုတော့ မဟုတ်သေးဘူးရှင့်၊ သံဆည်မြောင်းဖွင့်ပွဲ ကျင်းပပြီးလို့ လှမြတ်တို့ သံဆည်ရွာကို မုန်း ချောင်းထဲကရေတွေ ရောက်လာတဲ့နေ့မှ"

"အိုဗျာ…ဝမ်းသာလိုက်တာဗျာ၊ ဝမ်း- ဝမ်းသာလိုက်တာဗျာ"

ယနေ့သည် သံဆည်မြောင်း၊ တူး ဖောက်ပြီးစီးကာ မြောင်းဖွင့်ပွဲကျင်းပမည့် နေ့။ မောင်ချစ်ညွှန့်အတွက် အခြားသူတို့ ထက် ဝမ်းသာနေရသောနေ့ဖြစ်၏။

မြောင်းထိပ်တွင် အရွာရွာမှအဖွဲ့များ ရောက်နေကြပြီ။ တစ်ရွာပြီးတစ်ရွာ တစ် ကျော့စီ တစ်လှည့်စီ ကခုန်တီးမှုတ်နေကြ ပြီ။ ဖွင့်ပွဲအခမ်းအနားကို ဖွင့်ပေးမည့် သံ ဆည်မြောင်း စီမံချက်ဥက္ကဋ္ဌကား မရောက် လာသေး။

အချိန်မီရောက်မလာသော ဦးကောင်း သန့်အား မည်သူမျှ အပြစ်မတင်၊ မငြိုငြင်။ ကိုယ့်ဒေသ၏ ကိုယ့်လယ်။ ကိုယ့်ကာကို ကိုယ်သာအသိဆုံးဖို့ ယနေ့နံနက် စွစွဆော် ဦးရောက်လာမည့် ဘတ်စ်ကားကိုသာ လည်တဆန့်ဆန့်ဖြင့် မျှော်နေမိကြသည်။

လည်တဆန့်ဆန့်မျှော်ရင်း နားစွင့်၍ လည်း ထားကြသည်။ မျက်စိဖြင့် မမြင်ရမီ ပင် လေသင့်မည်ဆိုပါက ကားသံကို ကြို တင် ကြားရတတ်၏။ သို့ကြောင့်ပင် ဗုံလုံး ခေါင်းစသို့ လေတိုးသံကိုပင် ကားသံထင် သူကထင်၊ ကိုင်းတောလေတိုးသံကိုပင် ကားဟွန်းသံ ထင်သူကထင်ဖြင့် တစ် ယောက်ကိုတစ်ယောက် နောက်သံပြောင် သံများဖြင့် ညံနေသည်။

ရယ်မောသံများသည် ကြာကြာမနေ။

ခဏကြာသော် ထိတ်လန့်သွားပြန်၏။ မပျောက်မပျက်တည်နေသောအရာကား ကားလမ်းသို့ မျှော်ငုံ့နေခြင်းသာလျှင် ဖြစ်ချေ၏။

ကြည့်နေဆဲတွင် ဖုန်လုံးကြီးကို မြင်ကြရသည်။ အရပ်းဝမ်းမသာရဲပါ။ လေပွေဖြစ်နိုင်သည်။ နွားအုပ်ကြီး ပြေးလွှားသည်လည်း ဖြစ်နိုင်သည်။

သည်မှာ စောင့်နေရသူများသည် သည်မြောင်းကြီး ဖြစ်မြောက်ရေးအတွက် မောရပန်းရမှန်းမသိ လုပ်အားပေးခဲ့သူများဖြစ်သည်။ သစ်သားခြေထောက် သံခြေထောက်သာဆိုလျှင် ငုံးငုံးတိုလောက်ပြီဖြစ်သော ခရီးကို ပြေးလွှားခဲ့ရသူများဖြစ်သည်။

အခြားမြို့နယ်မှ စပါးတစ်စေ့သည် တစ်ပြားတန်အုံ။ သည်မြို့နယ်မှ စပါးတစ်စေ့သည် တစ်ကျပ်တန်၏။ အခြားမြို့နယ်များတွင် ကားလမ်းတွေ လက်ချင်းယှက်နေသည်။ သည်မြို့နယ်တွင် မြို့အဝင်လမ်းနှင့် မြို့တွင်းလမ်းသာ ကားသွား၍ရသည်။ ထို့ကြောင့် သွားလာလှုပ်ရှားမှုမှန်သမျှ ခြေထောက်သာ အားကိုးရသည်။ ဤသို့ဖြင့် ချွေးမြင့်ရင်းရသော စီမံချက်၊ ချွေးမြင့်ရင်းရသော အကောင်အထည်ဖော်မှုတို့သည် တန်ဖိုးရှိလာခဲ့၏။

ထိုအခါ မိမိတို့၏ချွေးဖြင့် ဖောက်လုပ်ထားသော မြောင်းကြီးထဲသို့ ရေတွေ တရှဲရှဲဝင်လာသည်ကို မြင်ခွင့်ရရန် လူတိုင်း စိတ်အားထက်သန်နေကြလေ၏။

ဟော…မော်တော်ကားစက်သံလိုလို ကြားရ၏။ မောင်ချစ်ညွှန့် ခေါင်းထောင်သွား၏။ ကြီးမားသောအပြုံးဖြင့် လည်ရှည်ကြည့်၏။

(၃)

"ကလေးတွေ ရေစပ်မသွားကြနဲ့နော်။ အရိပ်ထဲမှာပဲ ထိုင်နေကြ၊ တစ်ယောက်နဲ့ တစ်ယောက် မခံချင်အောင်လည်း မစကြနဲ့"

ဆရာမကလေး မလှမြတ်သည် ပျော်ရွှင်အောင်ဆော့နေသော ကလေးများကို လှမ်းပြောရင်း မြောင်းဦးဆည်ဝတွင် သူ့ကလေးတွေ ရှိမရှိ လှမ်းကြည့်သည်။

မှန်းချောင်းတွင်းမှ ရေများသည် သံဆည်မြောင်းတွင်းသို့ပြေးဝင်ရန် ညီပြာသော လှိုင်းတွန့်များဖြင့် အတားအဆီးများကို ပြေးရိုက်နေကြ၏။ ရေမှာအနက်ကြီး မဟုတ်သော်ငြား အောက်ခံကျောက်ခဲ မည်းမည်းမှောင်မှောင်များကြောင့် ညိုပြာရောင်ထနေကာ နက်သည့်ထင်ရ၏။ အ–မ–က ကျောင်းသားမွယ် ကလေးငယ်များအတွက်မှု နစ်နိုင်ပေသည်။

မြောင်းဦးတွင် ကျောက်ခြင်းကြီးများဖြင့် ရေလွှဲထား၏။ ကျောက်ခြင်းဆိုသည်မှာ ဝါးခြမ်းဖြင့် လုံးပတ်တစ်လံရှိသော ခြင်းကြီးများရက်ကာ ကျောက်ခဲကြီးများ ထည့်ထားသောခြင်းများကို ခေါ်ပေ၏။ ရေစီးကို မျှော်ပြီး အလျားပေတစ်ရာ၊ အနံ ပေနှစ်ဆယ်ထုရအောင် ကျောက်ခြင်းများ အထပ်ထပ်စီချလျက် ရေလွှဲထားသည်။

မလှမြတ် ကြားဖူးသည်။

ဟို မနီးမဝေး စလင်းချောင်း၊ မန်းချောင်းတို့တွင်လည်း သည်နယ် ကိုယ်ထူကိုယ်ထ ဆည်များရှိသည်။ သို့သော် ကျောက်ဖြင့် မဆည်၊ မလွှဲ။ ဆည်တိုင်ငုတ်ကြီးများ အထပ်ထပ် အတန်းတန်းစိုက်ကာ သစ်ခက်သစ်ကိုင်းများထည့်ပြီး တားဆို့ကြသည့်အတွက် 'သစ်ခက်ဆည်' ခေါ်သည်။

ချောင်းရေကြီးလျှင် ပျက်ပြီး ချောင်းရေနည်းမှ အဆင်ပြေသည့်အတွက် 'မုဆိုးမဆည်' ခေါ်ကြပြန်သည်။

ထိုသစ်ခက်ဆည်များသည် အချို့သော နှစ်များတွင် မြောင်းဦးတစ်ကြိမ်မျှသာ တက်ရုံဖြင့်ကိစ္စပြီး၏။ အဆင်မသင့်သော နှစ်များတွင်ကား မြောင်းဦးတက်သော လယ်သမားအိမ်ပြန်ရောက်၍အမောမှုမပြေရသေး၊ လယ်သမား တစ်ကိုယ်တွင် ဆန့်ပြည်မည်မှု၊ ဆည်တိုင်မည်မှု၊ နွားမည်မှုဖြင့် လာရမည်ဆိုသော ဆင့်ဆိုစကားက ရောက်လာတတ်၏။

ဆင်းရဲသား မြောင်း။ မုဆိုးမဆည်ဟု ဆိုသည့်အတိုင်းပင် ရောင်ရှိသာ တတ်နိုင်ကြသည်။ ချောင်း၏ ရေစီး ရေလာနှင့် အယဉ်အမှိုင်းကို မထိန်းသိမ်းနိုင်ကြချေ။

ထိုအခါ ချောင်းသည် သောင်ပြင်ကြီး ထိုးပစ်ခဲ့ကာ ရေကြောင်းပြောင်းသွားသည်။ သဲပြင်ကို နွားအရှည်းပေါင်းများစွာဖြင့် ယက်ကြပေရော့၊ ရှည်လျားသော ရေလွှဲလမ်းအသစ် တည်ဆောက်ကြပေရော့။ ထိုထက်ဆိုးသည်မှာကား ချောင်းသည် မြောင်းဦးကို ချိုးဖျဲ့ဝါးမျိုပစ်ခဲ့ပြီးမှ ဝေးလံသောနေရာသို့ ရေကြောင်းပြောင်းသွားခြင်းဖြစ်သည်။ ထိုအခါမျိုးတွင် ထိုမြောင်းသောက် လယ်သမားများ အိုးပစ်အိမ်ပစ်ဖြစ်ပြီး ဆည်လည်း ပြီးရော မိုးကုန်ကာ ချောင်းရေလည်း ပြတ်ရောဆိုသည့်အဖြစ်များကိုလည်း ကြားဖူး၏။

မလှမြတ်တို့၏ သည်ဆည်ကား ထိုတိုသော ဆည်များထက် ကောင်းသည်၊ ခိုင်ခံ့သည်ဟု မလှမြတ်ယုံကြည်၏။ လက်ယာဘက်တွင် ကျောင်းတောင်ကြီး။ လက်ဝဲဘက်တွင် နှုန်းခြောက်ဖုံးသော ကမ်းပါးများ ရှိသည့်အတွက် ရေစား၍မပျက်နိုင်။

သို့သော် ချောင်းရေတအားကြီးပြီးနောက် ရေပြန်အကျတွင် ဆည်ဝ၌ ဒိုက်သရောများ ဆို့ပိတ်ကျန်ခဲ့ပြီး သဲသောင်ပြင်ကြီး ထိုးပစ်ခဲ့လျှင်ကား တူးရဖော်ရ ရှင်းလင်းရလိမ့်မည်။ မြောင်းဦးကား ပျောက်

ချောင်းသည် မြောင်းဦးကို
ချိုးဖျဲ့ဝါးမျိုပစ်ခဲ့ပြီးမှ
ဝေးလံသောနေရာသို့
ရေကြောင်းပြောင်းသွားခြင်းဖြစ်သည်။
ထိုအခါမျိုးတွင် ထိုမြောင်းသောက်
လယ်သမားများ
အိုးပစ်အိမ်ပစ်ဖြစ်ပြီး
ဆည်လည်းပြီးရော မိုးကုန်ကာ
ချောင်းရေလည်း ပြတ်ရောဆိုသည့်





**ရက်ပေါင်းအတော်ကြာကြာပင်
မလှမြတ် မနေတတ် မထိုင်တတ်ခဲ့။
စိတ်လှုပ်ရှားသည်ပဲ
ခေါ်ရမည်ထင်၏။ သည်အခါ
ကျောင်းဆရာမဟူသည်
ကလေးတို့အတွက်
စံပြဖြစ်ရမှာပါကလားဟူသော
အသိဖြင့်. . .**

မသွားနိုင်။

သည့်ရေတွေသည် မလှမြတ် အပါအဝင် စေတုတ္တရာသားတို့ချွေးဖြင့် ဖောက်လုပ်ခဲ့သော မြောင်းထဲသို့ မကြာမီ ဝင်ရောက် လာတော့မည်။ လိပ်၍. . .လိပ်၍ ဝင်လာမည့် ရေလုံးကြီးများကို မလှမြတ် မြင်ယောင်လာ၏။ စိတ်အာရုံနှင့် မြင်ကာမျှဖြင့်ပင် မလှမြတ်ရင်ထဲတွင် ချမ်းမြေ့ကာ အလိုလို ပြုံးမိပြီးသား ဖြစ်နေလေ၏။

"အို. . .ဒီနေ့ဟာ"

မလှမြတ်အပြုံးတန့်သွားသည်။ အပြုံးနေရာတွင် အတည်အငြိမ်ရိပ် ရောက်လာသည်။

"ပေါ်တော့. . .ကိုချစ်ညွှန့်ကို အမြဲ ပေးရမယ့်နေ့ပါကလား"

ထိုအခါ မောင်ချစ်ညွှန့်ရုပ်လွှာ ဖြတ်ခနဲ ထင်လာ၏။

တည်ကြည်သောအပြုံးဖြင့်ယောကျ်ားကောင်းပီသသော၊ ယောကျ်ားကောင်းသိက္ခာဖြင့် ရိုးသားသော ဂုဏ်မြေရှင် မောင်ချစ်ညွှန့်။ သူ့ရင်တွင်းဝေဒနာကို ထုတ်ဖော်ပြောပြရာမှာပင် သိက္ခာရှိမြဲ ရှိနေခဲ့သူ။

မောင်ချစ်ညွှန့်သည် မလှမြတ်အဖို့ လူစိမ်းမဟုတ်ပေ။ သံဆည်မြောင်းစီမံချက် မပေါ်မီကတည်းကပင် သည်မျက်နှာကို မလှမြတ် သိနေခဲ့၏။ သိရုံမျှမည်၊ မောင်ချစ်ညွှန့်ကလည်း မလှမြတ် မြို့ပေါ်တက်သော ရက်များကို အလွတ်ကျက်ထားခဲ့ပေသည်ကို။

မလှမြတ်သည် ပထမတွင် အမှတ်မဲ့နေခဲ့သည်။ သူ မြို့ပေါ်ရောက်တိုင်း ကုန်သွယ်ရေးရုံးတောင့်မှ ရပ်ကြည့်ကာ ပြုံးပြသော သူ့ကို အမှတ်မဲ့သဘောထားခဲ့၏။ မိန်းကလေးလှလှမြင်လျှင် ပြုံးပြတတ်သည်မှာ သူတို့ယောကျ်ားတွေ အကျင့်မဟုတ်လား။

သို့ရာတွင် တစ်ကြိမ်လည်းမဟုတ်၊ နှစ်ကြိမ်လည်း မဟုတ်။ အကြိမ်ပေါင်းများလာသောအခါ သည်မျက်နှာကို မလှမြတ် သတိထားမိသည်။ နောက်တော့ မှတ်မိလာရတော့သည်။

မှတ်မိလာရြှင်း ယခုနယ် ရင်းရင်းနှီးနှီး ဆုံစည်းရမည်ဟု မမျှော်လင့်ခဲ့ပေ။ သံဆည်မြောင်း လုပ်အားပေးစခန်းဖွင့်ပွဲသို့ ကျောင်းသားများနှင့် တက်ရောက်ဆင်နွှဲသောနေ့တွင် သူ့ကိုတွေ့ရသည်။

"ဆရာမလည်း လုပ်အားပေးပွဲကို လာသကိုး။ ဆိုင်ထဲဝင်ပါအုံးလား"

ကိုင်းပင်များမိုးထားသော သက်သာဆိုင် မဏ္ဍပ်ထဲမှ မွှန်ရည်သောအပြုံးရှင်။

"ကျွန်တော့်နာမည် မောင်ချစ်ညွှန့်ပါ၊ နောက်တွေ့ရင်လည်း နှုတ်ဆက်ခွင့်ပြုပါနော်"

နာမည်က နှစ်သက်စဖွယ် ဖြစ်သည့်နည်းတူ တည်ကြည်စွာဖြင့် ဆက်ဆံပြောဆိုသော သူ့အမူအရာကလည်း လေးစားစရာကောင်းပါသည်။ မလှမြတ်သည် ထိုနေ့က ကလေးတွေပါသောကြောင့် သက်သာဆိုင်ထဲ မဝင်ခဲ့ပြော။ နောက်ရက်ပိုင်းတွင် မကြာခဏ ရောက်မိသည်။

မကြာခဏ ရောက်သည့်နှင့်အမျှ မောင်ချစ်ညွှန့်နှင့် မကြာခဏဆုံမိပေ၏။ တစ်ခါတရံ တစ်ရက်ခြား၊ တစ်ခါတလေ နေ့ဆက်ဆုံရသော မောင်ချစ်ညွှန့်၏ မျက်လုံးများက မလှမြတ်ကို စကားပြောစပြုနေပြီ။ သည်တော့ မျက်လုံးမှ စကားများသည် တစ်နေ့နေ့တွင် နှုတ်ဖျားသို့ သက်ဆင်းလာလိမ့်မည်ဟု မလှမြတ် အတပ်တွေးခဲ့သည်။

ပြောလိမ့်မည်ဟူ၍ ကြိုတင်ခန့်မှန်းပြီး သိရှိထားပါလျက် မလှမြတ်မှာ တကယ်အပြောခံရသောနေ့က တုန်လှုပ်သွားရသေး၏။

"တစ်လမှ နှစ်ခါသုံးခါလောက်သာ မြင်ရတုန်းက စတင်ပြီး ဆရာမကို ကျွန်တော် စိတ်ဝင်စားခဲ့တာပါ"

သည်နှယ် အစချီသည်ကိုသာ မှတ်မိ၏။ သိ၏၊ နောက်ထပ် ဆက်ပြောသည်များကို မလှမြတ်မသိတော့ပါ။ မျက်နှာတစ်ပြင်လုံး ထူအမ်းပြီး နားထဲက လေတွေထွက်သလို ခံစားရသဖြင့် မနည်းအားတင်းကာ ဂုဏ်မြေဆည်၍ရတော့မှ ကြိုးစားပြီး ပြုံးရသည်။

သူတော့ မည်သို့ဖြစ်ကျန်ခဲ့မည်မသိ။ မလှမြတ်မှ ခါတိုင်း အခက်အခဲမရှိ ဆင်းနေထက်နေခဲ့သော မြောင်းပေါင်ပေါ်သို့ မနည်းကြိုး သတိထားပြီးတက်ခဲ့ရသည်။

ရက်ပေါင်းအတော်ကြာကြာပင် မလှမြတ် မနေတတ် မထိုင်တတ်ခဲ့။ စိတ်လှုပ်ရှားသည်ပဲ ခေါ်ရမည်ထင်၏။ သည်အခါ ကျောင်းဆရာမဟူသည် ကလေးတို့အတွက် စံပြဖြစ်ရမှာပါကလားဟူသော အသိဖြင့် စိတ်ငြိမ်စေရန် ကြပ်ကဲရသည်။ သည်နှယ်ဖြင့် စိတ်ငြိမ်ကာရှိသေး၊ မောင်ချစ်ညွှန့်က ရွာအထိလိုက်လာခဲ့ပြန်၏၊ သို့ဖြင့် တတိယ

အကြိမ်တွင် မတင်မကျစကားဆိုဖြစ်သည်။

''သံဆည်မြောင်းကရေတွေ သံဆည်ရွာကိုရောက်လာတဲ့နေ့ကျရင် အဖြေပေးပါမယ်''ဟူ၍။

ချစ်ရေးချစ်ရာတွင် သည် သံဆည်မြောင်းကြီးက ကန့်လန့်ပါရသလားဟု ငြိုငြင်ချင် ငြိုငြင်ပေရော့၊ မလှမြတ်အဖို့မူ သည်မြောင်း အောင်မြင်ရေးသည် ချစ်ရေးချစ်ရာ ဘဝရေးရာနည်းတူ အရေးကြီးပေသည်။

မလှမြတ်တို့ လယ်ကိုင်းဘက်တွင် ဆည်တွေ မြောင်းတွေ မရှားပါ။ မြေအတွက်သာ ပူရသည်။ ရေအတွက် မပူရ။ အဘယ်မှာ ပူရပါမည်နည်း။ မြန်မာနိုင်ငံ သမိုင်းဦးကတည်းက လယ်တွင်းကိုးခရိုင်နှင့် ပခုံးချင်းယှဉ်ပြီး ဆည်မြောင်းပေါများခဲ့သော ဒေသပေကိုး။ ပျက်စီးခဲ့ပြီးသော ဆည်တွေ၊ အသုံးပြုဆဲဆည်တွေ လက်ညှိုးထိုးမလွဲ။

သည်အရပ်တွင်ကား တဟဲဟဲ တဝေါဝေါ စီးနေသော မှန်းချောင်းကြီးကိုငေးကြည့်ပြီး မိုးကောင်းလယ်တွေ ရေငတ်ရသည်။ ချောက်တီးချောက်ချက်ယာတွေလည်း မိုးကောင်းမှ တစ်စလောင်း။

သည်တော့ တောကိုသာ မှီခိုကြရ၏။ သစ်ခုတ်၊ အင်တွဲ ရှာဖွေရောင်းချခြင်း၊ မျှားဖွပ်ခြင်း၊ အမဲလိုက်ခြင်းနှင့် ဝါးခုတ်ခြင်း။

ကားလမ်းဘေးတွင် ဝါးခုတ်သောအခါ သယ်ယူရန်ကား ရှားပါးလှသည်။ ကုန်းလမ်းခရီး ခက်ခဲသည့်ဆိုကာ ရေလမ်းမှ ဝါးချပြန်လျှင် ဝါးဖောင်မျှောသည် မရည်သေမင်းနှင့် အလောင်းအစားလုပ်သည်မည်၏။

အဖျားအစွန်းကျသော သည်မှန်းချောင်းကလည်း မှန်ယိုနေသော ဆင်ဆိုးကြီး အကောင်တစ်ရာထက် ကြမ်းကြုတ်သည်။ ရက်စက်သည်။ မဲဇလီဆည်မရောက်မချင်း ချောင်းရိုးတစ်လျှောက်ဖြတ်သန်းရမည့် 'ဂုတ်'တွေက များလွန်းလှသည်။

''မှန်းတစ်ဂုတ် ဆင်တစ်မော့''ဟူ၍ ဆိုရိုးစကားရှိ၏။

ဂုတ်ကို ဝါးဖောင်ဖြတ်ပြီးသွားလျှင် ဝါးဖောင်သည် ရုတ်တရက်ပျောက်နေ၏။ အတော်ဝေးမှ ရေထဲက ဘွားခနဲပေါ်လာ

ချစ်ရေးချစ်ရာတွင်
သည်သံဆည်မြောင်းကြီးက
ကန့်လန့်ပါရသလားဟု
ငြိုငြင်ချင် ငြိုငြင်ပေရော့၊
မလှမြတ်အဖို့မူ
သည်မြောင်း အောင်မြင်ရေးသည်
ချစ်ရေးချစ်ရာ ဘဝရေးရာနည်းတူ
အရေးကြီးပေသည်။



၏။ သည်အချိန်တွင် ဖောင်တွဲပြတ်လျှင် ဖောင်ညှပ်၍ သေလျှင်သေ၊ ဖောင်ညှပ်၍ မသေသော် ဖောင်ထိုး၍ သေပေရော့။

ဂုတ်တွေ ကုန်သွားသော်လည်း ရင်မအေးရသေး။ သည်တစ်ခေါက်တော့ ငါမသေသေးဟု စိတ်မချရသေး။ ဆည်ကိုဖြတ်ရဦးမည်။ ဆည်ကို တစ်ဖောင်ချင်းဖြတ်ရသည်။ ဖောင်ပေါ်တွင် လူမပါ၍မဖြစ်။

ဆည်တံခါးမှ ဒိုင်းဗင်ထိုးဆင်းလာသော ဖောင်ပေါ်တွင် ဖောင်သမားသည် သစ်ရွက်ကလေးတစ်ရွက်အလား၊ ပြာချပ်လျက် ကပ်တွယ်ကာ လိုက်ပါသွားရ၏။

ဝါးဖောင်သည် ဆည်တံခါးမှကျော်ပြီး ကျသွားသွားသည် ရေပေါ်သို့ပေါ်မလာပေ။ ဝါးတစ်ရိုက် အဝေးတွင်မပေါ်၊ နှစ်ရိုက်အဝေးတွင်မပေါ်၊ တစ်ခေါ်လောက် အဝေးကျမှ ပေါ်သည်။ သည်ပုံဖြင့် တစ်ဖောင်ချင်း၊ အလီလီကျော်ဆင်းပြီးသွားချိန်ကျမှသာ 'သူငယ်ချင်းရေ ငါမသေသေးဘူးဟေ့'ဟု ကြွေးကြော်ရသောလမ်း။

ထမင်းကလေး တစ်လုတ်အတွက် သေမင်းနှင့် ကြွေအန်ကစားရသော သူတို့၏ ယာများ၊ လယ်များထဲသို့ ရေတွေရောက်လာခဲ့လျှင်…

မှန်ပါသည်။ သူတို့သည် အခြေအနေပေးလျှင် သုံးသီးစားမက လေးသီးစားလည်း စိုက်ကြလိမ့်မည်၊ ငါးသီးစားလည်း စိုက်ကြလိမ့်မည်။ ထိုအခါ ဝမ်းစာမဖူလုံသော သည်ကျေးရွာအုပ်စုတွင် ဝမ်းစာဖူလုံပိုလျှံကာ၊ အခြားကျေးရွာများသို့ပါ ထောက်ပံ့ဖြန့်ဝေနိုင်လိမ့်မည်။

သည်အသိကြောင့် သည်မြောင်းကို မလှမြတ် အလေးထားခြင်းဖြစ်၏။ သူကလေးတွေသည် အများအားဖြင့် ဆင်းရဲကြ၏၊ ကျောင်းတက်မမှန်ချင်။

ကလေးတွေ ကျောင်းတက်မမှန်ခြင်း၏ အခြေခံအကြောင်းမှာ ကလေးမိဘများ၏ စီးပွားရေးမကောင်းသောကြောင့်ဖြစ်၏။ သည်မြောင်းကြီး အောင်မြင်လျှင် သည်ကျေးရွာအုပ်စု၏ စီးပွားရေး မုချကောင်းလာရမည်။

သို့ကြောင့် မလှမြတ်သည် အချိန်အားလပ်တိုင်း လာ၍လုပ်အားပေးသည်။ ညှိခံကျွေးမွေးရေးတွင် ဝင်ပါဆိုလည်း၊ မြင်းပေါ်မြောင်းတူးရာတွင် မပါပါနှင့် 'ပေါင်း'ဆောက်ရာတွင် ဝင်လိုက်ပါဦးဆိုလည်း ဝင်သည်သာ။

ပေါင်းဟူသောဝေါဟာရကို မလှမြတ်တို့ ဒေသတွင်သာ တွင်ကျယ်စွာသုံးစွဲဟန်ရှိ၏။ အမှန်မူ ပေါင်းသည်ပေါင်းကူးတံတားပင် ဖြစ်၏။

သို့သော် မလှမြတ်သိသော ပေါင်းများမှာ မြောင်းဖြတ်ကူးထားသည့်အတွက် ပြတ်နေသောလမ်းကို ဆက်ကူးသော တံတားသည် ပေါင်းဖြစ်၏။ ရေမြောင်းကြီးပေါ်တွင် ရေမြောင်းကလေး ဖြတ်သန်းချင်လျှင်လည်း 'ပေါင်း'ဖြင့်ပင် ဖြတ်သန်းရ၏။ စသည်တို့သာ ဖြစ်ချေသည်။

မလှမြတ်သည် ဆည်မြောင်းပေါသော၊ လယ်မြေပေါသော လယ်ကိုင်းသူဗိုလ်ထိုဒေသကို နှစ်ခဲ့သည်။ ပေါင်းကြီးပေါင်းသေး မြင်ဖူးသည်။ သံရေတံလျှောက်ဖြင့်

ကူးဆက်သောမြောင်း၊ ထန်းသား၊ သစ်သားရေစတ်ပြောက်ဖြင့် ကူးဆက်ရသည့် မြောင်းသေး၊ မြောင်းလတ်များကိုလည်း တွေ့မြင်မှတ်သားရဖူးပေသည်။

အလုပ်မဝင်ရမီက စလင်းအနောက်ရှိ လင်းဇင်းရွာသို့ လုပ်အားပေးရန်သွားရောက်စဉ်ကမှ အုံ့ဘနန်း ကြီးကျယ်သော ရေကူးပေါင်းကြီးကို တွေ့ခဲ့ရသည်။ သည်နေရာကို 'ချောင်းတစ်ထပ် ပေါင်းတစ်ထပ်'ဟု ခေါ်ကြသည်။ ချောင်းပေါ်ကမြောင်း၊ မြောင်းပေါ်က လမ်းဟူ၍လည်း ခေါ်ကြသေး၏။

ဟုတ်ပါသည်။ လင်းဇင်းမြောင်း မတော်ကြီးသည် ကြီးမားနက်ရှောက်သော ချောင်းကြီးပေါ်တွင် ကျော်ဖြတ်စီးဆင်းနေသည်။ တစ်ဖန် မြောင်း၏အရှေ့ဘက် မြောင်းပေါင်ပေါ်ရှိ တောင်မြောက်တန်းနေသော ကားလမ်းက ထိုရေကူးပေါင်းကြီးပေါ်တွင် အလျားလိုက်ဖြတ်သန်းသွားပြန်ပေသည်။ ရေလုံးရေအားကောင်းစွာဖြင့် စီးဝင်နေသော ရေကူးပေါင်းကြီးကို မလှမြတ် အကြာကြီးကြည့်နေခဲ့ဖူးသည်။

ထိုကဲ့သို့ ပေါင်းများစွာကို တွေ့မြင်ဖူးသော မလှမြတ်သည် သံဆည်မြောင်းတွင် ကျရာတာဝန်မှ မခြင်းတမ်း လုပ်အားပေးမိတော့မှ 'ပေါင်း'အသန်းကို တွေ့ရတော့သည်။ သူမြင်ဖူးသမျှ ပေါင်းများသည် ရေကူးခြင်း၊ ရေဆက်ခြင်း၊ ရေကျော်ခြင်း တာဝန်များကို ထမ်းဆောင်ကြသည်။

သည်ပေါင်းအဆန်းကား သံဆည်မြောင်းမှရေကို ကူးမပေးပါ။ ဆက်မပေးပါ။ ရေကျော်လည်းမဟုတ်ပါ။ မြောင်းကို လုံခြုံအောင် မိုးပေးရသော ပေါင်းများဖြစ်သည်။ သည်မြောင်းတွင် ပေါင်းကိုးခုရှိရာ လေးခုမှာ မလှမြတ်အတွက် ထူးဆန်းသောပေါင်းများ ဖြစ်ကြ၏။

မန်ကျည်းစုနှင့် ငမြကြားတွင် နယ်ခြားချောက်ပေါင်းကို တည်ဆောက်သည်။ မထူးဆန်းပါ။ မြောင်းကို ချောက်ပေါ်မှ ဖြတ်ကျော်ရန် တည်ဆောက်ထားသော ပေါင်းဖြစ်၏။

သံဆည်ရွာမြောက်ဘက်ရှိ ကျောက်ပုံချောက်ပေါင်း၊ လိပ်ပုပ်ချောက်ပေါင်းနှင့် သံဆည်ရွာတောင်ဘက်ရှိ စမ်းချောက်ပေါင်းတို့သည်လည်း အလားတူပေါင်းမျိုးသာဖြစ်၏။

သံဆည်မြောင်းသည်
မြေပြန့်မြေညီတွင် မတည်ပါ။
ကျောက်တောင်ကမ်းပါးစွန်းတွင်
မှေးမှိုပြီးဖောက်လုပ်သည်။
တောင်၊ တောင်ကြား၊ ကုန်းကြားကို
ဖြတ်ရသည်။ သို့ကြောင့်
တောင်ကျရေများ
စီးဆင်းနေကျလမ်းတွင် မြောင်းကို
ကန့်လန့်ခံမိသောအခါ . . .



သည်အမျိုးအစားထဲတွင်ပါသော မန်ကျည်းစု အနောက်ပေါင်းကား ပြဿနာ။

မြောင်းတူးဖောက်ပြီးနောက် ရေလွှတ်လိုက်သည်နှင့် အသင့်ဖြစ်စေရန် ဆောက်လုပ်သော ပေါင်းများတွင် သည် မကျည်းစုအနောက်ပေါင်း၊ သို့မဟုတ်'ဘဇောချောင်း' မြောင်းဆက်ပေါင်းသည် အကြီးဆုံးဖြစ်သည်။ မြောင်းရေတစ်စက်မျှမလာမီကပင် ဘဇောချောင်းက မကြာခဏ ဖျက်ဖျက်ပစ်နေသဖြင့် ချောင်းအောက်မှ ငုပ်လျှိုးထွက်သော 'ရေငုပ်ပေါင်း'အဖြစ် တည်ဆောက်နေရပြီ။

သို့တစေ သည်နယ် ငုပ်လျှိုးသော မြောင်းမျိုးမှာလည်း မလှမြတ်အတွက် မထူးဆန်းချေ။ မလှမြတ်အတွက် ထူးဆန်းသော ပေါင်းများမှာ မြေနီကုန်းအနီးမှ ပဲဂိုဇောင် ရေကျော်ပေါင်း၊ ဘုရားတောင်ပေါင်း၊ ဘုရားတောင်အောက်ပေါင်းနှင့် ငမြွာလမ်းဆင်းရှိ ငမလမ်းကူးချောက်ပေါင်းတို့ ဖြစ်သည်။

ဖြတ်ကူးသော လှည်းလမ်းလည်းမရှိ၊ ချောင်းမြောင်းလည်းမရှိဘဲ မြောင်းကို အမိုးမိုးပေးရသော ပေါင်းများဖြစ်သည်။ အစက မလှမြတ် နားမလည်။ အခါမှ မိုးကြီးနှစ်ကြိမ်ရွာလိုက်တော့မှ 'ရေကျော်'ပေါင်းများ၏ သဘောကို မလှမြတ် သဘောပေါက်တော့သည်။

သံဆည်မြောင်းသည် မြေပြန့်မြေညီတွင် မတည်ပါ။ ကျောက်တောင်ကမ်းပါးစွန်းတွင် မှေးမှိုပြီးဖောက်လုပ်သည်။တောင်၊ တောင်ကြားကုန်းကြားကို ဖြတ်ရသည်။ သို့ကြောင့် တောင်ကျရေများ၊ စီးဆင်းနေကျလမ်းတွင် မြောင်းကို ကန့်လန့်ခံမိသောအခါ တောင်ကျရေများက မြောင်းကို ဖျက်ဆီးတော့သည်။

တောင်ကျရေနည်းပါးလျှင် မြောင်းကို ပိတ်ဆို့ပစ်သည်။ တောင်ကျရေများလျှင် မြောင်းကို ဖုံ့ရွှံ့မျှိုပါးပစ်သည်။ မိုးလည်းတိတ်ပြီ၊ သည်နေရာတွင် မြောင်းရှိခဲ့ဖူးသည်ဟု ကိုးကိုးပြီးပြောရမတတ်ဖြစ်ပြီ။ သို့ကြောင့် တောင်ကျရေများ ကောင်းမွန်ဖြောင့်တန်းစွာ စီးဆင်းသွားနိုင်စေရန် ရေကျော်ပေါင်းများ တည်ဆောက်ကြရသည်။

မလှမြတ်မှာ သည်မျှ ခက်ခက်ခဲခဲ လုပ်ရသည်ကို တွေ့လေလေ၊ မြင်ရလေလေ သည်ရေသွင်းတူးမြောင်းကို သိဒ္ဓိတင်မိလေလေ ဖြစ်ရတော့သည်။ သို့ကြောင့် ချစ်ရေးချစ်ရာတွင် သည်သံဆည်ရေသွင်းတူးမြောင်းကြီး ပါလာရခြင်းကြောင့် ပို၍ လေးနက်သည်၊ ပို၍ ကောင်းမွန်ပြည့်စုံသည်ဟု မလှမြတ် ယုံကြည်သည်။

''ဩော်…ဘာလိုလိုနဲ့ ကိုချစ်ညွှန့်ကို အဖြေပေးရမယ့်နေ့တောင် ရောက်လာပါပေါ့လား''

မှန်းချောင်းတွင်းမှ တိုက်ခတ်လာသော အေးမြသည့်လေပြည်လေညင်းသည် ဆရာမကလေး၏ ကြည်လင်သောမျက်နှာပြင်ကို တိုးဝှေ့ကျီစယ်သွားလေ၏။

(၄)

တီးသံမှုတ်သံများ ဆူညံနေခဲ့သော မြောင်းဦးဆည်ဝတွင် တဖြည်းဖြည်း ငြိမ်

သက်မှန်မသိ ငြိမ်သက်မြေ့လာပြီ၊ လူ့ အင်အား မတိုက်ထုတ်ရဘဲ ရှည်ညဲ့အော်ဟစ်သော အသံချဲ့စက်သည်ပင် မသိလိုက်ဖာသာ တိတ်ဆိတ်သွားသည်။

မြောင်းဖွင့်ပွဲသို့ တက်ရောက်လာသော လူအုပ်ကြီးလည်း ဟိုနားတစ်စု သည်နားတစ်စု ဖြစ်နေချေပြီ။

''လာပြီဟေ့…၊ လာပြီ…လာပြီ''

တစ်စုံတစ်ယောက်သည့်ကာင်းထောက်နေခဲ့ရာမှ အပြေးအလွှားအော်ဟစ်လာသည်။ ပြန့်ကျဲနေသောလူများ ချက်ချင်းစုမိသည်။ အိုးစည်ဗုံ‌င်း ဒိုးပတ်ဝိုင်းများလည်း ရုတ်တရက်အသက်ဝင်လာသည်။

''သံဆည်ရေသွင်း တူးမြောင်းဖွင့်ပွဲသို့ တက်ရောက်လာကြခဲ့တဲ့ လုပ်သားပြည်သူများခင်ဗျား၊ သံဆည်ရေသွင်းမြောင်းစီမံချက် အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌကြီး လာနေပြီဖြစ်တဲ့အတွက် ဖွင့်ပွဲအခမ်းအနားကို မကြာခင်မှာ စတင်ကျင်းပတော့မှာ ဖြစ်ပါတယ်၊ မိမိတို့နေရာများမှာ အဆင်သင့် နေရာယူထားကြစေလိုပါတယ်''

ငြိမ်တိတ်နေသော အသံချဲ့စက်လည်း အသက်ဝင်လာ၏။

မလှမြတ်လည်း ငေးမောနေရာမှ လှုပ်ရှားလာကာ ချောင်းပြင်ကို ဖြတ်ကူးလာသော လူတစ်စုထံ မျှော်ကြည့်မိသည်။ ထိုလူစုထဲတွင် မောင်ချစ်ညွှန့်က ရှေ့ဆုံးမှ ဖြစ်သည်။ သူသည် ဆုပေးရန် ဦးကောင်းသန့် သယ်ပိုးလာသော ပစ္စည်းအချို့ကို ထမ်းထားသည်။ သူ့နောက်မှ အခမ်းအနားဖွင့်ပေးမည့် ဦးကောင်းသန့်။ ဦးကောင်းသန့် နောက်တွင်လည်း ပစ္စည်းပစ္စယနှင့် လူအချို့။

ချောင်းကမ်းပါးသို့ ဦးကောင်းသန့် ရောက်လာချိန်တွင် အခမ်းအနားစတင်ရန် အသင့်ဖြစ်နေပြီ။

ဦးကောင်းသန့်သည် ချောင်းထဲမှ ဖြတ်လာရင်း၊ မျက်နှာသစ်လာခဲ့သဖြင့် မျက်နှာကား ကြည်ပျော်ရွှင်ပျော်ရှိနေ၏။ သို့သော် ခေါင်းပေါ်မှ ဖုန်နီများကို သူမပွတ်သပ်မိ၊ သူ့လုံချည် သူ့အင်္ကျီများသည်လည်း ဖုန်နီများ ဟိုတစ်ကွက် သည်တစ်ကွက် ဖြစ်နေသည်။

''ဘယ့်နှယ်ဦးကောင်းသန့်၊ စေတုတ္တရာ



**စိတ်တစောစောဖြင့်**
**ကြံ့ရာကားကိုစီးပြီး**
**မကွေးမှလာခဲ့သည်။ သို့သော်**
**စလင်းသို့ သူရောက်ချိန်တွင်**
**စေတုတ္တရာကား မရှိတော့ပြီ။**
**နဂိုကမှ ကားရှားသောလမ်းတွင်**
**ယနေ့မှ တစ်စီးထွက်သည်။**

က ထွက်သွားတုန်းက ဆံပင်အမည်းပါ၊ မကွေးမှာ ဆံပင်အနီဆိုးဆိုင်ရှိတယ် မကြားပါကလား''

မြောင်းကော်မတီဝင်တစ်ဦးက အရွှန်းအပြက်ဖြင့် ဆီးကြိုသည်။ ဦးကောင်းသန့် ရယ်မောရင်း ခေါင်းကိုပွတ်သပ်သည်။

သူသည် စိတ်တစောစောဖြင့် ကြံ့ရာကားကိုစီးပြီး မကွေးမှလာခဲ့သည်။ သို့သော် စလင်းသို့ သူရောက်ချိန်တွင် စေတုတ္တရာကား မရှိတော့ပြီ။ နဂိုကမှ ကားရှားသောလမ်းတွင် ယနေ့မှ တစ်စီးထွက်သည်။

စေတုတ္တရာ စလင်းလမ်းကို သူသည် ခြေလျင်လျှောက်ဖူးသည်မှာ မနည်းပြီ။ ယခုမှ နေ့ညနေကမှ သူ့တွင် ခြေကျင်လျှောက်နိုင်သော ခွန်အားဗလများ မရှိတော့ပါ။ သို့ဖြင့် စလင်းတွင် တစ်ညအချိန် ဖြုန်းခဲ့ရသည်။

နံနက်လင်းလျှင်လင်းချင်း ထွက်လာသော ကားသည် နေရာမရွေးရပ်သည်။ ဦးကောင်းသန့် စိတ်မောရသည်။ တမျှော်မျှော် ဖြစ်နေကြရှာမည်။ တစောင့်စောင့် ဖြစ်နေကြရှာမည်ဟု တွေးမိရသည်မှာ အပင်ပန်းဆုံး။

ယခု လူအုပ်ကြီးကို မြင်ရသောအခါ အမောပြေသွားပြီ။ ပင်ပန်းသမျှတို့ ပပျောက်သွားကာ နစ်မြုပ်ကျွာပြုံးနိုင်ပြီ၊ ရယ်နိုင်ပြီ။

သူ့အား ပို၍ပို၍ အမောပြေစေသော အရာမှာ မြောင်းဦးရေဝံခါးကို လာရောက်ရိုက်ပုတ်နေသော လှိုင်းပြေပြေအစိမ်းရောင်ကလေးများဖြစ်ရာ မဏ္ဍပ်တွင်းသို့ ခြေလှမ်းကျဲကြီးဖြင့် မပြေးရုံတမည် လှမ်းဝင်လာခဲ့လေတော့သည်။

ဦးကောင်းသန့်မှာ သည်မြောင်းဖွင့်ပွဲသို့ အာရုံစောနေခဲ့မိသည့်အတွက် သည်တစ်နံနက်လုံး ဘာမျှမစားခဲ့မိ။ ယခုလည်း စားရန် နားရန်ကို သတိမရ။ မဏ္ဍပ်တွင်းဝင်မိသည်နှင့် သူ့နောက်ကျရသည့်အတွက် တောင်းပန်စကားဆိုသည်။ သံဆည်ရေသွင်းတူးမြောင်းဖြစ်ပေါ်လာရပုံကို အကျဉ်းချုပ်တင်ပြကာ နိဂုံးချုပ်ပြီးနောက် လုပ်အားပေး ကျေးရွာများအား လက်ဆောင်ပစ္စည်းများ ပေးသည်။

ဆည်တံခါးဖွင့်တော့မည်။

အိုးစည်ဒိုးပတ်များ ပေါက်ထွက်မတတ် တီးသည်။ လင်းကွင်းတွေ ဝါးလက်ခုပ်တွေ ပုံကုန်ကျိုးကုန်အောင် တီးသည်။ အကသမားများ ကွေးနေအောင်ကကြသည်။ တူရိယာသံများသည် နာမည်ကြီးသော 'ဘုရားတောင်' တောင်နံရံကို ရိုက်ခတ်ပြီး ပြန်ပြေးလာ၏။

လုပ်အားတန်ဖိုး ဆယ်သိန်းခန့်ရှိသော ရေသွင်းမြောင်းထဲသို့ ရေစင်တော့မည်ဟု အားလုံးမျှော်လင့်နေကြသည်။ ဦးကောင်းသန့်သည် ချင်းအမျိုးသမီးကလေးပေးသော ခွေးကာတ်ကြေးဖြင့် ခလုတ်ကြီးကိုဖြုတ်လိုက်သည့်ခဏခယ် ရေတံခါးကြီး မြောက်တက်သွားကာ လှိုင်းခေါင်းဖြူနှင့် ရေလုံးညိုညိုကြီး ပေါ်ခနဲဝင်လာလေ၏။

''ဟေး''ခနဲ အော်သံကြီးသည် မှန်းညာချောင်းများအထိ ပြေးလွင့်သွားသည်။ လက်ခုပ်သံများမစဲတော့။ ဟောခနဲ ဝေးခနဲ အော်သံများလည်း မစဲနိုင်။ ရေနောက်သို့ ပြေးလိုက်ကြသည်။

မလှမြတ်လည်း ကလေးတွေကိုထိန်းရင်း ရေနောက်သို့ လိုက်ပါလာ၏။ သူတွယ်တာသော သံဆည်ရွာသို့ရောက်တော့မည်။ လယ်တွေ ရေဖွေးတော့မည်။ ချေမြှုပ်တစီစီ ရွံ့အလူးလူး နွားဖြီးတရမ်းရမ်း နွားပေါက်သံ တည်ညံ့ဖြင့် ထွန်ကြယက်ကြတော့မည်။

မြောင်းပေါင်တစ်လျှောက်တွင် ရောင်မျိုးစုံသော ပန်းလီဗ်ပြာကြီးတွေ မြူးသည်သို့ ချေကြည့်သောလူအုပ်က ဖုံးနေသည်။ တစ်ယောက်တစ်ပေါက် ပြောသံများ။ ရယ်မောသံများ။ ညာသံများ။

သို့သော်...သို့သော်...။

လူအုပ်ကြီးသည် မန်ကျည်းစုရွာအနီး ဘဇောချောင်းကွေ့အရောက်တွင် တန့်သွား၏။ ပပ်ကြားကြို ပပ်ကြားကြားမှ ငုပ်ချည်တစ်လှည့် ပေါ်ချည်တစ်ခါ ပြေးရွေ့လာသော ရေဦးသည် တန့်နေပြီ။ အိအိုင်နေပြီ။

ဘဇောချောင်းသည် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းလာခဲ့ရာ သည်နေရာအရောက်၌ အရှေ့မှအနောက်သို့ တံတောင်ဆစ်ချိုး ချိုးကွေ့သည်။ သည်အချိုးအကွေ့တွင် ရေငုပ်ပေါင်။

မြောင်းရေသည် ချောင်းအောက်သို့ ရေငုပ်ပေါင်းအတိုင်းဝင်ကာ တစ်ဘက်သို့ ဆက်လက်စီးဆင်းရမည်။ ယခု ငုပ်ရုံသာ ငုပ်သည်။ ဆက်လက်၍မစီး။

ဘဇောချောင်းသည် ချောင်းငယ်မမည်။ ရိုး အကြီးစားမျှသာဖြစ်သည်။ ပေ တစ်ရာကျော်ရုံကသော။

သို့ရာတွင် မြောင်းမပြီးမီကပင် အကြိမ်ကြိမ်နှောင့်ယှက်ခဲ့သော ချောင်း။ သည်ချောင်းပေါ်တွင် မှုလက 'မြောင်းဆက်ပေါင်း'ကို တည်ဆောက်ခဲ့ရာ အခါမဲ့မိုးက ချိုးဖျက်ပစ်လိုက်သည်။ ထိုအခါ လူကိုယ်လုံးတမျှကြီးသော အင်ကြင်းပင်ကြီးတွေ၊ သန်းပင်ကြီးတွေကိုစိုက်ထူကာ ခိုင်ခံ့သောပေါင်းကြီး ဆောက်ပစ်သည်။ သည်ပေါင်းကိုလည်း ဒုတိယအခါမဲ့မိုးအရွာတွင် ဘဇောချောင်း တစ်လံသာသာကလေးက စီစီညက်ညက်ကျေအောင် ချေမွှန်းပစ်သည်။

စေတုတ္တရာသားများသည် သံဆည်ရေသွင်းတူးမြောင်းဖောက်လုပ်ရာတွင် ခေတ်မီကိရိယာ တစ်စုံတစ်ရာမျှမပါချေ။ ပေါက်တူး၊ ပေါက်ချွန်းနှင့် ဓားကို အများဆုံး အသုံးပြုခဲ့ကြ၏။ မဖြစ်နိုင်လွန်းမှုသာလွှ၊ တူနှင့် သံ၏ အခန်းပါဝင်၏။

ဦးကောင်းသန့်သည် သံဆည်မြောင်းစီမံချက်မစတင်မီမှာပင် မင်းဘူးခရိုင်အတွင်းရှိ ဆည်မြောင်းများသို့ လှည့်လည်လေ့လာခဲ့သည်။ ဆည်မြောင်းအင်ဂျင်နီယာများ၏ အကြံဉာဏ်ကိုရယူကာ ကိုယ်ပိုင်မြို့နယ်တွင်းရှိ နည်းပါးသော အင်ဂျင်နီယာနှင့် ဦးစီးဆောင်ရွက်သည်။

မလှမြတ်လည်း
ကလေးတွေကိုထိန်းရင်း
ရေနောက်သို့ လိုက်ပါလာ၏။
သူတွယ်တာသော သံဆည်ရွာသို့
ရောက်တော့မည်။ လယ်တွေ
ရေဖွေးတော့မည်။ ချေမြှုပ်တစီစီ
ရွံ့အလူးလူး နွားဖြီးတရမ်းရမ်း
နွားပေါက်သံ တည်ညံ့ဖြင့်
ထွန်ကြယက်ကြတော့မည်။



သို့ကြောင့် သူမှာ ဆည်မြောင်းဆိုင်ရာ အကြားအမြင်များရှိနေသည်။ ဘဇောချောင်း၏ ကြမ်းတမ်းပုံကို သုံးသပ်ပြီးသော အခါ မြောင်းဆက်ပေါင်း ဆက်လက်ဆောက်လုပ်ရန် လက်လျှော့၍ ချောင်းအောက်မှ ငုပ်လျှိုးသွားသော ရေငုပ်ပေါင်း တည်ဆောက်တော့သည်။

ရေငုပ်ပေါင်းကို သစ်သားဖြင့်သာ ပြုလုပ်ပြီး၊ ရေဝင်ရေထွက် ကောင်းစေရန်နှင့် ခိုင်ခံ့စေရန်အတွက် ဟိုဘက်ထိပ် သည်ဘက်ထိပ်တွင် သေချာစွာ အင်္ဂတေကိုင်သည်။ ရေဝင် ရေထွက် ချောမောစေရန်လည်း ကျနစွာတွက်ချက်ပြီးမှ ဆောင်ရွက်သည်။

သို့ပါလျက် ရေမထက်။

မျက်လုံးပေါင်း လေးငါးသောင်းသည် ဘဇောချောင်းသည်ဘက်တွင် အိနေသော ရေများကို ကြည့်ပြီးနောက် ဦးကောင်းသန့်ထံ စုပြုံရောက်ရှိလာကြလေ၏။

''ရေငုပ်ပေါင်းရဲ့ ဟိုဘက်အဝနဲ့ ဒီဘက်အဝက ဟာနေတာယ်ဗျ၊ အဲဒီလို ရေမလုံလို့ ရေမသွားတာဖြစ်ရမယ်''

''အောက်က ချိုင့်နေတာပဲဗျာ၊ ချိုင့်ထဲရောက်မှတော့ ဘယ်လိုလုပ်ပြီး တက်မှာလဲ''

ရိုးရိုးသားသား၊ ထင်မြင်ချက်ပေးသံများ ညံစာနေသည်။

''မရေပါဘူးလို့ တိုင်းအင်ဂျင်နီယာအချို့က ပြောသွားသောပဲဗျာ''

''ငါလည်း မအောင်မြင်ဘူးလို့ အစက ထင်ခဲ့သား''

မတိုးမကျယ်ပြောသောအသံများ။

မည်သို့ပင် ပြောကြငြား၊ ဦးကောင်းသန့် မကြား။ တွေတွေကြီးစိုက်ကြည့်နေသည်။

ချောင်းအောက်မှ မြောင်းငုပ်လျှိုးဝင်ခြင်း၊ မြောင်းပေါ်က မြောင်းကျော်ခြင်း၊ မြောင်းအောက်က မြောင်းဖင်ခြင်း စသည်တို့မှ ဆည်မြောင်းဒေသတွင် လုပ်ရိုးလုပ်စဉ်သာ ဖြစ်သည်။ စလင်းမြို့နယ်အတွင်းသို့

ဦးကောင်းသန့်သွားရောက်လေ့လာခဲ့စဉ်က များစွာတွေ့ခဲ့မြင်ခဲ့ပြီးဖြစ်၏။ လင်းဖင်းသောက် လယ်ကြားမြောင်းများသည် မှန်းမြောင်းပေါ်မှ သံရောင်လျှောက်ဖြင့် ကျော်ဖြတ်ကြသည်မှာ တပုံကြီး။ လင်းဖင်းသောက် လယ်များမှ ရေပိုရေလျှံထုတ်သော 'တူဘီ'များလည်း မှန်းမြောင်းအောက်မှ ငုံ့ထွက်ပြီး ရောဝတီအရောက် တောက်လျှောက် စီးသွားကြသည်မှာ အများကြီး။

သို့ပါလျက် သည်တစေချောင်း ရေငုပ်ပေါင်းကျမှ မည်သို့ဖြစ်ရသနည်း။

ဦးကောင်းသန့်သည် မြောင်းဖွင့်ပွဲ အပြီးတွင် သူဆက်လက်လုပ်ဆောင်လိုသော စိတ်ကူးများကို တင်ပြမည်ကြံစည်သောခဲ့ရာ စိတ်ကူးများပင် ပျောက်ကုန်မောသ် ဖြစ်နေရပေပြီ။

စေတုတ္တရာမြို့အဝင်တွင် မှန်းချောင်းခံနေသည်။ ယောဒေသတွင် မိုးကြီးပါက မှန်းချောင်းသည် ဖြတ်၍မရတော့ချေ။ စေတုတ္တရာလည်း တစ်ခုတည်းသောရှိသော ထွက်ပေါက်ဖြစ်သည့် စလင်း၊ စေတုတ္တရာ လမ်းနှင့် အဆက်အသွယ်ပြတ်သလောက် ဖြစ်သွားပြီ။

ထိုသို့မဖြစ်စေရန် ရာသီမရွေး သွားလာနိုင်သော လမ်းသစ်ရှာလိုသည်။ ရှာရန်မှာလည်း ခက်ခက်ခဲခဲမဟုတ်။ ကားလမ်းအေားတွင်ရှိသော မြောင်းဦးရွာမှ ပွင့်ဖြူဘက်သို့ ပေါက်ထွက်ရန်ဖြစ်သည်။ လမ်းရာအဖြစ် လှည်းလမ်းပင်ရှိပြီး ဖြစ်သည်။

နောက်တစ်ခုမှာ လေယာဉ်ပျံကွင်း။ ဒုတိယကမ္ဘာစစ်အတွင်းက လေယာဉ်ငယ်ကလေးများ ဆင်းသက်ခဲ့သော ကွင်းဟောင်းကို ပြုပြင်၍ဖွင့်လိုက်လျှင် လျင်မြန်သောလမ်းတစ်လမ်းပွင့်သွားမည့်အကြောင်း။

နောက်ဆုံးတစ်ခုကား ရေအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ကာ မြို့ကို မီးထွန်းမည့်စိတ်ကူး။ သည်စိတ်ကူးအတွက် အတန်အသင့်စုံစမ်းထားခဲ့ပြီးကြောင်း။

သည်အကြောင်းများကို သိကြရလျှင် အဘယ်မျှဝမ်းသာကြမည်နည်းဟု မျှော်ရှင်လာခဲ့ရာ ယခုသော် ရေငုပ်ပေါင်းကိုကြည့်ကာ ငိုင်းစားနေရပြီ။ ဦးကောင်းသန့် ကြံဆတွေးတောနေစဉ် မြောင်းကော်မတီဝင်များ စုရုံးစွာအော်ဟစ်ပြေးလွှားလာကြသည်။ မြေပြင်ကြလွှားကြခြင်းမှာ ရေငုပ်ပေါင်း၏ ဟိုဘက်သို့ စီးမထွက်သော မြောင်းရေသည် သည်ဘက် မြောင်းဘောင်တွေပေါ်သို့ လျှံတက်လာသည့်အတွက်ဖြစ်၏။ အနီးဆုံးနေရာတွင်ရှိ မန်ကျည်းစုရွာထဲမှ ခြင်းတောင်း၊ ပေါက်တူး၊ တူးရွှင်းများဆွဲလျက် ပြေးထွက်လာနေကြပြီ။

ကြမ်းတမ်းသော မှန်းချောင်းရေအလျှဉ်သည် တအားတိုးဝင်လာနေလေပြီ။ သို့သော် ရေငုပ်ပေါင်း၏ ဟိုဘက်သို့ ကား၊ စီးထွက်သွားအောင် တွန်းအားမပေးပါ။ မကူညီပါ။ ရေငုပ်ပေါင်း၏ သည်ဘက်ရှိ ဖဲယာမြောင်းပေါင်များကို ကျော်တက်ကာ ချိုးဖဲ့သည်၊ တိုက်စားသည်။

ရေနောက်သို့ ပြေးလိုက်လာကြသော ပရိသတ်ကြီးမှာ ရေငုပ်ပေါင်းကို ငိုင်ကြည့်မနေနိုင်တော့ပါ။ တွေ့ရာကြုံရာ မြေကြီးခဲများကို ကောက်ယူကာ မြောင်းပေါင်ကို ဖြို့ကြသည်။ ရွှံ့တွေကိုတွေ့လျှင် ထိုးကော်ကာ ဖို့ကြသည်။ ပေါက်ပြားသမား၊ တူးရွှင်းသမားနှင့် ခြင်းတောင်းသမားများကို ဝင်ရောက် ကူညီကြသည်။

ဂုဏ်ယူဖွယ်ရာ သည်မြောင်းဖွင့်ပွဲသို့ ဝတ်ကောင်းစားလှဖြင့် ဝင့်ကြွားစွာ တက်ရောက်လာကြသည်မှာ မှန်ပါ၏။ မှန်သော်ငြား သည်အဝတ်အစားကို ငုံမနေနိုင်ပါ။ ရှင်ပေပါစေ။ သူးချုံသစ်ကိုင်းငြိတာ စုတ်ပြတ်သွားပါစေ။ တစ်မြို့နယ်လုံး သိမ်းကျုံးထားသော အားမာန်မှ ပေါက်မွှားလာသည့် သည်မြောင်းကို အထိမခံနိုင်။ တစ်လက်မပင် အပဲ့မခံနိုင်။ အပွန်းမခံနိုင်။

ဦးကောင်းသန့်သည် ကျောဘက်သို့ တစ်ချက်လှမ်းကြည့်ပြီးနောက် ရေငုပ်ပေါင်းကိုသာပြန်ငြိုကြည့်နေမိ၏။ အဘယ်ကြောင့် သည်ရေသည် ရှေ့သို့မဆက်ရသနည်း။ ဤရေအားသည် ကြီးမားပါလျက်၊ ကမ်းပါးမှာလည်း ပြေလျှောပါလျက် အဘယ်ကြောင့် ဤသို့ဖြစ်နေရသနည်း။

"ဆရာ၊ ဒီရေကို ဆောင့်တွန်းပေးနိုင်ရင် ရမျှားရမလားပဲ"

ယိုယိုကာသေး ချဉ်းကပ်လာရင်း မဝံ့မရဲပြောလိုက်သူမှာ မောင်ချစ်ညွှန့်ဖြစ်ပေသည်။

"အေးဗျ ဟုတ်မယ်"ဟုဆိုကာ ဦးကောင်းသန့်သည် ဘေးနားတွင်ရှိသူများအား လှည့်ကြည့်သည်။

"ဆည်ဝက ရေတံခါးကြီး၊ သွားဖြုတ်ချကြဗျာ"

ဦးကောင်းသန့်သည် အတန်ကြာမှ မြောင်းကော်မတီတစ်ဦးအား လှမ်းပြောပြီးနောက် အုတ်ခုံပေါင်ပေါ် ထိုင်ချလိုက်လေသည်။ သူသည် ထိုအခါကျမှ တစ်နံနက်လုံး မည်သည့်အရာမျှ မစားမသောက်ရသေးသည်ကို သတိရပေတော့၏။

(၅)

မောင်ချစ်ညွှန့်သည် မလှမြတ်အား ဝမ်းနည်းစွာလှမ်းကြည့်သည်။ သို့သော် မလှမြတ်မျက်နှာတွင် ဝမ်းနည်းရိပ်ဝမ်းနည်းယောင် မထင်။ သည်မြောင်း မုချ အောင်မြင်ရမည်ဟူသော ယုံကြည်ချက်ဖြင့် ကြည်လင်နေ၏။

မောင်ချစ်ညွှန့်မှာကား စီးကျလာလုလု မျက်ရည်များကို အတင်းထိန်းထားရသဖြင့် ဝမ်းနည်းသောအသွင်၊ စိတ်ပျော့သော အသွင်ကို မဖုံးဖိနိုင်ချေ။ သူသည် ဆည်မြောင်းမရှိသော အရပ်တွင် ဖောက်လုပ်သော မြောင်းကို အောင်မြင်စေချင်သည့် နည်းတူ သံဆည်ရွာ၏ ဟိုဘက်မြောင်းဆုံးအထိ ရေရောက်စေချင်၏။

ယခု မရောက်။ မည်သို့ လုပ်ရပါမည်

> ရေနောက်သို့ ပြေးလိုက်လာကြသော ပရိသတ်ကြီးမှာ
> ရေငုပ်ပေါင်းကို ငိုင်ကြည့်မနေနိုင်တော့ပါ။
> ရာကြုံရာ မြေကြီးခဲများကို ကောက်ယူကာ မြောင်းပေါင်ကို ဖြို့ကြသည်။
> ရွှံ့တွေကိုတွေ့လျှင် ထိုးကော်ကာ ဖို့ကြသည်။
> ပေါက်ပြားသမား၊ တူးရွှင်းသမားနှင့် ခြင်းတောင်းသမားများကို . . .

နည်း။

သံဆည်ရွာသို့ ရေမရောက်တော့သဖြင့် မလှမြတ်ထံမှ အဖြေကို မမျှော်လင့်နိုင်။ ရင်ထဲတွင် ပူလောင်သည်၊ ငိုချင်လာသည်။ သည်နှယ် မိမိဖြစ်နေပုံကို မလှမြတ် ရိပ်မိချေသလောဟု မလုံလဲသောစိတ်ဖြင့် နိုးကြည့်မိသည်။ သူ့အကြံပေးသည့်အတိုင်း ယခုဆောင်ရွက်နေပြီကို မလှမြတ်ရိပ်မိပါစ။

မောင်ချစ်ညွန့် ရင်ထဲ၌ ဟာသွားဓ၏။

မလှမြတ် သွားပြီ။ ကလေးတွေကို လက်ပိုက် တန်းစီနိုင်းပြီး မြောင်းပေါင်အတိုင်း သံဆည်ရွာသို့ ထွက်ခွာသွားပြီ။

ရေရုပ်ပေါင်းမှ ရေဆက်မစီးသောကြောင့် မလှမြတ်လည်း စိတ်မကောင်းပါ။ စိတ်မကောင်းသော်ငြား သူ့ စိတ်မပျက်။ စိတ်အားထက်သန်နေဆဲရှိ၏။

လက်ဝဲဘက်မှ ဘုရားတောင် ကျောက်တောင်ကြီးသည် သံဆည်မြောင်းကို ငုံကြည့်နေသည်။ ဒဟတ်ပင်များ ဖုံးလွှမ်းနေသော သည်တောင်ကြီးသည် သံဆည်မြောင်းတူးဖော်သည့်လမ်းတစ်လျှောက်တွင် အခက်ခဲဆုံးဖြစ်ခဲ့၏။

မြောင်းသည် ကျောက်တောင်ကြီးကို ဖောက်ထွင်းပြီးလည်း မသွားနိုင်။ ခေတ်မီ ယန္တရားတစ်စုံတစ်ရာ မပါရှိသော မြောင်း ကော်မတီအတွက် အိပ်မက်သော်မျှ မမက်ရဲသော အလုပ်။ သို့ကြောင့် တောင်ခါးပန်းကို ထစ်ပြီးဖြို၏၊ ခက်ခဲသည်၊ ခရီးမတွင်။ သည်အခါ တောင်ထိပ်ကိုဖြိုချ၍ရလာသော ကျောက်သားဖြင့် တောင်ခါးပန်းအထစ်ကို ချဲ့ပေးသည်။

မလှမြတ်၏ အမြင်အာရုံတွင် တောင်ဖြိုနေသူများကို ထင်မြင်ယောင်မိသည်။ လက်ယာဘက် ချောင်းတိမ်အတွင်း၌ စခန်းချနေသော အဖွဲ့များကိုလည်း၊ မြင်ယောင်လာသည်။

ဟိုဝေးဝေးသော မြောက်ဖျားရှိ စမ်းချောင်းရွာနှင့် လုံးပေါ်ရွာမှအပ၊ စေတုတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၁၈ ရွာနှင့် မြို့ပေါ်ရပ်ကွက်နှစ်ခုမှပါ လာရောက်လုပ်အားပေးကြသည်။ ကိုယ့်မထွာပ်နှင့်ကိုယ်၊ ကိုယ့်စခန်းနှင့်ကိုယ် တည်ထားကြပုံမှာ မျော်မြေရေးစာတပ်စင်၊ ဆေးပေးခန်း အရောင်းဆိုင်တို့ ပေါင်းစပ်လိုက်သောအခါ မြို့ကလေးတစ်မြို့ ဖြစ်နေပေတော့၏။

> **သံဆည်ရွာသို့ ရေမရောက်တော့သဖြင့် မလှမြတ်ထံမှ အဖြေကို မမျှော်လင့်နိုင်။ ရင်ထဲတွင် ပူလောင်သည်၊ ငိုချင်လာသည်။ သည်နှယ် မိမိဖြစ်နေပုံကို မလှမြတ် ရိပ်မိချေသလောဟု မလုံလဲသောစိတ်ဖြင့် . . .**

မြေသားကို ကိုယ့်တာကိုယ့်ဝန်းယူကာ တူးသည့်အဖွဲ့များက တူးနေကြစဉ် တောင်ခါးပန်းကို ဖြိုသည့်အဖွဲ့က ဖြိုနေသည်။ သည်နေ့က မိုးရွာချလာသည့်အတွက် ချောင်းတိမ်ထဲဆင်းပြီး မိုးခိုကြသည်။ ရောက်တတ်ရာရာများပြောလျက် တသောသောရယ်မောနေကြစဉ် မမျှော်လင့်သော အဖျက်သမားပေါ်ပေါက်လာခဲ့၏။ ယင်းကား ကျောက်တောင်ကြီးကို မိုးကြိုးပစ်ခြင်းပင်၊ ချောင်းတိမ်တွင် စုပေါင်းမိုးခိုနေသော အစုကလေးများအနက် တစ်စုမှာ ဓက်ကွင်းပါသွားသည်။ မူးသူမူး၊ မေ့သူမေ့၊ လဲသူလဲ။

ထိုသူများကို ဆေးပေးခန်းသို့ ချက်ချင်း ပို့ပြီးနောက်တွင် 'တောင်ပိုင်အရှင်ကြီး မကြိုက်လို့ နိုးကြိုးပစ်တာ'ဆိုသော အသံ၊ 'တောင်ကိုဖြိုတော့ ဒိုက်တာပေါ့'စသော အသံများပေါ်လာ၏။ သို့ဖြစ်ငြားစေတုတ္တရာသား ချင်း မမာတို့၏ ဖွဲ့သတ္တိကား တုံ့ဆိုင်း မသွားချေ။ ကျောက်တောင်ကြီးသည် ဆက်၍ဖြိုကျသည့်နည်းတူ တောင်ခါးပန်းမှ မြောင်းကြီးလည်း ရုပ်လုံးပေါ်၍ပေါ်၍ လာလေ၏။

သည်တောင်ခါးပန်းသည် အခက်ဆုံးဖြစ်၏။ သည်တောင်ကြီး ပြိုပြီးချိန်တွင် လယ်ကွက်များ ဖော်တုတ်သည်။ မပြီးသေးသောအပိုင်းတွေ အင်တိုက်အားတိုက် တူးဖော်သည်။ ချောက်ကူးပေါင်းများလည်း တစ်ပြိုင်နက်လိုပင် ပြီးစီးခဲ့သည်။

တူးဖော်ရသော မြေသားကုဗပေ နှစ်ဆယ့်လေးသိန်းကျော် တာကျင်းပေါင်း နှစ်ထောင်းလေးထောင်ကျော်ရှိ၍ ရှိုင်ကျော်ရှည်သော ရေသွင်းတူးမြောင်းကြီးသည် စေတုတ္တရာသားတို့လုံ့လဝွမ်းရည်ပြမှတ်တိုင်ကြီးဖြစ်သည်။

ကြီးမားသော ထိုလုံ့လဝွမ်းအင်ကို တွေးမိတိုင်း . . . တွေးမိတိုင်း။ မြင်ယောင်တိုင်း . . . မြင်ယောင်တိုင်း မလှမြတ် ကြည်နူးရသည်။ ကြည်နူးရသည်နှင့် အမျှ ကြက်သီးလည်း ထရသည်။

ထိုအချိန်တွင် ဘဝေချောင်းရေငုပ် ပေါင်းအနီးတွင် ကျွက်စီကျွက်စီနှင့် လူအုပ်မကွဲသေးချေ။ ဆည်ဝမှ တံခါးကြီးဖြတ်လာသည်ကို မြင်ရသောအခါ တစ်ယောက်တစ်လက် ဝိုင်းဝန်းတပ်ဆင်ကြသည်။

သို့သော် တံခါးကို ရေငုပ်ပေါင်းအဝင်ဝတွင် ချပိတ်ရုံဖြင့် မပြီးသေး။ ငဲယာတိုင်ကြီး၊ နှစ်တိုင်စိုက်ကာ တန်းပစ်ပြန်သည်။ ဓက်သီးဆင်ကြပြန်သည်။

ပရိသတ်ကြီးသည် ဦးကောင်းသန့်တို့ အပြုအမူကို သဘောမပေါက်သော်ငြား၊ စိတ်ဝင်စားစွာနှင့် အုံလာကြသည်။ ရေငုပ်ပေါင်းဟိုဘက်ထိပ် သည်ဘက်ထိပ်နှင့် မြောင်းပေါင်ပေါ်မှာပါ လူများပြွတ်ခဲနေသည်။

နေသည် မြေနီကုန်းရွာဘောမှချောင်းထဲသို့ ငုံ့ဆင်းစပြုနေပြီ၊ ရေငုပ်ပေါင်း ဝန်းကျင်တွင် ရွှေရည်လိမ်းနေသည်၊ လူများမှာ နေဝင်တော့မည်ကို သတိမထားနိုင်၊ ရေငုပ် ပေါင်းအဝနှင့် တံခါးကြားတွင် ရေလုံအောင် အားထက်သရော ဝိုင်းလုပ်နေကြသည်။

ဦးကောင်းသန့်သည် ထမင်းစားနေရာမှ ထလာ၏။ ဘယ်ဘက်လက်ထဲတွင် ထမင်းနှင့်ဟင်းပုံထားသော အင်ဖက်ကြီးကို ကိုင်ထားသည်။ ညာဘက်လက်တွင် ထမင်းတစ်လုတ်ကို ဆုပ်လျက်။

"ဦးကောင်းသန့်ရယ်၊ ပြီးအောင် စားပါအုံး။ ဒီမှာ အားလုံးအသင့်ဖြစ်နေပါပြီ"

"ထမင်းက အရေးမကြီးပါဘူးဗျာ၊ တိုင်နိုင်တယ်နော်"

''နိုင်ပါတယ်''

''စက်သီးနှစ်လုံးကာတော''

''ကောင်းတယ်ဗျာ၊ စမ်းပြီးသား''

''ကဲ . . .တစ်ဘက်ကို လူလေး ယောက်နေ၊ ကျွန်တော်ပြောက်ထားတဲ့ လက် ချလိုက်တာနဲ့ တအားဆွဲတင်နော်၊ အဆုတ်အဆိုင်း အထစ်အငေါ့မရှိမှ ဖြစ်မှာ နော်၊ ကဲ. . .''

ရေတံခါးဆွဲတင်မည့်လူများမှာ အား ကောင်းမောင်းသန်တွေချည်း ဖြစ်သည်။ ခြေကန်ထားကြသည်။ အသင့်ပြင်ထားကြ သည်။ ဦးကောင်းသန့်သည် မြှောက်ထား သောလက်ကို ဖြုတ်ချရင်းအော်၏။

''ဆွဲ. . .''

တံခါးကြီး ရုတ်တရက်မြှောက်တက် သွားသည်။

မြောင်းပေါင်ပေါ်ကျော်စ အချို့နေရာ တွင် မြောင်းပေါင်ကို ချိုးဖွဲ့စပြုနေသော ရေသည် ဖွင့်ပေးလိုက်သောတံခါးမှ ဝုန်းခနဲ ဆောင့်ဝင်သည်။ တစ်ဆက်တည်းမှင် ဝေါ ခနဲ ကျယ်လောင်သောအသံကြီး ထွက်ပေါ် လာကာ ကြီးမားသော လှိုင်းခေါင်းဖြူများ သည် ရေလှပ်ပေါင်းတစ်ဘက်သို့ တဝေါဝေါ တဟဲဟဲ အသံကြီးပေးလျက် ပြေးတက် သွားလေ၏။

ဟားခနဲအော်သံကြီးသည် တစ်ခဲနက် လွှင့်သွားသည်။ လက်ခုပ်သံများကား နား ကွဲမတတ်။

လူငယ်များသည် ကျွမ်းပစ်ကြ၏။ မြောင်းထဲခုန်ချကာ လက်ပစ်ကူးကြ၏။ အချင်းချင်းဖက်၏၊ ဆွဲရမ်း၏။

''အောင်ပြီ အောင်ပြီ၊ ဒါမှ တာကယ် အောင်တာကွ''

ရှေ့ဦးနောက်သို့အော်ဟစ်ကာ ပြေး လိုက်သူလိုက်၏။ အချို့လည်း ကခုန်နေ ၏။ ဦးကောင်းသန့် လုပ်နေပုံကို သဘော မပေါက်သူများသည် ပြေးဖက်ကြ၏။ ပခုံး ပေါ်ထမ်းတင်ကာမြောင်းပေါင်တစ်လျှောက် စုန်ချည်ဆန်ချည် ပြေးကြ၏။ ဦးကောင်း သန့်မှာ ထိုအခါကျမှ လက်ထဲမှထမင်းလုတ် ကို ပါးစပ်ထဲခွံ့ရန် သတိရတော့သည်။

(၆)

''ဆရာမ···ဆရာမ၊ ခွေးကြည့်ပါအုံး ဗျို့''



အော်သံများသည်
ရွာရိုးတစ်လျှောက် ညံသွား၏။
သည်နှယ်အော်သူများထဲမှ
တစ်ယောက်သည်
မလှမြတ်တို့အိမ်ဝင်းထဲ
ဝင်လာသည်။ သူသည်
မလှမြတ်တည်းခိုနေထိုင်သော
အိမ်ရှင်အဘိုးဖြစ်၏။

တိတ်ဆိတ်နေသော အကာလကို ဖောက်ခွဲလျက် မတိုးမကျယ်ခေါ်သောအသံ သည် သံဆည်ရွာအလယ်ပိုင်းမှ ထွက်ပေါ် လာ၏။ ထန်းယင်ပေါက်ကလေးများ ပိုင်းရံ ထားသော အိမ်ဝိုင်းလယ်မှ အိမ်ကလေးမှာ လှုပ်ရှားလာခြင်းမရှိချေ။

''ဆရာမ···ဆရာမ''

နောက်တစ်ကြိမ် ထပ်အခေါ်တွင်ကား ခွေးဟောင်သံများ ညံစည်လာသည်။ အိမ် ထဲမှ မီးရောင်တစ်ချက် လက်သွား၏။

''ဟဲ့···ဘယ်သူလဲ''

အဘွားအိုတစ်ယောက်၏ မေးမြန်းသံ နှင့်အတူ 'ကိုချစ်ညွှန့်အသံထင်တယ်အဘွား ရဲ့'ဟူသော မလှမြတ်၏အသံလည်း ပေါ် လာသည်။

မလှမြတ်သည် မောင်ချစ်ညွှန့်၏အသံ ဝဲဝဲကို ကောင်းစွာမှတ်မိနေသည်။ မှန်အိမ် ကို မီးထွန်းလိုက်ရာက 'အဘိုးကော ပြန် မရောက်သေးဘူးလား အဘွား'ဟု လှမ်း မေးပြီး 'လာပါ···လာပါ'ဟုလည်း လှမ်း ခေါ်သည်။

''မလာသေးပါဘူး ဆရာမရယ်၊ ထမင်းစားပြီးကတည်းက ရေလှပ်ပေါင်းကို သွားမယ်ဆိုပြီး ထွက်သွားတာကော''

လသာမှုန်အိမ်မလင်းတလင်းအောက် သို့ ကိုချစ်ညွှန့် တရွေ့ရွေ့ဝင်လာသောအခါ မလှမြတ်သည် အိမ်ရှေ့ကွပ်ပျစ်ပေါ်သို့ သင်ဖြူးတစ်ချပ်ပစ်တင်ကာ ဖြန့်လိုက်သည်။

''သင်ဖြူးမခင်းပါနဲ့ ဆရာမ၊ ကျွန် တော့်တစ်ကိုယ်လုံး ရေတွေစိုနေလို့ပါ''

''ကိုချစ်ညွှန့် ဘယ်လိုဖြစ်လာတာလဲ၊ အချိန်မရှိတော့ပါလား''

မောင်ချစ်ညွှန့်သည် သင်ဖြူးကိုပြန် လိပ်ရင်း ကွပ်ပျစ်တစ်ဘက်စွန်းတွင် ထိုင် လိုက်စဉ် ရုတ်တရက်အော်ဟစ်ပြီး ရွာထဲသို့ ပြေးဝင်လာသူများကြောင့် မလှမြတ် လည် ဆန်ကာ နားစွင့်သည်။

''အောင်ပြီကွ···အောင်ပြီ၊ ရေတွေ ရောက်လာပြီဟေ့···ရေတွေ၊ ဟေ့–အမယ် ကြီး၊ ရေရောက်လာပြီဟ''

အော်သံများသည် ရွာရိုးတစ်လျှောက် ညံသွား၏။ သည်နှယ်အော်သူများထဲမှ တစ်ယောက်သည် မလှမြတ်တို့အိမ်ဝင်းထဲ ဝင်လာသည်။ သူသည် မလှမြတ်တည်းခို နေထိုင်သော အိမ်ရှင်အဘိုးဖြစ်၏။

''ရေဟုတ်လား၊ ရောက်လာပြီလား''

ဝမ်းသာအားရ ပြေးထွက်လာသော အဘွား၏အမေး။

''ဟုတ်သပ···ဟုတ်ပ···ဟုတ်ပ''

''ဝမ်းသာလိုက်တာအဘိုးရယ်''

မလှမြတ်သည် ရင်ညွှန့်ပေါ်လက်ယှက်

ကာ ကြည်ကြည်နုနုကလေးဆိုရာက မောင်ချစ်ညွှန့်ကို လှမ်းမေး၏။

''ကိုချစ်ညွှန့်ကော ဝမ်းမသာဘူးလား ဟင်''

''ဘယ်နှယ်မေးလိုက်ပါလိမ့် ဆရာမ ရယ်။ သံဆည်မြောင်း အောင်မြင်တဲ့အတွက် နှစ်ထပ်ကွမ်းဝမ်းသာရသူက ကျွန်တော်ပါ''

မောင်ချစ်ညွှန့်၏အဖြေကို ဆရာမ ကလေး ရုတ်တရက်နားမလည်လိုက်ပါ။ တို့ ပြင် အဘိုးယူဆောင်လာသော သတင်း သည် မလှမြတ်၏ ရင်တွင်း၊ အသည်းတွင်း တိုင်အောင် စိမ့်ဝင်ပျံ့နှံ့သွားရာ အတွေး အာရုံဝယ် မောင်းလန်နေသောရေများကို မြင်ယောင်လာသောကြောင့်လည်းဖြစ်သည်။

ထိုစဉ်တွင် အဘွား၏မေးမြန်းသံ ပေါ် လာပြန်၏။

''အဘိုးကြီးက ဘာတွေလုပ်နေလို့ ဒါ လောက် မှောင်ရတာလဲ''

''အစပထမတော့ ရေငုပ်ပေါင်းရဲ့ ဒီ ဘက်ကို ရေမရောက်လို့ ငိုင်ကြည့်နေတဲ့ အထဲမှာ ငါလည်းပါပြီး ငိုင်နေတာပေါ့ အမယ်ကြီးရာ''

''မန်ကျည်းစု ရေငုပ်ပေါင်းလား''

အဘွားလည်း အားလပ်သည့်အခါ တိုင်း လျှောက်ကြည့်ဖူးသောကြောင့် ရေ ငုပ်ပေါင်းအနေရာကို သိထားသည်။

''အေးပေါ့၊ ဘယ်ရေငုပ်ပေါင်း ရှိရဦး မှာလဲ၊ မန်ကျည်းစုရေငုပ်ပေါင်းပေါ့၊ နောက် တော့မှ ဦးကောင်းသန့်လုပ်လို့ ရေတွေ ဆက်လာတော့ ဝမ်းသာလိုက်တာ အမယ် ကြီးရာ၊ တစ်ခါတည်း ရေထဲခုန်ချတာပဲ ပေါ့''

အဘိုးသည် ယခုထက်ထိ ဝမ်းသာ ဟန်၊ ပျော်ရွှင်ဟန် မကျန်သေး။ မှန်မှေး သော မီးရောင်အောက်တွင် သူ့မျက်လုံး တွေ တောက်ပနေသည်။ အင်္ကျီအခြောက်၊ လုံချည်အခြောက်ကို လက်ထဲတွင် ကိုင် ထားရုံသာ ကိုင်ထားသည်၊ မလဲလှယ်နိုင် သေး''

''အစတော့ ရေလုံးကြီးက ရှေ့က ပြေး၊ လူတွေက နောက်ကလိုက်နဲ့ ဆူနေ တာပဲ၊ တော်တော်လည်းကြာရော၊ လူတွေ နည်းနည်းလာတာ တွေ့ရတာနဲ့ နောက်ကို ပြန်ကြည့်မိတော့မှ မြောင်းကို ပိတ်ဆို့နေ ကြတာကိုး''

အစတော့ ရေလုံးကြီးက ရှေ့က ပြေး၊ လူတွေက နောက်ကလိုက်နဲ့ ဆူနေတာပဲ၊ တော်တော်လည်းကြာရော၊ လူတွေ နည်းနည်းလာတာ တွေ့ရတာနဲ့ နောက်ကို ပြန်ကြည့်မိတော့မှ မြောင်းကို ပိတ်ဆို့နေကြတာကိုး…

တစ်သက်လုံးက ရေစီးရေလာနှင့် မတွေ့ခဲ့ရသော မြေသားသည် ရေကို အငမ်းမရစုပ်ယူ၏။ ကြီးမားသော ယင်ကြား ကြီးများသည် မြောင်းထဲမှရေကို မလိုရာသို့ ပို့ပစ်၏။ အချို့နေရာကား တူးထားသော မြောင်းမဟုတ်၊ ပေါင်နှစ်ဘက်ကို ဖို့ပေး ထားသော မြောင်းဖြစ်၏။ ထိုနေရာမျိုးတွင် မြေသည် အိနူးပြီး ပြိုဆင်းကုန်၏။

ထိုအကျိုးအပေါက် အလေအလွင့်များ ကို ဖာထေးပြင်ဆင်ရာသို့ လူများရောက် ကုန်သဖြင့် တဖြည်းဖြည်း လူနည်းသွားခြင်း ဖြစ်သည်။

''ငါလည်း အိမ်ကိုမပြန်နိုင်ဘူးပေါ့၊ ရွှံ့ တွေကော်၊ ကျောက်တုံးတွေသယ်၊ မြေကြီး တွေ ယူယူပြီး ဖို့ရတာ၊ ဟား-ပျော်စရာကြီး ပဲဟေ့၊ တစ်နေရာပြီးစီးလို့ ရှေ့ဆက်မယ် လုပ်ရင်း နောက်က ပေါက်ကျရင်းနဲ့ တော် တော်နဲ့ ရှေ့မတိုးနိုင်ဘူး''

''အခုကော အဘိုး၊ ပြန်သွားကြပြီ လား''

မလှမြတ်၏ အားတက်သရော မေးသံ ဖြစ်၏။

''ဆရာမရေယ်၊ ဘယ်ပြန်နိုင်ပါမလဲ၊ မြောင်းသစ်ဆိုတော့ တစ်ညလုံး လှည့်လည်နဲ့ စောင့်ရမှာပေါ့''

ထိုအခါ ဆရာမကလေးရင်ဝယ် နိုး နှောင့်မှုမှုမှ ဝင်လာသည်။

''မြောင်းစောင့်တဲ့လူတွေ ထမင်း ဘယ်လိုလုပ်စားမလဲဟင်''

သူသည် မေးရင်းဖြင့် ထရပ်သည်။ ရွာမှ စုပေါင်းချက်ပြုတ်ကာ ပို့တန်ပို့ရန် အတွက် ထရပ်သည်တွင် 'စိတ်ပူပါပြီ ဆရာမရဲ့၊ ကျွန်တော်တောင် အဲဒီမြောင်း စောင့်တဲ့လူတွေနဲ့ ရောပြီးထမင်းစားမှာပါ' ဟူသော မောင်ချစ်ညွှန့်၏အသံကိုကြားရမှ ပြန်ပြီးထိုင်မိသည်။

''ရေရောက်လာပြီပေါ့…ရေတွေတဲ့၊ ရေတွေတဲ့''

သည်အသံများသည် ရွာထဲ၌ မစဲ သေးချေ။ မလှမြတ်တို့အိမ်ရှေ့မှလူများ ဖြတ်သွားကြသည်။ အချို့လည်း မှောင့်နှင့် မည်းမည်း၊ အချို့လည်း မီးခွက်ဖြင့် မြောင်း ရေကြည့်ရန် သွားနေကြသည်။

''အဘိုး ဝမ်းသာလား ဟင်''

ကိုယ်ဝမ်းသာသည်ကို ဝေမျှလိုစိတ် ဖြင့် မလှမြတ် မေးသည်။ အဘိုးသည် လုံ ချည်လဲပြီးနောက် အင်္ကျီလဲနေရာမှ 'ဝမ်း သာတာတော့ မပြောနဲ့ဆရာမရေ၊ က တောင် ကမိတယ်' ဆိုကာ အားရပါးရ ရယ် မောနေသဖြင့် မလှမြတ်ပါ ရယ်မောမိ၏။

''မရှက်ဘူးလားတော်''

အဘွား၏အမေး။

''အမယ်ကြီးပါရင် အမယ်ကြီးလည်း ဝမ်းသာလွန်းလို့ ကမှာပဲဟ၊ ဝမ်းနည်းလို့ ငိုတာ ရှက်စရာလား။ ဝမ်းသာလို့ကတာ ရှက်စရာလား ဟယ်''

မလှမြတ်၏ ဝမ်းသာခြင်းသည် အဘိုး အဘွားတို့ထက် မပိုသည့်တိုင် မယုတ်လျော့ ပေ။

သူသည် သည်ရွာကျောင်းမှ ဆရာမ ဖြစ်၏။ တစ်ရွာလုံး၏ အရေးယူဆောင် ရွက်မှုကို ခံယူရသည့်နည်းတူ၊ သူက လည်း ကိုယ့်ရပ် ကိုယ့်ရွာအလေး ထွယ် တာသည်။ ကလေးတွေကို တပည့်ဟုမမြင်၊ မောင်ကလေးတွေ၊ ညီမကလေးတွေဟု မြင် လာခဲ့သည်။

ထိုစဉ်တွင် မြောင်း စတင်ဖောက်လုပ် သည်။

မှန်းချောင်းကမ်းနဖူးတွင်ရှိသော မြေနိ ကုန်းရွာနှင့် မဝေးလှပါပဲလျက် မြေနီကုန်း တူးမြောင်း အမည်မပေးဘဲ အတွင်းပိုင်းရှိ ဝေးလှမ်းသော သံဆည်ရွာ၏အမည်ကို

တစ်သည်။ သံဆည်ကျေးရွာအုပ်စု လယ်ယာသမဝါယမ အဖွဲ့ဝင်များ၏ လယ်မြေများ၊ သည်မြောင်းတစ်လျှောက် ပေါ်ပေါက်လာမည်ဖြစ်သောကြောင့် 'သံဆည်တူးမြောင်း' ဟု အမည်ပေးကြောင်းကို နောင်မှ မလှမြတ်သိရသည်။

သို့ကြောင့် မိမိတွယ်တာမြတ်နိုးရသော သည် သံဆည်ရွာအမည် မှုတွဲပါရှိသော ရေသွင်းမြောင်းကြီး အောင်မြင်ခြင်းသည် ရွာ၏အောင်မြင်ခြင်း။ ရွာ၏ ဂုဏ်တက်ခြင်း မဟုတ်ပါလော။

သံဆည်မြောင်း အောင်မြင်ခြင်းသည် သံဆည်ကျေးရွာအုပ်စု သမဝါယမလယ်ယာ ပေါ်ပေါက်လာနိုင်သည့် လမ်းပင်ဖြစ်သည်။ သည်အခါ ရိုးသားဖြူစင်၍ အေးဆေးသော၊ ဖော့သုတနည်းသော မလှမြတ်၏ အတာများ၊ ဦးကြီးများ၊ မောင်ကြီးများသည် မတိုးတက်ချင်၍ မနေရတော့ပေ။

နွားချေးနှင့် မြေဩဇာသာ အပင်များကို အားပေးသည်ဟု သိခဲ့ရာမှ ဓာတ်မြေ့နှင့် ရေမှုဖြစ်သော ဓာတ်မြေဩဇာသည်လည်း အပင်ကိုဖြစ်ထွန်းစေပါကလား ဟု သိလာကြတော့မည်။ အခြားသော ဓာတ်မြေဩဇာများလည်း အပင်၏လိုအပ်ချက်ကိုလိုက်၍ သီးခြားရှိနေပါကလားဟူ၍ မှတ်သားလည်လာကြတော့မည်။

''အို…ဝမ်းသာလိုက်တာ''

မလှမြတ်ရင်ထဲတွင် ပီတိအလှဖြင့် ပြည့်လာသည်။ ဝမ်းသာလွန်းသဖြင့် ငိုများပင် ငိုချင်မိ၏။

သမဝါယမလယ်ယာဖြစ်သောကြောင့် ပုဂ္ဂလိကလယ်မြေများထက် ဦးစားပေးခံရမည်မှာ မုချ။ သည်သို့ဆိုလျှင် ရှေ့က လယ်ယာတွင် ပိုကျူပါက ရာသီဥတုကို အပြစ်မဖို့ရှိမှတစ်ပါး ဘာမျှမတတ်နိုင်သော အသိုးတို့ အဘတို့သည် ခေတ်မီပိုးသတ်ဆေးများကို မြင်ဖူးကြတော့မှာပါကလား။ သုံးစွဲတတ်ကြတော့မှာပါကလား။

''အို…ဝမ်းသာစရာကြီးပါကလား''

ဤအခါတွင်မှ မလှမြတ်နှုတ်က ပွင့်ထွက်သွားရုံမက 'ကိုချစ်ညွှန့်ကော ဝမ်းမသာဘူးလားဟင်'' လှမ်းမေးမိလေ၏။

''ဘယ့်နှယ် မေးလိုက်ပါလိမ့် ဆရာမရယ်၊ သံဆည်မြောင်း အောင်မြင်တဲ့အတွက် နှစ်ထပ်ကွမ်း၊ ဝမ်းသာရသူက ကျွန်တော်ပါ''

ထိုစကားကို မလှမြတ် ချက်ချင်း သဘောမပေါက်။ 'ဘယ်လို' ဟု မေးလိုက်မိတော့မည်ဖြစ်ပြီးမှ နားလည်သွားသည်။ ရွှင်ကြည်နေသော မျက်နှာကလေးလည်း ချက်ချင်း တည်ငြိမ်၏။

''လောတယ်လည်းမထင်ပါနဲ့ဆရာမ၊ ရေငုပ်ပေါင်းရဲ့ ဒီဘက်ကို တိုးထွက်လာတဲ့ ရေနဲ့အတူ အချိန်မတော်ရောက်လာတာ တောက်ရင် ဆရာမရဲ့အဖြေဟာ ကျွန်တော့်အတွက် ဘယ်လောက်အဖိုးတန်တယ်ဆိုတာ သိလောက်ပါပြီ''

''ပြော…ကိုချစ်ညွှန့် ပြော…ပြောနေတဲ့ စကားရဲ့အဖြေလားရှင်၊ ဟုတ်လား''

''ဒါပေါ့ဗျာ၊ ကျွန်တော်ကြားချင်လှပါပြီ''

''ကျွန်မ အိမ်ထောင်ရေး စိတ်မကူးသေးပါဘူး''

''ဗျာ''

အလင်းရောင်သာ ကောင်းစွာရှိလျှင် မောင်ချစ်ညွှန့်မျက်လုံး ကျွတ်ထွက်မတတ် ပြူးနေပုံကို မလှမြတ်မြင်ရပေလိမ့်မည်။ ယခုသော် မချိတင်ကဲ အော်လိုက်သံကိုသာ ကြားနိုင်၏။

'ဆ…ဆရာမရယ် ကျွန်တော့်ကို နှိပ်စက်တာလားဗျာ''

''မနှိပ်စက်ပါဘူးရှင်၊ အဖြေပေးမယ်ဆိုတဲ့ ကတိအတိုင်း အဖြေပေးတာပါ''

**လောတယ်လည်းမထင်ပါနဲ့ ဆရာမ၊ ရေငုပ်ပေါင်းရဲ့ ဒီဘက်ကို တိုးထွက်လာတဲ့ ရေနဲ့အတူ အချိန်မတော်ရောက်လာတာတောက်ရင် ဆရာမရဲ့အဖြေဟာ ကျွန်တော့်အတွက် ဘယ်လောက်အဖိုးတန်တယ်ဆိုတာ…**



''ရက်စက်လှချည်လား ဆရာမရယ်''

''မပွဲ့ဖြိုးသေးတဲ့ ဒီနယ်မြေမှာ သုံးနှစ်အတွင်း အိမ်ထောင်မပြုသေးဘဲ ကလေးတွေ ဖွံ့ဖြိုးရေး၊ ရပ်ရွာတိုးတက်ရေး လုပ်မယ်ဆိုတဲ့ အဓိဋ္ဌာန်ကြောင့်ပါ''

''ဒါဖြင့်…ဒါဖြင့် သုံးနှစ်ကျော်ရင်ကော ဆရာမ''

မောင်ချစ်ညွှန့် ဝမ်းသာအားရ ထရပ်သည်။

''သုံးနှစ်ကျော်ရင်တော့…''

''သုံးနှစ်ကျော်ရင် ကျွန်တော့်အချစ်ကို လက်ခံမယ်လား ဆရာမ၊ ဟင်…ဟုတ်ပါတယ်နော်၊ အို…ဆရာမရယ်၊ ကျွန်တော့်အချစ်ကို အခုပဲလက်ခံလိုက်ပါလားဗျာ၊ သုံးနှစ်မကလို့ လေးနှစ်ပဲ စောင့်ရစောင့်ရ''

မလှမြတ် မတုံ့ပြန်လာပါချေ။

သည်ရောင်နှင့်မည်းမည်းအောက်ဝယ် ရှက်ရွံ့ပြုံးကလေးဖြင့် မရဲတရဲကြည့်နေသော မလှမြတ်၏မျက်လုံးများ၊ ကြည်လင်နေသည်ကို မောင်ချစ်ညွှန့် မမြင်ရှာပါ။

မမြင်သောကြောင့်လည်း ထမင်းဆာသလို၊ ရေငတ်သလို ထပ်မံပြောပြန်၏။

''ဟုတ်လားဆရာမ၊ ကျွန်တော့်အချစ်ကို လက်ခံပါနော်၊ နော်…ဆရာမ၊ လေးနှစ်စောင့်ဆိုလည်း ကျွန်တော်စောင့်ပါ့မယ်ဗျာ''

''ရှင့်စကားကို မခံနိုင်နော်၊ လေးနှစ် စောင့်မယ် ဟုတ်လား''

''ဗျာ…အဲဒါ စကားအဖြစ်…အဲ''

''တော…ခဏလေးအတွင်းမှာ စကားနှစ်မျိုးဖြစ်သွားပါပကောလား၊ ကိုချစ်ညွှန့်ရဲ့ ဒီလိုမလုပ်နဲ့လေ''

ဆရာမက ဆရာမလေသံကလေးသုံး၍ ပေါက်သံကလေးဖြင့်ပြောလိုက်ရာ မောင်ချစ်ညွှန့်မှာ အလျင်အမြန် သဘောတူလိုက်ရလေ၏။

''အဲဗျာ၊ စိတ်တော့မဆိုးပါနဲ့ဗျာ၊ ဟုတ်ပါတယ်–ဟုတ်ပါတယ်၊ စောင့်ပါ့မယ်ဗျာ၊ စောင့်ပါမယ်''

ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်သော မောင်ချစ်ညွှန့်၏စကားအဆုံးတွင် မလှမြတ်၏ ကြည်လင်သော ရယ်မောသံကလေးသည် နှစ်ကိုယ်ကြားရုံမျှသော တိုးတိုးညင်ညင်ကလေး ထွက်ပေါ်လာလေ၏။

**ဆင်ဖြူကျွန်း၊ အောင်သိန်း၊**

# ကြော်ငြာများ ဖိတ်ခေါ်ခြင်း

City Magazine အား

နိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးဝန်ကြီးဌာန၊

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏

မြို့နယ်စာကြည့်တိုက်များနှင့်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ

မြို့နယ်အသီးသီးသို့ ဖြန့်ချိထုတ်ဝေလျက်ရှိပါသည်။

ဈေးနှုန်းချိုသာပြီး အရည်အသွေးပြည့်မီတဲ့ မိတ်ဆွေတို့ရဲ့

ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို

City Magazine မှာ

အခုပဲကြော်ငြာထည့်ပြီး

ရန်ကုန်မြို့တော် အနှံ့မှာရှိတဲ့ ဈေးကွက်တွေကို

သိမ်းပိုက်ကြပါစို့

## ဆက်သွယ်ရန်လိပ်စာ

City Magazine
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်။
Ph-0973091587, 09420170940




# ဝင်ရောက်ကြည့်ရှုလေ့လာနိုင်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏

လုပ်ငန်းဆောင်ရွက်ချက်များ၊ဌာနအသီးသီးမှ

နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းများ၊

မြို့တော်သတင်းများ၊

အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်သည့်

မြို့ပြ/မြေယာဝန်ဆောင်မှုများအား

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ website ဖြစ်သည့်

www.ycdc.gov.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း